
www.burmeseclassic.com

ချူး စင်တင်သည်

# ဒေါ်ကင်ပင်ကြယ်

သေတမ်းစာ




DESIGN THEIN SHWE KYI

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၀၈၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၇၁၁၁၀

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဗျူးစာပေ)

အမှတ် (၅၁)၊ အခန်း … ရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွ[illegible]ဖုံးပုံနှိပ်သူ**

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**ပုံနှိပ်ခြင်း**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း ၀၁-၂၉၀၉၉၅

၈၉၅.၈၃

အောင်ပင်လယ်

သေတမ်းစာ / အောင်ပင်လယ် ။ - ရန်ကုန်။

ဗျူးစာပေ ၊ ၂၀၁၁။

၁၈၄ - စာ ၊ ၁၃ × ၂၁ စင်တီ။

(၁) သေတမ်းစာ

image art work

www.burmeseclassic.com

www.burmeseclassic.com

- အဇာတသတ်၏ ဆွေမျိုးများ
- သေခြင်းတရားနှင့် ရက်လည်မုန့်ဟင်းခါး
- သရဲခြောက်သောညနှင့် နိုက်ဂျူတီ
- ရော့ဘဝဲအိပ်မက်နှင့် ဖွက်လူးအိုင်မှ ဖား
- မွေးနေ့နှင့် သေတမ်းစာ
- အောက်ဆီဂျင်ဝိပဿနာ
- သေခြင်းတရားနှင့် စတိုခန်းမှ ချစ်ပုံပြင်
- မမြင်ရသော ကံတရား
- မာယာလောင်မီး
- နွံအောင်းလူ
- သေမင်းသူလျှို ခန္ဓာကိုယ်
- ကီလေသာ ခေါင်းပါးရေး တို့အရေး
- မက်ဒေါ်နားနှင့် စိဥ္စမာန
- ဒုသနသော
- ဖြစ်စဉ် (၁)
- ဖြစ်စဉ် (၂) (သို့) တကာယ့်ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## အဇာတသတ်၏ သွေးမျိုးများ

ဝသန်ဦး၏ ပြာလဲ့လဲ့ ကောင်းကင်ပြင်သည် ...
မိဿာနတ်ဆိုးတစ်ပါး ကျိန်စာတိုက်လိုက်သလို
ရုတ်ခြည်းပင် အုံ့ဆိုင်းညို့မှိုင်းကာ မှောင်မိုက်သွား၏။

ရာသီဥတုသည် ၂၁ ရာစုခေတ်ပေါ် ကောင်မလေးကဲ့သို့ အပြောင်းအလဲမြန်လွန်းနေသည်။ ယမန်နေ့ည MRTV4 မှ ကြော်ငြာသွားသော အမှုန်မောင်၏ လှုပ်ရှားမှုသတင်းအား အလေးမထားဘဲ ထွက်လာခဲ့မိခြင်းကို ဖိုးခွား နောင်တရသွား၏။

မိုးမရွာမီ နားခိုစရာ သို့မဟုတ် အလုပ်ရှိရာ အဆောက်အအုံသို့ အမြန်ရောက်ရှိရန် မပြေးရုံတမည် လျှောက်သွားလိုက်သည်။ သူ အလုပ်မြတ်နိုးသော ယူနီဖောင်း မိုးစိုမည့်အဖြစ်ကို ဖိုးခွားမကြုံလိုပါ။

ဖိုးခွားက သူဝတ်ထားရသော ယူနီဖောင်းအတွက် ဂုဏ်ယူသလို လုပ်နေရသောအလုပ်ကိုလည်း ခုံမင်သည်။ ဒါဆို သူ့အလုပ်က မာန်တက်

www.burmeseclassic.com

www.burmeseclassic.com



လောက်စရာအလုပ်ပေါ့။ မန်နေဂျာလား၊ စူပါဗိုက်ဇာလား။ မဟုတ်ရေးချ မဟုတ်။ ဖိုးခွားတာဝန်က အထွေထွေလုပ်သား။ သူ့အောက်မှာ လုံခြုံရေးနှင့် သန့်ရှင်းရေးဝန်ထမ်းသာ ရှိတော့သည်။

ဖိုးခွားတစ်ယောက် အပြေးအလွှားရှေ့ရောက်လာရင်း သူ အလုပ်ဝင်ရမည့် ငါးထပ်အဆောက်အအုံရှေ့သို့ ရောက်လာသည်။ မိုးက မရွာသေး။ မိုးဖြူမစဲ မိုးမည်းမရွာဆိုသလို ဖြစ်နေပြီထင်၏။

မိုးမရွာသေးသဖြင့် ထိုအဆောက်အအုံကြီးကို ဖိုးခွား ဂုဏ်ယူစွာနှင့် မော့ကြည့်လိုက်သေးသည်။ ဖတ်ကြည့်စရာမလိုတော့ပါဘဲနှင့် ဆိုင်းဘုတ်ကို အသံထွက် ဖတ်လိုက်သေး၏။

"(-- -- -- --) အထူးကုဆေးရုံကြီး"

သူ အလုပ်လုပ်နေသော ဆေးရုံကြီးကို စိတ်ကျေနပ်လောက်အောင် ကြည့်ပြီးမှ စစ်သားတစ်ယောက်လို ရင်ကော့ခေါင်းမော့ကာ ဝင်သွားသည်။ အလုပ်ဝင်မှတ်တမ်းစာအုပ်ကြီးတွင် ရောက်ရှိသည့်အချိန်ကိုရေးပြီး လက်မှတ်ထိုးလိုက်သည်။

နံနက်စောစောမို့ ဆေးရုံတွင် လူရှင်းနေ၏။ နားနေခန်းသို့ သွားရာ သမ်းမှာပင် သီးသန့်ခန်းတစ်ခုထဲမှ ပြေးထွက်လာသော အပြာဝတ် သူနာပြု ဆရာမကြီး နော်လေးမူနှင့်ဆုံ၏။

"ဟယ် ဖိုးခွား၊ အတော်ပဲ၊ S.15 က လူနာအဘိုးကြီး ဝမ်းတွေသွား ထားတာ ပေပွနေတာပဲ၊ လူနာရှင်တွေလည်း မရှိကြဘူး၊ လုပ်ပေးပါဦး"

"ဟောဗျာ၊ တာဝန်ကျသန့်ရှင်းရေးတွေ မရှိဘူးလား"

"ခုမှ ရှစ်နာရီကျော်လေးရှိသေးတာ မရောက်ကြသေးဘူး ဟဲ့"

"Night ဝင်တဲ့လူတွေကရော"

"ပြန်သွားကြတာ ကြာလှပေါ့"

"ဟင်း တော်တော်တာဝန်မဲ့တာပဲ၊ ကဲ ကဲ ကျွန်တော်ပဲ လုပ်ပေး လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဟယ်"

ဖိုးခွား နားနေခန်းသို့ဝင်ပြီး ထမင်းချိုင့်ထားရင်း ယူနီဖောင်း လဲလိုက်သေးသည်။ အညစ်အကြေးတွေ ကိုင်တွယ်ရမည် မဟုတ်လား။ အဝတ်အစားလဲပြီးတော့ လက်အိတ်နှစ်ဖက် ကောက်စွပ်ရင်း S.15 သို့ ပြေးသွားလိုက်၏။

မြင်မကောင်းရှုမကောင်းအောင် အညစ်အကြေးများ ပေလူးနေသော အဘိုးကြီးကို သနားစဖွယ်တွေ့ရသည်။ ဖိုးခွား မရွံမရှာနှင့် စေတနာပါပါ သန့်ရှင်းပေးနေမိ၏။ မွေ့ရာပေါ်တွင် ဝါတာဖရူ(ဖ်) ပလတ်စတစ်ခင်းထား၍သာ တော်တော့သည်။

အဘိုးကြီး၏ခန္ဓာကိုယ်မှ အညစ်အကြေးများကို သန့်ရှင်းပေးနေစဉ်မှာပင် လူနာရှင်သမီးနှင့် သမက် ရောက်လာကြ၏။

မြင်ရသောမြင်ကွင်းကို မျက်နှာကြီးစူပုပ်ရင်း နှာခေါင်းကို လက်နှင့်အုပ်၍ နောက်သို့ ခြေသုံးလှမ်းဆုတ်ပြီး ကြည့်သည်။ ရွံရှာသည့်သဘော၊ မမြင်လို မပြုစုလိုသည့်သဘောကို ထင်ရှားပေါ်လွင်အောင် ပြ၏။

သန့်ရှင်းရေးလုပ်ပြီးတော့ ဖိုးခွားက အဘိုးကြီးကို ဗိုး(လ်)ချဲ ပေါ် ရွှေ့ပေးပြီး မွေ့ရာနှင့်ခုတင်အား ရှင်းလင်းသုတ်သင်ပေးရပြန်သည်။

"ဒယ်ဒီရယ် ဒီလိုသာ ချီး(ချေး) မနိုင်, သေးမနိုင်ဆို ဘယ်လိုလုပ် အိမ်ပြန်ခေါ်လို့ ရမှာလဲ၊ တကယ်စိတ်ကုန်ဖို့ ကောင်းတယ်"

သမီးရင်းတစ်ယောက်၏ပါးစပ်က ထွက်လာသော စကားမှ ဟုတ်ပါ့လေစဟု ဖိုးခွားတွေးမိသည်။ သူကိုယ်တိုင်သာ ပြုစုသန့်ရှင်းပေးရလျှင် တစ်ခါတည်း အသက်ထွက်သွားလေမည်လား မသိ။

နာတာရှည်လူမမာဘဝကို ငါးထောင်တန် ငွေစက္ကူထုပ်များနှင့် ချိန်စက်၍ အသက်ကိုဆွဲဆန့်နေသော အဘိုးအိုသူဌေးကြီးမှာ ဤဆေးရုံတွင် နှစ်ပေါက်လုနီးပါး ကြာနေပြီမို့ လူနာ၏မိသားစုအားလုံးကို ဆေးရုံဝန်ထမ်းများနည်းတူ ဖိုးခွားလည်း သိကျွမ်းနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုး(လ်)ချဲပေါ်မှ ကြွေလုလု ရော်ရွက်ဝါလို အဘိုးအိုက တစ်ကိုယ်လုံး တွင်ရှိသမျှ အင်အားကိုစုစည်း၍ နှုတ်ခမ်းများဆီသို့ ပို့လွှတ်ပြီး ရှုတအက် ကွဲနေသော ဖော်ဝင်းထွင့်၏အသံမျိုးနှင့် စကားဆို၏။

"ဒယ်ဒီ အိမ်ပြန်ချင်တယ်သမီး၊ သေမယ်ဆိုလည်း အိမ်မှာပဲ သေ ချင်တယ်"

မွေးသဖခင် ကျေးဇူးရှင်၏ တောင်းဆိုစကားကို သမီးရင်းက သ တင်းကြေညာသူတစ်ယောက်အသံမျိုးနှင့် အလျှင်အမြန် ခွန်းတုံ့ပြန်သည်။

"အိမ်ပြန်ရင် အဖေ့ကို ဘယ်သူက ပြုစုမှာလဲ၊ သမီးတော့ လုပ်မ ပေးနိုင်ဘူးနော်"

ဘုရား ဘုရား ဘုရား။ သမီးရင်းတစ်ယောက်၏ ပါးစပ်ထဲမှ ထွက် ကျလာသော လှိုင်းတံပိုးထန်သော စကားလုံးများက ဘေးလူမကြားဝံ့ လောက်အောင်ပင် စိမ်းမြနေ၏။ မယားစကားကို ပညတ်တော်ဆယ်ပါးလို ကိုးကွယ်ဟန်တူသော သမက်ကလည်း –

"ဟုတ်ပါတယ်ဗျာ၊ ဒီမှာမှ အဆင်ပြေမှာ၊ ပစ္စည်းကိရိယာရော၊ လုပ်ပေးမယ့်သူရော အားလုံးအဆင်သင့်ပဲ"

"ဒယ်ဒီ အတတ်နိုင်ဆုံး ကိုယ့်အားကိုယ်ကိုးပြီး နေပါ့မယ်ကွာ၊ ငါ့အိမ်မှာပဲ ငါသေပါရစေ"

ဆိုမာလီပင်လယ်ဓားပြအား ဒူးထောက်တောင်းပန်သော သင်္ဘော ကပ္ပတိန်တစ်ယောက် လေသံမျိုးနှင့် အဘိုးအိုက ပြောနေရှာသည်။

"အို မဖြစ်ပါဘူး၊ လေဖြတ်ပြီး တရွတ်ဆွဲနေတဲ့ သူကများ ကိုယ့်အား ကိုးယ်ကိုးမလေး, ဘာလေးနဲ့၊ အိမ်တော့ပြန်မခေါ်နိုင်ဘူး၊ သေချင်ရင်လည်း ဆေးရုံမှာပဲသေ"

အဇာတသတ်နှင့် ဆွေနီးမျိုးစပ်တော်ပုံရသော ထိုမိန်းမ၏ နှုတ် ထွက်စကားများကြောင့် ဖိုးခွားမှာ မိုးကြိုးစက်ကွင်းလွတ်အောင် အခန်းထဲမှ အဆောတလျင် ထွက်ဖို့ကြိုးစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး၏ယောက်ျားက အဘိုးကြီး၏ စည်းစိမ်ဥစ္စာများထဲမှ ငါးထောင်တန်တစ်ရွက်ထုတ်ယူ၍ ရက်ရက်ရောရောပေးနေသည်။

ဖိုးခွားက ကျေးဇူးစကားပြောကာ ပိုက်ဆံကို လက်နှစ်ဖက်နှင့် ရိုသေစွာလှမ်းယူပြီး အလျင်အမြန် ထွက်လာခဲ့၏။ ရေချိုးခန်းရောက်သည်အထိ မိုးကြိုးပစ်သံမကြားရတော့မှ စိတ်ဒုံးဒုံးချနိုင်တော့သည်။

ရေမိုးချိုး ကိုယ်လက်သန့်စင်ရင်း အဘိုးကြီးဘဝကို စာနာသနားနေမိပြန်သည်။ ထိုသူဌေးအဘိုးကြီးသည် စွန့်ဦးတီထွင်လုပ်ငန်းရှင်ကြီးဖြစ်၏။ ပြည်တွင်းမော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းကို ဦးဆောင်ဦးရွက် ပြုခဲ့သူလည်း ဖြစ်သည်။

အခြားလုပ်ငန်းအဖြစ် အင်ဗာတာဆေ့(ဗ်)ဂတ်မှ စ၍ ထရန်စဖော်မာထိ ထုတ်လုပ်ဖြန့်ချိသေး၏။ လျှပ်စစ်ဓာတ်အားအသုံးပြုမှု မြင့်မားလာသောခေတ်တွင် ထိုထရန်စဖော်မာများကြောင့် သူဌေးကြီး၏ဓနအင်အား ပိုမိုတောင့်တင်းလာခဲ့သည်။

ကြွယ်ဝမှုက ကြောက်ခမန်း။ သားတစ်ယောက်နှင့် သမီးတစ်ယောက်က တဖောက်ကန်း။ အသီးသီး အိမ်ထောင်ကျကြသော်လည်း သူဌေးဖြစ်ဖို့မကြိုးစားကြဘဲ သူဌေးသားသမီးဘဝနှင့် ဖြုန်းတီးနေကြသူများ ဖြစ်သည်။

သူဌေးကြီး၏ဇနီးသည် အဘွားကြီးမှာလည်း ဂဏန်းဆယ်လုံးနှင့် ကုလားသုံးကောင်အပြင် ဂျိုကာကိုပါ အရှုံးအမူးစွဲလမ်းနေသော ပိုကာခရေဇီတစ်ယောက်ဖြစ်၏။ အဘွားကြီး လူနာစောင့်တာဝန်ယူသည့်နေ့ဆိုလျှင် ခုတင်ပေါ်လဲနေသော အဘိုးကြီးဘေးတွင် အဖော်အပေါင်းများနှင့် ပိုကာသဘင် ဆင်ယင်တတ်သည်။

အဘိုးကြီးကိုယ်တိုင်က ငါသေမှ ရိုက်ကြပါဟုပင် တားသူရ၏။ ဖင်ပေါ့၍ ခိုင်းကောင်းသော ဖိုးခွားနှင့် ထိုမိသားစုဝင်များ ရင်းနှီးကြသည်မှာ မဆန်း။ လက်ဖွာသောမိသားစုနှင့် အောက်ခြေသိမ်းလုပ်ပေးတတ်သော ဖိုးခွားတို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောညီထွေ ရှိလွန်းလေသည်။

ဖိုးခွား ရေချိုးပြီးတော့ ယူနီဖောင်းကို စမတ်ကျကျ ပြန်လည်ဝတ်ဆင်ပြီး တာဝန်ကျရာ ဆေးရုံဝင်ပေါက်သို့ ရောက်လာခဲ့သည်။

ကိုးနာရီဝန်းကျင်ရှိနေပြီမို့ ဆေးရုံတွင် အဝင်အထွက် စည်ကားစရှိနေချေပြီ။ မစည်ကားအပ်သော အရပ်ဌာနများတွင် ရဲစခန်း၊ ဆေးရုံနှင့် သင်္ချိုင်းတို့ပါဝင်သည်ဟု သူသိထား၏။

အခုတော့ ဆေးရုံမှာ မိုးရာသီ ဒစ်(စ)ကောင့်(န်) အရောင်းဈေးပွဲတော် ကျင်းပနေသော ပလာဇာတစ်ခုလို စည်ကားသိုက်မြိုက်နေသည်။

သူတို့၏ဆေးရုံသည် ငွေကြေးတတ်နိုင်သူများအတွက်တော့ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခုဖြစ်၏။ မတတ်နိုင်သူများအတွက်တော့ စိတ်ဆင်းရဲစရာအကောင်းဆုံး တရားရုံးတစ်ရုံးဖြစ်၏။

ဤတရားရုံးမှ တရားသူကြီးမင်းဖြစ်သော ယမမင်းသည် တစ်မျိုးတည်းသော စီရင်ဆုံးဖြတ်ချက်ကိုသာ ချတတ်၏။ ထိုဆုံးဖြတ်ချက်မှာ သေမိန့်ဖြစ်သည်။

ဆင်းရဲခြင်းကင်းဆာ အမြစ်တွယ်နေသော ငမွဲများအဖို့ သေမိန့်သည်သာ မြန်မာ့ထွက်ရပ်လမ်း ဖြစ်၏။ မြန်မြန်သေ၊ မြန်မြန်အေး၊ မြန်မြန်ဝဋ်ကျွတ်သည် မဟုတ်လား။ ထိုသေမိန့်သည် ကျန်ရစ်သူအတွက်တော့ စိတ်သက်သာရာရစေသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။

သေသည်၏အခြားမဲ့၌ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စအဝဝအတွက် နာရေးကူညီမှုအသင်းများက တာဝန်ယူသွားပေလိမ့်မည်။

"ပီးပေါ် ပီးပေါ် ပီးပေါ် ပီးပေါ်"

ဆေးရုံကား၏ အချက်ပေးဥသြသံက စူးစူးဝါးဝါးထွက်ပေါ်လာသဖြင့် ဖိုးခွား အတွေးများရပ်တန့်သွားကာ အဝင်ဝတံခါးကို အသင့်ဖွင့်၍ ပေါ်တီကိုအောက်တွင် ထွက်စောင့်နေလိုက်၏။ ဆေးရုံကား ထိုးဆိုက်လာပြီး

အတူတာဝန်ကျသော ဦးစိုးမိုးနှင့် ကားတံခါးကို ဖွင့်ပြီးမ,တင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူနာတင်ကတ်ကို ဆွဲထုတ်၍ ဘီးတပ်လှည်းပေါ်တင်ပြီး ဆင်ခြေလျှောလမ်းအတိုင်း တွန်းတင်ကာ လူနာကို ဆေးရုံအထဲသို့ သယ်ဆောင်လာခဲ့ကြ၏။

လူနာ၏အဖြစ်မှာ မြင်ရက်စရာမရှိ၊ ကားအက်ဆီးဒင့်ဖြစ်လာသည်ဟု သိရသည်။ ပြတ်လုပြတ်ခင်ဖြစ်နေသော လက်တစ်ဖက်၊ ရင်ဝမှ သွေးတစိမ့်စိမ့်ယိုထွက်နေသော ဒဏ်ရာတို့နှင့် တစ်ကိုယ်လုံး မြင်မကောင်း။ အခြေအနေက အတော်ဆိုး၏။

ဒါမျိုးတွေ ဖိုးခွား မြင်ဖူးတွေ့ဖူးပေါင်း များလှပြီဖြစ်သော်လည်း ဒီလောက်ဆိုးသောအခြေအနေမျိုး မကြုံဖူးသေး၍ စိတ်ထဲ မအီမသာဖြစ်နေရသည်။

လူနာတင်ကားမှ အခြေအနေကို ကြိုတင်အကြောင်းကြားထားသဖြင့် ခွဲစိတ်ခန်းဆီ တိုက်ရိုက်သယ်ဆောင်လာခဲ့ကြ၏။ အသင့်စောင့်နေသော ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် ခွဲခန်းသူနာပြုများလက်သို့ လူနာကို အပ်ပြီးသောအခါ ဦးစိုးမိုးနှင့် ဖိုးခွားတို့ မောဟိုက်နွမ်းလျသွားကြရ၏။

''ဟူး အသက်ရှင်ရင် ကံကောင်းပဲ''

''ဟုတ်တယ် ဦးစိုးမိုး၊ သွေးထွက်လည်း လွန်နေပြီ''

''သဗ္ဗေသတ္တာ ကမ္မသကာပေါ့ကွာ''

မရွှင်မလန်းစိတ်နှင့် နှစ်ယောက်သား ဆေးရုံပေါက်ဝသို့ ပြန်လျှောက်လာခဲ့ကြသည်။ ဝင်လာမစဲ တသဲသဲဖြစ်နေသော လူနာများကို ကူညီဖေးမ နေရာချပေးခြင်း၊ ရောဂါအလိုက် ပြသရမည့်ဆရာဝန်များကို လမ်းညွှန်ပေးခြင်း၊ မျက်စိလည်နေသူများကို လိုရာသို့ပို့ဆောင်ပေးခြင်းတို့နှင့် စကားပြောချိန်မရအောင် အလုပ်များသောနေ့တစ်နေ့ ဖြစ်နေသည်။

ထိုစဥ် တာဝန်ခံဦးအောင်ရွှေရောက်လာပြီး ဖိုးခွားအား တီးတိုးပြော၏။

''ဟေ့ကောင်၊ ရေဝေးကို ဘော်ဒီတစ်ခုသွားပို့ဖို့ လိုက်သွားဦး''

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ ဆရာ၊ လူနာရှင်ရော ပါမှာလား"

"ပါတယ်၊ ကောင်မလေးတစ်ယောက်တည်းမို့ ကူညီလိုက်"

"ဟုတ်ကဲ့၊ အခုလား"

"အေး"

"ကဲ ဦးစိုးမိုးရေ၊ ကျွန်တော်တော့ ကုသိုလ်သွားယူလိုက်ဦးမယ်"

"အေး အေး"

ဦးစိုးမိုးကို အသိပေးပြီး ဆေးရုံနောက်ဖေးပေါက်သို့ ထွက်လာခဲ့၏။ အင်(န်)ဗျူလင့်(စ)(န်) အဆင်သင့်ရှိနေတာ တွေ့ရသည်။

"ဟော့ကောင် မင်းလိုက်မှာလား"

ဒရိုင်ဘာ၏အမေးကို ဖိုးခွား ခေါင်းညိတ်အဖြေပေးလိုက်၏။

"လူနာသွားခေါ်ရတာ ပြဿနာမရှိဘူး၊ လူသေသွားပို့ရတာ စိတ်ပျက်တယ်"

"ဘယ်တတ်နိုင်မလဲဗျာ၊ တာဝန်ကိုး"

"အင်း၊ မင်းကတော့ ဘာပဲလုပ်ရလုပ်ရ မခိုမကတ်နဲ့ တက်တက်ကြွကြွပဲနော်"

"ကျွန်တော်တို့အလုပ်က ယူတတ်ရင် ကုသိုလ်ချည်းပဲလေ"

"ဟုတ်ပါ့ကွာ ဟုတ်ပါ့"

"ဂျုံး ဂျလုံး ဂျုန်း"

"အဟင့် ဟင့် ဟင့် အီ"

ဖိုးခွားတို့စကားဝိုင်းကို တွန်းလှည်းသံနှင့် ငိုရှိုက်သံက တစ်ခန်းရပ်သွားစေသည်။ အလောင်းစည်သူဟု နာမည်ပြောင်ပေးထားသော မသာတာဝန်ခံ ဆာမိတွန်းလာသည့်လှည်းကို ကူတွန်းပေးရင်း ကားပေါ်သို့ ပေါ်ဒီ (အလောင်း) ရောက်အောင် ပိုင်းဝန်းလိုက်၏။

တသိမ့်သိမ့်ရှိုက်ငိုနေသော မသာရှင်ကို ကားပေါ်တက်ရန် ပြောရင်း သေချာကြည့်မိ၏။ နှစ်ဆယ့်အစိတ်ဝန်းကျင်ရှိမည့် လှပသော ကောင်မလေး

www.burmeseclassic.com


မသာရှင် ကားပေါ်ရောက်တော့ ဖိုးခွား ကားပေါ်တက်လိုက်ရင်း တံခါးကို ဆောင့်ပိတ်လိုက်သည်။

ကားက ဝူးခနဲဆောင့်ထွက်၏။ ဖိုးခွားက ဆွေမျိုးတော်ပုံရသော ကားပေါ်မှလူသေနှင့် လူနာရှင်ကို မသိမသာ အကဲခတ်၏။

သေသူမှာ အမျိုးသမီးဖြစ်ပြီး အသက်ငါးဆယ်ဝန်းကျင်ရှိနိုင်ပြီး သားအမိနှစ်ယောက်ဟု ယူဆရသည်။ မိန်းကလေးက ကားလှုပ်သလိုသာ လိုက်လှုပ်နိုင်တော့သော သူ့အမေ၏ သက်မဲ့ခန္ဓာကိုယ်ကို စိုက်ကြည့်ရင်း မှိုက်ငိုနေရှာသည်။

ဖိုးခွားပါလာသည်ဟုပင် သတိမူပြုမိပါလေစ။ သောကပရိဒေဝတို့ လောင်မြိုက်ပြီး ဗျာပါဒထဲ နစ်မြုပ်နေသည်။ ဒီအချိန်မှာ ဘာစကားမှမပြော တာ အကောင်းဆုံးဖြစ်လိမ့်မည်။

အခွင့်အရေးရခိုက် ဖိုးခွား အသုဘကမ္မဋ္ဌာန်းရှုနေလိုက်၏။ သေသူ အမျိုးသမီးမှာ ဖြူဖြူသန့်သန့် ဝဝဖိုင့်ဖိုင့်ဖြစ်ပြီး မဟာနဖူးနှင့် ဥပမိရုပ်ကောင်း သည်။ ရှင်စဉ်ကာလက မာနထောင်လွှားခဲ့သူ ဖြစ်ပုံရ၏။ ယခုတော့ သူ့ကိုယ် တိုင် ဘာမှမပြောနိုင်၊ မလုပ်နိုင်တော့။

ချစ်ခင်သူတို့နှင့် ဝမ်းသာကြည်နူးမှု မပြုနိုင်တော့သလို မချစ်,မနှစ် သက်သူတို့အားလည်း မလိုမုန်းထား မပြုနိုင်တော့ချေ။

အသက်ဝိညာဉ်ချုပ်ငြိမ်းသွားသဖြင့် လောဘ ဒေါသ မောဟတို့ လည်း ရုပ်သိမ်းသွားပြီဖြစ်သည်။ ဖြစ်ခြင်းပျက်ခြင်း မရှိနိုင်တော့အောင် ပျက်သုဉ်းမှုက အနိုင်ယူသွားခဲ့ပြီ မဟုတ်လား။

ဖိုးခွား ရောက်တတ်ရာရာတွေးနေစဉ် ငိုသံရပ်သွား၏။ သိချင်စိတ် ရှိသော်လည်း အားနာသဖြင့် မျက်လုံးထောင့်ကပ်၍သာ စူးစမ်းရသည်။

ငိုသံတိတ်၍ တသိမ့်သိမ့်ရှိုက်ရင်း ဝိညာဉ်ကင်းခန္ဓာတွင် ဆင်မြန်း ထားသည့်နားကပ်ကို ဖြုတ်နေတာတွေ့ရ၏။ ဩော် ဒါကြောင့်ကိုး။

ဘာမှလည်းမဆိုင်ပါဘဲနှင့် သေသူအား ဖိုးခွား တိုးပိုး တောင်းပန်မိ

www.burmeseclassic.com

သေးသည်။

"ခင်ဗျားသမီး ခင်ဗျားဆီက နားကပ်ဖြုတ်နေတာ သည်းခံခွင့် လွှတ်လိုက်ပါဗျာ၊ သူ မဖြုတ်ရင် ဟိုကလူတွေ ဖြုတ်ယူကြမှာမို့ပါ ဒေါ်လေး ရာ"

ဖိုးခွား တော်တော်တရားရသွား၏။ အသက်ရှင်နေစဉ်တုန်းမှာတော့ သည်အပုပ်ကောင်ကြီးကို အများအမြင်၌ ပသာဒဖြစ်စေရန် ရည်ရွယ်၍ ကောင်းသည့်ထက်ကောင်းသော အဝတ်တန်ဆာတို့ဖြင့် ဖုံးလွှမ်းဆင်မြန်း ခဲ့ကြသေးသည် မဟုတ်လား။

အခုတော့ ကျန်ရစ်သူက အားလုံးကို ဖြုတ်ယူနေပြီ၊ အအေးတိုက် ရောက်လျှင် အဝတ်အစားကိုပါ ချွတ်ထားကြပေဦးမည်။ လာတုန်းကလည်း တစ်ယောက်တည်းနော့ ဗလာကိုယ်ထည် အချိုးနှိုးဟု ဆိုသည်မဟုတ်လား။ မှန်လိုက်တာနော်။ ဖိုးခွားတစ်ယောက် တရားထူးရတော့မတတ် အမှန်ကို မြင်တွေ့နေ၏။

"မနေရလို့ သေကြတဲ့အခါ၊ ကိုယ့်နောက်ကိုကား ဘာများပါမှာ၊ ပစ္စည်းဟူသမျှ မြူမျှမပါ၊ ကိုယ်ပြုထား ကံများကိုယ့်နောက်ပါ" ဟူသော ဆရာတော် ရဝေနွယ် (အင်းမ) ၏ သံဝေဂသံပေါက်ကိုပင် သတိရမိသေး တော့၏။

ကောင်မလေးက သူ့ဘက်မှ နားကပ်ဖြုတ်ပြီးသွား၍ ဖိုးခွားဘက်မှ နားကပ်ကို မမိမကမ်း လှမ်းဖြုတ်နေသည်။ မနေတတ်သည်နှင့် –

"ကျွန်တော် ဖြုတ်ပေးရမလား"

"ဟင်၊ ဪ ဟုတ်ကဲ့"

ခွင့်ပြုချက်ရ၍ သူ့ဘက်ခြမ်းမှနားကပ်ကို ဖြုတ်ပြီး ကောင်မလေး လက်ထဲသို့ ထည့်ပေးလိုက်၏။

"ကျေးဇူး"

ထိုအခိုက်မှာပင် ရေဝေးအအေးတိုက်သို့ ကား ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစား ရေသောက်သလို အတွေ့အကြုံတွေများနေပြီဖြစ်သော အအေး တိုက်ဝန်ထမ်းများက ပြုဖွယ်ကိစ္စအဝဝကိုဖယ်ဆက်သလို လုပ်ကိုင်သွားကြ၏။

စည်ပင်တာဝန်ခံတစ်ယောက်ထံတွင် အအေးခန်းစရိတ်၊ အသုဘ သဂြိုဟ်မည့်နေ့၊ ခန်းမငှားခ၊ ကုလားထိုင်ငှားခ၊ အလောင်းပြင်ဆင်ခ၊ ပန်းခွေအလှဆင်ခြင်းနှင့် မသာခေါင်းတန်ဖိုးပေါင်းလိုက်တော့ ခြောက်သောင်း နီးပါး ရှင်းလိုက်ရသည်။

ကောင်မလေး ပိုက်ဆံရှင်းရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာပြန်သည်။ အမေကို သတိရလို့လား၊ ပိုက်ဆံနှမြောလို့လားဆိုတာတော့ သူသာ သိပေ တော့မည်။

"ဒီက ဆေးရုံကို ပြန်လိုက်မယ်ဆိုရင် သွားကြရအောင်"

"လိုက်မယ်လေ၊ ဆေးရုံမှာလည်း ပစ္စည်းတွေသိမ်းရဦးမှာ"

"ဒါဆို သွားကြစို့"

"ဟုတ်ကဲ့"

ကောင်မလေးက သူ့အမေကိုထားခဲ့ရမည့် အအေးခန်းဆီသို့ မဝံ့မရဲ တစ်ချက်လှမ်းကြည့်ရင်း ကားပေါ် ကပျာကသီတက်၏။ သူ့ကိုကြည့်ရတာ ခုမှပဲ စိတ်သက်သာရာရသွားဟန်၊ အကြောက်ပြေသွားဟန်မျိုး ဖြစ်သည်။

တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သော ရေဝေးနယ်နိမိတ်ကို ငေးရင်း ကောင်မလေး ငိုမဲ့မဲ့ဖြစ်လာပြန်သည်။ ဖိုးခွား ကောင်မလေးကိုကြည့်ရင်း သနားစိတ်များ တဖွားဖွား ဖြစ်တည်ပေါ်ပေါက်လာ၏။ ငိုမဲ့မဲ့မျက်နှာလေးသည် ပင် ကြော်ငြာမင်းသမီးသို့ လှအားပါပေသည်ဟုလည်း မှတ်ချက်ချနေမိသည်။

သည်လိုကောင်မလှလှကလေးမျိုးသာ သူ၏ချစ်သူဖြစ်ခဲ့လျှင် မည်မျှ ကောင်းလိမ့်မည်နည်းဟုလည်း စိတ်ကူးယဉ်မိသေး၏။ ဒါဆို ကောင်မလေးကို သူ ကြိုက်မိသွားတာလား။

ဤသို့ဆိုလျှင်တော့ လွန်စွာ့ လွန်စွာ ထူးခြားဆန်းကြယ်လွန်းလှ သော ဆုံစည်းမှုသာ ဖြစ်ချေတော့မည်။ စဉ်းစားကြည့်လေ၊ လူသေအလောင်း

www.burmeseclassic.com

www.burmeseclassic.com


တစ်လောင်းကို အလယ်မှာထားပြီး နှစ်ယောက်သား အကြည့်ချင်းဆုံခဲ့ရသည် မဟုတ်လား။

အတွေးစုံက ရွှေမကုန်သော ဘေထုပ်ပုံလို ဖြစ်လာရသည်မို့ ဖိုးခွား တစ်ယောက် ပြုံးစိစိဖြစ်သွားသည်။ နောက်မှ အမေသေ၍ ပူဆွေးသောက ရောက်နေသော မိန်းကလေးတစ်ယောက်အပေါ် မတော်တရော်စိတ် မွေးနေ မိပါလားဟု တွေးရင်း အားလုံးကို ဘရိတ်အုပ်လိုက်ရ၏။

မည်သို့ပင်ဖြစ်စေ အလုပ်ထဲနစ်မြုပ်နေခဲ့သော ဖိုးခွား၏အာရုံထဲ သည်ကောင်မလေး အလည်လာခဲ့တာတော့ အမှန်တကယ်ပင် ဖြစ်လေ သည်။

နံနက် ကန့်လန့်ကာအဖွင့်က အဇာတသတ်၏သွေးမျိုးများနှင့် ပက် ပင်းဆုံခဲ့ရသော်လည်း နေ့လယ်နေ့ခင်းတွင်မတော့ နတ်သမီးကို မော်ဖူးခွင့်ရ သည်ဟု ဒိုင်ယာရီထဲတွင် ရေးဖြစ်မည်ထင်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သေခြင်းတရားနှင့် ရက်လည်မုန့်ဟင်းခါး

နေနှင့်လအား ပုံပြထား၍ မှတ်တုံငြားလော့၊
နေကား ထွက်ဝင်၊ ပေါ်ချုပ်ထင်၏။
လပြည့် လကွယ် ကြီး၍ငယ်ခဲ့၊ ထို့နှယ်မလွဲ၊ လူခပဲတို့
အမြဲချမ်းသာ၊ မရှိစွာရှင့်။

ဘာသံတွေပါလိမ့်။ ကြားရတစ်ချက် မကြားရတစ်ချက်နှင့် အိပ်ချင်မူးတူးဖြစ်နေသော ဖိုးခွားနားထဲ စီစီညံနေသည်။

"ကာလံ ဝေါဟံ န ဇာနာမိ" သေရမယ့်အချိန်ကို မသိနိုင်ဘူး ဆိုတဲ့ အဆိုရှိတယ် မဟုတ်လား"

ဟာ ဘယ်သူတွေ အနားလာပြီး စကားပြောနေတာလဲ။

"**ဇီဝိတ** – ဘယ်အသက်အရွယ်မှာ သေမယ်ဆိုတာလည်း မသိနိုင်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com


ဇာတိ – ဘယ်အနေအထားမှာ သေရမည်ဆိုတာကိုလည်း မသိနိုင်ကြဘူး။

ကာလ – သေရမယ့်အချိန်ကိုလည်း မသိနိုင်ဘူး။

**ဒေဟ နိက္ခေပန** – သေပြီးတဲ့နောက် မိမိရဲ့ အတ္တဘောကြီးကို ဘယ်သင်္ချိုင်းမှာ ပစ်ချခံရမလဲဆိုတာလည်း မသိနိုင်ဘူး။

**ဂတိ** – သေလွန်ပြီးတဲ့နောက် ဘယ်ဘဝကိုလားရမယ်, ဘယ်ဂတိကို သွားရမယ်ဆိုတာလည်း ကြိုမသိနိုင်ဘူး''

''ဟား ဒုက္ခပါပဲ''

မကျေမချမ်းရေရွတ်ရင်း ဖိုးခွား ခုတင်ပေါ် ငုတ်တုတ်ထထိုင်မိသည်။ သေချာအာရုံစိုက်နားထောင်မှ ကြားနေရတာ တရားသံဖြစ်မှန်း သဘောပေါက်သွား၏။

သည်တော့မှ ခြေရင်း နှစ်အိမ်ကျော်တွင် ရက်လည်ဆွမ်းသွပ် နာရေးရှိတာ သတိရသည်။ ညကပဲ ခဏသွားထိုင်ပြီး ကွာစေ့ဝါးရင်း စကားပြောခဲ့သေးသည် မဟုတ်လား။

ခက်နေသည်က အသုဘရေစက်ချတရားနာတာကို အသံချဲ့စက်သုံးနေတာပဲ ဖြစ်သည်။ ဒါ ရွာလေးသာ ဖြစ်၏။ အဆိုပါ ရွာလေးက ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ရှင်သန်နေတာ ပြဿနာပဲ ဖြစ်သည်။ ထိုအသံချဲ့စက်မှအသံကြောင့် အိပ်ကောင်းနေဆဲ ငါးနာရီခွဲလောက်တွင်ပင် နိုးသွား လန့်နိုးလာသည်။

အလေ့အထဟောင်းကို ခေတ်မီနည်းပညာနှင့်ပေါင်း၍ ကောင်းကောင်းကြီးနှိပ်စက်နေသလို ဖြစ်နေသည် မဟုတ်လား။

မိုက်၊ အင်ပလီဖိုင်ယာနှင့် လော်ကိုသုံး၍ ဆရာတော်ဘုရားက အားပါးတရ တရားဟောနေ၏။ အိမ်ချင်းနီးနေတော့လည်း အသံက နားညည်းမြေး၏ ခံနိုင်ရည်ထက် ပိုနေသည်။

ဆရာတော်က ဒါတွေ ဒါတွေ ဆင်ပေး၊ တပ်ရေးရမည်ဟု အမိန့်

www.burmeseclassic.com

www.burmeseclassic.com

ရှိ၍တော့မဟုတ်၊ လူတွေကိုက အပိုချဲ့ကားထွင်နေကြတာပဲ ဖြစ်၏။
"အမေ့နာရေးမှာ တို့က လော်ပါသုံးတာအေ့"
"အမျိုးတွေ ခုနစ်ရက် ခုနစ်လီ တင်ကျွေးထားတဲ့အပြင် ဆရာတော်တာအားမအော်ရအောင် မိုက်နဲ့ အသံချဲ့စက်ပါ သုံးပေးတာကွ"
ဤသို့ ဤနှယ် ကြွားလုံးထုတ်နိုင်ဖို့အရေး ပတ်ဝန်းကျင်ကို နားဒုက္ခပေးနေတာပဲ ဖြစ်သည်။
စိတ်တိုတိုနှင့် နားကို ခေါင်းအုံးဖြင့်ပိတ်ပြီး ပြန်လှဲနေလိုက်သည်။ အိပ်ချင်လွန်းလှသဖြင့် မှေးခနဲ ပျော်မလိုလိုဖြစ်သွားခိုက်မှာပင် ကျန်ရစ်သူမိသားစု၏သာဓုခေါ်သံက တစ်ခဲနက်ထွက်ပေါ်လာ၍ မျက်လုံးပြူးသွားပြန်သည်။
ဘယ်နံစောင်းမှ ညာနံစောင်းသို့ ပြောင်း၍အိပ်လိုက်သည်။ လော်သံတိတ်သွားသဖြင့် စိတ်အေးလက်အေး တစ်ရေးလောက်တော့ အိပ်ခွင့်ရဦးမည်အထင်နှင့် အိပ်ရာပေါ် အသားကျအောင် နေရာယူလိုက်၏။ မျက်လုံးမှိတ်ပြီးအကြောအခြင် ဆန့်လိုက်စဉ်မှာပင် ဝါဆိုမိုးက နားထဲပြေးဝင်လာပြန်သည်။
သာယာသံဆိုသည်မှာလည်း အချိန်အခါကိုလိုက်၍သာ တန်ဖိုးရှိနိုင်သည် မဟုတ်လား။ ခုလို မတော်တရော်အချိန်မှာတော့ အဆိုတော်အသံလည်း တန်ဖိုးက လျော့သွားတော့မည်ထင်သည်။
ဖိုးခွား ဆက်အိပ်လို့မရမည့်အတူတူ ဒေါ်ပွပွနှင့် အိပ်ရာမှ ထလိုက်ရသည်။ ဝါဆိုမိုးက ဖြိုင်ဖြိုင်ကြီးကို သွန်းဖြိုးနေပြီမဟုတ်လား။
ခဏနေလျှင် တွံတေးသိန်းတန်တို့၊ ဟသ်ာတထွန်းရင်တို့ ဆက်တိုက်ဆိုသလို ထွက်လာကြလိမ့်ဦးမည်။ သေသူ ဘယ်ဘုံဘဝ ရောက်မည်မှန်းမသိသော်လည်း ရောက်ရာဘုံဘဝမှ ကြားနိုင်စေရန် လော်သုံးကြသည်လား မပြောတတ်။
အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှသော ၃၁ ဘုံသားတို့ ကြားနိုင်စေရန် ဇော်လျှူမ်းကို မိုင်ကုန်တင်ထားသည်ထင့်။
မျက်နှာသစ်ရန် နောက်ဖေးသို့အဝင် ရေချိုးအိမ်ထဲမှ အောင်

www.burmeseclassic.com



ထွက်လာတာ တွေ့ရ၏။ အောင်ဇော်က ဖိုးခွားကို ပြုံးပြရင်း –

"လော်နိုပ်စက်လို့ အတော်အအိပ်ပျက်သွားပြီပေါ့၊ ဟုတ်လား"

"အေးကွာ၊ ဖိမ်ပျက်လိုက်တာ၊ ကလဲ့စားချေတဲ့အနေနဲ့ နှစ်ယောက်ပေါင်းတစ်ထောင်ကူငွေထည့်ပြီး မုန့်ဟင်းခါးကို အမုန်းသွားဆွဲရအောင်"

"ကောင်းတာပေါ့ကွာ၊ ကူငွေတစ်ထောင်ထည့်ပြီး သုံးထောင်ဖိုးလောက်စီ ကစ်ပေးလိုက်မယ်၊ ဒါမှ မှတ်လောက်သားလောက် ဖြစ်သွားမှာ"

"ဟား ဟား ဟား ဟား"

အော်ဇော် အိမ်ရှေ့ထွက်သွားတော့ ဖိုးခွား မျက်နှာသစ်ပြီး ဗညားဒန်သီချင်းနှင့်ပင် သွားတိုက်လိုက်သည်။ စိတ်ထဲမှာတော့ မကြည်လင်။ ဤသို့ နာရေးကိစ္စတွင် လော်သုံးကာ တရားနာပြီး သီချင်းဖွင့်သည့်ဓလေ့ကို သူ ဘယ်လိုမှ နားမလည်နိုင်။

ထို့ပြင် ကွန်ပျူတာစာစီစာရိုက်နှင့် မိတ္တူယည်ကျေးမှု ထွန်းကားသောကာလကြီးတွင်ပင် အသုဘပို့လိုက်ပါကြရန်ကိစ္စအား ညဦးပိုင်းတွင် ဖျို့ဟစ်၍ ဖိတ်သေး၏။

ဘယ်လမ်း အိမ်နံပါတ် ဘယ်လောက်က ဘယ်သူ၏သားသမီး၊ ဘယ်သူ၏ဇနီးမယား၊ ဘယ်သူ၏လင်သား၊ ဘယ်သူဘယ်သူတို့၏ မွေးသခင်၊ မွေးသမိခင်၊ မြေးဘယ်နှယောက်၊ မြစ်ဘယ်နှဦးတို့၏ အဘိုးအဘွားသည်ဖြင့် မိတ်ဆက်ပေးပြီး ဘယ်နေ့က အနိစ္စရောက်၍ ဘယ်ရက်ဘယ်အချိန် ဘယ်သုသာန်သို့ ဘယ်လိုပို့ဆောင်မည်ဆိုသည့်အကြောင်း လူငယ်များက တစ်လုည့်စီဟစ်၍ တစ်လမ်းဝင် တစ်လမ်းထွက် ဖိတ်ကြားကြသေးသည်။

ဟာမိုနီအဖြစ် ခွေးအူသံက အဆစ်ပါသေးသည်။ အသုဘပို့ပြီးမှ တော်လည်တရားနာ ဖိတ်စာကို ရပ်ကွက်တစ်ပိုင်လုံး အိမ်ပေါက်စေ့ လိုက်ဝေကြသည်။ အလုပ်အကိုင်နေ့တွင်လည်း ကြက်သွန်နွှာ ရေခပ် ကျင်းခွဲ အိုးခွက်ဆေးကန်နှင့် စားပွဲကုလားထိုင်ငှားသည်အထိ ကူညီပေးသည့်သူက မရှား။

www.burmeseclassic.com



ထို့အတူ ခုနစ်ရက်လုံးလုံး အိမ်စောင့်အဖြစ် လူစု၍ ပိုင်းထောင်သူလည်း အများသား။ သို့ဖြစ်၍ မသာရှင်မှာလည်း မျက်နှာမွဲပင် ဖြစ်စေဦးတော့ ချက်ရသည်မှာ အချိန်တစ်ရာဆိုတာ အနည်းဆုံး။

တတ်အားသရွေ့ ကူငွေထည့်ရင်း အိမ်လုံးကျွတ် အားပေးကြသည်မှာ ကလေးပါမကျန်စေရ။ ရွာမလေ့ကလည်း လာသရွေ့ မျက်နှာမရွေး ညှော်ခံသည်ကိုး။

အိပ်ရာထ ကိစ္စအဝဝပြီးစီး၍ သင့်တင့်သောအဝတ်အစား လဲပြီး အိမ်ရှေ့ထွက်လာသောအခါ အောင်ဇော်က ငါးရာတန်တစ်ရွက် ကမ်းပေး၏။ ထိုငွေကို လှမ်းယူရင်း အိမ်တံခါးပိတ်၍ အသုဘအိမ်သို့ လျှောက်လာကြသည်။ ခြောက်နာရီကျော်ကျော်သာ ရှိသေးသော်လည်း အိပ်မရသော အိမ်နီးချင်းတော်စပ်တော်များများ ရောက်နှင့်နေတာ တွေ့ရသည်။

အိမ်အဝင်ဝတွင် စားပွဲခင်း၍ ကူငွေလက်ခံပေးနေသော လမ်းလူကြီးဦးစိုးလောင်းအား ပြုံးပြရင်း ကူငွေတစ်ထောင်ပေးလိုက်၏။

အိပ်ရာထ ဝမ်းဟာနေသည့် အချိန်မို့လား၊ မုန့်ဟင်းရည်ကပင် ကောင်းလို့လား မပြောတတ်။ ဒီတစ်ပန်းကန်လည်း ပြုက်ခနဲ ကုန်သွားပြန်၏။ ဖိုးခွားနှင့် အောင်ဇော် အချင်းချင်းကြည့်၍ မျက်စပစ်ပြီး ပြုံးတူအော်လိုက်သည်။

"လိုက်ပွဲပေးပါဦးဗျို့"

စားပြီး လေးလံနေသောဗိုက်ကို ခြေထောက်များနှင့် ကျားကန်လျှောက်လှမ်းရင်း အသုဘအိမ်မှ ထွက်လာကြ၏။

အောင်ဇော်က လက်ဖက်ရည်ဆိုင်ထိုင်ဦးမည်ပြော၍ ကားလမ်းထိပ်မှ သန်းကြွယ်ဆိုင်ထိ တအိအိနှင့် ဆက်လျှောက်လာခဲ့ကြသည်။

"မင်း တစ်ခါတည်း ဆေးရုံကို တန်းသွားမှာလား"

"အေး ဗိုက်လည်းတင်းနေပြီ၊ ဆာလည်း တစ်ခုဝယ်စားတော့မယ်ကွာ၊ ထမင်းချိုင့် မယူတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ယူနီဖောင်းရော"

"ဆေးရုံမှာ"

စကားတပြောပြောနှင့် ဆိုင်ရောက်တော့ ကျွဲသိမ့်တစ်ခွက်စီမှာပြီး ထိုင်လိုက်ကြသည်။ အောင်ဇော်က စီးကရက်တစ်လိပ် ကောက်ဖွာရင်း စကား စလာ၏။

"ဖိုးခွား မင်း မိန်းမ မယူသေးဘူးလား"

အောင်ဇော့်စကားကြောင့် ဖိုးခွားမှာ တခြားကမ္ဘာမှ ဂြိုဟ်သားကို တက်ပင်းတွေ့လိုက်ရသလို အံ့သြသွားသည်။

"ဘာပြောလိုက်တာလဲ အောင်ဇော်"

"မင်းမှာက အလုပ်အပြင် အိမ်ပိုင်လည်းရှိတော့ မိန်းမယူမယ်ဆို သိပ်မခက်ခဲ့ဘူးလေ၊ ဒါကြောင့် မိန်းမ မယူသေးဘူးလားလို့ မေးတာ"

"ကြဲကြီးစည်ရာကွာ၊ ငါ သက်သောင့်သက်သာနေတာ မင်း မမြင် ချင်တော့ဘူးလား"

"မယူချင်တာလား, မယူနိုင်တာလား, ယူဖို့ ရည်ရွယ်ချက် မရှိတာလား"

နာမည်ကြီးမင်းသမီးကို ဗျူးမမ မေးသလို ဝေ့ဝိုက်မနေဘဲ တဲ့ကစ် ထိုက်သော အောင်ဇော့်မေးခွန်းကြောင့် ဖိုးခွားပြုံးလိုက်မိ၏။ ရုတ်ခြည်းဆိုသလို မနေ့က ရေဝေးသို့ သူနှင့်အတူ လိုက်ပါလာသော လှတပတ ကောင်မလေးကို သတိရသွားသည်။

နာမည်လေးတောင် မေးမထားမိလိုက်။ ပြန်ဆုံစရာအကြောင်း မရှိ တော့သဖြင့် နောင်တမရချင်သော်လည်း နှမြောစိတ်တော့ ဖြစ်မိသည်။

"ငါတို့အနေအထားက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်မှမဟုတ်တာကွ"

"မဆိုင်ပါဘူးကွာ၊ သန်းကြွယ်သူဌေးမှာ အချစ်ရှိသလို သူတောင်း စားမှာလည်း အချစ်ရှိပါတယ်ကွာ"

"သူတောင်းစားမှာ အချစ်ရှိတော့ ဖုန်းတောင်းစာစကာတွေ တိုး

www.burmeseclassic.com

www.burmeseclassic.com



လာတာပဲ အဖတ်တင်မှာပေါ့၊ ငါ့ကြောင့် ငါ့မျိုးဆက်တွေ ဒုက္ခမရောက်စေချင်ဘူးကွာ''

ဖိုးခွားက အားလျော့စကားပြောရင်း အခြေခံလစာ သုံးသောင်းနှင့် လူနာရှင်များပေးသော သဒ္ဓါကြေးပေါင်းမှ တစ်သိန်းမပြည့်သည့်ဝင်ငွေကို မျက်စိထဲ မြင်ယောင်မိ၏။

ရှစ်တန်းအောင်ပြီး ကျောင်းထွက်ခဲ့ရသူမို့ ပညာအရည်အချင်းကြောင့် ဝင်ငွေပိုလာစရာမျှော်လင့်ချက် မဲ့နေတာ သူ့ဘာသာ သိနေခဲ့သည်။

''ဆင်းရဲတဲ့သူတိုင်းသာ မင်းလိုတွေးနေရင် လူဦးရေတိုးစရာအကြောင်းမရှိလို့ ကမ္ဘာကြီး ဝန်ပေါ့သွားလိမ့်မယ် ဖိုးခွား''

''မရဲဘဲ ကျွဲပြုမစီးချင်ပါဘူးကွာ၊ နေစမ်းပါဦး၊ ဘာကိစ္စ ဒီမေးခွန်းတွေ မေးနေရတာလဲ၊ မင်း မိန်းမယူချင်နေလို့ စကားခေါ်တာလား''

''ဟဲ ဟဲ၊ မင်းက ပညာရှိပဲ''

အောင်ဇော်၏ မချိုမချဉ်မျက်နှာပေးနှင့် အဖြေကြောင့် ဖိုးခွား အံ့အားသင့်သွားသည်။

''မင်း မင်း တကယ်ပြောနေတာလား အောင်ဇော်''

''အနေးနဲ့အမြန်ဆိုသလို ယူဖြစ်လိမ့်မယ်ထင်တာပဲကွ၊ မနေ့ကမှ ကောင်မလေးဆီက အဖြေရတာ၊ ငါ့မှာ ရည်းစားရှိနေပြီ ဖိုးခွား''

အောင်ဇော်၏ဝန်ခံစကားကြောင့် ဖိုးခွား အားငယ်တာလား၊ အားကျတာလား မကွဲပြားသောခံစားချက်များ အုံ့ဖွဲ့ဖြစ်တည်သွားသည်။

''ပြောစမ်းပါဦး၊ ကောင်မလေးက ဘယ်သူလဲ ဘယ်ကလဲ''

ဖိုးခွား၏မေးခွန်းကို အောင်ဇော်က ပဟေဠိနန်းတော်အစီအစဉ်ကို မောင်မောင်အေးလေသံနှင့် ပြန်ဖြေသည်။

''အဟင်း သူလေးက ငါတို့ဆိုင်ရဲ့ စင်တင်အဆိုတော်လေးကွ''

''ဟေ တယ်ဟုတ်ပါလား''

''နာမည်က ယုယုဆွေ၊ အဆိုတော်နာမည်က ငေပရယ်နွေတဲ့''

www.burmeseclassic.com

www.burmeseclassic.com



"အနာဂတ်တွေ လှနေပြီပေါ့"

"အင်း သူလည်း တို့လိုပဲ တစ်ကောင်ကြွက်ကွ၊ အခု အဆောင်မှာ နေတယ်၊ တို့တွေ တစ်နှစ်လောက်တော့ အချိန်ယူဖို့ စဉ်းစားထားတာပဲ"

"ကောင်းတယ်ကွာ၊ မျှော်လင့်ချက်တွေ, ရည်မှန်းချက်တွေ ရှိနေတော့ နေပျော်တဲ့ဘဝလေး ဖြစ်သွားတာပေါ့"

"အဲဒါကြောင့် မင်းကိုမေးတာ၊ မင်းလည်း အိမ်ထောင်ပြုဖို့ စဉ်းစားထားရင် ကောင်းမယ်"

"နေပါဦးကွာ၊ မင်းတို့စုံတွဲကို ငါစောင့်ကြည့်ဦးမယ်"

"လေ့လာမှတ်သား ဆည်းပူးနည်းယူဦးမယ်ပေါ့"

"မဟုတ်ပါဘူးကွာ၊ မင်းတို့ ရန်ဖြစ်ရင် ဆွဲဖို့လွဲဖို့ပါ"

"ဟား ဟား ဟား ဟား"

✿

အောင်ဇော်နှင့်လမ်းခွဲပြီး ဆေးရုံသို့အလာလမ်းတွင် ဖိုးခွားတစ်ယောက် အတွေးတွေနှင့် ယောက်ယက်ခတ်နေသည်။

ဖိုးခွားတို့ ရန်ကုန်က ဒီရပ်ကွက်ကို ပြောင်းလာတာ မကြာသေး။ ဖိုးခွားအဖေနှင့်အမေ၏ ကျန်းမာရေးအတွက် ပဲခူးသနပ်ပင်မှ အိမ်နှင့်လယ်မြေကိုရောင်းကာ အပြီးပြောင်းလာကြခြင်း ဖြစ်သည်။

ဒီရပ်ကွက်မှာ သင့်တင့်သောအိမ်ကလေးတစ်လုံး ဝယ်ပြီးနောက် ပါလာသမျှ အထုပ်အထည်နှင့် အဖေ့ရောဂါကို အမြစ်ဖြတ်ကုသခဲ့ကြသည်။ ဆေးရုံဆေးခန်းပေါင်းများစွာတွင် ကုသပြီးနောက် တကယ်တမ်း အမြစ်ပြတ်သွားသည်က ရှိသမျှ စည်းစိမ်ဥစ္စာပိုက်ဆံများသာ ဖြစ်သည်။

ဖြူကာပြာကာ ကျလုဆဲဆဲမှာ အဖေတိမ်းပါးသည်၊ အဖေဆုံးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဖုန်းလဲသွားသော အမေကာပါ တစ်လသာခြားပြီး အဖေ့နောက် လိုက်သွားခဲ့ပြန်သည်။ မိဘများနာရေးပြီးစီးသည်နှင့် လက်ကျန်ငွေလေး မကုန်ခင် အလုပ်ကို အပူတပြင်း ရှာရတော့၏။

အဖေနှင့်အမေကို ဆေးရုံတင်စဉ်က ရင်းနှီးခင်မင်ခဲ့သော ဆရာဝန်ကြီးတစ်ယောက်၏ ထောက်ခံကူညီမှုနှင့် ယခုလက်ရှိအလုပ်ကို ရခဲ့ခြင်းဖြစ်သည်။

နေစရာလည်း မပူရ၊ အလုပ်ရ၍ စားစရာလည်း အသင့်အတင့်ဖူလုံသောဘဝတွင် တစ်ကိုယ်တော်ကျင်လည်ရင်း ဘဝကို ရင်ခဲ့ရသည်။ ဤသို့နှင့် တစ်ရက်တွင် ရွာမှာတုန်းက သူငယ်ချင်းဖြစ်သော အောင်ဖော်နှင့် မမျှော်လင့်ဘဲ ဆုံမိကြသည်။

ပထွေးနှင့်အဆင်မပြေ၍ အိမ်မှဆင်းလာသော ငယ်ပေါင်း အောင်ဖော်ကို အိမ်သို့ခေါ်လာပြီး အတူနေခဲ့ခြင်းဖြစ်၏။

အောင်ဖော်က ဘီယာဆိုင်တစ်ဆိုင်တွင် စားပွဲထိုးလုပ်နေသူ ဖြစ်သည်။ ယခုတော့ သူတို့ဆိုင်မှ စင်တင်အဆိုတော်တစ်ယောက်၏ အချစ်ကို လက်ခံရရှိခဲ့ပြီတဲ့။

ဖြစ်တော့ ဖြစ်နိုင်သည်။ အောင်ဖော်က သူ့လို တောသားပေမယ့် စတိုင်ကျကျ ဝတ်တတ်စားတတ်သည်။ ရုပ်ခံက ကောင်းသည်။ ဘောထုပ်ပုံထဲမှ ခေတ်အမီဆုံး ဒီဖိုင်းပုံစံများကို ရွေးချယ်တတ်သည်။ အရောင်အသွေးကအစ လိုက်လျောညီထွေဖြစ်အောင် တွဲဖက်ဝတ်ဆင်တတ်သည်။

ဖိုးခွားက ခေါင်းတုံးဆံတောက်ဆံပင်နှင့် ရိုးရိုးကြီး။ သူ့တွင် ဘောင်းဘီဆို၍ ဆေးရုံမှပေးထားသော ယူနီဖောင်းနှစ်စုံသာရှိ၏။

အမြင်ပသာဒကို ဦးစားပေးသော ခေတ်ပေါ်ရုပ်ပြလောကတွင် အောင်ဖော် ရည်းစားရတာမဆန်းဟု ဖိုးခွားတွေးလိုက်မိတော့ စိတ်ခတ်ကျချင်ချင် ဖြစ်သွားရသည်။

စိတ်ခတ်ကျစွာနှင့် သံပတ်ပေးအရုပ်လို လျှောက်လာသော ဖိုးခွား

www.burmeseclassic.com



ဆေးရုံသို့ ရောက်လာ၏။ ဒီနေ့တော့ ဦးစိုးမိုးက သူ့ထက်စောပြီး ရောက်နေတာ တွေ့ရသည်။

"ဘယ်လိုလဲ ဦးစိုးမိုး၊ စောလှချည်လား"

"အေးကွာ၊ ဒီနေ့ ငါ့မွေးနေ့၊ ဘုရားတက် ကုသိုလ်လေးပြုလို့ စောစောရောက်နေတာ"

"ဟာ မွေးနေ့၊ ဟုတ်လား။ အတော်ပဲဗျာ၊ ကျွန်တော် ဒီနေ့ ထမင်းချိုင့်မပါဘူး၊ ဘာဝယ်ကျွေးမှာလဲ"

"ဆေးရုံခွဲစိတ်ခန်းစားပွဲပေါ်မှာ မွေးနေ့ကိတ်တင်ပြီး လှီးမယ်ကွာ"

"ဟား ဟား၊ တကယ်လား၊ မိုက်တယ်ဗျာ"

"ရွဲ့ပြောနေတာပါ ဖိုးခွားရာ၊ မင်းစားချင်ရင် ငါ့ထမင်းချိုင့် ယူစား။ ဝယ်တော့မကျွေးနိုင်ဘူး ငါ့လူရေ့ ကွမ်းယာဖိုးလေးတောင် အနိုင်နိုင်ရယ်"

ဦးစိုးမိုးက ညည်းညည်းညူညူနှင့် တောင်းတောင်းပန်ပန် ပြောနေသဖြင့် ဖိုးခွား အားနာသွားသည်။ လစာရတာချင်းအတူတူ မိသားစုများသော ဦးစိုးမိုးဘဝကို စာနာနားလည်ပေးလို့ရသည် မဟုတ်လား။

"အလကားပြောတာပါ ဦးစိုးမိုးရာ၊ ရက်လည်မုန့်ဟင်းခါးကို မဆံ့မပြဲ စားလာလို့ ထမင်းချိုင့် ယူမလာတာပါ"

"အေးကွာ၊ တို့ဘဝကလည်း အလှူဒါနနဲ့ မအပ်စပ်ဘူးလား မသိပါဘူး၊ မရှိလို့မလှူ၊ မလှူလို့ မရှိဆိုတာနဲ့ပဲ ပတ်လည်ရိုက်နေတာကိုး"

"ထီထိုးဗျာ၊ ဒါမှ လှူရမှာ"

"အေး၊ ထီထိုးဖို့ပိုက်ဆံကို စုလို့မရတာ၊ အနည်းဆုံး နှစ်စောင်ဆိုရင်ကောင် ငါးရာလေ"

"ကဲပါဗျာ၊ ဒီလောက်လည်း ညည်းမနေပါနဲ့၊ လူနာရှင်တွေဆီက ဘောက်ဆူးရတဲ့အခါ ဖျစ်ညှစ်ပြီး ထိုးဖြစ်အောင်ထိုးလိုက်၊ ကျွန်တော် ယူနီဖောင်းသွားလဲလိုက်ဦးမယ်"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးမိုးနှင့် စကားဖြတ်ပြီး ဆေးရုံထဲဝင်ကာ ယူနီဖောင်းလဲလိုက်သည်။ စမတ်ကျကျနှင့် ပြန်ထွက်လာတော့ လက်ထောက်ဆရာမလေး တစ်ယောက်က -

"ဖိုးခွား ၂၀၇ မှာ အောက်ဆီဂျင်ကုန်နေတယ်၊ ခုချက်ချင်း အသစ်လဲပေးလိုက်"

"ဟုတ်ကဲ့ ဆရာမ"

ဒီနေ့အတွက် ဗွေဆော်ဦးအလုပ်ရပြီမို့ အောက်ဆီဂျင်သိုလှောင်ခန်းဆီ ပြေးသွားလိုက်၏။ နှစ်ဘီးတပ်တွန်းလှည်းပေါ် အောက်ဆီဂျင်တစ်အိုးမ,တင်ပြီး ဓာတ်လှေကားနှင့် အပေါ်ထပ်တက်ရသည်။

ဒုတိယထပ် စင်္ကြံအတိုင်း အောက်ဆီဂျင်အိုး တွန်းယူလာခဲ့၏။ ၂၀၇ ရှေ့တွင်ရပ်ပြီး တံခါးခေါက်လိုက်သည်။ အထဲမှ တံခါးဖွင့်ပေး၏။

"*အောက်ဆီဂျင်လဲပေးမလို့ပါ*"

"ဪ ဝင်လာလေ"

ဖိုးခွား အခန်းထဲသို့ဝင်လိုက်သည်။ ကုန်သွားသော အောက်ဆီဂျင်အိုးကို အရင်ဖယ်ရှားပြီး အိုးသစ်ကို နေရာချထားလိုက်၏။ အိုးထိပ်မှဘားကို ဖွင့်လိုက်ပြီး မီတာတံ လှုပ်ရှားမှုရှိ,မရှိ စစ်ဆေးသည်။ တွဲထားသော ပလတ်စတစ်ဘူးထဲမှ ရေမျက်နှာပြင်တွင် လေပူပေါင်းလေးများ ပလုံစီထလာ၏။ အောက်ဆီဂျင်အိုး ကောင်းကောင်းအလုပ်,လုပ်နေပြီ။

လူနာအဘွားကြီး၏ နှာခေါင်းထဲသို့ အောက်ဆီဂျင်ပိုက်ကို အသာထည့်ပေးပြီး မပြုတ်အောင် တိပ်နှင့်တွဲ၍ ကပ်ပေးလိုက်၏။ အိုးအလွတ်ကို လှည်းပေါ်တင်ရပြန်သည်။ လူတစ်ရပ်နီးပါးရှိသော သံအိုးကြီးများမို့ အတော်အားစိုက်လိုက်ရသည်။

"သေချာလေး တပ်ပေးခဲ့ပါ မောင်လေးရယ်၊ လူးရင်းလှိမ့်ရင်း ခဏခဏ ပြုတ်ထွက်လို့ပါ"

"ဟုတ်ကဲ့၊ တိပ်နဲ့ ကပ်ပေးထားပါတယ် အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် အေး အေး၊ ဒါနဲ့ ရေချိုးခန်းထဲက မီးချောင်းကျွမ်းနေတယ်ကွဲ့၊ အဲဒါလေး လုပ်ပေးခဲ့ပါဦး"

"ဟုတ်ကဲ့"

ဖိုးခွား ရေချိုးခန်းကိုဖွင့်၍ မီးချောင်းထွန်းပြီး စမ်းကြည့်လိုက်သည်။ မလင်း။ ထိပ်နှစ်ဖက်လည်း မည်းနေပြီဆိုတော့ မီးချောင်းကျွမ်းတာ သေချာနေပြီ။ ဖိုးခွားက ၂၀၇ အခန်းထဲမှ ဖုန်းနှင့်ပင် လှမ်းပြောပြီး ဆိုင်တွင် ကျော်သီးကို လှမ်းအကြောင်းကြားလိုက်၏။

"ခုပဲ လာလဲပေးပါလိမ့်မယ် အစ်မ"

"ကျေးဇူးပဲကွယ်၊ ရော့ မုန့်ဖိုးလေး ယူပါဦး"

လူနာရှင်အမျိုးသမီးက ခပ်နွမ်းနွမ်း ငါးရာတန်တစ်ရွက် ထုတ်ပေး၏။ ဖိုးခွားတို့ဘဝရပ်တည်မှုမှာ ဒီလိုဘောက်ဆူးကိုသာ အားကိုးရသည်မို့ သူ၏ လက်များ အကျင့်ပါနေခဲ့ပြီ။

"ဟုတ်ကဲ့ ကျေးဇူး"

ဖိုးခွားက ကျော်သီးလာလျှင်အဆင်သင့်ဖြစ်အောင် မီးချောင်းအကျွမ်းကို ဖြုတ်ယူထားလိုက်၏။ လူနာအဘွားကြီးက ဝေဒနာကြောင့် ရှုန်းကန်လူးလွန့်နေသည်။ လူနာရှင်တစ်ယောက်နှင့်အတူ ကူညီ၍ နေသာအောင် ပြုစုရပြန်သည်။

အခန်းထဲတွင် အရွယ်စုံအမျိုးသမီး လေးယောက်ရှိနေကြသည်။ သူတို့ လူနာမကြားအောင် တီးတိုးတိုင်ပင်နေကြ၏။ ဖိုးခွား နားမထောင်သော်လည်း ကြားနေရသည်။

"ဘယ်လိုလုပ်ကြမလဲ၊ ပိုက်ဆံ ဘယ်ကရှာမလဲ"

"ညီမတော့ မရှာနိုင်တော့ဘူး၊ ရှိစုမဲ့စုရွှေလည်း ကုန်ပြီ"

"အေး၊ အဲဒါတော့ တို့လည်းသိပါတယ်၊ နောက်ဆုံးနည်းလမ်းက"

"ကျွန်မသိတယ် မမကြီး၊ အိမ်ပေါင်ဖို့ မဟုတ်လား"

"အေးလေ၊ ပိုက်ဆံရစရာက ဒီနည်းပဲ ရှိတော့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်မယ်ဆိုလည်း မြန်မြန်သာပေါင်လိုက်၊ အမေ့အတွက်ပဲဟာ ဘယ်သူမှ ကန့်ကွက်မှာမဟုတ်ဘူး"

"အားလုံးသဘောတူရင် ပြီးရော၊ ငါ အိမ်ပြန်ပြီး စီစဉ်လိုက်မယ်"

"ဟုတ်ကဲ့ မမကြီး"

ကြားရ ကြားရ နားဝမသက်သာဆိုသလိုပါပဲလား။ ဒီမိသားစုက တော့ ချမ်းသာလို့ ဒီမှာလာကုနေကြတာ မဟုတ်။ သို့သော်လည်း အမေ့ ဝေဒနာကို သက်သာလိုဇောနှင့် ရှိစုမဲ့စု ပုံအောကာ ကျေးဇူးရှင်အသက်ကို ကယ်နေကြခြင်း ဖြစ်၏။

တစ်ခု စိတ်ချမ်းသာစရာကောင်းသည်က သမီးများအားလုံး မတွက် ကတ်ဘဲ ရှိသမျှ အကုန်ရောင်းချ၍ ဆေးရုံစရိတ် ရှင်းနေကြတာပဲဖြစ်သည်။ ညီအစ်မများအားလုံး ညီညွတ်ကြ၏။ ယခုပင်ကြည့် နောက်ဆုံးအနေနှင့် အိမ်ကိုပေါင်ကြတော့မည်တဲ့။

လူအမျိုးမျိုး စိတ်အထွေထွေဆိုသည့်စကားကို ဒီဆေးရုံတွင် အလုပ် ရမှ ဖိုးခွား ပိုမိုသဘောပေါက်လာသည်။

S 15 မှ သားဆိုးသမီးမိုက်များ ရှိနေသလို 207 မှ သမီးအလိမ္မာ တွေလည်း ရှိနေသေးသည် မဟုတ်လား။

ထိုစဉ် တံခါးခေါက်သံ ကြားရသည်။ ကျော်သီး မီးချောင်းယူပြီး ဝင်လာ၏။ မီးချောင်းလဲပေးပြီးတော့ ကျော်သီးနှင့်အတူ အောက်ဆီဂျင် အိုးလွတ်ကိုတွန်းယူကာ ထွက်လာခဲ့ကြသည်။

ဒီဆေးရုံမှာ အခန်းအမျိုးအစား သုံးမျိုးရှိ၏။ ရိုးရိုးခန်း၊ ရှယ်ခန်းနှင့် အထူးခန်းဟု ခွဲထားသည်။ အထူးခန်းမှာ အခန်းနံပါတ်ရှေ့တွင် အင်္ဂလိပ် အက္ခရာ S နှင့် တွဲထား၏။

ရိုးရိုးခန်းပင် တစ်နေ့ အခန်းခသုံးသောင်းရှိသည်။ အခန်းထိုင်းတွင် တီဗီ၊ ဖုန်း၊ အဲကွန်း၊ ရေခဲသေတ္တာပါ၏။ ကွာခြားသည်က အခန်းအကျယ် အဝန်းနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


Sခန်းဆိုလျှင် လူနာခန်းအပြင် ညှော်ခန်းမကျယ်နှင့် လူနာစောင့်အတွက် အိပ်ခန်းပါသလို မီးဖိုချောင်အသေးစားလည်း ပါ၏။ ဟိုတယ်ခန်းထက် ပိုမိုကောင်းမွန်ပြီး ကိုယ့်အိမ်ကိုယ့်ရာလို နေထိုင်ခွင့်ရသည်။

ကျန်သည့်ကုန်ကျစရိတ်ကတော့ ရောဂါအမျိုးအစားနှင့် ကုသရသည့် နည်းနာများနှင့်သာ သက်ဆိုင်တော့သည်။

အရေးပေါ်အလုပ်ပြီး၍ ဆေးရုံပေါက်ဝသို့ ဖိုးခွားပြန်ရောက်လာသည်။ ဆေးရုံမှာ နိုင်ငံခြားသတင်းများထဲမှ စတော့ရှယ်ယာဈေးကွက်လို စည်ကားနေ၏။

ဒီနေ့ နှလုံးအထူးကုဆရာဝန်ကြီးနှင့် မီးယပ်သားဖွားအထူးကု ဆရာဝန်ကြီးတို့ ထိုင်သည့်နေ့မို့ ပိုမိုစည်ကားနေတာပဲ ဖြစ်မည်။

အရွယ်စုံ ဆိုက်စုံ ကိုယ်ဝန်ဆောင်များကြောင့် ဆေးရုံသည် တောင်ကြီးက မီးပုံးပျံပွဲတော်အလား ထင်မှတ်မှားရ၏။

တချို့ နေ့စေ့ လစေ့ ကိုယ်ဝန်ဆောင်များမှာ ခြေတွေ လက်တွေပါ ဖောရောင်နေကြသဖြင့် လမ်းလျှောက်ဖို့ပင် အခက်အခဲရှိနေကြရာ ဖိုးခွားနှင့် ဦးစိုးမိုးမှာ ပိုးချဲပေါ် မီးပုံးပျံများတင်ရင်း ဆေးရုံထဲသို့ အခေါက်အခေါက်အခါခါ တွန်းပို့နေကြရသည်။

ဆေးရုံသို့ လူအဝင်များလေ ဖိုးခွားတို့ ပင်ပန်းလေပဲ ဖြစ်သည်။ ဒီလိုဆေးရုံမျိုးဆိုတာ ပိုက်ဆံရှိလူတန်းစားသာ အလာများသဖြင့် လူစည်သောနေ့များတွင် ဘောက်ဆူးလည်း များများစားစား ရတတ်ကြသည်။

ဖိုးခွားက အပိုဝင်ငွေရသဖြင့် တက်ကြွနေသလောက် ဦးစိုးမိုးက လူကြီးပီပီ အမောဖောက်နေပြီ။ ထို့ကြောင့် ဖိုးခွားပဲ မညည်းမညူ လုပ်ပေးနေရသည်။

နေ့လယ် တစ်နာရီမှ လူရှင်းသွားသဖြင့် ခဏနားကြရသည်။ မနက်က အပြည့်အသိပ်ထည့်လာသော မုန့်ဟင်းခါးတွေ ဘယ်ရောက်ကုန်ကြမှန်း မသိတော့။

www.burmeseclassic.com

www.burmeseclassic.com



အစာအိမ်ထဲ အူထဲကအစ တကြွတ်ကြွတ်မြည်ကာ ဆန္ဒပြနေကြပြီး ဒီဆေးရုံထဲ ခေါက်တုံ့ခေါက်ပြန် တက်လိုက်ဆင်းလိုက်နှင့် လမ်းလျှောက်နေရတာတွေ စုပေါင်းလိုက်လျှင်ပင် ဆယ်မိုင် ဆယ့်ငါးမိုင်လောက် ရှိတော့မည်။ မပင်ပန်းဘဲ၊ မဆာဘဲ ခံနိုင်ရိုးလား။

ဘောက်ဆူးငွေယားကြောင့် အိတ်ဖောင်းနေသဖြင့် ဆေးရုံဝင်းအတွင်း စားသောက်ဆိုင်သို့သွားပြီး ဆီချက်ခေါက်ဆွဲတစ်ပွဲနှင့် ထမင်းဖြူတစ်လုံးမှာကာ အလုပ်လုပ်နိုင်အောင် ဝမ်းဖြည့်ရပြန်သည်။

ဦးစိုးမိုးလည်း သူ့ချိုင့်သူဆွဲကာ လိုက်ပါလာ၏။ သူ့ထမင်းချိုင့်ထဲမှ ပဲပြုတ်နှင့်မှျစ်ကြော်သာ ထွက်လာတာ တွေ့ရသဖြင့် . . .

"ဒီနေ့ ငွေပိုလေးရတယ် မဟုတ်လား။ တစ်ခုခု ဝယ်စားပါလားဗျာ"

"နေပါစေကွာ၊ ဒါနဲ့လည်း စားလို့ဖြစ်တာပဲဟာ၊ အပြန်ကျရင် အဘွားကြီးအတွက် သောက်ဆေးဝယ်သွားရဦးမယ်ကွ"

"ဒါဆိုလည်း ကျွန်တော်ကျွေးပါ့မယ်၊ စားချင်တာမှာစား"

"မင်းကျွေးတာလည်း မစားရက်ပါဘူးကွာ၊ အကူအညီတောင်းစရာရှိနေလို့ စားဖို့မပြောနဲ့ ပြောရမှာတောင် အားနာနေပြီ"

"ဘာကိစ္စမို့လဲဗျာ၊ ပြောမှာသာ ပြောပါ"

"ဒီည ငါ နိုက်ဂျူတီ ကျတယ်ကွ"

"အဲဒီတော့"

"ဒီပုံစံနဲ့ ညဘက်ဆက်ဆင်းရရင် ငါ လဲသွားလိမ့်မယ်"

"ကျွန်တော် အစားဝင်ပေးရမယ်ဆိုပါတော့"

"အေးကွာ၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ၊ ပိုက်ဆံရတဲ့ကိစ္စဆို အကုန်ဖြစ်တယ်"

"အေးကွာ၊ ငါလည်း အချိန်ပိုဆင်းလို့ရမယ့်ပိုက်ဆံထက် ဆေးကုရမယ့်စရိတ် မကာမိလို့ပါ။ နှစ်နှစ်ဆယ်လောက်သာ ပြန်ငယ်လိုက်ချင်တယ်ကွာ၊ တကယ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ကဲပါဗျာ၊ ဘာမှတွေးမနေနဲ့၊ ထမင်းသာ ဖြောင့်ဖြောင့်စား၊ ကျွန်တော် နိုက်ဝင်ပေးမယ်"

"အေးပါကွာ၊ အေးပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သရဲခြောက်သောညနှင့် နိုက်ဂျူတီ

လျှပ်စစ်ရောင်စုံမီးများက ဆေးရုံကိုအလှဆင်နေသလို ညမှန်း မသိ အောင် လှည့်စားပေးနေသည်။

သင် လောပိတကို ကျေးဇူးမတင်ဘူးလား။ သဘာဝဓာတ်ငွေ့ ဖောဖောသီသီထွက်ပါစေ။ နှစ်ဆယ့်လေးနာရီ မီးရတော့မည်။ အင်ဗာတာ ပြန်မရောင်းပါနှင့်ဦး။ ဘက်ထရီအိုးကို မိုးရေမှန်မှန်ဖြည့်ပါ။ အခြေအနေ စောင့်ကြည့်ရပါဦးမည်။

မီးလာသောရက်မှ ဖိုးခွားတို့ဆေးရုံကြီးတစ်ခုလုံး ထိန်ထိန်ညီး သည်။ မီးမလာလျှင်လည်း ပူစရာမရှိ။ သူတို့ဆေးရုံမှာ ထရပ်ကားလော နီးနီး ကြီးမားသော မီးစက်သုံးလုံးရှိ၏။

လျှပ်စစ်မီးတီထွင်ခဲ့သူအား ရည်မှန်း၍ ကန်တော့ပွဲထိုးရာ မလို မီးစက်မောင်းသူအား လက်ဖက်ရည်တစ်ခွက်လောက်တိုက်လျှင် အဆင်ပြေ နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးမိုးအစား နိုက်ဂျူတီဝင်ပေးနေရသော ဖိုးခွား ဝင်ပေါက်အနီးရှိ ...တွင်ထိုင်ရင်း တီဗီကြည့်နေ၏။ တီဗီ 5 မှ ရုပ်ရှင်ဇာတ်ကားတစ်ကား ပြ ...နေသည်။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ အိမ်မှာသာဆိုလျှင် မြဝတီကလွှင့်မည့် ...င်းနှစ်စံချိန်တင်ပွဲမှ အထူးအဆန်းများကို ကြည့်ခွင့်ရဦးမည်။

ညစာစားပြီးခါစမို့ တီဗီကြည့်ရင်း တဖြည်းဖြည်း အိပ်ငိုက်လာ၏။ ...ကြောင့် ထိုင်ရာမှထပြီး ဆင်ဝင်အောက်တွင် လမ်းလျှောက်နေလိုက်သည်။ ...တာဝန်ခံထွက်လာပြီး လူနာတင်ကားလာလျှင် ပါလာမည့်လူနာအား အခန်း ...ပါတ် 302 တွင် နေရာချထားပေးရန် မှာ၏။

ထို့ကြောင့် ဖိုးခွား လမ်းဆက်လျှောက်ရင်း လူနာအလာကို စောင့် ...နေမိသည်။ ဆယ်မိနစ်လောက်ကြာမှ မီးရောင်တလက်လက်နှင့် ဥသြဆွဲရင်း ...င်လာသော အင်(န်)ဗျူးလင့်(စ်) ကို တွေ့ရသည်။

ကားရပ်ပြီး မိသားစုနှစ်ယောက်နှင့် ဒရိုင်ဘာဆင်းလာသည်။ ဖိုး ...ခွားက နောက်ဖုံးကိုဖွင့်ပြီး လူနာထမ်းစင်အား ဆွဲထုတ်၏။ ဒရိုင်ဘာက ...ညီ ပြီး လှည်းပေါ်တင်ပေးသည်။

ဖိုးခွားက ဆေးရုံထဲအထိတွန်းပို့ပြီး 302 တွင် နေရာချထားရန် ...ဓာတ်လှေကားစောင့်၏။

လူနာက ဆယ်ကျော်သက် လူငယ်လေး။ ဘာဖြစ်တာလဲမေးတော့ ...ဆာအိမ်မှာအနာဖြစ်တာဟု သိရသည်။ မနက်ဖြန် ခွဲစိတ်မည်တဲ့။

ဓာတ်လှေကားနှင့် သုံးထပ်သို့တက်ရင်း 302 မှာ အဆင်ပြေပြေဖြစ် ...အောင် နေရာချထားပေးလိုက်၏။ လူနာခုတင်ခေါင်းရင်းမှ အရေးပေါ်ခလုတ် ...ကို အမှန်တကယ် အရေးကြီးမှသာ နှိပ်ရန်မှာပြီး လှည့်အထွက်တွင် –

"ဩော် ကောင်လေး နေဦး၊ ရော့ ရော့"

ဖိုးခွားလက်ထဲ တစ်ထောင်တန်တစ်ရွက် ရောက်လာ၏။

"ကျေးဇူးပဲ အစ်မကြီး၊ ကျွန်တော့်နာမည် ဖိုးခွားပါ၊ ဒီမှာ လိုအပ် ...အမှန်သမျှ ကျွန်တော့်ကိုခိုင်းလို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွား၏ မိတ်ဆက်စကားကို လူနာ၏အမေဖြစ်ဟန်တူသူက ခေါင်းညိတ်အသိအမှတ်ပြုပြီး သားလူနာ့ကိုသာ အရိပ်တကြည့်ကြည့်ဖြစ်နေသဖြင့် ဖိုးခွား အလိုက်တသိ ထွက်လာခဲ့သည်။

ရှစ်နာရီကျော်ကျော်သာ ရှိသေးသော်လည်း ဆေးရုံတတိယထပ်တစ်ထပ်လုံး အပ်ကျသံမကြားရအောင် တိတ်ဆိတ်နေချေပြီ။

ရှည်လျားသောစင်္ကြံတွင် သူတစ်ယောက်တည်း ရှိနေတာ သတိပြုမိပြီး စိတ်ထဲ ဘာလိုလို ဖြစ်သွားသည်။

ဒါ ဆေးရုံတစ်ရုံသာ ဖြစ်သည်။ ဖွင့်လှစ်ခဲ့တာလည်း ခြောက်နှစ်ကျော်ကျော်ရှိပြီဟု သူသိ၏။ ဒါဆို ဒီဆေးရုံမှာ သေသူတွေ များလှပြီပေါ့။ ဤသို့ဆိုလျှင် မကျွတ်မလွတ်သောပုဂ္ဂိုလ်များ ရှိကောင်းရှိနေနိုင်သည်။

နိုက်ဂျူတီကျတာလည်း ဖိုးခွားအတွက် အဆန်းမဟုတ်ပေမယ့် ယခုလို ရှာရှာဖွေဖွေ တစ်ခါမှ တွေးမကြည့်ခဲ့ဖူး။ ဒီနေ့ကျမှ ဘာလို့များ စိတ်ချောက်ချားနေပါလိမ့်။ ချောက်ချားစိတ်ကြောင့် အတွေးထဲက သရဲကို မျှော်သလိုဖြစ်ပြီး ပိုကြောက်လာ၏။

ဓာတ်လှေကားနားရောက်ဖို့က လိုသေးသည်။ ထိုစဉ် အသံတစ်သံ ကြားလိုက်ရသည် ထင်၏။ ဘာသံမှန်းတော့ မသိ။ ဖိုးခွား ခြေစုံရပ်ပြီး တောင်မြောက်ဝဲယာ စူးစမ်းကြည့်သည်။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ဖိုးခွားရောက်နေတာ ရိုးရိုးလှေကားနားမှာ ဖြစ်သည်။

ဖိုးခွား ကြောက်ပြီးဒူးတုန်လာသည်။ လှေကားနားသို့ တိုးကပ်ပြီး အောက်သို့ငုံ့ကြည့်၏။ ဘာကိုမှ မတွေ့ရ။ ထိုစဉ်မှာပင် ညည်းညူသံကြီးကို ပီပီသသ ကြားလိုက်ရသည်။ ဖိုးခွား သေးဖျန်းဖျန်းပါချမတတ် ထိတ်လန့်ကြောက်ရွံ့သွား၏။

ကြောက်လျှင် ထွက်ပြေးပေါ့။ ဒီလိုလည်းမဟုတ်။ လူသားပီပီ သိချင်စိတ်ကလည်း ရှိသေး၏။ သို့နှင့် ကြောက်စိတ်ကိုအားတင်းပြုရင်း လှေကားအတိုင်း တဖြည်းဖြည်း ဆင်းသွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ် နှစ်ထစ် သုံးထစ်မှသည် လှေကားတစ်ကွေ့သို့ ရောက်သွား၏။ ညည်းညူသံကို ပြတ်ပြတ်သားသား ကြားလာရသည်။ ချွေးသီးချွေးပေါက်များကျအောင် ကြောက်လန့်မိနေသော်လည်း သိချင်စိတ်က ကြောက်စိတ်ထက်ပိုမိုနေသဖြင့် မသိစိတ်နှင့် ရှေ့သို့ဆက်တိုးနေမိ၏။

နောက်လှေကားအကွေ့တစ်ခုအရောက်တွင်တော့ ဖိုးခွား အသိချင်ဆုံးအရာကို ပက်ပင်းတွေ့လိုက်ရသည်။ အစွယ်ဖွေးဖွေး အမွေးဖွားဖွား မျက်လုံးပြူးပြူးနှင့် သရဲကြီးလား။ ပုံဆိုးပန်းဆိုးနှင့် သဘက်ကြီးလား။ မျှော်လင့်ထားသော သရဲမဟုတ်သည့်မြင်ကွင်းကြောင့် ဖိုးခွား မထိတ်မလန့်ဘဲ အံ့သြသွားရသည်။ သူ့ရှေ့ လှေကားထောင့်နံရံအနီး လောကကြီးကို မေ့နေသော စုံတွဲတစ်တွဲကို တွေ့လိုက်ရခြင်းသာဖြစ်၏။

ဘာကိုမှ သတိမထားနိုင်လောက်အောင်ပင် သိင်္ဂါရရသထဲ နစ်မျောနေကြသည်။ ဖိုးခွား ကြောက်လန့်ခဲ့သော ညည်းညူသံကြီးသည် ကောင်မလေးထံမှ ထွက်ပေါ်နေခြင်း ဖြစ်၏။

ဒီဆေးရုံသည် ဒေင်ဥယျာဉ်မဟုတ်သလို ပန်းသီးပင်လည်း စိုက်မထားပါ။ သို့သော်လည်း အာဒံနှင့်ဧဝက အလည်အပတ်ရောက်နေကြ၏။

လှေကားမှမီးရောင်ကြောင့် ခေတ်သစ်အာဒံနှင့်ဧဝကို ရှင်းလင်းပြတ်သားစွာ မြင်နေရသည်။ ထိုနှစ်ယောက်ကို ဖိုးခွား တွေ့ဖူးပါသည်။ 202 မှ လူနာစောင့်ကောင်လေးနှင့် 203 မှ လူနာစောင့် ကောင်မလေးဖြစ်၏။

လူနာစောင့်ချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပြန် တူ၏။ ဘာမှန်းညာမှန်းမသိဘဲ အသံကြားရုံနှင့် အသက်ထွက်လုမတတ် ကြောက်မိသော ကိုယ့်အဖြစ်ကိုယ် ရယ်ချင်သွားသည်။

သို့နှင့် အောင်မြင်စွာ တပ်ဆုတ်ပြန်တက်လာခဲ့ရသည်။ လူနာစောင့်အချင်းချင်း ချစ်ကြည်ရေးခြေစမ်းပွဲကမူ မပြီးသေး။

စိတ်ပေါ့ပါးစွာဖြင့် လှည်းတွန်းပြီး ဓာတ်လှေကားဖြင့် အောက်ထပ်ပြန်ဆင်းလာခဲ့၏။ စိတ်ထဲ ရယ်ချင်ပက်ကျိဖြစ်နေမိသည်။ ဪ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ချစ်စိတ်မွန်လာလျှင် ကာလဒေသကိုတောင် ထည့်မတွက်ကြတော့ ဆေးရုံကို တည်းခိုခန်းလို သဘောထားနေကြပြီလား မသိ။

အရေးပေါ်ကိစ္စ မရှိတော့သဖြင့် သူ့ကိုယ်ပိုင် ပက်လက်ကုလားထိုင် လေးယူကာ ချခင်းပြီး တီဗီကြည့်နေလိုက်သည်။ ရုပ်ရှင်တစ်ကားပြီးသွား သည်အထိ ထူးခြားဖြစ်စဉ်လည်း မရှိ။ အရေးပေါ်လူနာလည်း ရောက်မလာ သဖြင့် တဖြည်းဖြည်း အိပ်ငိုက်လာတော့၏။

သို့နှင့် ညနေကတည်းက ပြင်ဆင်ထားခဲ့သော ရေနွေးဖြည့်ထား သည့် ဓာတ်ဘူးကို ယူပြီး စူပါတစ်ထုပ် ဖျော်သောက်လိုက်သည်။

နိုက်ဂျူတီကျလျှင် ကော်ဖီမစ်က မရှိမဖြစ် လိုအပ်လှ၏။ ဟုတ်တာ မဟုတ်တာ အပထား။ ကော်ဖီသောက်လျှင် မျက်စိကျယ်သွားသလို ခံစား သည်။ ကော်ဖီကို ဖိမ်ခံသောက်ရင်း STAR SPORT အစီအစဉ်မှ ကားပြိုင် ကို ကြည့်နေလိုက်သည်။

ထိုအခိုက် ကောင်တာတွင် အချက်ပေးသံ မြည်လာ၏။ တာဝန်ကျ စာရေးမလေး ငိုက်နေရာမှ လန့်နိုးသွားသည်။ ဖိုးခွားလည်း အနားက စပ်စုလိုက်၏။ S-15 မှ အရေးပေါ်အချက်ပေးနေခြင်း ဖြစ်သည်။

အိမ်မှာပဲသေပါရစေဟု တောင်းဆိုတတ်သော သူဌေးအဘိုးကြီး ဘာများဖြစ်သည်မသိ၊ နိုက်ဂျူတီကျသော ဆရာဝန်မလေးနှင့် နာ့(စ်) မျက်ချေးကလော်ရင်း S-15 သို့ ပြေးသွားကြ၏။

တခြားအလုပ်လည်း မရှိ အဘိုးကြီးနှင့်လည်း ခင်မင်ရင်းစွဲရှိသည် သို့လော သို့လော တွေးတောစိတ်ပူရင်း စပ်စုဖို့ လိုက်သွားမိသည်။

S-15 တံခါးဖွင့်ထားတာတွေ့ရသည်။ ဆရာဝန်မလေး စမ်းသပ် ၏။ နာ့(စ)မအား တီးတိုးပြောအပြီးမှာ နာ့(စ်)လေး ဖိုးခွားထံ ပြေးလာ၏

''နှလုံးရပ်သွားပြီ ရှော့(ခ်) ရိုက်ပြီး ပြန်နိုးရမယ်၊ အသက် ကယ်ဆေးထိုးရမယ်၊ မြန်မြန်သွားယူပေးပါ''

နာ့(စ) စကားဆုံးသည်နှင့် ဖိုးခွား ကဆုန်ပေါက်၍ ပြေးတော့၏

www.burmeseclassic.com

www.burmeseclassic.com



ချုပ်စက်၊ နှလုံးနှိုးစက်ထားရာ အခန်းသို့သွားပြီး စက်တာဝန်ခံအား နံပါတ်
S-15 သို့ အမြန်သွားရန် အသိပေးရ၏။

ဆေးကောင်တာမှ အသက်ကယ်ဆေးကို အခန်းနံပါတ်ပြော၍
သတ်ယူပြီး တာတိုအပြေးသမားပြိုင်ပွဲဝင်သလို ပြန်ပြေးလာခဲ့သည်။ လူ
တစ်ယောက်ယောက်၏ အသက်ရှင်နိုင်မှုက သူ၏လျင်မြန်မှုပေါ်တွင် မူတည်
နေကြောင်း သိသဖြင့် ကျေနပ်ဂုဏ်ယူစိတ်နှင့် အားသွန်ပြေးနေမိ၏။

S-15 သို့ ရောက်တော့ ဆရာဝန်မလေးက ရှော့(ခ်)ရိုက်နေပြီ။
သုံးကြိမ်မြောက် ရှော့(ခ်)ရိုက်အပြီးမှာ အဘိုးကြီး လူးလွန့်လာတာ တွေ့ရ
သည်။ ဆရာဝန်မလေးက နားကြပ်နှင့်စမ်းသပ်ပြီး သွေးခုန်နှုန်းတိုင်းတာ
နေ၏။

ဖိုးခွားက အသက်ကယ်ဆေးကို လှမ်းပေးလိုက်သည်။ ဆေးထိုးဖို့
ပြင်ဆင်နေ၏။ ဒီလောက်အခြေအနေဆိုလျှင် မသေနိုင်သေးမှန်း ဖိုးခွား
မျက်မြင်အတွေ့အကြုံအရ သိနေသဖြင့် စိတ်အေးသွားရသည်။

ထိုအချိန်တွင် အဘိုးကြီးသမီးက အေးအေးဆေးဆေး ဖုန်းပြောနေ
၏။

"ဖေဖေ နှလုံးရပ်သွားလို့"

\+ + + + +

"ဘာပြောတယ်၊ ကိုကြီး ပြန်မရောက်သေးဘူး၊ ဟုတ်လား"

\+ + + + +

"ဒါဆိုလည်း ပြီးရော၊ နောက်မှ အသက်မမီဘူးလေး ဘာလေး
လာမပြောနဲ့"

သူမကိုကြည့်ရသည်မှာ အရေးပေါ်အကြောင်းကြားသည်နှင့် မတော်
ကြည့်ပြီးသားရုပ်ရှင်တစ်ကားကို ပြန်ပြောသလို ဖြစ်နေ၏။

ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးဆိုတော့ ဖော်က လာနေသလား
ဟုပင် ထင်ရ၏။ သူမစိတ်ထဲမှာ သူတို့အဖေသေတော့မည်မှာ အပိုင်တွက်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ ရသည်။ အကြောင်းကြားပုံကိုကကြည့် နောက်မှ အသက်မမီဘူးလေ
ဘာလေး လာမပြောနဲ့ဆိုသော စကားလုံးသုံးထား၏။

ဘယ်လောက်များ မွေးရကျိုးနပ်လိုက်ပါသနည်း။ ထို့ကြောင့် ဖိုးခွား
စိတ်ထဲမှ အဘိုးကြီးအခြေအနေ အမြန်ပြန်ကောင်းလာစေရန် ဆုတောင်းနေ
နေမိ၏။

ဆရာဝန်မလေးက –

"ဖိုးခွားရေ ဒရစ်သွင်းမယ်၊ အောက်ဆီဂျင်ပေးမယ်၊ လုပ်ပေးပါဦး"

"ဟုတ်ကဲ့ ဆရာမ"

ဖိုးခွား ပြေးရပြန်ပြီ။ လိုအပ်တာတွေ အကုန်အစုံယူပြီး ခပ်မြန်မြန်
တစ်ခေါက်ပြန်ခဲ့သည်။ ဆလိုင်းချိတ်ခြင်း၊ အောက်ဆီဂျင်ပေးခြင်းတို့ ပြ
လုပ်ပြီးနောက် စိတ်ချသွားရသဖြင့် အားလုံး ဧည့်ခန်းတွင် ခဏထိုင်ကြ၏။

လူနာရှင်အမျိုးသမီးက အားလုံးကို ကော်ဖီနှင့်ဧည့်ခံသည်။ လေး
ထောင့်သံပုံးထဲမှ ဘီစကစ်များလည်း ပန်းကန်ပြားအပြည့်ထည့်ကာ ပြင်ဆင်
ပေး၏။

"ဒေါက်တာ ဒယ်ဒီ့အခြေအနေ"

"စိတ်ချရပါပြီ မမ၊ စိုးရိမ်စရာမရှိတော့ပါဘူး။ မနက်ကျရင်လည်း
ပါရဂူကြီးလာမယ့် ရက်ပဲလေ၊ ပါရဂူကြီးကြည့်ပြီးမှ လိုအပ်တာတွေ ထပ်လုပ်
ပေးပါ့မယ်၊ ဘဘကြီးက အသက်ရှည်မှာပါ"

"ဩော် ဟုတ်လား"

အသံက အားတက်သရော မရှိလှဟုထင်မိ၏။ ဒီမိန်းမစိတ်ထဲ
အမွေခွဲဖို့ ` စိတ်အားထက်သန်နေသည်လား မပြောတတ်။

ဆရာဝန်မလေးက ကော်ဖီသောက်ပြီးနောက် သူဌေးကြီးကိုနောက်
တစ်ကြိမ် စမ်းသပ်စစ်ဆေးပြန်၏။ ကျေနပ်သွားဟန်ဖြင့်–

"အားလုံး နော်- သ်(လ်) ပါပဲ၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ကျေးဇူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မလေး ဦးဆောင်ပြီး ဖိုးခွားတို့ ပြန်ထွက်လာခဲ့ကြ၏။ ဆရာဝန်မလေး အတော်ပင်ပန်းသွားပုံရသည်။ အောက်ထပ်ပြန်ရောက်သည်နှင့် နားနေခန်းထဲ တန်းဝင်သွား၏။

ဖိုးခွားလည်း သူ၏ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း အနားယူလိုက်တော့သည်လေ။ ထိုညအဖို့တော့ နောက်ထပ် အရေးပေါ်ကိစ္စများ မရှိတော့ဘဲ အေးဆေးစွာ ကုန်ဆုံးသွားခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ရောဘဝဲအိပ်မက်နှင့် ဖွက်လူးအိုင်မှ တား

ရုကီရာသည် ဘောလုံးပွဲဖိုင်များနှင့်ပေါင်း၍ လုပ်စားခဲ့သော ရောဘဝဲ ကြီးကို ပရီးမီးယားလိ(ဂ်) ဆုဖလားကြီးထဲသို့ အရှင်လတ်လတ် ပစ်ထည့်လိုက် လေသည်။

ထို့နောက် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဒုတိယသာရ၍ မကျေမနပ် ဖြစ်နေသော နယ်သာလန်အသင်းမှ တိုက်စစ်မှူး ရှနိုက်ဒါနှင့် ဗန်ပါစီတို့ ပူးပေါင်းပြီး စပိန်တို့ထံမှ ပြန်ခိုးလာသည့် ကမ္ဘာ့ဖလားဆုတံဆိပ်ကြီးအား မီးရှို့ကာ ရောဘဝဲစွပ်ပြုတ်ချက်ရန် ပြင်ဆင်နေ၏။

တောင်အာဖရိကဌာနေ တိုင်းရင်းသားဝတ်စုံဝတ်ဆင်ထားသည့် ဖိုး ခွားအား FIFA ဥက္ကဋ္ဌ ဆာဘာတ္တလာက ရှိသေစွာဖြင့် ခြေသလုံးကြော လျှော့ပေးနေသလို နယ်ဆင်မင်ဒဲလားက ဖက်ကြောနှိပ်ပေးနေလေသည်။

ရောဘဝဲစွပ်ပြုတ် မကျက်ခင်တွင် ရုကီရာက အောက်စ်နှင့် တွဲဖက်၍ သူမ၏ အအောင်မြင်ဆုံး "ဝါကာ ဝါကာ" သီချင်းကို သီဆိုပြ၏။

www.burmeseclassic.com



ရှက်ီရာ၏ အောင်မြင်ထည်ဝါလှသော ယောက်ျားဆန်ဆန် အသံကြီးနှင့် အကွန်မှုတ်လိုက်သော ဖူဖူဇီလာမှ စူးစူးရှရှ ပုစဉ်းရင်ကွဲအသံမှာ လွန်စွာ ဟာမိုနီ ဖြစ်နေလေတော့၏။

ဂျာမဏီနှင့် ကစားရသည့်ပွဲတွင် သွင်းလိုက်သောဘောလုံး ဂိုးဝင်သွားသော်လည်း ဂိုးမရသဖြင့် တစ်သင်းလုံး ရှုးကြောင်ကြောင် ဖြစ်နေသည့် အင်္ဂလန်ဘောလုံးအသင်းသားများက ပုံများတီးကာ အားဖြည့်ပေးနေသည်။

ဖိုးခွားတစ်ယောက် ထိုသို့ စည်းစိမ်ခံစားနေစဉ် ပရိုးမီးယားလိ(ဂ်) ဆုဖလားထဲမှ ရေဘဝဲကြီး ခုန်ထွက်လာကာ စွပ်ပြုတ်ရပြီဟု အော်လိုက်သဖြင့် လန့်ဖျပ်သွားရတော့၏။

"ဟာ ရေ ရေဘဝဲစွပ်ပြုတ်"

"ဟော့ကောင် ဘာတွေ ပြောနေတာလဲ၊ စွပ်ပြုတ်မဟုတ်ပါဘူး ငါဝယ်လာတာ မုန့်ဟင်းခါးပါ"

"ဗျာ၊ ဟင် ဦးစိုးမိုး"

"ဘယ်လိုဖြစ်တာလဲ၊ သေသေချာချာရော နိုးပြီလား၊ ကယောင်ကတမ်းနဲ့ ဘာတွေ အော်နေမှန်းကို မသိဘူး"

"ဟဲ ဟဲ အိပ်မက်မက်နေတာဗျ၊ အိပ်မက်ထဲမှာ ရှက်ီရာနဲ့ တွေ့နေတာ"

ဤသို့ အစချီပြီး သူ၏အိပ်မက်အား အစအဆုံး ပြောပြလိုက်၏။ ဦးစိုးမိုးက အားပါးတရ ရယ်မောရင်း

"ဟား ဟား ဟား တော်တော်ဟုတ်တဲ့ကောင်ပဲ၊ ကမ္ဘာ့ဖလား ပြီးသွားတာ ကြာလှပြီ၊ မင်းက ဒါတွေကို စွဲလမ်းနေတုန်းလား"

"အိပ်မက်ပဲဗျာ၊ သူ့ဟာသူ မက်ချင်ရာမက်မှာပေါ့"

"အေးပါကွာ အေးပါ ြကဲ ထပြီး ရေမိုးချိုးလိုက်၊ ရှစ်နာရီ ထိုးတော့မယ်"

"အေးဗျာ၊ ညက နှစ်နာရီလောက်ကျမှ အိပ်ရတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီထိုးတော့မည်ဆို၍ ဦးစိုးမိုးနှင့် စကားဖြတ်ပြီး ရေချိုးခန်းဆီ ပြေးရ၏။

ရေမိုးချိုး ကိုယ်လက်သန့်စင်ကာ ဦးစိုးမိုးဝယ်လာသည့် မုန့်ဟင်းခါး စားပြီး တစ်နေ့တာလုပ်ငန်းခွင်ဝင်ဖို့ ပြင်ဆင်ရပြန်သည်။ ဈေးဦးပေါက်အဖြစ် အသစ်ရောက်ရှိလာသော လူနာနှစ်ယောက်အား သူတို့စိတ်ကြိုက်အခန်းများ တွင် နေရာချထားပေးရ၏။

ဆက်တိုက်ဆိုသလိုပင် ညက အခြေအနေဆိုးခဲ့သော S-15 မှ သူဌေးအဘိုးကြီး ဦးဖေသန်းအား ပါရဂူကြီး၏ညွှန်ကြားချက်ဖြင့် နှလုံးကို ဓာတ်မှန်ရိုက်နိုင်ရန် ကူညီဆောင်ရွက်ပေးရသည်။

ဒီနေ့တော့ သားရော အဘွားကြီးပါ ရောက်နေ၏။ အဘွားကြီးက အသက်အရွယ်နှင့် မလိုက်အောင်ပင် စိန်ရွှေရတနာများကို ခါးကိုင်းညွတ်ကျ လုမတတ် ဝတ်စားလာ၏။ သူတို့ ပိုးချဲဘေးမှ လိုက်ပါလာကြသည်။

လေဖြတ်ပြီးသားအခြေအနေတွင် ရုတ်တရက် နှလုံးဖောက်ပြန် သည်မို့ စိုးရိမ်ရသော်လည်း ဦးဖေသန်းကိုကြည့်ရသည်မှာ ကြည်လင်လန်း ဆန်းနေ၏။

ဓာတ်မှန်ရိုက်ပြီး အပြန်လမ်းတွင်လည်း ဗလုံးဗထွေးနှင့် စကားတွေ ဖောင်ဖွဲ့ပြောဆိုလာသည်။

မနက်ဖြန်ဆိုလျှင် ဦးဖေသန်းအသက် ခုနစ်ဆယ့်ရှစ်နှစ် ပြည့်ပြီတဲ့။ ဆေးရုံမှာပင် သူ၏မွေးနေ့ ကျင်းပမည်မို့ ဖိုးခွားကိုပါ ဖိတ်ကြားနေ၏။

"လာဖြစ်အောင် လာခဲ့နော် ကောင်လေး"

"ဟုတ်ကဲ့ အဘ၊ လာခဲ့ပါ့မယ်"

အဘိုးကြီး၏ဖိတ်ကြားမှုကို လက်ခံလိုက်သောအခါ အဘွားကြီးက ဝံ့ကြွားစွာ ပြောဆိုပြန်သည်။

"ဆေးရုံမှာပဲ ဘုန်းကြီးငါးပါး ဆွမ်းကပ်မယ်၊ မွေးနေ့ကိတ် လှီးမယ်၊ ဒီအဆောင်က ဝန်ထမ်းတွေကို ဒန်ပေါက်ကျွေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ဗျာ၊ ဒီလိုသာ ကုသိုလ်တွေဆက်နေရင် အဘက အသက်တစ်ရာထိ နေရမှာဗျ"

"အေး ဟေး ဟေး၊ မင်းပြောတာ ဖြစ်နိုင်တယ်ကွ၊ ဒီနေ့ ငါ အတော်နေလို့ထိုင်လို့ ကောင်းနေတာ"

"နေကောင်းရမှာပေါ့ အဘရာ၊ ဖါရဂူကြီးကလည်း အရမ်းဂရုစိုက်တာပဲဟာ"

ဖိုးခွားက အလိုက်သင့် ပြောဆိုပေးနေသော်လည်း အဘွားကြီးက မာန်တက်ပြီး မောက်မာစွာ ပြော၏။

"ဂရုမစိုက်လို့ရမလား၊ ငါတို့ကန်တော့တဲ့ငွေတွေနဲ့ ကားအသစ်တောင် ဝယ်စီးနေနိုင်တာလေ"

"သြော် ဟုတ်လား၊ ဒါကြောင့် ကားအသစ်နဲ့ ဖြစ်နေတာကိုး"

သူပြောတာ ဟုတ်ချင်လည်းဟုတ်မှာပေါ့။ ဖိုးခွားတောင် အဘိုးကြီးနှင့်ပတ်သက်ပြီး ဘောက်ဆူးရတာတွေ နည်းမှမနည်းဘဲလေ။

"ငါ့အဘိုးကြီးသာ မင်းပြောသလောက် အသက်ရှည်ရင် အဲဒီပါရဂူကြီး ဟယ်လီကော့ပတာပါ ဝယ်စီးလိမ့်မယ်"

"ဟား ဟား ဟား ဟား"

မွေးနေ့ပွဲဆင်မြန်းရန် တွေးပြီး တက်ကြွရွှင်လန်းနေသော အဘိုးကြီးဦးဖေသန်းအား အခန်းသို့ပြန်ပို့ပြီး ခုတင်ပေါ် နေသားတကျထားပေးကာ ဖိုးခွား နှုတ်ဆက်ပြန်လာခဲ့သည်။

သမီးနှင့်သမက်တို့လောက် လက်ဖွာပုံမရသော အဘွားကြီးက လက်ဖက်ရည်ဖိုးဟုဆိုတာ ငွေနှစ်ထောင် ထည့်ပေးလိုက်၏။ ဖိုးခွား ခေါင်းမော့ရင်ကော့ပြီး လေချွန်မိသည်။

သည်ရက်ထဲ အပိုဝင်ငွေလေးက မက်လောက်အောင် ရနေသည် မဟုတ်လား။ အရင်းအနှီးမဲ့၊ ပညာမဲ့သော သူလိုလူတစ်ယောက်က ဤမျှ လောက်အထိ ဝင်ငွေရနေခြင်းအပေါ် ကျေနပ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆေးရုံကြီး၏ စံနှုန်းများအရဆိုလျှင် ဒီနေ့ လူဝင်လူထွက် အနည်းဆုံးဖြစ်နေသဖြင့် ဖိုးခွား အလုပ်ပါးနေသည်။

နေ့ခင်း ထမင်းစားချိန် စားသောက်ဆိုင်တန်းသို့သွားရာ ဆိုင်ထဲရောက်နှင့်နေပြီးသော သူနာပြုအေးသီခိုင်နှင့် ငွေစာရင်းဌာနမှ ဒေါ်မေဘယ်(လ်)တို့ လှမ်းခေါ်သဖြင့် တစ်ဝိုင်းထဲ ဝင်ထိုင်လိုက်ရ၏။

"ဖိုးခွား ဘာစားမလဲ၊ ကြိုက်တာမှာ၊ အန်တီကျွေးမယ်"

"ဗျာ၊ ဟုတ်၊ ဟိုဒင်း ကန်စွန်းပလိန်းနဲ့ ထမင်းဖြူတစ်လုံးပေါ့ မြန်မြန်လေး"

ဒေါ်မေဘယ်(လ်) ကျွေးမည်ဆိုသော်လည်း ဖိုးခွားက သူ့စတိုင်အတိုင်း မြန်ကောင်းသက်သာကိုသာ မှာ၏။

"ဟဲ့ တော်ပြီလား၊ မှာဦးလေ"

"တော်ပါပြီ အန်တီ၊ ကိုယ်စားနေကျအတိုင်းပဲ ကောင်းပါတယ်"

"အို မဟုတ်တာ၊ ပေါ့ ကြက်ဥမွှေကြော်တစ်ပွဲပါ ပေး"

လခထုတ်ရက်လည်း မဟုတ်ဘဲနှင့် စေတနာတွေပိုနေသော ဒေါ်မေဘယ်၏ အပြုအမူကို ဖိုးခွား နားမလည်နိုင်ဖြစ်နေ၏။

"ဒါနဲ့ ဖိုးခွား နင်က ကြာသပတေးသားမဟုတ်လား"

"ဗျာ၊ မဟုတ်ဘူးအန်တီရဲ့၊ နာမည်ရင်းက ကျော်မြင့်၊ တနင်္လာသား၊ ဖိုးခွားဆိုတာ အိမ်မှာ အမေတို့ခေါ်တာ"

"ဟင် ဟုတ်လား၊ သွားပါပြီဟယ်"

"ဟဲ ဟဲ၊ လူပါး ပုလင်းထိပြီနေ၁်၊ ဟက် ဟက် ဟက်"

ဒေါ်မေဘယ်(လ်)က မျက်နှာကြီးရှုံ့တွပြီး ညည်းညူလိုက်သလို အေးသီခိုင်က သိမ့်သိမ့်တုန်အောင် ရယ်နေသဖြင့် ဖိုးခွား အူကြောင်ကြောင် ဖြစ်သွားရ၏။

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုပေါ့၊ အန်တီက ယတြာချေချင်လို့တဲ့၊ ကြာသပတေးသားကို

www.burmeseclassic.com

www.burmeseclassic.com


ထမင်းဝယ်ကျွေးရမှာ၊ ရှင်းပြီလား။ အဲဒါကြောင့် နင့်ကို လှမ်းခေါ်တာ"

"ဟာ ဟုတ်လား၊ အားနာစရာကြီးဗျာ၊ ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲ"

"နင်က ဘယ်လိုလုပ်ပေးချင်လို့လဲ၊ အမေ့ဗိုက်ထဲ ပြန်ဝင်ပြီး လာမယ့်ကြာသပတေးနေ့ကျမှ ပြန်ထွက်လာချင်လို့လား"

"ဟား ဟား ဟား ဟား"

အေးသီခိုင်ရှင်းပြမှ ဇာတ်ရည်လည်ပြီး အားတုံ့အားနာဖြစ်သွားသော ဖိုးခွား၏ မပွင့်တပွင့်အပြောကြောင့် အားလုံး ပျော်ပျော်ရွှင်ရွှင် ရယ်မောလိုက်ကြ၏။

ထိုအချိန်တွင် ဖိုးခွားအတွက် မှာထားသောအစားအသောက်များ ရောက်လာ၏။ အငွေ့တထောင်းထောင်းနှင့် ကန်စွန်းပလိန်း၊ ကြက်ဥမွှေကြော်တို့က စားချင်စဖွယ် သင်းပျံ့မွှေးကြိုင်နေသည်။

"အဟင်း၊ စားရမှာတောင် အားနာတယ့် အန်တီရယ်"

"အောင်မလေးကွယ်၊ စားစမ်းပါ ဖိုးခွားရဲ့၊ ဘာမှ အားမနာနဲ့ ယတြာဆိုပေမယ့် အပျော်သဘောပါ၊ စားစရာရှိတာ စား၊ ပိုက်ဆံလည်း အန်တီပဲ ရှင်းမှာ၊ မပူနဲ့"

"ကျေးဇူးပဲ အန်တီ၊ ဒါဆို ဆွဲပြီ"

ပျော်ပျော်ပါးပါး ထမင်းစားရင်း သက်သောင့်သက်သာစကားများ ပြောဖြစ်ကြ၏။ ဆေးရုံတစ်ရုံ အောင်မြင်စွာ ရပ်တည်နိုင်မှုကြောင့် ပညာရှင်များ အပါအဝင် လူတော်တော်များများ ခိုကိုးစရာရရှိကြပုံလည်း ဆွေးနွေးဖြစ်သည်လေ။

စားရင်းသောက်ရင်း အေးသီခိုင်နှင့် ဒေါ်မေဘယ်(လ်)တို့ အကြည့်တွေ လမ်းကြောင်းပြောင်းသွားကာ သတိပြုမိ၍ ဖိုးခွားလည်း ငဲ့စုလိုက်သည်။

သတ်လတ်ပိုင်းအမျိုးသားတစ်ယောက်၏ လက်မောင်းကို ဖက်တွယ်

www.burmeseclassic.com

www.burmeseclassic.com

တာ တစ်ကိုယ်လုံး ရှိသမျှအသားစိုင်တို့အား မညှာမတာ လှုပ်ယမ်း လျှောက်လှမ်းလာသော ဆေးဆိုးပန်းရိုက်ရောင်စုံမတစ်ယောက်ကို တွေ့ရ၏။

"ဟွန်း ဖြစ်နေလိုက်တာများ၊ တကတဲ မယားငယ်မ,မှန်း မပြောဘဲနဲ့ကို သိနိုင်တယ်ဆိုတာမျိုး"

"ဟုတ်ပါရဲ့ အန့်တီရယ်၊ သူ့ရုပ်သူ့ရည်နဲ့ လင်ကောင်းသားကောင်းရနိုင်တဲ့ဟာကိုများ"

"ဟဲ့ တချို့က ကြောင်တောင်နိုက်စားရတာကိုမှ အရသာတွေ့တာ"

ဒေါ်မေဘယ်(လ်)နှင့် အေးသီခိုင်တို့၏ THURS DAY-TALK အစီအစဉ်က ပီပြင်သက်ဝင်လွန်းလှသဖြင့် ဖိုးခွားလည်း ထိုမိန်းကလေး၏ အဆင့်အတန်းကို ထင်ထင်လင်းလင်း သိခွင့်ရသွား၏။

"ဟုတ်မှာ ဟုတ်မှာ၊ ဟိုတစ်နေ့ကများ အန့်တီရယ် အချိန်မှန်ကိုယ်အပူချိန်တိုင်း, သွေးခုန်နှုန်းတိုင်းဖို့ အသွား အထဲမှာ ဖြစ်နေကြတာများ၊ မျက်စိရှက်လို့ ဘာမှမလုပ်ဘဲ ပြန်ပြေးလာရပြီးပြီလေ"

"အဲဒါ ပြောတာပေါ့၊ ယောကျ်ားတွေများ ဝေဒနာခံစားနေရတဲ့ ဇနီးမယားမျက်နှာကိုမှ မထောက်၊ ဆေးရုံလာပြီး အကြောထနေလိုက်တာ အိမ်ကဟာကြီးသာဆို အရေခွံဆုတ်ပစ်တယ်"

"ဟိုကောင်မက အတင်းကပ်ပြီး ချူစားနေတာပါ အန့်တီရယ်"

"ဘာပဲဖြစ်ဖြစ် ကိုယ့်မယားက ဆေးရုံခုတင်ပေါ်မှာ ပက်လက်လေး၊ သေမှမသေသေးတာ"

ဖိုးခွားရှေ့တွင်ပင် ယောကျ်ားမကောင်းကြောင်း အတင်းတုပ်နေကြသော မိန်းမနှစ်ယောက်ကြောင့် ဖိုးခွား မျက်နှာပူလာသည်။

သူတို့ အထူးပြုပြောဆိုခြင်းခံရသူ ထိုမိန်းကလေးအား ဖိုးခွားတစေ့တစောင်း အကဲခပ်ကြည့်မိ၏။ ပြင်ဆင်ထားသောကြောင့် ပေါ်ကိုရုပ်လှ,မလှ မသိရသော်လည်း ရှိုက်ခဲကြီးဖိုငယ်အသွယ်သွယ်တို့ကမူ မယားငယ်တို့တွင်ရှိအပ်သော အောက်ပါအရည်အချင်းများနှင့် တစ်လုံးတစ်ဝတည်း

www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံနေလေ၏။

ထိုမိန်းကလေးကမူ လောကကြီးတစ်ခုလုံး သူတို့နှစ်ယောက်တည်း ရှိသည့်အလား တွတ်ထိုးမပျက်၊ ကပ်မြဲကပ်လျက် ပက်ခွဲနှပ်ခွဲ ဇာတ်ခင်းမြဲ ခင်းလျက်ပင် ရှိလေသည်။

ဟင်းများနှင့် ထမင်းဖြူနှစ်ပွဲပင် ဘယ်လိုဘယ်လို ကုန်သွားမှန်း မသိလိုက်။ အတင်းတုပ်သည့် ယမင်းရုပ်ကြီးများပင် အမောဖောက်ပြီး ရေ သောက်နေလေပြီ။ ဇာတ်လမ်းပြတ်သွားစေရန် ဖိုးခွား ချောင်းဟန့်လိုက်၏။ ထိုအခါမှ ယမင်းရုပ်ကြီးများအာရုံက ဖိုးခွားထံ ရောက်လာသည်။

"အဟမ်း အဟမ်း"

"ဟယ် ဖိုးခွားတောင် စားပြီးသွားပြီ ပြန်ချင်ပြန်တော့လေ၊ အန်တီ တို့ ရှင်းလိုက်မယ်"

"ဟုတ် ကျေးဇူးပါပဲ အန်တီ၊ ဒါဆို သွားပြီနော်"

"အေး အေး"

ဖိုးခွား ထွက်လာသော်လည်း ဒေါ်မေဘယ်(လ်)တို့က သူတို့၏ စုစောင့်ကြည့်အစီအစဉ်ကို အားကြိုးမာန်တက် ဆောင်ရွက်ရင်း ကျန်ခဲ့ကြ ၏။

ဗိုက်လေးသွားသည့်အပြင် ညက အိပ်ရေးပျက်ထားသည့်အရှိန် ကြောင့် ဆင်ဝင်အောက်တွင် လမ်းလျှောက်ရင်းပင် ဖိုးခွားငိုက်နေ၏။ မဟာန် တော့သဖြင့် ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်လိုက်ရသည်။

ဇက်ချိုး ခါးဆန့် လေ့ကျင့်ခန်းလုပ်လိုက်မှ အိပ်ချင်စိတ်တို့ လွင့်ပါး သွားရ၏။ ဆင်ဝင်အောက်သို့ ပြန်လျှောက်လာစဉ် –

"ဟော့ ဖိုးခွား၊ ဒီမှာ နင့်ဖုန်း"

"ဗျာ"

ကောင်တာမှ စာရေးမ, လှမ်းခေါ်သဖြင့် ဖိုးခွား အံ့သြသွား၏။ ဘယ်သူ့ကိုမှ ဖုန်းနံပါတ်ပေးမထားသဖြင့် ဘယ်သူဆက်တာပါလိမ့်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါ ဖြစ်ရသေးသည်။

"ဟဲလို ဖိုးခွားပါ"

"ဟာ ဟော့ကောင် ဖိုးခွား၊ ငါ အောင်ဇော်ပါကွ"

"ဩော် အောင်ဇော်ကိုး၊ ငါ့ ဘယ်သူများလဲလို့၊ ဘာလဲ ငါ့အိမ်ဖောက်ထိုးဖြစ်သွားလို့ လှမ်းအကြောင်းကြားတာလား"

"ဟဲ ဟဲ မဟုတ်ပါဘူးကွာ၊ မင်း မနေ့ညက ပြန်မလာလို့ စိတ်ပူပြီး လှမ်းဆက်ကြည့်တာ"

"ဖုန်းနံပါတ် ဘယ်က,ရလဲ"

"မင်းပဲ အိမ်ကထုပ်တန်းမှာ ရေးထားတာလေ"

"ဩော် အေး၊ ဟုတ်သားပဲ၊ ပြော ကိစ္စအထူးရှိလား"

"မရှိပါဘူး၊ ဒီည ပြန်လာမှာမဟုတ်လား"

"အေး၊ လေးနာရီလောက် ပြန်လာမယ်"

"ဒါဆို ပြီးရော၊ ငါ ထမင်းချက်ထားလိုက်မယ်"

"အေး အေး၊ ဒါပဲနော်"

ဆွေမဲ့ မျိုးမဲ့ တစ်ကောင်ကြွက်ဘဝတွင် ဤသို့ဤနှယ် ဖုန်းဆက်၍ သတင်းမေးဖော်ရသော သူငယ်ချင်းတစ်ယောက် ရှိနေသေးပါလားဟူသည့် အတွေးက ဖိုးခွားရင်ကို နွေးထွေးသွားစေခဲ့သည်။

တိုင်ပင်ဖော်တိုင်ပင်ဖက် ဆိုးတူကောင်းဖက် ရင်ဖွင့်ဖော်ရင်ဖွင့်ဖက် တစ်ယောက် ရှိနေတာ ဝမ်းသာဂုဏ်ယူမိ၏။

ဆင်ဝင်အောက်ပြန်ရောက်တော့ တက္ကစီတစ်စီး ထိုးဆိုက်လာတာ နှင့် ကွက်တိပင် ဖြစ်နေသည်။ ဦးစိုးမိုးနှင့်ဖိုးခွား ကားပေါ်မှဝန်စည်စလယ် ကူချ၊ ပါလာသောလူနာကို တွဲခေါ်ပြီး ဧည့်ခန်းဆောင်တွင် နေရာချထား ပေးလိုက်၏။

နောက်ထပ် ကိုယ်ပိုင်ကားတစ်စီးရောက်လာတာ တွေ့ရသဖြင့် ဦးစိုး မိုးနှင့် ထားခဲ့ပြီး ဆင်ဝင်အောက်သို့ ဖိုးခွားပြေးရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူနာက လမ်းမလျှောက်နိုင်ဟုဆိုသဖြင့် ဗိုး(လ်)ချဲတစ်လုံး ဆွဲပြီး ...တင်ရသေးသည်။ ဆေးရုံထဲသို့ တွန်းပို့ပြီးနောက် အရိုးအကြောအထူးကု ...ရာဝန်ကြီး မလာသေးကြောင်း အသိပေးကာ နေရာချထားပေးရ၏။

ပုဂ္ဂလိကဆေးရုံဖြစ်၍ လူနာကြည့်ချိန် ညည့်ချိန် သတ်မှတ်မထား ...ဖြင့် လူအဝင်အထွက်က ရုတ်ခြည်းဆိုသလို မှားလာပြန်သည်။ ဖိုးခွားလည်း ...အားရ၊ မနားရတော့သဖြင့် အိပ်ချင်စိတ်တို့ ပျောက်သွားရတော့သည်။

အလုပ်များနေသဖြင့် အချိန်ကုန်လို့ ကုန်သွားမှန်းပင် မသိလိုက်။ ...ကျူတီဝင်မည့် စိုးအောင်နှင့် သန်းဌေး ရောက်လာတာတွေ့မှ ပြန်ဖို့သတိ ...သည်။

ဂျူတီချိန်းပြီးနောက် ရေမိုးချိုးကာ အဝတ်အစားလဲပြီး ပြန်ဖို့ပြင် ...သည်။ တွေ့သမျှလူအားလုံးကို နှုတ်ဆက်ပြီး သွက်လက်ပေါ့ပါးသော ...ခြေလှမ်းများနှင့် အိမ်ပြန်ခရီးစ၏။

ညကျမှ ခုတင်ပေါ် ဇိမ်ကျကျနှင့် စန့်စန့်ရန့်ရန့် အိပ်ရမည့်အရေး ...ကြီတွေးကာ မျက်ခွံများပင် လေးလာသလို ခံစားလိုက်ရ၏။ အောင်ဇော်က ...မင်းချက်ထားမည်ဟု ဖုန်းဆက်ထား၍ စိတ်အေးလက်အေး ရှိနေသည်။

၁၅၇ အထူးကားကိုပင် စောင့်စီးလာခဲ့သည်။ အိပ်ချင်နေသည့်အထဲ ...ခွေပြီး မတ်တတ်ရပ် မစီးချင်သဖြင့် အပြန်ခရီးကို ငွေနှစ်ရာရင်းလိုက်ရ၏။

ကားပေါ်တွင် ထိုင်စရာတော့ ရပါသည်။ သို့သော် အထူးကား၏ ...ခြားချက်အတိုင်း ထိုင်ခုံစေ့ လူစေ့ဟုဆိုသော်လည်း သုံးယောက် ခုံတန်းမှာ ...ယောက်ခွဲလောက်သာ ဆန့်၏။ အစွန်ကျသူမှာ ဖင်တစ်ခြမ်း ပေါင်တစ်ခြမ်း ...ပြင်ထွက်နေလေ့ရှိသည်။

ဒါကိုက ထူးနေတာ မဟုတ်လား။ မည်သို့ပင်ဖြစ်စေ ရသည့်နေရာ ... ဖြစ်အောင်ထိုင်ရင်း အိပ်ငိုက်၍ လိုက်ပါလာခဲ့၏။ သည်လိုပဲလေ။ ...နေမှာဆိုတာ ကြုံရာကျရာမှာ ရှင်သန်နေထိုင်နိုင်စွမ်း ရှိကြသူတွေ မဟုတ် ...လား။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားတစ်ယောက် နဖူးနှင့် ထိုင်ခုံလက်တန်း သုံးကြိမ်ဆောင့်မိပြီး ဆင်းသူတက်သူတို့၏ အတိုးအတိုက်ကို ဆယ်ကြိမ်လောက်ခံရပြီးသည့်နောက် လိုရာအရပ်သို့ရောက်၍ ကားပေါ်မှ ဆင်းလိုက်ရသည်။

ပျားပန်းခပ်မျှ စည်ကားနေသော ဈေးလမ်းကိုဖြတ်သန်း၍ မြင်မြင်သမျှ ပျိုပျိုအိုအိုတို့အား မျက်စိကြည်ဆေးအဖြစ် စားသုံးကြည့်ရှုရင်း လျှောက်လှမ်းပြန်လာခဲ့၏။

လမ်းသွယ်လမ်းကွေ့များစွာကို ကျော်ဖြတ်လာပြီးနောက် ဖိုးခွား၏ အိမ်ဂေဟာသို့ ရောက်လာတော့သည်။

အိမ်ရှေ့တံခါးဖွင့်ထား၍ အသံမပေးတော့ဘဲ တက်လာခဲ့၏။ အိမ်ရှေ့ ညှိခန်းတွင် ဘယ်သူမှမရှိသဖြင့် အောင်ဇော် သူ့ကတိအတိုင်း ထမင်းဟင်း ချက်နေပြီဟုတွေးပြီး အေးဆေးဝင်လာခဲ့သည်။

နောက်ဖေးဆောင်ကိုရောက်မှ အောင်ဇော့်အပြင် အခြားတစ် ယောက်ကိုပါ တွေ့လိုက်ရ၍ ဖိုးခွား အံ့အားသင့်သွားရ၏။ မိန်းကလေး တစ်ယောက်ဆိုတာ မျက်မြင်အရ တိကျသေချာနေသဖြင့် အားနာစိတ်နှင့် အသံတိတ် လှည့်ထွက်လာခဲ့၏။

ဘာလုပ်ရမှန်းမသိသဖြင့် ဖိနပ်ချွတ်တွင် ခဏထိုင်လိုက်သည်။ ထို အခါမှ ညှိလာဂမုန်းပန်းအိုးဘေးတွင် ကပ်ချွတ်ထားသော မိန်းမစီးဖိနပ် တစ်ရန်ကို သတိပြုမိ၏။

စိတ်ရှိလက်ရှိအိပ်လိုက်မည် အားခဲပြီးပြန်လာခါမှ အခြေအနေ မပေး သဖြင့် စိတ်ထဲ ခုလုခုလု ဖြစ်သွားရသည်။

သို့နှင့် ထိုင်နေရာမှ ပြန်ထပြီး အောင်ဇော်ကို လှမ်းခေါ်လိုက်၏။

"အောင်ဇော်ရေ အောင်ဇော်"

အိမ်ခန်းထဲမှ ပြေးပြေးလွှားလွှားခြေသံကို ကြားရသည်။ အောင်ဇော် ထွက်လာ၏။

"ဟော ဖိုးခွား ပြန်ရောက်လာပြီကိုး၊ အဖော်ပဲ ထမင်းဟင်းချ

www.burmeseclassic.com

www.burmeseclassic.com



သည်း ကျက်တော့မယ်ကွ''

ဖိုးခွားက အောင်ဇော်ကို ဘာမှပြန်မပြောဘဲ ဖိနပ်ချွတ်မှ မိန်းမစီး ဖိနပ်ကို ညွှန်ပြလိုက်၏။

''ဩော် ဒါလား၊ အေး အဲဒီကိစ္စ မင်းကို ငါပြောမလို့ပဲ၊ ငါ့မှာ ရည်းစားရှိနေပြီဆိုတာလေ၊ အဲဒါ မင်းနဲ့မိတ်ဆက်ပေးမလို့ ငါခေါ်လာတာ၊ မိတ်ဆက်ပွဲကို မှတ်မှတ်ရရဖြစ်စေချင်လို့ သူနဲ့ငါ အတူတူ ချက်ပြုတ်နေ တာကွ၊ လက်ဆုံထမင်းစားပွဲလေး လုပ်မယ်လေကွာ''

''မင်းကောင်မလေးကို ခေါ်လာတယ်၊ ဟုတ်လား''

''အေးလေကွာ၊ ပေရယ်ရေ ပေရယ်''

အောင်ဇော်က သူ့ကောင်မလေးကို လှမ်းခေါ်နေသည်။ သူရှင်းပြ သွားတဲ ဒီကောင် ရည်းစားရနေပြီဟု ပြောခဲ့တာ ပြန်သတိရ၏။ ကောင်းတာပေါ့။ သူငယ်ချင်းရဲ့ရည်းစားဆိုတော့ ကိုယ့်သူငယ်ချင်းပဲပေါ့ဟု ပျော်ပျော်ရွှင်ရွှင် တွေးဖြစ်လိုက်သည်။

ဖိုးခွားက ဘောဘီမိုင်လိုအိတ်ကို ပစ်ချလိုက်ပြီး ခင်းထားသောဖျာ ပေါ် ဝင်ထိုင်လိုက်၏။

ညင်သာဖွဖွ ခြေလှမ်းများနှင့်အတူ ခြေထောက်လှလှလေးတစ်စုံကို အရင်မြင်တွေ့ရသည်။ လှပသောခြေထောက်မှ ညီညာသောခြေသည်းများ တွင် ပုံဖော်ခြယ်သထားပုံကလည်း ပန်းချီကားတစ်ချပ်လို ကြွရွလှပနေ၏။

''ဒါ ငါပြော ပြောနေတဲ့ ပေရယ်လေ့၊ နာမည်ရင်းက ယုယုဆွေတဲ့၊ ငါကတော့ ပေရယ်လို့ပဲ ခေါ်တယ်''

အောင်ဇော်၏ မိတ်ဆက်စကားအဆုံးတွင် ဖိုးခွားက သူ့မျက်လုံး များကို ရုပ်ရှင်တွေထဲက အနှေးပြကွက်လို ကောင်မလေး၏ ခြေထောက် တစ်ဆင့် အပေါ်သို့ တဖြည်းဖြည်း ပင့်၍ကြည့်လိုက်၏။

သည်းထိတ်ရင်ဖိုဖြစ်ဖွယ် ခန္ဓာအစိတ်အပိုင်းများကို လှမ်းကျော်ပြီး မျက်နှာလှလှလေးရှိရာအရပ်တွင် မျက်လုံးရပ်သွားသည့်အခါမှာတော့ –

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖိုးခွားစိတ်ထဲမှ အာမေဍိတ်သံ ပြုတ်ကျသွားပြီး မျက်လုံးများ ပြူး ကျယ်သွားရ၏။

"ထိုင်လေ ပေရယ်၊ ဒါ ကိုယ့်အခင်ဆုံးသူငယ်ချင်းပဲ၊ ဖိုးခွားတဲ့ နယ်မှာကတည်းက အရမ်းခင်တဲ့သူတွေပေါ့"

ပေရယ်က အောင်ဇော်နှင့်အတူ ကပ်၍ထိုင်လိုက်ရင်း မျက်ဝန်း နက်လေး ထောင့်ကပ်၍ ချစ်စဖွယ်အမူအရာနှင့် စကားဆို၏။

"ကိုဖိုးခွားအကြောင်း ကိုကို ခဏခဏပြောဖူးပါတယ်၊ လူချင်းမ ဖူးပေမယ့် နာမည်ကိုတော့ ရင်းနှီးပြီးသားပါရှင်"

"ဟုတ် ဟုတ်ကဲ့၊ ဝမ်း ဝမ်းသာပါတယ် ပေရယ်"

"ကိုဖိုးခွားက (----) ဆေးရုံမှာ အလုပ်လုပ်တာဆို၊ နွေခင်းက တောင် ပေရယ် ရောက်သေးတယ်၊ မိတ်ဆွေတစ်ယောက်ကို သတင်းသွား မေးတာလေ"

"ဟုတ်လား၊ ကျွန်တော် တစ်နေကုန် ဓာတ်မှန်ခန်းထဲ ရောက်နေ လို့"

မျက်နှာပူပူနှင့် ဖိုးခွားလိမ်ပြောလိုက်သည်။

"ကဲ ကိုကို၊ ကိုဖိုးခွား ပင်ပင်ပန်းပန်းနဲ့ ပြန်လာရတာ ထမင်းဆာ ရောပေါ့၊ ပေရယ်တို့ သွားပြီးပြင်ဆင်လိုက်ရအောင်"

"ကောင်းသားပဲ ပေရယ်၊ ဟော့ကောင် မင်း ပေရယ့်လက်ရာနဲ့ ထမင်း တအားမြိန်မှာနော်၊ ရှယ်ချက်ထားတာကွ"

"အေးပါကွာ အေးပါ"

အောင်ဇော်က ပေရယ့်ခါးကိုဖက်ပြီး နောက်ဖေးသို့ အေးအေးဆေးဆေး ဝင်သွား၏။ ရင်ကို မီးလောင်ကျွန်ရစ်ခဲ့ရသည်မှာ ဖိုးခွားသာ ဖြစ်သည်။ မ မလောင်ဘဲ နေပါ့မလား။ ပေရယ်ဆိုတာ ဒေါ်မေဘယ်(လ်) တို့ပြောသည့် မယားငယ်မ ဖြစ်နေသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းက ဆေးရုံသို့ ရောက်ခဲ့ကြောင်း ပေရယ်ကိုယ်တိုင် ဝန်ခံသွားသဖြင့် လူများစရာ အကြောင်းမရှိ။ တိုက်တိုက်ဆိုင်ဆိုင်ပင် ပေရယ်က အောင်ဇော်၏ချစ်သူရည်းစား ဖြစ်နေပြန်သည်။

ဒီအဖြစ်ကို သူ ဘယ်လိုလက်ခံရမှန်း မသိတော့။ ဒေါ်မေဘယ်(လ်) တို့ပြောတာ အမှန်ဆိုလျှင် အောင်ဇော်တော့် မိန်းမလည်သိန်းကြွယ်နှင့် ဆုံ ညည်းရတာပဲ ဖြစ်၏။

အောင်ဇော့်ကို ဘယ်လိုအသိပေးရမည်နည်း။ ဦးနှောက်ထဲက အိုင်စီ တွေကျွမ်းပြီး အခန်းတွေ ပျက်လုမတတ် စဉ်းစားသော်လည်း အဖြေမရခဲ့။ ထိုအခိုက် အောင်ဇော် ပြန်ထွက်လာ၏။

"ဖိုးခွား လာလေကွာ၊ ထမင်းခူးပြီးနေပြီကွ"

အောင်ဇော့်မျက်နှာကို မကြည့်ရက်ဘဲ အိမ်နောက်ဖေးသို့ စက်ရုပ် တစ်ရုပ်လို လိုက်သွားမိသည်။

ထမင်းဝိုင်းတွင် ပေရယ်က ကြည်သာရွှင်ပျစွာနှင့် ဆီးကြိုပြီး ပြင် ဆင်ပေး၏။

"ကြိုတင်စီစဉ်မထားဘဲ အလောသုံးဆယ် ကောက်လုပ်လိုက်ရတာ မို့ ကိုဖိုးခွားအကြိုက် တွေ့ပါ့မလားမသိဘူး"

"ရပါတယ် ပေရယ်၊ ကျွန်တော်တို့က ဖြစ်သလို ကြုံရာစားနေတဲ့ ကြုံဒိုးသမားတွေပဲဟာ"

"ဟုတ်တယ် ပေရယ်ရဲ့၊ ထမင်းကို မုန့်ဟင်းခါးတို့ အသုပ်တို့ ဝက်ဆီဖတ်တို့နဲ့ပဲ ပြီးနေရတာ၊ ပေရယ့်လက်ရာသာ ဒီကောင်စားမိသွားရင် လျှာမော်တာတပ်ထားသလို ဖြစ်သွားမှာ"

"ဟား ဟား ဟား ဟား"

အခြေအနေက ဖိုးခွားမှာ ညှိုသည်လိုဖြစ်နေပြီး အောင်ဇော်နှင့် ပေရယ်က အိမ်ရှင်လင်မယားလို ဖြစ်နေ၏။ မတတ်နိုင်တော့၊ အခြေအနေ အရ မီးစဉ်ကြည့်ကရုံသာ ရှိတော့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖိုးခွား၊ ဒါ ကြက်သားဆီပြန်၊ ဒါက သရက်ချဉ်သုပ်၊ အရည်သောက်က ကြက်ရိုးနဲ့ ခွေးတောက်ဟင်းချို၊ ငါးပိရည်တို့စရာ အစုံပဲ၊ အားရပါးရ စားနော်"

"ကောင်းပါပြီဗျာ ကောင်းပါပြီ၊ အောင်ဖော် မင်းရော စားလေ"

"စားမှာပါကွာ၊ ပေရယ် ထည့်ပေးတာကို စောင့်နေတာကွ"

"ဟင်း ဟင်း၊ ဖြစ်နေလိုက်တာကွာ၊ သိပ်အမြင်ကတ်လာအောင်တော့ မလုပ်ကြနဲ့နော်၊ သိလား"

"ဟား ဟား ဟား ဟား ဟား ဟား"

အင်း နေ့ခင်းကသာ ဆေးရုံတွင် မယားငယ်မအဖြစ် မဆုံခဲ့၊ မသိခဲ့ရလျှင် ကောင်းလေစွဟု တောင့်တမိ၏။

အခုမှ ဆုံရတွေ့ရသူသာဖြစ်လျှင် သူတို့သုံးယောက် တော်တော်ပျော်စရာကောင်းမည့်ဘဝလေးတစ်ခု တည်ဆောက်နိုင်မည်ဟု ယုံကြည်မိသည်။

ထမင်းဟင်းတို့၏အရသာကို မစူးစမ်းမိဘဲ တာဝန်အရ ဝါး၍မျိုချနေရ၏။ အောင်ဖော်ကတော့ ဘာမှမသိရှာ။ သူ၏ ပေရယ်နှင့်အတူ စားသောက်ရင်း ကြည်နူးနေရှာသည်။

ထမင်းတစ်ပန်းကန်နှင့်ပင် ရင်ပြည့်ရင်ကယ်ဖြစ်သွားသော ဖိုးခွားလက်ဆေးလိုက်၏။

"ဟာ ဟော့ကောင်ဖိုးခွား တော်ပြီလား၊ စားမကောင်းလို့လား"

"ကောင်းပါတယ်ကွာ၊ လမ်းမှာ လက်ဖက်ရည်သောက်ခဲ့လို့ ရင်ပြည့်သလိုဖြစ်ပြီး သိပ်မစားနိုင်တာ၊ ပြီးတော့ နိုက်ဂျူတီကျထားလို့ တအားအိပ်ချင်နေတာလေ"

"ဩော် ဟုတ်သားပဲ၊ နားလိုက် ဖိုးခွား၊ တို့လည်း ဆော်ကြာဆိုဆိုင်ကို အရောက်ပြေးရတော့မှာ"

"ပေရယ် နောက်လည်း အားရင်လာလည်နော်၊ ဒီနေ့တော့ ကျွန်

www.burmeseclassic.com



တော် အရမ်းအိပ်ချင်နေလို့''

''ဟုတ်ကဲ့၊ အားနာလိုက်တာ ကိုဖိုးခွားရယ်၊ အိမ်ရှင်ကို မပြောမဆိုဘဲ ကိုယ့်စိတ်ကြိုက်လုပ်သလိုဖြစ်နေလို့ တောင်းပန်ပါတယ်ရှင်''

''မဟုတ်တာဗျာ၊ အောင်ဇော်နဲ့ပတ်သက်လာမှတော့ ကျွန်တော့်သူငယ်ချင်းပဲပေါ့၊ ဆန္ဒရှိသလို နေနိုင်ပါတယ်ဗျာ၊ ခုတော့ သွားအိပ်လိုက်ဦးမယ်၊ ဆောရီးပဲနော်''

ဖိုးခွားစကားဖြတ်ပြီး အိပ်ခန်းထဲ ဝင်လှဲနေလိုက်၏။ တကယ်တော့ သူ အောင်ဇော်ရှေ့မှ ထွက်ပြေးခဲ့ခြင်းသာ ဖြစ်သည်။

အောင်ဇော့်ကို သူ ဘယ်လိုအသိပေးရမည်နည်း။ စင်တင် အဆိုတော်မတစ်ယောက်၏ သိက္ခာတရားက ဆယ့်ငါးပဲရည်ပြည့်ပါ့မလား။

စင်တင်အဆိုတော်မ ဆိုသည်မှာ စပွန်ဆာကောင်းကောင်းကို အစဉ်ချောင်းပြီး တက်လမ်းရှာနေကြသူတွေသာ များသည်မဟုတ်လား။

သူ့သူငယ်ချင်းအောင်ဇော် ဗွက်ပေါက်နေသောအိုင်ငယ်တွင် လူးပြီး ပျော်မြူးမည့်ဖားသူငယ် မဖြစ်စေရဟု ဖိုးခွား ဆုံးဖြတ်ချက်ချလိုက်၏။

ထို့နောက်မှာတော့ ဗိုက်လေးလေးနှင့် မျက်စိမှေးပြီး အိပ်ပျော်သွားရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## မွေးနေ့နှင့်သေတမ်းစာ

ကောဇာသက္ကရာဇ် ၁၃၇၂ ခု၊

ခရစ်နှစ် ၂၀၁၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၃ ရက်၊

ဩဂုတ်လ ၂၃ ရက်၊ တနင်္လာနေ့သည်ကား

ဇာတာအလိုအရ အသက်တစ်ရာ့နှစ်ဆယ်နေရမည့်

မောင်ဖေသန်း၏ မွေးနေ့ပင် ဖြစ်လေတော့သည်။

နံနက်ဆယ်နာရီတွင် ပင့်သံဃာငါးပါး ကြွလာသဖြင့် ဖိုးခွားက ဦးဆောင်လမ်းပြ ပင့်ဖိတ်ကာ ဓာတ်လှေကားနှင့်တက်စေပြီး အခန်းနံပါတ် S-15 မှ ဦးဖေသန်းထံသို့ ပို့ဆောင်ပေးရ၏။

သံဃာတော်များကို ညှိခန်းမကျယ်မှ ဆိုဖာဆက်တီများပေါ်တွင် ပင် သီတင်းသုံးစေပြီး ဦးဖေသန်းက ဝှီး(လ်)ချဲပေါ်တွင် နေရာယူထား၏။ ညှိသည်တော်များအဖြစ် ဆေးရုံအုပ်ကြီး၊ အထူးကုပါရဂူကြီးမှအစပြုပြီး ဦးဖေသန်းအား တာဝန်ယူရသော ဆေးဝန်ထမ်းများအပြင် ဖိုးခွားပါ ရောက်

www.burmeseclassic.com

www.burmeseclassic.com


ရှိနေလေ၏။ ဦးစွာ သံဃာတော်များအား ဒန်ပေါက်ဆွမ်းကပ်၏။

ထို့နောက် သံဃာများက ပရိတ်တရားတော်များနှင့် မွေးနေ့အနုမောဒနာတရားများကို ဟောကြားကာ မွေးနေ့ရှင်အား ကောင်းချီးပေးကြသည်။ မွေးနေ့ရှင်က တန်ဖိုးကြီးမားသော သင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုဆွဲခြင်းများ ဆက်ကပ်လှူဒါန်းပြီး နဝကံမ္မသုံးစွဲရန် ဝတ္ထုငွေ သုံးသိန်းစီ ဆက်ကပ်သည်။

ဆရာတော်များ ပြန်ကြွသွားပြီးနောက် မွေးနေ့ကိတ်ကို လှီးကြ၏။ ထို့နောက် မိသားစုဝင်များ၊ ဆရာဝန်ကြီးများနှင့်အတူ တပျော်တပါး စားသောက်ကြပြီး နေရာအခက်အခဲကြောင့် ဒန်ပေါက်ကိုတော့ ပက်ကင်ဖော့ဘူးများနှင့် ဝေငှပေးသည်။

အားလုံးက ဦးဖေသန်း အမြန်ဆုံးပြန်လည်ကျန်းမာလာပြီး အသက်ရာကျော်နေခွင့်ရရန် ဆုမွန်ချွေကြ၏။

အစီအစဉ်ပြီး၍ လူရှင်းသွားတော့ သူဌေးအဘိုးကြီး ဦးဖေသန်း အမောဖောက်နေချေပြီ။ သို့နှင့် ဗိုး(လ်)ချဲပေါ် ထိုင်နေရင်းကပင် အောက်ဆီဂျင်ရှူနိုင်အောင် ဖိုးခွားက စီစဉ်ပေးရ၏။

ဘုန်းကြီးကြွလာချိန်မှစ၍ ညည့်သည်ကုန်သည်အထိ ဟန်ဆောင်မျက်နှာဖုံးများစွပ်ပြီး ဇနီးအလိမ္မာ၊ သားအလိမ္မာ၊ သမီးအလိမ္မာများအဖြစ် သရုပ်ဆောင်ခဲ့ကြသော မိသားစုဝင်များ၏ မူလဇာတိရုပ်က ပုပ်ပွကာ ပေါ်လာတော့၏။

ဆယ့်ငါးမိနစ်လောက် အောက်ဆီဂျင် ရှူလိုက်ရသဖြင့် အမောပြေသွားသော ဦးဖေသန်းအား ဗိုင်း၍ ရာဟုလာအမွေတောင်းခန်းကို တင်ဆက်အသုံးတော်ခံတော့သည်။

“ရှင့်ကျန်းမာရေးကို ကျွန်မ အားမရဘူးကိုဖေသန်း၊ အခုနိုတာနဲ့သားနဲ့သမီးအတွက် စီစဉ်စရာ ရှိတာတွေ စီစဉ်ပေးခဲ့ပါတော့။ မတော်လို့ရှင် မျက်နှာလွှဲသွားရင် ကျွန်မ ဘာမှလုပ်တတ်မှာမဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



အခန်းကို ရှင်းလင်းသိမ်းဆည်းပေးနေရင်း ကြားလိုက်ရသော စကားကြောင့် ဖိုးခွား အံ့အားသင့်သွားရ၏။

အဘွားကြီးပြောတာမှန်ပေမယ့် အချိန်အခါလွဲနေသည်ဟု ဖိုးခွား ထင်မြင်ယူဆမိသည်။ သားကြီးဩရသက –

"ဟုတ်တယ် ဒယ်ဒီ၊ သားနဲ့ညီမလေးကလည်း အိမ်ထောင်ကိုယ်စီနဲ့ သူ့စိမ်းဖက်နေကြပြီဆိုတော့ ခုကတည်းက ရှင်းရှင်းလင်းလင်း ဖြစ်နေရင် ကောင်းမယ်ထင်တယ်"

"ဟုတ်တယ်၊ ကိုကြီးပြောတာ သမီးလည်း သဘောတူတယ်၊ ဒယ်ဒီ အမွေသာပေးလိုက်တော့၊ ဒယ်ဒီ့အတွက်တော့ ဘာမှ ပူစရာမလိုပါဘူး။ အားလုံး ဝိုင်းစောင့်ရှောက်ကြမှာပဲဟာ"

အားလုံး၏စကားထဲတွင် သမီးပြောသောစကားများက အချွန်မြဆုံး အထက်ရှဆုံးဖြစ်နေ၏။

"သဘောကတော့ ရှင့်ကို သေတမ်းစာရေးခိုင်းနေကြတာ"

အဘွားကြီး၏အပိတ်စကားက ကြိုးမိန့်ကျသူအား နောက်ဆုံးအနေနှင့် ဒေါက်ဖြုတ်လိုက်သလို ဖြစ်နေ၏။

ဦးဖေသန်း မျက်လုံးပြူးသွား၏။ လျှာတော့ ထွက်မလာပါ။ အတန်ငယ် အားယူရင်း ဇနီးနှင့်သားသမီးတို့ကို စေ့စေ့ငငကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး

"ဖိုးခွားရေ၊ ငါ့ကို အောက်ဆီဂျင်ပိုက် ဖြုတ်ပေးစမ်းပါကွာ"

"ဟုတ်ကဲ့ အဘ"

သူ့ဆွေးကြီးဆန္ဒအတိုင်း ပိုက်ဖြုတ်ပေးပြီး ကိတ်မုန့်စားထားသော ပန်းကန်များကို ဆေးကြောနေ၏။ တစ်လုံးချင်းပြောနေသော အဘိုးကြီး၏ စကားသံများကို ဖိုးခွား သေချာကြားနေရသည်။

"အေးလေ ငါလည်း ကြာကြာနေရမယ့်သူမဟုတ်တော့ မင်းတို့ဆန္ဒ အတိုင်း ဖြစ်စေရမှာပေါ့၊ ဒါပေမဲ့ မြန်မာပြည်မှာ သေတမ်းစာဆိုတာ တရား

www.burmeseclassic.com


မဝင်ဘူး၊ သေတမ်းစာရေးလို့ မရဘူး၊ ငါ့ရှိသမျှ စည်းစိမ်တွေကို အကောင်းဆုံး အသင့်တော်ဆုံးဖြစ်အောင် အမွေခွဲပေးခဲ့မယ်၊ ဟုတ်ပြီလား''

''ဟား ဒယ်ဒီ တကယ်ပြောတာနော်''

''သိုင်းကျူး ဒယ်ဒီ၊ မောင် ဝမ်းသာသွားအောင် အိမ်ပြန်ပြော လိုက်ဦးမယ်''

သမီးက အပြေးထွက်သွားသလို သားက မယားလက်ကိုဆွဲပြီး လက်မ,ထောင်ခိုင်းနေ၏။ အဘွားကြီးက တစ်မှောင့်။

''ရှင် ကျွန်မကို ရိပ်သာသွားနေရအောင်တော့ မလုပ်ခဲ့နဲ့နော်၊ ရှင်နဲ့ကျွန်မက ငယ်လင်ငယ်မယားတွေ''

''စိတ်ချ၊ အားလုံး ကျေနပ်စေရမယ်၊ ကျုပ်ကိုသာ ရှေ့နေ သာ ဒွန်းအောင်နဲ့ တွေ့ရအောင် စီစဉ်ပေး''

''အိုကေ ဒယ်ဒီ၊ သား ဖုန်းချိတ်လိုက်မယ်''

အဘိုးကြီးကလွဲပြီး အားလုံး ဝမ်းသာရွှင်ပျနေကြ၏။ ပန်းကန်ဆေးပြီး ထွက်လာသော ဖိုးခွားအား အဘိုးကြီးက လက်ယပ်လှမ်းခေါ်သည်။

''ဖိုးခွား ငါ့ကို ခုတင်ပေါ်ပို့ပေး၊ ငါနားတော့မယ်''

''ဟုတ်ကဲ့ အဘ''

ဖိုးခွားက ဦးဖေသန်းအား ပွေ့ချီ၍ ခုတင်ပေါ် ပြောင်းရွှေ့ပေးလိုက်သည်။ အောက်ဆီဂျင်ပိုက်ကိုလည်း ပြန်တပ်ပေးလိုက်၏။ အဘိုးကြီး မျက်လုံးမှိတ်ကာ အနားယူနေပြီ။

ဖိုးခွား အလိုက်တသိ ထွက်လာခဲ့၏။ ဒီတစ်ခါတော့ ဘယ်သူမှ ဘောက်ဆူးပေးဖို့ သတိမရကြ။ အမွေခွဲတော့မည်ဆိုတော့ သူတို့ပိုင်သည့် ဥစ္စာခနများ ဖြစ်သွားတော့မည် မဟုတ်လား။ သို့အတွက် တွန့်တိုသွားကြပြီထင်၏။ ဖိုးခွား တစ်ပြားမှ မရခဲ့ချေ။

✿

www.burmeseclassic.com

www.burmeseclassic.com



မိမိအတွက် ရလာသော ဒန်ပေါက်ထုပ်ကိုစားရင်း ဖိုးခွား ဒေါ်မေဘယ်(လ်) နှင့် အေးသီခိုင်ကို ချောင်းနေ၏။ သူတို့ထံမှ ယုယုဆွေ ခေါ်ပေရယ်နွေအကြောင်း ထပ်ပြီးမေးမြန်းစုံစမ်းချင်နေသည်။

ပေရယ့်အား စပွန်ဆာပေးသော ပုဂ္ဂိုလ်၏ဇနီး၊ ဝေဒနာသည်က ဘယ်သူလဲ၊ ဘယ်အခန်းမှာလဲဆိုတာ သိချင်သည်။ ပေရယ်ရောက်လာပြီး စပွန်ဆာငနဲနှင့် ချိန်းတွေ့တာကို အမိအရ ဖမ်းချင်နေသည်။

ဒန်ပေါက်သာကုန်သွား၍ လေချဉ်တက်လာသည်။ ဒေါ်မေဘယ်(လ်) တို့ကိုမူ မတွေ့သေး။ ခွင့်များယူထားကြသလား မပြောတတ်။ ဖော့ဘူးခွံကို အမှိုက်ပုံးထဲထည့်ပြီး ကောင်တာဆီ လျှောက်လာခဲ့၏။

စာရင်းကိုင် ဒေါ်စိုးစိုးဝင်းက နှုတ်ဆက်စကားဆိုသည်။

"ဖိုးခွားတို့ ဒီနေ့ ဗိုက်ခွေးနမ်းတယ်ပေါ့"

"ဟုတ်ပါ့ အစ်မကြီးရာ၊ ဒန်ပေါက် မစားရတာကြာပေါ့၊ စားလို့ကောင်းလိုက်တာ မပြောပါနဲ့တော့၊ ဘကြီးဦးဖေသန်း သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပေးနေရတယ်ဗျ"

"ဒီလောက်တော့ လုပ်ပေးရမှာပေါ့ဟဲ့"

"ဒါနဲ့ ဒေါ်မေဘယ်(လ်) ခွင့်တင်ထားလား အစ်မကြီး"

"အေး နေမကောင်းလို့တဲ့"

"ဩော်"

"ဟဲ့ ဟိုမှာ လူနာလာတယ်၊ ဦးစိုးမိုးကြီးတစ်ယောက်တည်း ဖြစ်မှာမဟုတ်ဘူး သွားလိုက်ဦး"

ဒေါ်စိုးစိုးဝင်း သတိပေးသဖြင့် ဖိုးခွား ဆင်ဝင်အောက်သို့ ပြေးထွက်လိုက်ရ၏။ လူနာက ကားပေါ်မှဆင်းနေပြီ။ အရှိုးပြိုင်းပြိုင်းကျနေသော လူနာကို ဖိုးခွား တွဲခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးမိုးက လူနာရှင်နှင့်အတူ ပစ္စည်းများကူသယ်ရင်း လိုက်လာ၏။ ဆေးရုံထဲရောက်တော့ လူနာက မောဟိုက်နေပြီ။ သို့နှင့် ဝှီးချဲတစ်လုံး ဆွဲယူပြီး လူနာကို ထိုင်ခိုင်းလိုက်ရ၏။

လူနာရှင်က အခန်းရပြီးသား 211 ၌ နေသားတကျဖြစ်အောင် စီစဉ်ပေးပြီး အခန်းတွင်းပစ္စည်းပစ္စယများ သုံးစွဲပုံကို ရှင်းပြရ၏။

အားလုံး ပြီးစီး၍သာ ပြန်ထွက်လာရသည်။ ဘောက်ဆူး တစ်ပြားမှ မရ။ ဖိုးခွားက ပေးရင်သာ ယူတတ်သူဖြစ်ပြီး တောင်းတတ်သူ မဟုတ်။

ပြီးခဲ့သည့်အပတ်က ဘောက်ဆူးများများရခဲ့သလောက် ဒီတစ်ပတ်တော့ လာဘ်တိတ်နေ၏။ ဓာတ်လှေကားရှိရာ လျှောက်လာရင်း 203 ထဲမှ ထွက်လာသော နာ့(စ်)မ အေးသီခိုင်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွား၏။

"အတော်ပဲ၊ ဆရာမကို တွေ့ချင်နေတာ"

"အံမယ် ထူးထူးဆန်းဆန်း၊ ဘာကိစ္စလဲ ဖိုးခွားရဲ့"

"ဟို ဟိုလေ မေးစရာလေးရှိလို့"

"ဘာမေးမှာလဲ မေး"

တကယ်တမ်း မေးမည်ဆိုတော့ ဘယ်ကဘယ်လို စမေးရမှန်းမသိ။ စကားလုံးစီပြီး မေးခွန်းစဉ်းစားရသည်နှင့် အချိန်အတော် လင့်သွား၏။ ဓာတ်လှေကားရောက်လာပြီး အထဲဝင်လိုက်ကြသည့်အထိ စကားမစရသေး။

"ဟဲ့ကောင်၊ မေးမလို့ဆို ဘာမေးမှာလဲ"

"အဟဲ ဟိုဒင်း ဟိုနေ့ကလေ ဆရာမနဲ့ ဒေါ်မေဘယ်(လ်) ကျွန်တော့်ကို ထမင်းကျွေးတဲ့နေ့ကတွေ့တဲ့ မယားငယ်မအကြောင်း သိချင်လို့"

"ဟင် မယားငယ်မအကြောင်း ဟုတ်လား၊ ဟင်း ဟင်း၊ ဘာလဲ နင်က စပွန်ဆာ ပေးမလို့လား"

"ဟာ ပေါက်ကရတွေဗျာ၊ ကျွန်တော့်သူငယ်ချင်းရဲ့ ရည်းစားက သူနဲ့ ချုတ်စွပ်တူနေလို့ဗျ။ အဲဒါ သူတစ်ယောက်တည်းပဲဆိုရင် သူငယ်ချင်းကို ထားရမှာပေါ့၊ အဲဒါကြောင့် သိချင်တာ"

www.burmeseclassic.com

www.burmeseclassic.com


"ဩော် ဒီလိုကိုး၊ ငါလည်း သိပ်မသိပါဘူးဟယ်၊ အဲဒီကောင်ရဲ့ မယား ရောဂါသည်ပြောသလောက်ပဲ သိတာ၊ သူ့တူမအရင်းတဲ့၊ ဦးလေးနဲ့ တူမ ဖြစ်ကြတဲ့ဇာတ်လမ်း၊ ပြီးတော့ ကောင်မက ဘီယာဆိုင်က အဆိုတော်မ"

"ဟင် အဆိုတော်၊ ဒါဆို အဲဒီလူက သူဌေးလား"

"မရှိမရှားပါဟယ်၊ တက္ကစီနှစ်စီး ပိုင်တယ်၊ တစ်စီးကို သူကိုယ်တိုင် မောင်းတယ်၊ ဒီလောက်ပါပဲ"

ပြောရင်းဆိုရင်း အောက်ထပ်သို့ရောက်လာသဖြင့် ဓာတ်လှေကား ထဲမှ ထွက်လိုက်ကြ၏။

"အဲဒီအမျိုးသမီးက ဘယ်အခန်းမှာလဲ ဆရာမ"

"222 မှာ ဘာလုပ်မလို့လဲ"

"ဒီတစ်ခါ ဆေးရုံမှာချိန်းတွေ့ရင် အမိဖမ်းမလို့"

"ဟဲ့ ဖိုးခွား မဟုတ်တရုတ်တွေ သွားမလုပ်နဲ့နော်၊ သူတို့အခန်းထဲမှာ သူတို့ဟာသူတို့ ဘာလုပ်လုပ် အဲဒါ သူတို့အခွင့်အရေး၊ ဆေးရုံ ပြဿနာ တက်နေဦးမယ်နော်"

"စိတ်ချပါဗျာ၊ အဲဒီလူနဲ့သူ တွဲလျှောက်လာတာမျိုး ကျွန်တော်နဲ့ ပက်ပင်းတွေ့ရင် ပြီးပြီ၊ ဘာမှလုပ်မှာမဟုတ်သလို ဘာမှလည်း ပြောမှာမဟုတ် ဘူး"

"အေး ဒါဆိုပြီးရော"

ဆရာမအေးသီနိုင် ဆေးစတိုခန်းထဲဝင်သွားသဖြင့် ဖိုးခွား သူ့နေရာ သူ ပြန်သွားရသည်။ ခေါင်းထဲမှာတော့ အတွေးတွေ ချာလပတ်ရမ်းနေ၏။

ပေရယ်က ညနေစောင်းမှစပြီး ညနက်သည်အထိ သီချင်းဆိုရသူ ဖြစ်သည်မို့ တကယ်တမ်း ဆေးရုံသို့လာလျှင် နေ့ခင်းပိုင်းတွင်သာ လာမည် ဟု ဖိုးခွား သုံးသပ်နေမိ၏။

နာရီကြည့်လိုက်တော့ နှစ်နာရီခွဲရှိနေပြီမို့ ဒီနေ့တော့ မလာနိုင် လောက်ဟု ယူဆရသည်။ ဤဆေးရုံကြီးအတွင်း ကုသမှုခံယူနေကြသည့်

www.burmeseclassic.com

www.burmeseclassic.com



ရွာစုံမှလူများအတွင်း ဖြစ်ပေါ်နေသောကိစ္စရပ်များက အရောင်အသွေး စောင်လွန်းလှသော ပန်းခင်းကြီးအလား တွေ့မြင်နေရ၏။

အဘိုးအို သူဌေးကြီးဦးဖေသန်းမိသားစု၏ အမွေကိစ္စ၊ 202 နှင့် 203 မှ လူနာစောင့်ကောင်လေးနှင့် ကောင်မလေးစုံတွဲ၊ 222 မှ မိန်းမသေခင် မားငယ်ကို ဆေးရုံခန်းထဲ ခေါ်သွင်းချိန်းတွေ့သောကိစ္စ စသည်ဖြင့် စောင်လွန်းလှ၏။

ဒါတောင် ဖိုးခွားနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော အပိုင်း သာ ရှိသေးသည်။ သူ မသိသောအကြောင်းအရာများ ရှိနေဦးမည်မှာ ချာသလောက်ပင် ဖြစ်၏။

ဖိုးခွားမှာ အလုပ်ကို စက်ရုပ်တစ်ရုပ်လိုလုပ်ရင်း အတွေးတွေနှင့် ကျုပ်နေရှာသည်။ ကိုယ့်အရေး ကိုယ့်ကိစ္စမဟုတ်ပါဘဲနှင့် သူများအပူတွေ ယ့်ဘောင်းဘီအိတ်ထဲ တကူးတကထည့်နေမိသော အဖြစ်ကိုလည်း နားမ ည်နိုင်တော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အောက်ဆီဂျင် ဝိပဿနာ

မိန်းမဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲဟု ဖိုးခွား တစ်ခါမှ သေသေ
ချာချာ တွေးမကြည့်ခဲ့ဖူးပါ။

ဦးစိုးမိုးပြောတော့ မိန်းမဆိုသည်မှာ မော်တော်ပီကယ်နှင့် တူ၏တဲ့
သူ၏အစိပ္ပာယ် ဖွင့်ဆိုချက်လည်း မှားသည်ဟု မဆိုနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သူ့မိန်းမသည် သူ့ရှေ့တွင်ရပ်၍ ခဏခဏ
လက်ဝါးဖြန့်သောကြောင့်ဖြစ်၏တဲ့။

ဆရာတော်ပြောတော့ မိန်းမဆိုတာ ပညတ်သာဖြစ်ပြီး တကယ်
တမ်းရှိသည်မှာ ရုပ်နှင့်နာမ် အစုအဖွဲ့သာ ဖြစ်၏တဲ့၊

အဖေပြောတော့ တစ်မျိုး။

မိန်းမဆိုတာ နှမနှင့်တူ၏တဲ့။ အဖေကတော့ ပြေအေးရှိမှာပေါ
မယားအပြား ခုနစ်ပါးရှိသည့်အနက်မှ နှမနှင့်တူသောမယားကို ရခဲ့ပေသည်
ကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားလည်း မိန်းမကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကြိုးစားကြည့်လျှင် ကောင်းလေမည်လားဟု တွေးမိ၏။

အဖြေက စဉ်းစား၍မရ။

အစိမ်းရောင်မြက်များကိုသာ စားပြီး အဖြူရောင်နွားနို့တွေ ဘာလို့ ထွက်လာသလဲဟု ကလေးအတွေးနှင့် မေးသည့် မေးခွန်းလို ဖြစ်နေသည်။

လောလောဆယ်တွင် ဖိုးခွားလုပ်လိုသည့်ဆန္ဒမှာ အောင်ဇော်အား သရယ်အကြောင်း အရိပ်အမြွက်လောက် ပြောပြထားလိုခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဆေးရုံမှ နာရီဝက်လောက်စောပြီး ပြန်လာခဲ့သော်လည်း အောင်ဇော့်ကို မမီလိုက်တော့။

ညစာအတွက် ထမင်းထချက်ရမှာလည်း ပျင်းသည်နှင့် ဆိုင်တွင် သွားစားရန်သာ ဆုံးဖြတ်ပြီး တီဗီထိုင်ကြည့်နေလိုက်၏။ ခုနစ်နာရီ ကိုးရီး ထားကားပြီးမှ ထမင်းထွက်စားခဲ့သည်။

ထမင်းစားပြီးပြန်တော့လည်း တစ်ယောက်တည်း အိမ်မှာနေရမည့် အရေးကို တွေးတွေးပြီး ပျင်းသည်နှင့် လက်ဖက်ရည်ဆိုင် ဆက်ထိုင်နေ လိုက်သည်။

လက်ဖက်ရည်ဆိုင်ထိုင်ပြီး ၅ စီးရီးမှပြသမျှကို ဒိုက်မျဉ်းကျသည် အထိ ကြည့်ခဲ့၏။

အိမ်ပြန်ရောက်တော့ ဆယ်နာရီခွဲနေပြီ။ တစ်နေကုန် ပင်ပန်းထား သဖြင့် အောင်ဇော်ကိုစောင့်ပြီး အကျိုးအကြောင်းပြောလိုသော်လည်း မဟန် နိုင်တော့သဖြင့် အခန်းထဲ ဝင်အိပ်လိုက်ရသည်။

သို့ဖြစ်၍ မနက်စောစောထပြီး အောင်ဇော်နှင့် စကားစမြည်ပြောရန် အားထုတ်ရ၏။

သို့သော် ဖိုးခွား အိမ်သာထဲကထွက်လာတော့ အောင်ဇော် အိမ် ပေါက်ဝ ရောက်နေချေပြီ။

''ဟေ့ကောင် စောစောစီးစီး ဘယ်လဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ အချစ်လေးနဲ့ ချိန်းထားလို့၊ ဘုရားသွားမယ်, လျှောက်လည်မယ်လေ၊ လူမမာနဲ့ ဓာတ်စာတွေ့မယ့်ပွဲ"

"ခဏနေပါဦးကွာ၊ ငါပြောစရာရှိလို့"

"မဖြစ်ဘူးကွ၊ အချိန်က ကပ်နေပြီ၊ နောက်ကျနေရင် အချစ်လေး စိတ်ဆိုးလိမ့်မယ်၊ နောက်မှ ပြောတော့၊ တာ့ တာ"

အောင်ဇော်က ပြောပြောပြေးပြေးဆိုသလို ဆင်းပြေးသွားသဖြင့် ဖိုးခွား စိတ်ဓာတ်ကျသွားရ၏။ ပိုးကိုက်သည့်ပန်းအား တရှိုက်မက်မက်နမ်းရှုံကြိုးစားနေသူအား မည်သို့တားဆီးရပါ့မလဲလေ။

ထိုပိုးကိုက်သည့်ပန်းက အပြင်ပန်းကြည့်ရုံနှင့် အနာအဆာကိုတွေ့ဖို့မလွယ်လှသည်ဖြစ်ရာ နမ်းလိုသူ၏အပြစ်တော့ မဟုတ်ဟုသာ ဖြေတွေးတွေးနေတော့မည်ထင်၏။

ကြိုတင်ကာကွယ်နိုင်သိမ့်ဆွေးနွေးမည့်အစီအစဉ် မဖြစ်မြောက်မှုတော့ စောင့်ကြည့်အကဲခတ်ရန်သာ ရှိတော့သည်။

✿

ဖိုးခွား ဆေးရုံရောက်တော့ ဦးစိုးမိုးနေရာတွင် စိုးအောင် တာဝန်ကျနေတာ တွေ့ရ၏။

စိုးအောင်နှင့်ဆိုလျှင် အတွဲညီ၍ သူသက်သာမည်မှန်း သိပြီး ဖိုးခွား ပျော်သွားသည်။

ပုံမှန်ပြုနေကျ လုပ်ငန်းဝန်ဆောင်မှုများကို စိုးအောင်နှင့်အတူ တက်ညီလက်ညီဆောင်ရွက်ရင်း ဖိုးခွား သူ၏နေ့သစ်ကို စတင်လိုက်၏။ ကြိုတင်ချိန်းဆိုထားကြသောလူနာများ သက်ဆိုင်ရာဆရာဝန်ကြီးများနှင့် အဆင်ပြေစွာတွေ့ဆုံခွင့်ရရှိစေရန် ကူညီလမ်းညွှန်ပေးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်နေစဉ်မှာပင်

ကားအကောင်းစားကြီးတစ်စီး ထိုးဆိုက်လာပြီး လွန်စွာ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းလှပသော မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။

ထိုမိန်းကလေးက ဆေးရုံအတွင်းပိုင်းကို လှမ်းကြည့်ရင်း မဝံ့မရဲဟန်၊ စိတ်ရှုပ်ဟန်တို့နှင့် တွေတွေလေး ရပ်နေရှာသည်။ တစ်စုံတစ်ယောက်ကို မေးမြန်းစုံစမ်းလိုဟန် ပေါက်နေသဖြင့် ဖိုးခွား အနားကပ်သွားကာ –

"ညီမလေး ဘာများကူညီပေးရမလဲ"

"ဪ အဟင်း ဟိုဒင်းလေ၊ စုံစမ်းစရာလေးရှိလို့ အဲဒါ"

မိန်းကလေးက ဖိုးခွား၏အသွင်အပြင်နှင့် ယူနီဖောင်းကို ခြုံငုံသုံးသပ်သလို တစ်ချက်ကြည့်ရင်း မပွင့်တပွင့် ပြော၏။

"ရပါတယ် ညီမလေး၊ ဘာများ သိချင်လို့ပါလဲ"

ဖိုးခွား၏ သွက်လက်ဖော်ရွေသော ဆက်ဆံမှုကြောင့် ကောင်မလေးအားတက်သွားဟန်နှင့် –

"ဒီမှာ ပလတ်စတစ်ဆာဂျရီ လုပ်ပေးတယ်ကြားလို့"

"ဟုတ်ကဲ့၊ လုပ်ပေးပါတယ် ညီမလေး"

ဖိုးခွားက ပြုံးရွှင်စွာဖြင့် သွက်သွက်လက်လက် ပြန်ဖြေရင်း ကောင်မလေးကို သေချာကြည့်လိုက်ရာ မေးစေ့တွင် အတော်ကြီးသော ဒဏ်ရာတစ်ခုကို မြင်လိုက်ရ၏။

ဘာကြောင့် လာစုံစမ်းရသလဲဆိုတာ သိသွားပြီး အားနာစိတ်ဖြင့် မျက်နှာလွှဲလိုက်ရသည်။

"ဒီမှာ ဘာတွေ လုပ်ပေးနိုင်လဲဟင်"

"အင်္ဂလိပ်လိုတော့ အတိအကျ မပြောတတ်ဘူး ညီမလေး ဒါပေမဲ့ လုပ်လို့ရတာတွေ အကုန်သိပါတယ်"

"ဘာတွေလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုညီမလေး၊ အပေါ်အောက် မျက်ရစ်ဖော်တာ၊ နှာတံပြုပြင်တာ၊ မေးစေ့ပြုပြင်တာ၊ မျက်နှာအရေပြားတင်းအောင် ပြုပြင်တာ၊ အမာရွတ် အမည်းစက်နဲ့ မှဲ့ဖျက်ပေးတာ၊ နောက်ပြီးတော့ အဲ ဟိုဒင်း ရင်သားအလှ ခွဲစိတ်ပြုပြင်တာ၊ အဆီပိုဖယ်ထုတ်တာတို့ လုပ်လို့ရပါတယ်၊ နောက်ထပ် ညီမလေးနဲ့မဆိုင်တဲ့ မွေးရာပါနှုတ်ခမ်းကွဲ၊အာခေါင်ကွဲတွေ ကုသပေးပါတယ်"

"ဩော် ဟုတ်လား၊ ဆရာဝန်က"

"ဆရာဝန်ကြီးက ဘန်ကောက် Christian ဆေးရုံကြီးက တာဝန် ခံခွဲစိတ်ဆရာဝန်ကြီးပါ။ ဘွဲ့က M.D, F.C.P.S (USA) ပါ ညီမလေး အာရှမှာတော့ နာမည်ကြီးပေါ့"

"အဟင်း ဆရာဝန်ကြီးရှိလား၊ တွေ့လို့ရမလား"

"ပြချင်ရင် တစ်လကြိုတင် ဘွတ်ကင်လုပ်ရတယ် ညီမလေး၊ သူက ထိုင်းအခြေစိုက် မဟုတ်လား၊ သွားလိုက်ပြန်လိုက်နဲ့ လူနာ ကြည့်ရတာလေ"

"ဩော် ဒီလိုကိုး၊ ကျေးဇူးပဲနော်"

မိန်းကလေးက ကားပေါ်ပြန်တက်ရန် ဟန်ပြင်လိုက်ရာ

"ခဏ ခဏလေး နော်"

ဖိုးခွားက တားထားလိုက်ပြီး ကောင်တာသို့ပြေးကာ ပလတ်စတစ် ဆာဂျရီနှင့် ပတ်သက်သမျှ လက်ကမ်းကြော်ငြာများပြေးယူပြီး ကောင်မ လေးအား ပေးလိုက်၏။

"ညီမလေးနဲ့ဆိုင်မယ့်အချက်အလက်တွေ ဒီလက်ကမ်းစာစောင် တွေထဲမှာ အကုန်ပါပါတယ်၊ ဆက်သွယ်ရမယ့်ဖုန်းက အစပေါ့"

"ဟုတ်ကဲ့၊ သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်၊ ဘိုင့်ဘိုင်"

မော်တော်ကားက လျှောခနဲ မောင်းထွက်သွားသည်။ ဖိုးခွားက သူ၏ဝန်ဆောင်မှုအတွက် ပီတိဖြစ်ရင်း ထွက်သွားသောကားကို လိုက်ကြည့် နေမိ၏။

"ဟေ့ကောင်၊ ကောင်မလေးဆီ ဘာပါသွားလို့လဲ၊ သိပ်မဝေးခင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တောင်းလေကွာ"

စိုးအောင်၏အရွှန်းစကားကြောင့် ဖိုးခွား သိသိသာသာပင် ပြုံးလိုက်ပါ၏။

"ပါစရာလားကွ၊ ပြီးပြည့်စုံအောင်လုပေမယ့် ပြစ်မျိုးမှုံ့မထင် အလုမျိုး ဟောက်လို့ သူ့အတွက် စိတ်မကောင်းဖြစ်မိတာပါ"

"အေးနော်၊ မေးစေ့ကဒဏ်ရာက အတော်ဆိုးနေတာ၊ ပြီးတော့ မင်း မတွေ့လို့၊ တံတောင်ဆစ်နဲ့ လက်ဖျံမှာလည်း ဒဏ်ရာတွေနဲ့"

"ဟော ဟုတ်လား၊ ဒါဆို အက်ဆီးဒင့်(န်) တစ်ခုခု ဖြစ်ခဲ့ပုံပဲ"

ထိုစဉ် နာစ့်မလေးတစ်ယောက် ရောက်လာကာ –

"ဖိုးခွား၊ နှင့်ကို S-15 က အဘိုးကြီးခေါ်နေတယ်"

"ဗျာ၊ ဟုတ်ကဲ့ဆရာမ"

ဘာကိစ္စများပါလိမ့်ဟုတွေးရင်း ဘကြီးဦးဖေသန်းထံ အပြေးအလွှား သွားရောက်ရပြန်၏။

"ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ အဘ"

"အောင်မယ်လေး မပြောချင်တော့ပါဘူးကွယ်၊ ဒီ ဂိလာန အဘိုးကြီးက အပြင်ထွက်ပြီး လေကောင်းလေသန့်ရှူချင်လို့တဲ့၊ အလကားပါ အောင်မလေးတွေ ကြည့်ချင်လို့ ဉာဏ်များနေတာ"

ခေါ်ရခြင်းအကြောင်းရင်းကို အဘွားကြီးက နောက်သလို ပြောင်သလိုနှင့် ပြောပြ၏။

"ဟုတ်လား အဘ"

"အေးကွာ၊ ဒီထဲမှာ လှောင်ပိတ်ခံထားရတာ ကြာပြီလေ၊ လောကကြီးနဲ့ အဆက်ပြတ်နေသလိုပဲ"

"ဒါဆို ဆေးရုံနောက်ဘက်က ကွက်လပ်ကို သွားမလား၊ ဆေးရုံ ခေါင်မိုးပေါ် တက်မလား"

"ခေါင်မိုးပေါ်ပဲ သွားကြတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် အဘ၊ ရွှေတိဂုံစေတီတော်ကိုလည်း ဖူးလို့ရတာ ပေါ့"

"အေး သွားကြရအောင်"

ဖိုးခွားက ဦးဖေသန်းအား ခုတင်ပေါ်မှပွေ့ချီ၍ ဝှီး(လ်)ချဲပေါ်သို့ ပြောင်းရွှေ့ထိုင်စေ၏။

"အပေါ်မှာ လေတိုက်တယ် အဘ၊ အနွေးထည်လေး ဝတ်ပြီး ဦးထုပ်ဆောင်းခဲ့ဦး"

ဖိုးခွား၏တောင်းဆိုမှုကို အဘွားကြီးက စုစုဆောင့်ဆောင့်နှင့် ဖြည့် ဆည်းပေးသည်။ အားလုံးပြီးစီးမှ ဝှီး(လ်)ချဲကို တွန်းရင်း ထွက်လာခဲ့ကြ၏။ ဦးစွာ ဓာတ်လှေကားဖြင့် ခေါင်မိုးထပ်ဆီ တက်လာကြသည်။

မိုးအုံ့နေသဖြင့် နေပူမပြင်းဘဲ ရာသီဥတု သာယာနေ၏။ လေ ညင်းနွဲ့က ညင်ညင်သာသာ တိုက်ခတ်နေသည်။

ဝှီး(လ်)ချဲကို မနှေးလွန်း မမြန်လွန်း ဖြည်းဖြည်းတွန်း၍ ခေါင်မိုးဝန်း တာ လက်ရန်းဆီ ခေါ်လာခဲ့၏။

အပေါ်စီးမှမြင်ရသော ရန်ကုန်သည် ဆယ့်ခြောက်နှစ် တစ်ရက် လျှာသော အပျို "မဒန်းမ" သို့ စိုရွှမ်းလှပနေသည်လေ။

ရွှေတိဂုံစေတီတော်ကို ရှင်းရှင်းလင်းလင်း မြင်ရသည့်နေရာတွင် ရပ်ပေးပြီး ဘီးကို lock ချထားလိုက်၏။

ဦးဖေသန်းက မြတ်ဘုရားရွှေတိဂုံအား ရည်မှန်းကြည်ညို ဖူးမြော် လျက်ရှိသည်။ အုံ့မှိုင်းမှိုင်းနေရောင်အောက်တွင် လေတဖြူးဖြူးနှင့်မို့ နေ ထိုင်ရတာ သက်သောင့်သက်သာ ရှိလှ၏။

ဆယ့်ငါးမိနစ်ခန့် ငြိမ်သက်စွာ ဘုရားအာရုံပြုပြီးနောက် ဦးဖေသန်း က ဝှီး(လ်)ချဲပေါ်မှာပင် အသက်ရှူလေ့ကျင့်ခန်း လုပ်နေ၏။

"အား ကောင်းလိုက်တာကွာ၊ အဆုတ်ထဲကို သွင်းပြီး အားရှိသွား သလိုပဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com


"အဘ သဘောကျရင် မနက်တိုင်း ကျွန်တော် လာခေါ်ပါ့မယ်"

"ကောင်းတာပေါ့ မောင်ရာ၊ ကျေးဇူးပါပဲ"

"မလိုပါဘူး အဘရယ်၊ ကျွန်တော့်မှာရှိတဲ့ လုပ်အားနဲ့ ဒါနပြုတာပဲဟာ"

"လုပ်အားဒါန, ကာယဒါနပေါ့၊ ဟုတ်လား မောင်ဖိုးခွား"

"ဆိုပါတော့ အဘရယ်"

"ဒါနဲ့ မောင်ဖိုးခွားက မိဘကျေးဇူးကို ရှိသမျှကုန်အောင် ကုန်းရုန်းပြုစုပြီး ဆပ်ခဲ့တာဆို"

"ဗျာ၊ အဘ ဘယ်လိုလုပ်သိလဲ"

"မင်းအဖေဆုံးခဲ့တဲ့ မြောက်ဥက္ကလာပဆေးရုံက ဒေါက်တာ အုပ်စိုးနိုင်ကို မှတ်မိသေးလား"

"ဟာ မှတ်မိတာပေါ့ အဘရာ၊ အဖေနဲ့အမေကို ကိုယ်ဖိရင်ဖိ ပြုစုကုသပေးတဲ့အပြင် ဒီမှာ အလုပ်သွင်းပေးခဲ့တဲ့ ကျွန်တော့်ကျေးဇူးရှင်ပဲဟာ၊ အခု အဲဒီဆရာဝန်ကြီးက ဒီဆေးရုံရောက်နေပြီလေ"

"အေး သူ့ကို အဘ ဆရာဝန်ဖြစ်အောင် ကျောင်းထားပေးခဲ့တာ၊ အားကိုးရပါတယ်ကွာ၊ ဒီမှာ အဘကို လိုလေသေးမရှိ စောင့်ရှောက်ပါတယ်၊ သူ့မျက်နှာကြောင့် ပါရဂူကြီးတွေဆိုတာလဲ ပျာလို့၊ မင်း မြင်တဲ့အတိုင်းပဲ"

"ဟုတ်ပါတယ် အဘ"

"အင်း မင်းကအစ အဘအပေါ် သူစိမ်းတွေအားလုံး ကောင်းကြပါတယ်"

"မဟုတ်တာ အဘရယ်"

"မင်းမသိပါဘူး မောင်ဖိုးခွားရာ၊ အင်း ခြေဖဝါး,လက်ဖဝါးပဲ ရှိတဲ့ လူကောင်းတွေကို ကူညီပံ့ပိုးပေးရင် လူတော်တွေ ဖြစ်လာတတ်တယ်ကွ၊ မွေးကတည်းက ရွှေဇွန်းကိုက်လာတဲ့ကောင်တွေက မိဘလုပ်ရာ နို့သက်ခံပြီး ကြာလေ ချာလေ ဖြစ်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားက အဘာ သူ့သားသမီးတွေကို ရည်ရွယ်ပြီးပြောနေတာမှန်းသိ၍ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်၏။

''ထားလိုက်ပါတော့၊ ဒါတွေပြောနေလည်း အလကားပါပဲ၊ အင်း အဘ ဒီဆေးရုံမှာ ရှိခဲ့တဲ့ကာလတစ်လျှောက် မင်းရဲ့ကူညီမှုတွေ, မရွံမရှာပြုစုစောင့်ရှောက်မှုတွေအတွက် ပြောမပြတတ်လောက်အောင် ကျေးဇူးတင်ပါတယ်၊ ကျေနပ်ပီတိလည်း ဖြစ်မိပါတယ်ကွာ''

''ဟုတ်ကဲ့ အဘ၊ ပီတိဖြစ်တော့ ကျွန်တော်လည်း ကုသိုလ်ရတာပေါ့ အဘရာ၊ ဒါ သံသရာအတွက် ရိက္ခာပဲ မဟုတ်လား''

''ဟုတ်တာပေါ့၊ မင်းက တရားသဘောလည်း တီးခေါက်မိသားပါလား၊ အံ့ဩစရာပဲ''

''ကျွန်တော့်အတွက်တော့ အံ့ဩစရာ မဟုတ်ပါဘူး၊ လူဆိုတာ လက်သည်းဆိတ်မှ လက်ထိပ်နာပြီး ကိုယ့်လက်ပူမှ ပူမှန်းသိကြတာကိုး၊ မိဘနှစ်ပါးစလုံး ဝေဒနာကိုခံစားရင်း အိုနာသေဘေးဆိုတာကြီးကို အနီးကပ်လက်တွေ့ပြသွားခဲ့ကြတာပါ''

''အား ဟုတ်တာပေါ့၊ ဒီ့ထက်ကောင်းတဲ့ ''ဖြစ်ပျက်တရား'' ဘယ်မှာရှိတော့မှာတုံး''

''ပြီးတော့ ကျွန်တော့်လို ဆေးရုံအောက်ခြေဝန်ထမ်းတစ်ယောက်အတွက် မသာ အသုဘ အလောင်းကောင်တွေနဲ့ အမြဲလို ထိတွေ့ပတ်သက်နေရတော့ ဖြစ်တည်မှုရဲ့ တန်ဖိုးမဲ့မှု, အနှစ်သာရမဲ့မှုကို သူများတွေထက် ပိုသိပါတယ် အဘ''

''ဟား ဟုတ်လိုက်လေကွာ၊ ဆက်ပါဦး၊ မင်းရဲ့အတွေ့အကြုံတွေ''

''သေခြင်းတရားဟာ ကျွန်တော်နဲ့လက်တစ်ကမ်းအကွာမှာ ရှိပြီး ကျွန်တော့်ကို အမြဲသတိပေးနေတယ်၊ အိုနာသေဆိုပြီး အစဉ်အတိုင်း, သဘာဝနိယာမအတိုင်းပဲ သေမယ်လို့ ဘယ်သူမှ အာမခံနိုင်ပါဘူး၊ မအိုသေးဘဲ, မနာသေးဘဲနဲ့ သေသွားကြတာတွေလည်း တစ်ပုံကြီးပါပဲ''

www.burmeseclassic.com



"ဟုတ်တာပေါ့ကွာ"

"ကျွန်တော့်မျက်မြင်အရဆိုရင် ဘယ်လောက်ချမ်းသာတဲ့သူပဲ ဖြစ်ဖြစ် နောက်ဆုံးမှာ တော်ပြီးသေရတာယ်ဆိုတာပါပဲ"

"ဘယ်လို ဘယ်လို"

"ဒီဆေးရုံမှာ ဟိုလူနာတော့ အံစားမဝင်တော့ဘူးဆိုတဲ့ စကား ခဏခဏကြားနေရတယ်လေ၊ ရောဂါကြီးလို့ ဝေဒနာအပြင်းအထန် ခံစားနေရပြီဆိုရင် သူဌေးကြီးလည်း ဘာမှမစားနိုင်တော့သလို ဆင်းရဲသားလည်း ပါးစပ်ထဲ ဘာမှ မထည့်နိုင်တော့ပါဘူး"

"ဟုတ်လိုက်လေကွာ"

"ဒါကြောင့် နှာခေါင်းက ပိုက်တပ်ပြီး အစာအိမ်ထဲ တိုက်ရိုက် ပိုက်နဲ့သွင်းပြီး အသက်ဆက်ပေးရတာပေါ့။ ဒါ တဖြည်းဖြည်းနဲ့ တော်သေတာပဲ မဟုတ်လား"

"မှန်ပါတယ် မောင်ဖိုးခွား"

"သေခြင်းတရားဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အပ်တစ်နှုတ် အတွင်းမှာ ဖြစ်ပျက်နေတဲ့ တကယ့်အမှန်တရားကြီးပါ"

"ဟား ဟား ဟား။ ဘာတဲ့၊ အပ်တစ်နှုတ် ဟုတ်လား၊ သေခြင်းတရားရဲ့ မြန်နှုန်းအတွက် ဆေးရုံသုံးစကားလုံးပေါ့"

"ဟုတ်ပါတယ် အဘ၊ ငါ ငယ်သေးလို့ မသေနိုင်သေးဘူးဆိုပြီး သေခြင်းတရားကို မေ့တတ်သူတွေသာ များတာမဟုတ်လား။ ကျွန်တော်ကတော့ သေခြင်းတရားက ကပ်ခွစီးနေတယ်လို့ အမြဲမှတ်ယူထားတဲ့သူပါ"

"မှန်တာပေါ့ မောင်ဖိုးခွား။ လူဆိုတဲ့သတ္တဝါဟာလည်း အခြားတိရစ္ဆာန်, သတ္တဝါတွေလိုပဲ ဇာတိနဲ့ မရဏကြားက ခရီးသွားတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"အဘကတော့ မျက်စိတစ်မှိတ်အတွင်း သေခြင်းဆီသွားဖို့ အသင့်

www.burmeseclassic.com



ဖြစ်နေပါပြီ၊ ငါသေရင် ငါနဲ့အတူ လိုက်သေကြမှာ မဟုတ်တဲ့ ငါ့မိသားစု အတွက်လည်း လုံလောက်အောင် ရှာဖွေပေးခဲ့ပြီးပြီ၊ ကုသိုလ်တွေအများကြီး ပြုခဲ့ပြီးသလို အကုသိုလ်တွေလည်း စုံခဲ့ပြီ၊ နောက်ဆုံးမှာတော့ အောက်ဆီ ဂျင်ဝိပဿနာနဲ့ သေဖို့အဆင်သင့်ဖြစ်နေပါပြီ''

''ဗျာ၊ အောက်ဆီဂျင် ဝိပဿနာဟုတ်လား''

''အေးလေ၊ ငါ အခန်းထဲမှာနေရင် အမြဲလို အောက်ဆီဂျင် ရှူနေရ တာမဟုတ်လား၊ ဝိပဿနာဆိုတာ ဝင်လေထွက်လေမှတ်ရတဲ့ အာနာပါန ကမ္မဋ္ဌာန်းပဲဆိုတော့ ငါမှတ်နေတဲ့ ဝင်လေထွက်လေဟာ အောက်ဆီဂျင် ဝိပဿနာပဲပေါ့ကွာ''

''ဟား ဟား ဟား ဟား၊ ဟုတ်လိုက်လေ အဘရာ၊ အောက်ဆီ ဂျင်ဝိပဿနာရှုတဲ့ အဘကို မရဏမင်းခေါ်သွားရင်တောင် အိုဖုန်းလွှာကို ဖြတ်သန်းပြီး နတ်နန်းကို တန်းပြီးရောက်မှာဗျ''

''ဟား ဟား ဟား ဟား၊ ဟုတ်ပြီးရင်းကို ဟုတ်နေပါလား ဖိုးခွားရာ၊ ကိုင်း ဒီလောက်သေချာမှဖြင့် ကမ်းမွန်လက်စ်ဂိုးတူ တာဝတိံသာ နတ်ပြည် သွားစို့ဟေ့၊ ဟား ဟား ဟား''

ထိုအခိုက်တွင်

ဦးဖေသန်း၏ဇနီးနှင့် တိုက်ပုံအမည်းဝတ် ပုဂ္ဂိုလ်တစ်ယောက် ခေါင်းမိုးပေါ် လိုက်လာကြသည်။

''ကိုဖေသန်းရေ၊ ဒီမှာလေ ကိုသာခွန်းအောင် ရောက်လာပြီ''

အဘရော ဖိုးခွားပါ လှည့်ကြည့်လိုက်ကြ၏။ မျှော်လင့်ချက်များနှင့် အားတက်သရော ဖြစ်နေသော အဘွားကြီးအမူအရာက သိသာလွန်းနေ သည်။

''အစ်ကိုကြီး နေသာတယ်နော်၊ မျက်နှာကတော့ လန်းနေတာပဲ''

''နေကောင်းပါတယ် ရှေ့နေကြီးရယ်၊ နေကောင်းလို့လည်း မောင် ရင့်ကိုတွေ့ဖို့ ခေါ်လိုက်ရတာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော်လည်း အချိန်ပေးပြီးလာခဲ့တာပဲ မဟုတ်လား။ ကဲ ပြော၊ ဘာတွေဆောင်ရွက်ပေးရမလဲ"

"ပြောစရာတွေတော့ အများကြီးပေါ့ ရှေ့နေကြီးရယ်၊ ပထမဆုံး အနေနဲ့ လှည်းလေးကို တွန်းပြီး သူတို့နဲ့ဝေးရာကို ခေါ်သွားပေးပါ၊ အဲဒီမှာ စကားပြောကြမယ်"

ဦးဖေသန်းက သူ့ဖနီးကို ညွှန်ပြပြောဆိုသဖြင့် ရှေ့နေကြီးမှာ အားတုံ့အားနာပြုံးရင်း ဝှီး(လ်)ချဲကို ဆွဲယူ၏။ မရ။

"ဘရိတ်ဖြုတ်လိုက်မှ တွန်းလို့ရမှာပါ ဆရာ"

"အော် ဟုတ်လား"

ရှေ့နေကြီးက ဘရိတ်ကိုဖြုတ်ပြီး ဝှီး(လ်)ချဲကို ဆွဲယူသည်။ အဆင်ပြေသွားသဖြင့် ဖိုးခွားအား လှည့်၍ ပြုံးပြ၏။

ဦးဖေသန်းက –

"ဖိုးခွား စောင့်နေနော်၊ အဘကို မင်းပဲ ပြန်ပို့ပေးရမှာ"

"ဟုတ်ကဲ့ အဘ"

ရှေ့နေကြီး ဝှီး(လ်)ချဲကို တွန်းယူသွားပြီး ခပ်လှမ်းလှမ်းဆီ ရောက်မှ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ဆွေးနွေးညှိနှိုင်းနေကြ၏။

"အောင်မယ်လေး လင်မယားချင်းတောင် အသိမပေးနိုင်တော့ဘူး တဲ့လား။ ဘယ်လောက်ဆန်းပြားတဲ့ သေတမ်းစာမို့လဲ၊ တော်ပြီ၊ ခြေညောင်း ခံပြီး မျှော်မနေနိုင်ဘူး၊ အခန်းကပဲ ပြန်စောင့်မယ်"

"ဟုတ်ကဲ့"

အဘွားကြီးက မကျေမနပ်ပြောဆိုရင်း စူစူဆောင့်ဆောင့်နှင့် ပြန် သွား၏။ လောဘနှင့်လောင်မြိုက်နေသော ထိုအဘွားကြီး၏စိတ်ကို မြင် လိုက်ရသည့် ဖိုးခွား သက်ပြင်းကိုသာချလိုက်မိသည်။

အများစုက မရှိဒုက္ခကြောင့် စိုးရိမ်ကြောင့်ကြနေရချိန်တွင် ဦးဖေ သန်းမိသားစုမှာတော့ ရှိဒုက္ခကြောင့် စိတ်ရှုပ်ထွေးပူပန်နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကံကြောင့် စံစားခံစားနေကြရသော စည်းစိမ်ဥစ္စာအရှိန်နှင့် ပစ္စုပ္ပန်တွင် မာန်တက်ပြီး သေခြင်းတရားကိုမေ့နေကြသူများအတွက် ဖိုးခွား စိတ်ပူနေမိသည်။ ဥစ္စာဟူသည် မျက်လှည့်မျိုး ဆိုရိုးကို မယုံကြည်ကြဘူး လားမသိ။

သေလျှင် ကိုယ့်နောက်မပါမည့် စည်းစိမ်အတွက် မိသားစုအတွင်း တွင်ပင် မုန်တိုင်းဆင်နေကြသည်။

ဦးဖေသန်းနှင့် ရွှေနေကြီး စကားပြောကြတာ နာရီဝက်လောက် အကြာတွင် နှစ်ယောက်လုံး ဖိုးခွားအနီး ပြန်ရောက်လာ၏။

အခက်ခဲ အပင်ပန်းဆုံး စာရင်းရှင်းတမ်းကို စီစဉ်လိုက်ရသဖြင့် ဦးဖေသန်း နွမ်းနယ်နေပုံရသည်။

"ကိုင်း မောင်သာဒွန်းအောင်ရေ ကျုပ်ပြောတဲ့အတိုင်းသာ အတိအကျ အမွေခွဲပေးပါ၊ တရားဝင်ဖြစ်အောင် အမြန်ဆုံးလုပ်ပေးပါ"

"စိတ်ချပါ အစ်ကိုကြီး၊ ဒါပေမဲ့ တစ်ပတ်လောက်တော့ အချိန်ပေး ရမယ်နော်၊ လုပ်ရမှာတွေက အများကြီး"

"တစ်ပတ် အင်း မောင်ဖိုးခွားရေ အဘ နောက်တစ်ပတ်လောက်ထိ အသက်ရှင်ဦးမယ်လို့ မင်းထင်သလား"

"ဗျာ ဟာ အဘကလည်း တစ်ပတ်ဘယ်ကမလဲဗျ၊ အနည်းဆုံး အသက်ရှစ်ဆယ်ပြည့်မွေးနေ့ ကျင်းပရဦးမှာ အသေအချာပဲ ဥစ္စာ"

"ဟား ဟား ဟား၊ ဖိုးခွား ဖိုးခွား မင်းကတော့ ကျရာဘဝမှာ ပျော်အောင်နေပြီး အကောင်းမြင်ဝါဒနဲ့ အသားကျနေတဲ့ကောင်ကိုးကွ၊ အေး အေး မင်းပြောသလိုဖြစ်ဖို့ လောလောဆယ် အဘ အနားယူမှ ဖြစ်တော့ မယ်ကွ"

"ဟုတ်ကဲ့အဘ၊ ကျွန်တော် ပြန်ပို့ပေးပါ့မယ်"

ရော်ရွက်ဝါလို ကြွေလုလု အဘိုးအိုအား ပြန်ခေါ်လာခဲ့ပြီး S-15 တွင် သက်သောင့်သက်သာ နားနေနိုင်ရန် ပြင်ဆင်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ရွှေနေကြီးလည်း နှုတ်ဆက်ပြန်သွားခဲ့ပြီ။ ဖိုးခွားက အဘအား အောက်ဆီဂျင်ပိုက် ပြန်တပ်ပေးသည်။ အဲကွန်းကို အလျော့တော် ချိန်ပေးပြီး စောင်ပါးလေးတစ်ထည်ခြုံပေးလိုက်၏။

အဘွားကြီးက အဖော်တစ်ယောက်နှင့် ပိုကာကမ္ဗဋ္ဌာန်း ရှုနေချေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သေခြင်းတရားနှင့် ဇတိုခန်းမှချစ်ပုံပြင်

ဆွေမျိုးဉစ္စာ အတတ်ပညာ၊ ခန္ဓာနှုတ်ထားခဲ့ရမည်။
ကိုယ်တိုင်ပြုထား ကောင်းမှုများမှ ဆက်၍ပါ၊
ပိုင်တာ ယူသွားကြရမည်။
မပိုင်တာဖျက်၊ ပိုင်တာဆက်၊ ဟိုဘက်ဘဝ သွားရမည်။
သူနိုးမလု ကုသိုလ်စု ကောင်းမှုကိုယ်ပိုင်သည်။
ကုသိုလ် ရွှေအိုး လူမခိုး၊ ကောင်းကျိုးရဖို့ သေချာပြီ။

ဘဝပြတ်အောင် အားမထုတ်နိုင်သေးသူအတွက် သေခါနီးမှာ တမလွန်ဘဝကူးကောင်းဖို့ အလွန်အရေးကြီး၏။

သေမည့်အချိန် ကြိုသိလျှင်တော့ ဘဝကူးကောင်းစေရန် ပိဋ်တိုင်းကျ ကြိုတင်ပြင်ဆင်နိုင်မည် ဖြစ်သည်။

သေရမည့်အချိန်ကို ကြိုသိလိုလျှင် အာနာပါန သတိပဋ္ဌာန်တရား

www.burmeseclassic.com

www.burmeseclassic.com



အား မပျက်မကွက် ပွားများအားထုတ်နေရမည့်ဖြစ်သည်။

နာရေးယင်တောင်မှ စာရင်းများကိုဖတ်ပြီး ဖိုးခွား ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

"အင်း အဘဦးဖေသန်း အောက်ဆီဂျင်ဝိပဿနာကို မှန်မှန်မှ ရှုခဲ့လား မသိဘူး"

ရော်ရှက်ဝါအဘိုးအိုအတွက် ပူပန်စိတ်နှင့် ဖိုးခွား နေမထိထိုင်မသာဖြစ်နေဆဲမှာပင် တာဝန်ခံရောက်လာပြီး -

"ဖိုးခွားရေ ရော့ ဒီစာရွက်စာတန်းတွေ ယူပြီး မွေးကင်းစ ကလေးဆော်ဒီတစ်ခု မြောက်ဥက္ကလာ ဆေးတက္ကသိုလ် (၂) ကို သွားပို့ပေး"

"ဗျာ"

"မိသားစုက အလောင်းကိုလှူထားတယ်ကွ"

"ဩော် ဟုတ်ကဲ့"

ဖိုးခွား စာရွက်စာတန်းများယူပြီး ဆေးရုံနောက်ဘက်သို့ ထွက်လာခဲ့၏။ လူနာတင်ယာဉ်ပေါ်တွင် နီတာရဲဘော်ဒီက ရောက်နေပြီ။ ကလေးအမေနှင့် အဘွားဖြစ်ဟန်တူသူတို့က သံယောဇဉ်တွယ်ခွင့်မရခင် လောကထဲမှ ထွက်ခွာသွားသော ဆွေမျိုးတော်သူပုဂ္ဂိုလ်လေးအား မယုံနိုင်သလို ငေးကြည့်နေကြ၏။

"ဘယ်သူလိုက်ဦးမလဲ ခင်ဗျ"

"ကျွန်တော် လိုက်မှာပါ"

ကလေးအဖေ ဖြစ်ဟန်တူသူက အဖြေပေးသည်။

"ဒါဆို ကားရှေ့ခန်းက လိုက်ပါ"

အားလုံးနေရာယူပြီးသည်နှင့် ကားစထွက်ခဲ့၏။ ဖိုးခွားက ကလေးဆော်ဒီကို ထိန်းရင်း ကားနောက်ခန်းမှ လိုက်လာခဲ့သည်။

သေချင်းတရားက ရက်သားကလေးကိုပင် အလွတ်မပေးသော မျက်မြင်တွေ့လိုက်ရသဖြင့် ဖိုးခွား အတော်လန့်သွား၏။ အမှည့်တွေ ဝင်းဝင်း အကင်း

www.burmeseclassic.com

www.burmeseclassic.com


တဖြိုက်ဖြိုက်ဆိုတာ အမှန်တရားဖြစ်ကြောင်း ဆင်ခြင်မိသည်။

နို့စို့ခွင့်လေးမှ ပြည့်ပြည့်ဝဝ မရလိုက်ဘဲ နောက်ဘဝအသစ်သို့ ပြောင်းသွားရသည့် ကလေးငယ်မှာ ဝေဒနာကို ရှုမှတ်နိုင်စွမ်းမရှိသေးသဖြင့် သံသရာလည်မှာကတော့ အသေအချာပင်။

နောက်ဘဝမှာ နောက်ခန္ဓာအသစ်နှင့် ဒုက္ခကို ကန်ထရိုက်ဆွဲပေတော့မည်။

မြောက်ဥက္ကလာဆေးတက္ကသိုလ်ရောက်သောအခါ နီတာရဲလေး တာဝန်ကျသူထံ လွှဲပြောင်းပေးအပ်လိုက်၏။ ဘော်ဒီကို လွှဲပြောင်းရယူပြီး ဆေးစိမ်ကာ အနာဂတ်ဆရာဝန်လောင်းများအား လေ့လာစေကြမည်ဖြစ် သည်။

ဤဒါနသည် လောကုတ္တရာအတွက် မည်သို့မည်ပုံ အထောက်အကူ ပြုမည် မသိသော်လည်း လောကီလူသားများ အတတ်ပညာ၊ အသိပညာ တိုးစေရန်အတွက် သေချာပေါက် အထောက်အကူပြုနိုင်ပေသည်။

ကိစ္စအဝဝပြီးသောအခါ ကလေးအဖေက လက်ဖက်ရည်ဖြင့် ဧည့်ခံ ၏။

ကြေကွဲငိုလွမ်းနေသော ထိုသူအား လောကဝတ်အရ စကားစမြည် ပြောရသည်။

"ကလေးက ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲဗျ"

"မွေးရာပါ နှလုံးရောဂါတဲ့၊ အသက်မှ ကောင်းကောင်းမရှူနိုင်တာ"

"ဩော် သနားစရာဗျာ"

ယာဉ်မောင်း ဦးခင်အောင်ကလည်း ဖြေသိမ့်စကား ဝင်ပြော၏။

"ဘာမှမသိခင်, သံယောဇဉ်မတွယ်ခင် ထွက်သွားတော့ အရွယ် ရောက်မှ ခွဲသွားတာထက်စာရင် တော်သေးတာပေါ့ဗျာ"

"ဒီလိုဖြေလို့ရရင် ကောင်းမှာပေါ့ဗျာ၊ ဒါပေမဲ့ နှစ်ကိုးပဲ တွေးပွေ့ ရလိုက်တဲ့ အမှတ်တရတွေကလည်း မေ့ပစ်ဖို့ မလွယ်လှပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ၊ ကိုယ့်သွေးသားပဲကိုး"

"သူ့အမေတော့ လူးလိမ့်နေတာပဲ၊ ဗိုက်ထဲမှာ ကိုးလလောက်ရှင်း ...ခဲ့တာ မဟုတ်လား"

"ဟုတ်တာပေါ့၊ အမေ မဟုတ်လား။ ပိုခံစားရမှာပေါ့"

"ကျွန်တော်တို့အတွက် သားဦးဆိုတော့ နှစ်ယောက်စလုံး ခံစားရတာ ...ဗျာ"

"ခင်ဗျားတို့ ငယ်ပါသေးတယ်ဗျာ၊ နောက်ထပ် သားသမီး ရဦးမှာ ..."

"ဟုတ်ကဲ့၊ အဲလိုပဲ ဖြေတွေးနေရတာပါပဲ၊ ကံပါလာရင် သားသမီး ...နာဆိုတာ ရလာဦးမှာပါဆိုပြီးတော့လေ"

အမှတ်တရဖြစ်အောင် ဘာမှ လုပ်ဆောင်ပေးမသွားနိုင်ခဲ့သော ...လေးအတွက်ပင် မချိမဆံ့ ခံစားနေရသည့် မိဘမေတ္တာကို မျက်ဝါးထင်ထင် ...င်လိုက်ရ၍ တမလွန်မှမိဘများကို ဖိုးခွား သတိရသွားရ၏။

အဖေအမေတို့အတွက် တတ်အားသမျှ ကုသိုလ်ဒါနပြုရဦးမည်ဟု ...တ်ထဲ တေးထားမိသည်။

✿

ဆေးရုံပြန်ရောက်တော့ စိတ်ပူစရာ သတင်းစကားကြားရ၏။

"ဟဲ့ ဖိုးခွား၊ နင့်အဘ အမောဖောက်နေလို့တဲ့"

"ဗျာ ဘယ်သူလဲ"

"S-15 က ဦးဖေသန်းလေ"

"ဟင် ဟုတ်လား။ ဘယ်လိုဖြစ်သွားရတာလဲဗျာ"

"နလုံးဖောက်တာပဲပေါ့၊ ဟိုတစ်ခါလည်း ရှော့ခ်ရိုက်ထားရတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

သတင်းပေးသောနာ့စ်လေးကိုပင် နှုတ်မဆက်အားဘဲ ဖိုးခွား ...
15 သို့ အပြေးအလွှား ရောက်သွားသည်။

ဒေါက်တာအုပ်စိုးပိုင်၊ ဆရာဝန်ပေါက်စနစ်ယောက်နှင့် နာ့စ်မျာ...
ဝိုင်းဝန်းပြုစုကုသနေကြသည့်မြင်ကွင်းကို တွေ့ရ၏။ နှလုံးက ကောင်းကော...
အလုပ်မလုပ်ရသည့်အထဲ ချွဲသလိပ်ထနေသဖြင့် ချွဲစုပ်စက်အသုံးပြုနေတာ...
တွေ့နေရသည်။

အဘမှာ မျက်လုံးပင် မဖွင့်နိုင်တော့။ မလှုပ်ရှားနိုင်တော့၊ ဆရာဝ...
များ ပြုစုသမျှ ငြိမ်ခံနေရှာ၏။

သူဌေးကတော် အဘွားကြီးက သတင်းလာမေးသော ဧည့်သည်...
များအား ဧည့်ခံနေသည်။

သူလုပ်ပေးနိုင်တာ ဘာမှမရှိသဖြင့် ဖိုးခွားပြန်လာခဲ့သည်။ ကိုယ်...
အလုပ်ကိုယ်လုပ်ရင်း သတင်းကိုသာ နားစွင့်ရသည်။ ဖိုးခွားဘဝကတော...
အထွေထွေလုပ်သားဆိုသည့်အတိုင်း ဂျိုကာတစ်လုံးလို လိုရာသုံးခံရ၏...

အခုလည်း ဆေးသိုလှောင်သည့်စတိုခန်းကို ရှင်းလင်းဖို့ တာဝ...
ကျပြန်ပြီ။ သူတို့ပေးသရွေ့ လစာယူထားတော့ ခိုင်းသမျှ ပြန်လုပ်ပေး...
ရသည်။

ဆေးထည့်သည့် ဂျပ်ဘူးခွံအဟောင်းများ၊ ပုလင်းခွံများ အခြ...
အမှိုက်သရိုက်များကို ရွေးထုတ်ဖယ်ရှားစုပုံထားပြီး နောက်ထပ်ရောက်လာ...
မည့် ဆေးပစ္စည်းများတင်ရန် သစ်သားစင်များကို ရှင်းလင်းရသည်။ တစ်နာ...
လောက်လုပ်ပြီးသောအခါ အတန်ငယ် သပ်ရပ်သန့်ရှင်းသွားပြီဖြစ်၍ ...
ထိုင်နားနေလိုက်၏။

ထိုအခိုက် တဖျတ်ဖျတ်နှင့်ခြေသံများကြားရသည်။ စိုးအောင်...
ကူညီဖို့ရောက်လာသည်အထင်နှင့် နောက်ပြောင်ရန် ငြိမ်ပြီးပုန်းနေလိုက်...

''မောင်. ရှင်းပြပါရစေ သဇင်ရယ်''

www.burmeseclassic.com

www.burmeseclassic.com



"အို ဘာမှ ရှင်းပြမနေပါနဲ့"

"မဟုတ်သေးဘူး သဇင်၊ ဒီကိစ္စ သဇင်သက်သက် အထင်လွဲတာ"

"စားသောက်ဆိုင်ထဲ နှစ်ယောက်အတူတွဲဝင်သွားတာကို သဇင့်မျက်နဲ့ အသေအချာမြင်တာပါ၊ ဒါတောင် ငြင်းချင်သေးလား"

"အဲဒါ ပါရဂူကြီးက ဟော့ပေါ့(တ်) စားချင်တယ်ဆိုလို့ သွားဝယ်တာ၊ မောင်နဲ့နန်စီက ပါရဂူကြီးလက်အောက်မှာ ခွဲစိတ်မှုကို အနီးကပ်လာနေရတာမဟုတ်လား၊ ပါတနာတွေမို့ အတူသွား အတူလာတာကပြီး ဘယ်လိုပတ်သက်မှုမှ မရှိဘူးသဇင်"

"မောင် တကယ်ပြောတာလား"

"တကယ်ပါ၊ သဇင်မယုံရင် နန်စီ့ကို ခေါ်ပြီးရှင်းမလား"

"အဲလိုတော့ မလုပ်ပါနဲ့၊ နေ့တိုင်းတွေ့နေရတာ မျက်နှာပူစရာကြီးင်ရယ်"

ကြားလိုက်ရသော အပြန်အလှန်စကားပြောသံများကြောင့် ဖိုးခွားလုံးပြူးကာ ကိုယ့်ပါးစပ်ကိုယ်ပိတ်ထားလိုက်ရ၏။ ဒီအသံတွေကို သူကြားသည်။

အလုပ်ဝင်ခါစ ဆရာဝန်ဇော်ဝင်းမောင်နှင့် ခွဲစိတ်မှုကျွမ်းကျင်ကြီးတန်းဝန်ထမ်း မေသဇင်တို့ပဲ ဖြစ်၏။

သူတို့နှစ်ဦး၏ ဆက်နွယ်ယှက်သွယ်မှုများကို နားနှင့်ဆတ်ဆတ်ားလိုက်ရတော့ စိတ်ထဲ ရှိုးတိုးရှုတဖြစ်ပြီး မျက်ဝါးထင်ထင် မြင်ချင်တွေ့လာသည်၊ နှစ်ဦးစလုံးက အခန်းထဲ ဘယ်သူမှမရှိဘူးအထင်နှင့် ဝင်လာပြီးကိုယ်ကြား နှစ်နားဖြေရှင်းနေကြခြင်းပင်။

အသံများတိတ်သွား၍ ထွက်သွားကြပြီလား သိချင်စိတ်နှင့် ဆေးစင် အကာအကွယ်ယူပြီး ချောင်းကြည့်လိုက်သည်။

"ဗုဒ္ဓေါ"

အသံတိတ်သွားသည်မှာ အသံမထွက်နိုင်သေး၍သာဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွား ကောင်းကောင်းသိလိုက်ရ၏။ ဆရာဝန်၏နှုတ်ခမ်းက မေသဇင်၏ နှုတ်ဖျားများ မဟနိုင်အောင် ပိတ်ထားတာမြင်ရသည်။

လူအရှင်လတ်လတ်တို့ ဤသို့ ဖက်လှဲတကင်း ပူးကပ်၍ နမ်းရှုံ့နေခြင်းမျိုး ဖိုးခွားတစ်ခါမှ မမြင်ဖူးခဲ့။ နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများထဲတွင်သာ မြင်တွေ့ဖူးသူဖြစ်ရာ ရင်ခုန်သံတွေ ဗလုံဗထွေးဖြစ်သွားသည်။

ချစ်သူ၏ အထင်အမြင်လွဲမှားမှုကို အထိအတွေ့နှင့် ဖမ်းစားကာ ဖြေရှင်းနေသော ဆရာဝန်လေး၏ အချစ်မော်ဝင်ပညာစွမ်းကို အံ့မခန်း လေးစားသွားရတော့သည်။

မေသဇင်မှာ ဆရာဝန်လေး၏ နှုတ်ခမ်းသိုင်းပညာစွမ်းကို မယှဉ်နိုင်သလို ပျော့ခွေညွတ်ကျသွားကာ ဒူးထောက်အရှုံးပေးလိုက်ရ၏။

နှစ်ယောက်စလုံး၏ အဆုတ်များထဲမှ အောက်ဆီဂျင်ကုန်လုနီးမတတ်နိုင်တော့သလို လက်လျှော့ပြီးမှ လေကို အငမ်းမရ ရှူရှိုက်နေကြသည်။

သူတို့ကိုကြည့်ပြီး ဖိုးခွားပါ မောလို့။

ဤဘာသာရပ်၌ ကျွမ်းကျင်နှံ့စပ်ပုံရသော ဆရာဝန်လေး၏ အသံတိတ် ချော့မြူမှုအောက်တွင် မေသဇင်သာယာပြီး အထင်လွဲမှုကို ရပ်တန့်ကာ ချစ်သူအား ခွင့်လွှတ်လိုက်ပြီထင့်။

“မောင်က ဒီဆေးရုံမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါ၊ ဂုဏ်ငြိမတူတဲ့ သဇင့်ကို ကြောရရုံကြံသွားမှာလားမောင်”

“ဘယ်လိုပြောလိုက်တာလဲ သဇင်ရယ်၊ သဇင်ကလွဲပြီး ဘယ်သူ့ကိုမောင်က အရေးပေးနေရဦးမှာလဲ၊ မောင့်ရင်ထဲမှာ သဇင်တစ်ယောက်သည်းအဲဒါ ကမ္ဘာတည်သရွေ့ ပြောင်းလဲမှာမဟုတ်တဲ့ အမှန်တရားပါ”

ဆရာဝန်လေးသည် ဆေးကုရာတွင်သာမက စကားပြောရာ၌လည်း ကျွမ်းကျင်လိမ္မာပုံရ၏။ လန်းလန်းဆန်းဆန်း တော်ကီများကိုလည်း ဆန်းမြန်းတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကို ယုံကြည်သွားပုံရသော မေသဖင့်မျက်နှာလေးမှာ င်းပရွှန်းမြနေ၏။ သူတို့နှစ်ဦးကြားက ပြဿနာအတိမ်အနက်ကို သေချာ ယနတ မသိသော်လည်း ဤမျှလောက်နှင့် မကျေအေးသင့်ကြောင်းတော့ ိုးခွားသိနေသည်။

ဒါ ယုံလွယ်သော မိန်းမတို့၏ အားနည်းချက်ပဲ ဖြစ်မည်။ တကယ်ဆို ကိုယ်က ဓာတ်မှန်စပယ်ရှယ်လစ်မဟုတ်လား။ ဆရာဝန်လေး၏ ရင်ခေါင်းကို ဓာတ်မှန်ရိုက်၍ သေချာအောင် စစ်ဆေးသင့်သည်။

ဆရာဝန်လေးပြောသည့်စကားများကို ဓာတ်ခွဲခန်းပို့၍ လိမ်ညာ မှုရောဂါပြင်းအားနှင့် မှသားပိုးကောင်ရေကို ရေတွက်ကြည့်သင့်သည်။

ယခုတော့ ယုံလွယ်၊ ကျေအေးလွယ်၊ ခွင့်လွှတ်လွယ်သော မေသဖင့် သဘောကို သူ အားမရ။ သူတို့ပြဿနာထဲတွင် ပါဝင်ပတ်သက်နေသော နန်းစီဆိုသူမှာ ကြွယ်ဝသောအသိုင်းအဝိုင်းမှ ဆင်းသက်လာသော ဆရာဝန်မ လေးတစ်ယောက်ပင် ဖြစ်၏။

နန်းစီနှင့်သဖင် မျက်မြင်ဂုဏ်ဒြပ်အရ ချိန်စက်ကြည့်လျှင် ချိန်ခွင်လျှာ အောက်ထိုးဖြစ်အောင် ကွာနေသည်ကလည်း အတိအကျ။

မေသဖင့်ဘက်မှ နာပြီး သူများပြဿနာ၊ ကိုယ့်ပြဿနာ လုပ်နေမိ သော ဖိုးခွား။ အားမလိုအားမရ ဖြစ်သွားသည်။

ဆရာဝန်လေးကတော့ နူတ်ခမ်းများနှင့် ချော့ပြီးနောက် လက်များ နှင့် ဆက်လက်နှစ်သိမ့်နေပြန်သည်။ ကြာလျှင် တစ်ကိုယ်လုံး ပုံအပ်မိတော့ ည်မှန်း သိသွားပုံရသော မေသဖင်က ဆရာဝန်လေးလက်မှ ရုန်းထွက်လိုက် ပြီး –

"ဒါပဲနော်၊ နောက်တစ်ခါ အဲလိုတွေ့လို့ကတော့ သဖင့်အဆိုး  ဆို ဲ"

ဟု မူနွဲ့နွဲ့ပြောပြီး အခန်းပြင်သို့ ပြေးထွက်သွား၏။

ဆရာဝန်လေး အားမလိုအားမရ ဖြစ်သွားသည်။ င်းသားက လူဆိုး

www.burmeseclassic.com



များကို ပွဲသိမ်းတိုက်ခိုက်ပြီးနောက် ရဲမျှားရောက်လာသည့်ဇာတ်ကွက် ကြည့်ရသူလို ဖိုးခွား နှစ်ထောင်းအားရဖြစ်သွား၏။

ဦးနှောက်ဖောက်စားမည့်ပင့်ကူ၏ မာယာပင့်ကူအိမ်မှ ပိုးဖလံတစ်ကောင် လွတ်မြောက်သွားခြင်းပင် မဟုတ်လား။

သားကောင်မရှိတော့သော တောအတွင်း မင်းမူရန် စိတ်ပါပုံမရသော ခြသေ့်လို ဆရာဝန်လေးလည်း လှစ်ခနဲ လိုက်ပါပျောက်ကွယ်သွား၏။

ထိုအခါမှ ဖိုးခွားလည်း သက်ပြင်းငွေ့ငွေ့ ချနိုင်တော့သည်။ လုပ်လက်စအလုပ်ကို ဆက်လုပ်ရန် စိုင်းပြင်းလိုက်ရ၏။ အမှိုက်များကို ရှင်းလင်းနေသော ဖိုးခွား၏လက်များ တုန်ယင်နေတော့သည်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## မပြင်ရသော ကံတရား

ပြာလဲ့လဲ့ ကောင်းကင်သည် ကြည်လင်နေ၏။

ညိုပြာပြာ ငှက်ငယ်တို့ ပျံသန်းနေသည်က မိုးလုံးပြည့်မျှ။

ညင်းသွဲ့သွဲ့လေပြည်နွဲ့က ပြာလဲ့လဲ့ကောင်းကင်ကို ချွေးသိပ်လို့ပေးနေသလိုလို။

ကျောက်သရေအပေါင်းနှင့် ခညောင်းနေသော နံနက်ခင်းအား ဂွတ်မောနင်းဟု နှုတ်ဆက်ရန် ဖိုးခွား အာသီသ မရှိပါ။

ဤဆေးရုံခေါင်မိုးပေါ်မှ ရှုခင်းကို ခံစားရင်း လေနုအေးကို အားပါးတရ စားသုံးရန် သဘောတူပြီးခါမှ အဘဦးဖေသန်း ခုတင်ပေါ်မှ မထနိုင်တော့ပါ။

လေနုအေးအစား ပလတ်စတစ်ပိုက်ကို ဖြတ်သန်း၍ ရောက်ရှိလာသော အောက်ဆီဂျင်ကိုသာ အငမ်းမရ ရှူရှိုက်ရင်း ဝေဒနာကို ခံတုနေရှာမည့် အဘအား မြင်ယောင်ပြီး ဖိုးခွားရင်ထဲ မွန်းကျပ်လို့နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်မှ ကြိုးတန်းများတွင် လျှော်ထားသော အိပ်ရာခင်းစများကို ကလစ်နှင့်ညှပ်၍လှန်းရင်း ဖိုးခွား အဘကို သတိရနေလေ၏။

အဘ၏အခြေအနေ တစ်နေ့တခြား ဆုတ်ယုတ်လာတာ သိသာစွာမြင်နေရသည်။ အစာလည်းမဝင်တော့သဖြင့် နှာခေါင်းမှ ပိုက်နှင့်သွင်းပေးနေရပြီ။ အောက်ဆီဂျင်ပိုက်ကိုလည်း ဖြုတ်၍မရသဖြင့် ပိုက်များ ဖြုတ်လိုက်တပ်လိုက်နှင့် လူနာမှာ ပို၍ခံရခက်၏။

သို့သော်လည်း ဒီနည်းကလွဲပြီး ပိုမိုကောင်းမွန်သည့်နည်းလမ်းမရှိသဖြင့် မဖြစ်မနေ ဆက်လက်လုပ်ဆောင်ပေးနေရသည်။ ဖိုးခွားတာဝန်က အဘကို ရေပတ်တိုက်ပေးရန်နှင့် အညစ်အကြေးများ သုတ်သင်ပေးရန်သာ ဖြစ်တော့သည်။

နေ့စဉ် လာရောက်စစ်ဆေးကြည့်ရှုပေးနေသော ပါရဂူကြီးပင် ခေါင်းခါပြီဆိုတော့ မိသားစုဝင်များကိုယ်စား ဖိုးခွား မျက်ရည်ကျမိရသေး၏။

အိပ်ရာခင်းများ လှန်းပြီးသောအခါ အဘဆီ တစ်ခေါက်ဝင်ကြည့်မိသေးသည်။ အသိမဲ့နေသော အဘမှာ ဘာလှုပ်ရှားမှုမှ မရှိတော့ချေ။

နိုင်းစရာရှိပါက ဖုန်းဆက်ခေါ်ရန်သာ မှာခဲ့ပြီး ဖိုးခွား ရှောင်ထွက်လာခဲ့၏။

စင်္ကြံလမ်းအတိုင်း လျှောက်လာသောအခါ မကျွတ်မလွတ်ဘဲ လမ်းသလားနေကြသော ဝိညာဉ်များနှင့် ခလုတ်တိုက်မိသလို ခံစားနေရသည်။

အဘသည် တရားရှိသူဖြစ်၏။ စိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိ၏။ ဝေဒနာကို သည်းခံတတ်သူလည်း ဖြစ်သည်။ တမလွန်ခရီးကို သွားဖို့ အသင့်ဖြစ်နေသူတစ်ယောက်မို့ ဘေးကနေ ပူပင်ပေးနေစရာမလိုဟု စိတ်ပိုင်းဖြတ်ပြီး မေ့ထားလိုက်ရ၏။

ထွက်လာရင်း 222 အခန်းထဲမှ လူတစ်ယောက်ထွက်လာတာ တွေ့ရသည်။ ပေရယ်နှင့်တွဲနေသောလူမှန်း မှတ်မိလိုက်၏။ ထိုအခါမှ အောင်ဇော်နှင့်မဆုံဖြစ်တာ သတိရ၏။ ဖိုးခွား နိုက်ဂျူတီ ရှားဆက်ဝင်နေရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်မပြန်ဖြစ်တာ သုံးရက်ရှိပြီ မဟုတ်လား။

ဒီနေ့တော့ ပြန်ဖြစ်အောင်ပြန်မည်ဟု ဆုံးဖြတ်လိုက်၏။ ဖိုးခွား ဆင်ဝင်အောက် ပြန်ရောက်ခဲ့ပြီ။ 222 မှ ပုဂ္ဂိုလ် ဆေးရုံအပြင်ဘက် ထွက်သွားတာ တွေ့ရသည်။

ဆေးရုံဝန်းကျင်တွင် မတည်ငြိမ်သော လူမှုဆက်ဆံရေးများ ဘာလို့ရှိနေရပါလိမ့်ဟု တွေးမိ၏။ နောက်မှ နေရာဒေသကြောင့် မဟုတ်ဘဲ ဖောက်ပြန်တတ်သောလူများကြောင့်ဟု အမှန်ကိုမြင်၏။

မည်သည့်နေရာဒေသတွင်ဖြစ်စေ စိတ်ဓာတ်မသန့်ရှင်းသော လူများကြောင့် ဝန်းကျင်ပါ ညစ်နွမ်းနေကြတာပဲ ဖြစ်သည်။

ထိုစဉ် Taxi တစ်စီး ထိုးဆိုက်လာ၏။ ဖိုးခွား ကားတံခါးပြေးဖွင့်ပြီး ကားထဲမှ လူနာကို ဖေးမ,ဆွဲခေါ်လိုက်သည်။

"ဟင် ဦးလေးသိန်း"

"ဟာ ဖိုးခွား"

ဖိုးခွားတို့လမ်းထိပ်တိုက်အိမ်မှ ဦးလေးသိန်းကို တွေ့လိုက်ရသဖြင့် အံ့သြသွား၏။ ကားပေါ်မှ ဦးလေးသိန်းဇနီး ဒေါ်အေးမြင့်ပါ ဆင်းလာတာ တွေ့ရသည်။

"အေး အောင်ဇော်က ဒီမှာ မင်းရှိတယ်လို့ ပြောလိုက်သား။ ဒီလောက် လွယ်လွယ်တွေ့မယ်လို့ ထင်ကိုထင်မထားတာ။ အတော်ပဲကွယ်"

"ဘယ်သူ ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

"မင်းဦးလေးလေကွယ်၊ နှလုံးရော, သွေးတိုးရော, ဆီးချိုပါ ရှိနေတာကြာပြီလေ၊ မကုမဖြစ်တော့လို့ ကုရမှာပေါ့"

အကြောင်းရင်းကိုသိပြီမို့ ဦးလေးသိန်းကို တွဲခေါ်ပြီး ဧည့်ခန်းမှာ နေရာချထားပေးလိုက်၏။

"ပြမယ့်ဆရာဝန်နဲ့ ချိန်းထားပြီးသားလား၊ ကျွန်တော် ဘာကူညီရမလဲ ဦးလေးသိန်း"

www.burmeseclassic.com



"ဆေးရုံစာအုပ်လည်း လုပ်ပြီးသား။ ဒေါက်တာဦးဝင်းမောင်နဲ့လည်း ချိန်းထားပြီးသား။ သူ့ကိုယ်ပိုင်ဆေးခန်းမှာ သွားပြပြီး အားလုံးလုပ်ခဲ့တာလေ"

"ဩော် အားလုံးပြီးပြီးသားကိုး။ ဒါဆိုလည်း အေးအေးဆေးဆေး ထိုင်စောင့်ပေါ့၊ ဆရာဝန်ကြီးက နောက်နာရီဝက်လောက်မှ ရောက်မှာ"

"အေးပါကွယ် အေးပါ"

ဦးလေးသိန်းနှင့် မေးမြန်းစူးစမ်းဆွေးနွေးပြီးတော့ ဒေါ်ဒေါ်က အရေးတကြီးလေသံနှင့် –

"ဒါနဲ့ မင်း အိမ်မပြန်တာ ကြာပြီထင်တယ်၊ ရပ်ကွက်ထဲမှာလည်း မတွေ့မိဘူး"

"ဟုတ်ကဲ့၊ အိမ်မပြန်ဖြစ်တာ သုံးရက်ရှိပြီ ဒေါ်ဒေါ်"

"အလုပ်လုပ်တာလည်း လုပ်ပေါ့ကွယ်၊ အိမ်ကိုလည်း ပစ်မထားနဲ့"

"ဗျာ ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

"မင်းတို့အိမ်ကို အောင်ဇော်က ကောင်မလေးတစ်ယောက် ခေါ် ခေါ်လာသလားလို့"

"မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲကွာ"

ဦးလေးသိန်းက ဝင်ဟန့်သော်လည်း ဒေါ်ဒေါ်က မရပ်တော့။

"အို ဖြစ်မလား။ သူ့အမေက ကျုပ်တို့ကိုအပ်သွားတာလေ၊ မတော်တာ,မတည့်တာတွေ့ရင် ပြောရမှာပဲ၊ အောင်ဇော်ဆိုတာ ဖိုးခွား တင်ခေါ်ထားတာ၊ ခုတော့ သူက အိမ်ရှင်ကျနေတာပဲ၊ လုပ်ချင်သလို လုပ်နေတာ၊ မပြောလို့ ဖြစ်မလား"

"ကဲ ပြောပေါ့ ပြော"

ဦးလေးသိန်းက လက်လျှော့ဟန်ဖြင့် မျက်နှာလွှဲပြီး ဆေးရုံထဲ လှည့်ငေးနေတော့၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အောင်ဇော့်မှာ ရည်းစားရှိနေတာတော့ ကျွန်တော်သိပါတယ်၊ ကျွန်တော်နဲ့လည်း ဆုံပြီးပါပြီ၊ အခု အောင်ဇော်က ကောင်

www.burmeseclassic.com



မလေးကို ညအိပ်ညနေပါ ခေါ်ထားလို့လား"

"ညအိပ်တာတော့ မကြားမိသေးပါဘူးကွယ်၊ ဒါပေမဲ့"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ကျွန်တော် ဒီနေ့ အိမ်ပြန်မှာပါ၊ အောင်ခော်နဲ့တွေ့ပြီး ကျွန်တော် သေချာပြောထားလိုက်ပါ့မယ်"

"အေး အဲဒါကောင်းတယ်"

"ဒါဆို ကျွန်တော် အလုပ်လုပ်လိုက်ဦးမယ်နော်၊ အကူအညီလိုတာ ပြောပါ ဒေါ်ဒေါ်၊ အားမနာနဲ့"

"အေးပါကွယ် အေးပါ၊ သွား သွား"

ဆေးရုံထဲမှ ထွက်ပြီး ပေါ်တီကိုအောက် ပြန်ရောက်သည်အထိ ခေါင်းနောက် စိတ်ရှုပ်နေရ၏။ သို့နှင့် အလုပ်ထဲ အာရုံနှစ်၍ မေ့ဖျောက်ပစ်ရသည်။ စိတ်အတွေးတွေ ကန်ရေပြင်လို ငြိမ်သက်သွားချိန်မှာ ရေကန်ထဲ ခဲကျသလို ဂယက်ထသွားရပြန်သည်။

222 မှ ပုဂ္ဂိုလ်နှင့် ပေရယ် လက်တွဲကာ ဆေးရုံထဲဝင်လာတာ တွေ့လိုက်ရသောကြောင့်ဖြစ်၏။

ထိုသို့ ပက်ပင်းတွေ့သောအခါကျမှ ပေရယ်သည် အကယ်ဒမီရ ဝါရင့်သရုပ်ဆောင်ကဲ့သို့ အိုက်တင်ကောင်းကြောင်း တအံ့တဩ သိလိုက်ရ၏။ ဖိုးခွားကိုမြင်၍ ပျက်ယွင်းသွားသောမျက်နှာသည် စက္ကန့်ပိုင်းမျှသာကြာ၏။

ရုတ်ခြည်းဆိုသလို ပြုံးရယ်ရွှင်ပျမျက်နှာလုနှင့် စကားချိုချိုကို ပြောဆိုနိုင်၏။ လုံလောက်သောအကြောင်းပြချက်နှင့် မိတ်ဆက်ပေးနိုင်သေးသည်။

"ဟော ကိုဖိုးခွား၊ ဒီနေ့တော့ ဆုံဖြစ်ကြပြီနော်"

"ဟုတ်ကဲ့"

"အဒေါ် ဆေးရုံတင်ထားရလို့ သတင်းလာမေးတာပါ၊ ဒါ ပေရယ့် ဦးလေးလေ၊ ဦးဖော်ဖော်တဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် ပေရယ့်မိတ်ဆွေပါ၊ လိုအပ်တဲ့ အကူ

www.burmeseclassic.com

www.burmeseclassic.com


အညီရှိရင် ပြောပါခင်ဗျာ''

ထိုပုဂ္ဂိုလ်က မတူမတန်သလို မဖြစ်စလောက်သာ ပြုံးပြ၏။ ညောင်မြစ်တူးလျှင် ပေါ်လာမည့် ပုတ်သင်ဥများကို မတွေ့စေလိုဟန်နှင့် ပေရယ်ဆေးရုံထဲ ဝင်သွားတော့သည်။ မျက်နှာပြောင်ခြင်းသည် ပညာတစ်ရပ်ဆိုလျှင် ပေရယ်က ထိုပညာရပ်တွင် တစ်ဖက်ကမ်းခပ်သူသာ ဖြစ်ပေလိမ့်မည်။

အောင်ဇော်ကို ပြောပြစရာ သက်သေဖြစ်ရပ်ရပြီမို့ သူငယ်ချင်းအတွက် ရင်အေးရ၏။

ထိုဖြစ်ရပ်ကို ဦးလေးသိန်းနှင့် ဒေါ်ဒေါ်တို့များ တွေ့သွားလေမည်လားစိုးရိမ်စိတ်နှင့် ဆေးရုံထဲသို့ အကဲခတ်ကြည့်မိသည်။ ဦးလေးသိန်းတို့ စမ်းသပ်ခန်းထဲ ရောက်နေကြပြီ ထင်၏။

''ပေရယ်ရေ မင်းကို အားနာပေမယ့် ဒီကိစ္စတွေ အောင်ဇော်ကို မပြောလို့မဖြစ်ဘူးဆိုတာ မင်းသိမှာပါနော်''

✿

ရှာရာပိုဗာ၏ ဖြောင့်စင်းတောင့်တင်းသော အလှ၊ ဖျတ်လတ်သော လှုပ်ရှားမှုနှင့် သွက်လက်သောရိုက်ချက်များကို ချိုပေါ့ကျနှင့် မြည်းရသည်မှာ အရသာရှိလှသည်။

တီဗီ ၁ မှ အားကစားချယ်နယ်ကိုကြည့်ရင်း ဖိုးခွား လက်ဖက်ရည်တစ်ငုံ ငုံလိုက်သည်။ အောင်ဇော်က တီဗီမကြည့်၊ လက်ဖက်ရည်မသောက်ဘဲ အဝေးသို့ ငေးနေ၏။

ဖိုးခွားအိမ်ပြန်ရောက်တော့ အောင်ဇော်က ဘီယာဆိုင်သို့သွားလုဆဲဆဲမို့ ဆွဲခေါ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်နေကြခြင်း ဖြစ်သည်။ ပေရယ့်အကြောင်း ဘယ်ကဘယ်လို စပြောရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင်၊ ဒီည ဘီယာချမလား၊ ငါ အပြန်ကျရင် ပါဆယ်ဆွဲလာခဲ့မယ်"

"ဟာ မသောက်ချင်ပါဘူးကွာ၊ ငါ အိပ်ရေးပျက်တာ များပြီကွ ဒီည အပီနှပ်မလို့"

"ဒါဆိုလည်း ပြီးရော၊ ငါက တွစ်ခါတလေလေး ပြုစုချင်လို့"

"မလိုပါဘူးကွာ၊ ဒါနဲ့ ပေရယ်နဲ့ရော အဆင်ပြေရဲ့လား၊ မင်းတို့ ဘယ်တော့လောက် လက်ထပ်ကြမယ်စိတ်ကူးလဲ"

"အဆင်ပြေပါတယ်၊ လက်ထပ်ဖို့ကတော့ လိုသေးပါတယ်၊ ဘာပဲဖြစ်ဖြစ် အိမ်လေးတော့ ငှားနေနိုင်မှဖြစ်မှာ"

"အင်း အိမ်ထောင်ပြုတယ်ဆိုတာ နေစရာရှိမှ သင့်တော်တာလေ၊ နေစမ်းပါဦး၊ မင်း ပေရယ့်အကြောင်းရော သေသေချာချာသိရဲ့လား"

ဖိုးခွားက စပါးရောဖွဲရောနှင့် အစ်အောက်စူးစမ်းလိုက်သည်။ အောင်ဇော်က ချက်ချင်းဆိုသလို တုံ့ပြန်၏။

"ဘာလဲ ဆေးရုံကို လူတစ်ယောက်နဲ့တွဲလာတဲ့သတင်း ပေးမလို့လား၊ ငါသိပြီးသားပါကွာ၊ ဦးဇော်ဇော်တဲ့ အဲဒါ သူ့အဒေါ်ရဲ့ယောကျ်ား ငါတို့ဆိုင်ကိုလည်း ခဏခဏ လာဖူးတယ်"

အောင်ဇော်၏ဖြေရှင်းချက်ကြောင့် ဖိုးခွား ဘာပြန်ပြောရမှန်း မသိဖြစ်သွား၏။ ပေရယ်က ဆေးရုံမှာ ဆုံသည့်ကိစ္စကို ကြိုတင်အသိပေးထားပြီးသား ဖြစ်နေသည်။ လုံလုံခြုံခြုံဖြစ်အောင် ကာဗာစတိုရီကိုပင် အခိုင်အခန့် လုပ်ထား၏။

ဒါဆို သူနာပြုအေးသီနိုင်က အပိုစကား ဆိုသွားတာများလား။ ဒါတော့မဖြစ်နိုင်။ ကိုယ်ကျိုးစီးပွားလည်း မပါ။ လင်လုဘက်တွေလည်း မဟုတ်ကြသဖြင့် အပိုချဲ့ကားပြောစရာ အကြောင်းမရှိ။

အောင်ဇော် မာယာမှိုင်းမိပြီး အမှန်ကိုမြင်နိုင်စွမ်းတွေ ပရမ်းပတာဖြစ်နေတာပဲ ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


"ဘာပဲဖြစ်ဖြစ် တကယ်မြတ်နိုးလို့ လက်ထပ်ယူကြမယ့် စုံတွဲတွေ မဟုတ်လား။ သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြည့်ပြည့်စုံစုံသိရတော့ အမှား ကင်းတာပေါ့"

"ငါလည်း တစ်ကောင်ကြွက်၊ ပထွေးနဲ့အမေ့ကို လုံးဝမေ့ထားလိုက်ပြီ၊ သူလည်း တစ်ကောင်ကြွက်ပဲကွာ၊ အရင်းဆုံးဆိုလို့ ဆေးရုံက အဒေါ် တစ်ယောက်ပဲ ရှိတာ၊ စိတ်ချစမ်းပါကွာ၊ ငါက အချဉ်မှမဟုတ်တာ"

အချဉ်မဟုတ်သူက စားပွဲထိုးဖြစ်နေတာ သတိမပြုမိဘူးလား အောင်ဇော်ဟု သူမေးလိုက်ချင်သည်။ အဆိုတော်မတစ်ယောက်က စားပွဲထိုးကို ဘာတွေအထင်ကြီးပြီး ကြိုက်တာလဲဆိုတာ မစဉ်းစားတော့ဘူးလားဟု ထောက်ပြလိုက်ချင်သည်။ သို့သော် သူငယ်ချင်း၏အားနည်းချက်ကို ထောက် မပြရက်ဘဲ ဖြစ်နေ၏။ ပြီးတော့ သူ့မှာ ရည်းစားရှိနေတာကို မနာလိုလို့ပြော တာဟုထင်သွားလျှင် စေတနာတွေ ရေမျောကမ်းတင် ဖြစ်သွားနိုင်၏။

မမြင်ဖူး မူးမြစ်ထင်နေသော အောင်ဇော့်အနေအထားက ဆေးခတ် ခံထားရသူတစ်ယောက်လို ပြုစားခံရသူလို ဖြစ်နေသည်မဟုတ်လား။

"အေးလေ၊ မင်းတို့အချင်းချင်း နားလည်မှုရှိရင် ပြီးတာပါပဲ"

"မင်း ငါ့အတွက် စိတ်ပူလို့ပြောတာ ငါသိတယ်၊ ကျေးဇူးလည်း တင်တယ်၊ ဒါပေမဲ့ ပေရယ့်ကို ငါယုံတယ်၊ သူက တကယ့်အဆင်လေးကွ"

"အေးပါကွာ အေးပါ၊ ဒီအတိုင်းဆိုရင်တော့ ငါလည်း မင်းလို အဆင်လေးတစ်ယောက်တော့ အမြန်ရှာမှဖြစ်မယ်ထင်တယ်"

"ကောင်းတာပေါ့ကွာ၊ ယောကျ်ားအတွက် မိန်းမဟာ ဓာတ်စာပဲ၊ သဘာဝတရားကို မဆန့်ကျင်နဲ့၊ သိပ်ပြီး ထိန်းချုပ်လွန်းအားကြီးရင် ပူကန် ပွင့်ကျေဖြစ်တတ်တယ်နော်"

"ဟား ဟား ဟား"

"ကဲ ငါသွားမယ်၊ နောက်ကျနေပြီ"

"အေး အေး"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်ထွက်သွားတော့ ဖိုးခွား သက်ပြင်းကို လက်ဖက်ရည်နှင့် မျှော်ချလိုက်ရသည်။

✿

ဆတ်ကော့လတ်ကော့လေရှူးက တသုန်သုန် သုတ်ဖြူးနေ၏။ သနေ့အတွက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာ၍ နေရာကွက်ပြီး မိုးကြီး နိုင်သည်ဟု ကားစီးလာရင်း FM ရေဒီယိုမှ လွှင့်သွားတာ ကြားလိုက်ရသည်။

တရုတ်နှင့် ပါကစ္စတန်မှာ ရေတွေကြီး၊ မက္ကဆီကိုမှာ မြေတွေပြို နေသော်လည်း မြန်မာပြည်မှာ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်။

ဒါ ရတနာသုံးပါး ဂုဏ်ကျေးဇူးသာဖြစ်မည်ဟု တွေးရင်း ဖိုးခွား ကျေနပ်နေသည်။

ဆေးရုံလာရာလမ်းတစ်လျှောက် သက်သောင့်သက်သာ ရှိပါ၏။ သီဥတုသာယာသဖြင့် ဖိုးခွား စိတ်ကြည်လင်လန်းဆန်းနေ၏။

သူ အိမ်မှထွက်လာတော့ အောင်ဇော် အိပ်ရာမှမထသေးပါ။ အိပ် ခန်းထဲတွင် ဂျစ်ပစီနှလုံးသားနှင့် နတ်ဘုရားမအား ခစားနေသည်လား မပြော တတ်။ သူငယ်ချင်းတို့ဝတ္တရားရှိသည်နှင့်အညီ သတိပေးစကား ပြောကြား ပြီးမို့ သူ့တာဝန်ကျေခဲ့ပြီ။

ဖိုးခွား ကားပေါ်မှဆင်းလိုက်တော့ လမ်းတစ်ဖက်မှ ဖြတ်ကူးလာ သော နာ့(စ်) အေးသီခိုင်နှင့် ဆုံ၏။

"မောနင်း ဖိုးခွား"

"ဟုတ်ကဲ့၊ မင်္ဂလာပါ ဆရာမ"

"ကားတွေ တအားကျပ်တာပဲနော်"

"ပြောမနေပါနဲ့တော့ ဆရာမရယ်၊ ဒါ့ထက်ဆိုးတာက အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆယ် ပြန့်မအမ်းတဲ့ ကိစ္စပဲ၊ တစ်လကို တစ်ထောင်၊ ထောင့်ငါးရာလော
အလဟဿကုန်နေတာ''

''အင်း ဟုတ်တယ်နော်၊ ဒါ ကားစီးတဲ့ကိစ္စတစ်ခုပဲ ရှိသေးတာသေ
ဈေးဝယ်တော့ရော ဘာထူးလို့လဲ၊ မလိုချင်တာတွေ ထပ်ယူရ၊ တစ်ရှူးအမ်း
တဲ့သူ အမ်း၊ ကော်ဖီမစ် အမ်းတဲ့သူအမ်းနဲ့ သိပ်စိတ်ညစ်ဖို့ ကောင်းတာ''

''အပိုထွက်တဲ့ငွေကတင် မနည်းဘူးနော်''

''သူတောင်းစားနဲ့ အလှူခံတွေဆီမှာ အကြွေတွေ သွားစုနေသလား
မသိဘူး''

''ဟား ဟား ဟား၊ ဟုတ်မယ်ဆရာမရေ ဟုတ်မယ်''

''ဒါနဲ့ ထရစ်ပယ်(လ်)တူးက ပုဂ္ဂိုလ်နဲ့ သူ့ရဲ့စမော(လ်)လေး ရေ
လာတာ နှင်နဲ့ ပက်ပင်းဆုံပြီးပြီလား''

''ဆုံပြီးပါပြီ ဆရာမ''

''ဟင် ဒါဆို နှင့်သူငယ်ချင်း ရည်းစားဆိုတာရော ဟုတ်လား''

''ဟုတ်တယ် ဆရာမ၊ ကျွန်တော် သတိပေးပြီးပြီ၊ ဒါပေမဲ့ သူငယ်
ချင်းက လက်မခံဘူး၊ ကောင်မလေးကို အရမ်းယုံကြည်နေတာ''

''ဟယ် နွားကျလိုက်တာ''

''သူက အဲဒီလူကို သူ့ဦးလေးလို့ပြောတာ၊ ဒါနဲ့ သူတို့ ဖြစ်နေ
တယ်ဆိုတာတော့ သေချာပါတယ်နော် ဆရာမ''

''ငါက လိမ်ပို့မလား ဖိုးခွားရယ်၊ မျက်မြင်ပက်ပင်းကြီး တွေ့တဲ့
ကို''

''ဆရာမကို မယုံလို့ မဟုတ်ပါဘူး၊ သေချာချင်လို့ပါ''

''သေချာတာထက်တောင် ပိုသေး၊ ရောဂါသည် 'မယားကြီး'
တိုင် ငါ့ကိုပြောပြတာ''

''ဟင်း လူတွေကလည်း စည်းမစောင့်ကြတော့ဘူးနော်''

''ဆုတ်ကပ်ကြီးကိုး ဖိုးခွားရဲ့၊ အားလုံးပျက်စီးနေကြပြီ၊ အဲဒီအ

www.burmeseclassic.com

www.burmeseclassic.com



ယ်မပါအောင်သာ ကြိုးစား"

ဖိုးခွားတို့ စကားတပြောပြောနှင့် ဆေးရုံထဲ ရောက်လာကြ၏။ းနေခန်းထဲမှ ထွက်လာသော ဦးစိုးမိုးက ဆီးကြိုသတင်းပေးသည်။

"ဖိုးခွားရေ၊ မင်းရဲ့အဘ ဦးဖေသန်းကြီးတော့ ဆုံးသွားရှာပြီ"

"ဗျာ၊ ဟုတ် ဟုတ်လို့လား"

"ဟုတ်ပ့ါ၊ ခုလေးတင်ရယ်"

ဖိုးခွားလက်ထဲမှ ထမင်းချိုင့်အား ဦးစိုးမိုးထံလှမ်းပေးရင်း ပြေး က်လာခဲ့၏။ စိတ်စောနေသဖြင့် ဓာတ်လှေကားကိုပင် မစောင့်နိုင်ဘဲ လှေ းထစ်များကို ဝရုန်းသုန်းအား ခွကျော်နင်းတက်လျက် ကဆုန်စိုင်း ပြေး ားလိုက်သည်။

S-15 အခန်းတံခါး ပွင့်နေ၏။ ဖိုးခွား အမောတကော ပြေးဝင်သွား က်သည်။ ခုတင်ပေါ် ပက်လက်လှဲလျောင်းနေသော အဘထံ အကြည့် ာက်၏။ တပ်ဆင်ထားသော ပိုက်များကို မတွေ့ရတော့။ ဒေါက်တာအုပ် ိုင်က –

"ဖိုးခွား ရောက်လာပြီကိုး၊ အတော်ပဲ၊ အဘကို အအေးတိုက်ပို့ဖို့ စ မင်းပဲ တာဝန်ယူလိုက်ပါကွာ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး"

"ခဏနေရင် သေစာရင်းရမယ်၊ လိုအပ်တာတွေ ပြင်ဆင်ထား"

"ဟုတ်ကဲ့ ဆရာကြီး"

အခန်းထဲတွင် ဆွေမျိုးစုံနေသော်လည်း ငိုယိုနေသူ တစ်ယောက်မှ တွေ့ရပါ။ ဖိုးခွား အဘနားသွားပြီး အလောင်းကို သေချာကြည့်လိုက်မိ၏။

အောက်ဆီဂျင် ဝိပဿနာရှုပြီး တမလွန်ခရီးထွက်သွားသည့် အဘ စ်ယောက် ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းပေးမိသည်။ အဘ ာ်နှာသည် ကြည်လင်ပြီး နှုတ်ခမ်းများကလည်း ပြုံးနေ၏။

ဘယ်ဆရာတော် ဟောမှန်းမသိဘဲ ကြားဖူးနေသော သံပေါက်

www.burmeseclassic.com

www.burmeseclassic.com


လေးကို သတိရမိသည်။ "ပြုံးသေ မဲ့သေ ထိုနှစ်ထွေ မဲ့သေ ရဲကျလိမ့်မည်" တဲ့။

ဒါဆို ပြုံးနေတဲ့အဘ သေချာပေါက် ကောင်းရာမွန်ရာရောက်ပြီ ပေါ့။

မကြာခင် သေစာရင်းနှင့် လိုအပ်သောစာရွက်စာတမ်းများကို အဘ ၏သားက ယူဆောင်လာခဲ့သည်။

"ကဲ မာမီ၊ ဘယ်နေ့ရက်ထားမလဲ၊ ဘယ်နေ့သင်္ဂြိုဟ်မလဲ"

"သန်ဘက်ခါ သင်္ဂြိုဟ်မယ်လေ၊ မနက်ဖြန် သတင်းစာထဲ ဝ အောင်ထည့်၊ နေ့ခင်းနှစ်နာရီဆို ကောင်းမယ်"

"ဟုတ်ကဲ့။ ဒါဆို သားတို့ အအေးတိုက်သွားမယ်၊ မာမီက ဆွေမျိုး တွေဆီ အကုန်ဖုန်းဆက်ထားလိုက်"

"အေး"

ထိုအချိန်မှာ ဖိုးခွားက အဘကို ခုတင်ပေါ်မှ တွန်းလှည်းပေါ်သို့ ရွှေ့ပေးရသည်။ မသာရှင်တို့အရိပ်အကဲကို ကြည့်ပြီး လှည်းတွန်း၍ အခန်းထဲ မှ အထွက်တွင် –

"မာမီ ဟို ရှေ့နေသာဒွန်းအောင်ကို ခေါ်လိုက်ဦး၊ အမွေကိစ္စ ဘာတွေစီစဉ်သွားလဲဆိုတာ ခုထိ မသိရသေးဘူး"

"ဪ အေး ဟုတ်သား၊ အေး အေး၊ မာမီ ဖုန်းဆက်ထားလိုက် မယ်"

သူတို့အတွက် အရေးအကြီးဆုံးက အမွေခွဲဖို့ပါလား။ အဝိဇ္ဇာတွေ ဖုံးနေလိုက်ကြတာ။ သူတို့တွေ မက်နေကြသည့် စည်းစိမ်ဥစ္စာများအား အဘ တကယ် ရှာဖွေပေးခဲ့သူကြီးတောင် ဘာမှမယူနိုင်ဘဲ သွားရပြီဆိုတာ မမြင်ကြ မသိကြပါလားဟု ဖိုးခွား တွေးမိ၏။

ပိတ်ဖြူလွှမ်းထားသော အဘ၏သက်မဲ့ခန္ဓာကား ဖိုးခွား စေရာသို့ သွားနေရပြီ။ အဘအား ဓာတ်လှေကားဖြင့် မြေညီထပ်သို့ ခေါ်လာခဲ့၏။

www.burmeseclassic.com



သူနာတင်ကားပေါ်သို့ အားလုံးကူညီ မ,တင်ပေးကြသည်။

ရေဝေးသို့ အဘကိုပို့ဆောင်ရန် ထွက်လာခဲ့ကြတော့ နံနက် ဆယ်နာရီခန့် ရှိပြီ။ သူ့သားက ကားရှေ့ခန်းမှ နောက်သို့လှည့်မကြည့်စတမ်း လိုက်ပါလာ၏။

အလောင်းကောင်များနှင့် ခရီးသွားရသည်မှာ ဖိုးခွားအတွက်တော့ နေပြီဖြစ်သည်။ ထိုမျှလောက် အတွေ့အကြုံများတာတောင် သံယောဇဉ်ရှိခဲ့ယ်မိသူအား ပို့ဆောင်ရတော့ မျက်ရည်ဝဲမိသေး၏။

အဘရှင်စဉ်ကာလက ပြုစုခွင့်ရခဲ့သည်များ ပြန်သတိရမိသည်။ သည်တစ်ခါတော့ဖြင့် အားလုံးကိုခွဲထား၍ ဘဝတစ်ပါး ပြောင်းသွားခဲ့ပြီ။ နောက်တစ်ခါ ပြန်လည်ဆုံတွေ့ခွင့် မရှိနိုင်တော့။ တွေးရင်း သတိရသလို ဖြစ်လာ၍ ပိတ်ဖြူစအား လှမ်းကြည့်လိုက်သည်။

အဘက ပြုံးမြဲပြုံးလျက် မပြိုသောသဘော၊ ပျက်စီးခြင်းသဘော၊ ...နှစ်ခွသဘောကို ပြောနေသယောင်ယောင်။

သေသူကိုကြည့်ပြီး မကြောက်သော်လည်း သေခြင်းတရားကို ကြောက်လာသည်။ သေပုံသေနည်းအမျိုးမျိုးကို ဖိုးခွားမြင်ဖူး၏။

အဘသေသွားတာ အတော်လေး ညင်သာလိမ့်မည်ဟု ခန့်မှန်းမိသည်။ ဝေဒနာပြင်း၍ အောင်မယ်လေး အဘလေး တ,ကာ အော်ဟစ်နေရသူ ဆေးထိုးပြီး သတ်လိုက်ပါတော့ဟု တောင်းပန်သူ၊ သွေးတစိုစို ပြည်တွဲ့တွဲ... မသေခင်က ပုပ်နှင့်သူ စသည်ဖြင့် အတော်စုံစုံ သူမြင်ဖူး၏။

ပြုခဲ့ဖူးသော အကုသိုလ်ပြင်းအားနှင့်အညီ ခံစားပြီးမှ သေကြရ၏။ ...ကြောင့် သေခြင်းကို ဖိုးခွား တကယ်ကြောက်သွားသည်။

ဒီဘဝ ဒီခန္ဓာ နောက်ဆုံးဖြစ်အောင် ကြိုးစားတော့မည်ဟုပင် စိတ်...င်းဖြတ်မိ၏။

အသုဘကမ္မဋ္ဌာန်းရှု မရဏာနုဿတိပွားများရင်း လိုက်ပါလာခဲ့ရာ ...ရပ်သွားမှပင် ရေဝေးရောက်နေတာ သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူများက အဘကို အအေးခန်းထဲ ခေါ်သွားကြတော့ ဖိုးခွားအလုပ် ပြီးဆုံးသွား၏။ ရေဝေးသုသာန်မြင်ကွင်းသည်လည်း ကြက် ပျံမကျ စည်ကားနေတာ မြင်တွေ့ရသည်။

မနက်ကိုးနာရီလောက်မှစကာ တစ်လောင်းပြီးတစ်လောင်း သင်္ဂြိုဟ် လိုက်ကြသည်မှာ ညနေလေးနာရီလောက်ထိ ဝင်လာမစဲ တသဲသဲ ဖြစ်၏ လူနေထူထပ်မှု၏ ပြယုဂ်ပင်လား မသိ။

အတွေးတွေ ပလုံစီရင်း ငေးနေမိတာ ဘယ်လောက်ကြာသွားသည် မသိ။ လူနာတင်ကား အနားလာရပ်ပြီး ဟွန်းတီးလိုက်မှ ဖိုးခွား လန့်ဖျပ်ပြီး ကားပေါ် ကမန်းကတန်း တက်လိုက်သည်။

နေရစ်ခဲ့တော့ အဘရေ။

အပြန်လမ်းတွင် အဘ၏သားနှင့် ကားဆရာတို့ပြောစကားများအရ အဘကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ဂူသွင်းမည်ဟု သိရ၏။

တတ်နိုင်သူများပေကိုး။ ဒီလောက်တော့ လုပ်ကြပေမပေါ့။ သင်္ဂြိုဟ် မှုနှင့် ကျန်ရစ်သူတို့အလေ့အထကိုလည်း ဖိုးခွား တွေးနေမိသည်။

များသောအားဖြင့် နာရေးကိစ္စတွင် မီးသင်္ဂြိုဟ်ခြင်းအလေ့အထသ များ၏။ မြေပုံမရှိ၊ အုတ်ဂူမရှိ၊ သေသူအတွက် ကျန်ရစ်သော အမှတ်အသား ဘာမှမရှိကြတာ များ၏။

ဒါဆို ဗမာတွေ သံယောဇဉ်ကင်းသည်။ သတိရ တမ်းတမှု အား နည်းသည်ဟု ဆိုရမည်လားမသိ။ တမလွန်ခရီးသွားအတွက် ရက်လည်ဆွမ်း သွပ်မည်၊ လလယ်ဆွမ်းသွပ်မည်။ တစ်နှစ်ပြည့် အမှတ်တရ ဆွမ်းသွပ်မည် ဒါ မိုင်ကုန်ပဲ ဖြစ်၏။ ပြီးတော့ တဖြည်းဖြည်း မေ့သွားကြသည်။ သေသေချာ ကြာလျှင်မေ့ဆိုသည့်စကားတောင် ရှိသည်မဟုတ်လား။

မြဝတီနှင့် မြန်မာ့အသံတို့မှ လွှင့်ထုတ်ပြသနေသော တရုတ်ကား ကိုးရီးယားကားများထဲမှ တရုတ်တွေ၊ ကိုးရီးယားတွေကတော့ ထိုသို့မဟုတ် သေသူကို အလေးအနက်ထားကြသည်။ ဂူမလုပ်နိုင်သူတောင်မှ အရိုးအိုး

www.burmeseclassic.com



တစ်ပုံလောက်တော့ သိမ်းဆည်းထားကြသည်။

သေသည့်နေ့ရောက်တိုင်း စားသောက်ဖွယ်ရာများနှင့် အရက်ပါ ပါအောင်ထည့်ပြီး သေသူကို ဖိတ်ခေါ်ကျွေးမွေးသေး၏။ နှစ်စဉ်မပျက် လုပ် ကြသော ပွဲဖြစ်သည်။ မိသားစုအစုံအလင် တက်ရောက်ကြတာလည်း မြင်ရ တွေ့ရ၏။

ထိုမှမက ထူးခြားသော အဖြစ်အပျက် တစ်စုံတစ်ရာ ပေါ်လာတိုင်း အိမ်စပ်ဆုံးသူက သေသူမြေပုံသို့သွားရင်း ရှင်းပြပြောပြ တိုင်တည်ပြတာ မြင်ရသည်။

ဒါဆို ကိုးရီးယားမှာ သေရတာမှ သေပျော်သလိုဖြစ်နေ၏။ ကျန် ခဲ့သူက နှစ်ပတ်လည်တိုင်း သတိရနေတတ်ကြတော့ သေရတာတန်သည် ဟု ပြောရမလို ဖြစ်နေသည်။

ဗမာတွေကတော့ မဟုတ်ပေါင်။ အမှတ်တရဖြစ်စရာ ဘာဆိုဘာမှ မကျန်ခဲ့။ မြေပုံလည်း မရှိ၊ ဂူလည်းမရှိ။ ဝိုးတဝါးဓာတ်ပုံလေးတောင်မှ အိမ်တိုင်းစေ့ မရှိကြ။

တပင်တပန်း ရှာဖွေလုပ်ကိုင်ကျွေးမွေးခဲ့ရပြီး သေသွားတော့ တစ် ခါလောက်ပဲ သတိရတတ်ကြရာ ဗမာလိုသေရတာ လုံးဝမတန်။ သေရကျိုး နပ်ဟု တွေးမိ၏။

သံယောဇဉ်ကင်းတာလား၊ ဥပေက္ခာပြုတတ်တာလား၊ တရားသ ဘောသိတာလား မသေချာသော်လည်း ဗမာတွေ အသည်းမာတာတော့ အမှန်ပဲဖြစ်သည်။

ဖိုးခွားကိုယ်တိုင်လည်း အဖေနှင့်အမေကို မီးသင်္ဂြိုဟ်ခဲ့ပြီး အရပ်က ကောက်ရှု၍သော ရက်လည်ဆွမ်းသွပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အသည်းမာသူ မဟုတ် သည့်အတွက် သတိတရ ရှိခဲ့သော်လည်း ငွေရေးကြေးရေး အဆင်မပြေ သဖြင့် လလယ်ဆွမ်း၊ နှစ်လယ်ဆွမ်းတို့ မသွပ်နိုင်ခဲ့။

အခင်း ကိုးရီးယားလိုပြောရရင် အဖေတို့အမေတို့ တမလွန်မှာ မျက်

www.burmeseclassic.com



စိကောင်းကောင်း မှိတ်နိုင်မည် မထင်ပေ။

သေခြင်းတရားနှင့် အတွေးများပတ်လည်ရိုက်ပြီး ဆေးရုံသို့ ပြန်ရောက်လာခဲ့၏။ ပေါ်တီကိုအောက်တွင် မိုးတိုးမတ်တတ်နှင့် အလုပ်ဝင်ပြန်သည်။

လမ်းမလျှောက်နိုင်သော လူနာတစ်ယောက်အား ဗီး(လ်)ချဲနှင့် သပ်ခန်းဆီ ပို့အပြီးတွင် ကောင်တာမှစာရေးမလေးက –

"ဖိုးခွား၊ ဒေါက်တာအုပ်စိုးခိုင်က S-15 ကို အခုလာခဲ့ပါတဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဘာကိစ္စနှင့် ခေါ်မှန်းမသိ၍ သို့လော သို့လောတွေးရင်း အဘမရှိတော့သည့် S-15 သို့ ဖိုးခွားရောက်ခဲ့ရပြန်သည်။

အခန်းရောက်တော့ ရှေ့နေကြီးက ပြုံးပြနှုတ်ဆက်ပြီး ဒေါက်တာအုပ်စိုးခိုင်က နေရာပေး၏။

"ထိုင် မောင်ဖိုးခွား"

ဖိုးခွား အူကြောင်ကြောင်နှင့် ဝင်ထိုင်လိုက်သည်။ အဘ၏ မိသားစုဝင်များက သူ့ကို မှန်တေတေကြည့်နေကြတာတွေ့ရတော့ ဘာမှန်းမသိဘဲ ထိတ်လန့်သွားသည်။

ရှေ့နေကြီးက စကားစသည်။

"ကွယ်လွန်သူ ဦးဖေသန်းရဲ့ဆန္ဒအရ အန်ကယ်က ကျန်ရစ်သည့် ပိုင်ဆိုင်မှုအဝဝကို အမွေခွဲပေးရတာ မောင်ဖိုးခွားသိမှာပါ"

"ဟုတ်ကဲ့၊ အဲဒါ ကျွန်တော်နဲ့"

ဖိုးခွား၏မေးခွန်းကို ရှေ့နေကြီးက လက်ကာပြရင်း တားလိုက်ပြီး ထို့နောက် –

"ဦးဖေသန်းက မင်းအတွက်လည်း အမွေခွဲပေးသွားခဲ့တယ်"

ကြားလိုက်ရသော စကားကြောင့် ဖိုးခွားခေါင်းထဲမှ ချို(ဂျို) ထွက်လာသလို တအံ့တသြနှင့် ရှိန်းတိမ်းဖိန်းတိမ်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဦးဖေသန်းကို စေတနာပါပါနဲ့ ပြုစုခဲ့သလို ဒေါက်တာအုပ်စိုးခိုင်ကလည်း ကိုယ်ဖိရင်ဖိ ကူသပေးခဲ့တယ်၊ အဲဒီအတွက် ဒေါက်တာအုပ်စိုးခိုင်နဲ့ မောင်ဖိုးခွားကို သိန်းတစ်ရာစီပေးဖို့ အန်ကယ့်ကို ညွှန်ကြားခဲ့တယ်"

"ဗျာ"

ဖိုးခွားနှုတ်မှ ဗျာဟူသောအသံကြီး တစ်ခဲနက် ပြုတ်ကျသွားသည်။ တစ်ရာ၊ သိန်းတစ်ရာတဲ့။ ဘုရား ဘုရား ဟုတ်မှဟုတ်ပါလေစ။ သူများနားကြားလွဲရော့သလား။

"ဟွန်း၊ အရေးမပါတာတွေ ဒယ်ဒီက သိပ်အပိုလုပ်တာပဲ"

အဘ၏သမီးက မကျေမနပ်နှင့် ပွင့်ပွင့်လင်းလင်း ဝင်ပြော၏။ ရှေ့နေကြီးက ခပ်ထန်ထန် တစ်ချက်စိုက်ကြည့်လိုက်မှ မျက်လွှာချပြီး ပါးစပ်ပိတ်သွားသည်။

"ဒီပုဂ္ဂိုလ်က ဘဏ်မန်နေဂျာပါ၊ သူက ငွေသိန်းတစ်ရာစီပါတဲ့ဘဏ်စာအုပ်တွေအပ်ပြီး တရားဝင်ဖြစ်အောင် လုပ်ပေးလိမ့်မယ်၊ လက်မှတ်ထိုးဖို့ကိစ္စတွေ အဆင်ပြေအောင် လုပ်ပေးလိမ့်မယ်၊ လိုင်စင်ဓာတ်ပုံ ငါးပုံစီတော့ လိုတယ်နော်"

"ဗျာ ဟုတ် ဟုတ်ကဲ့"

ဓာတ်ပုံလိုသည်တဲ့။ ဒေါက်တာ အုပ်စိုးခိုင်မှာ အဆင်သင့်ရှိခဲ့သော်လည်း ဖိုးခွားမှာ မရှိ။

"ဒီဆေးရုံနားမှာ ဓာတ်ပုံဆိုင်ရှိတယ် ဖိုးခွား၊ မြန်မြန်သွားရိုက်ပြီး ချက်ချင်းယူလာခဲ့၊ ဒီက အန်ကယ်ကြီးတို့ စောင့်နေရတာ အားနာစရာ"

"ဟုတ် ဟုတ်ကဲ့ ဆရာကြီး"

ဒေါက်တာအုပ်စိုးခိုင်က အကြံပေးသဖြင့် ဖိုးခွား အမြန်ပြေးရတော့၏။ သူ့ရင်ဘတ်ထဲ ပျော်ကျော်အိုးတွေ ဆင့်ကဲဆင့်ကဲ ပေါက်ကွဲနေသလို ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးခုန်နှုန်းကလည်း ရင်ဘတ်ကြီးပွင့်ထွက်လုမတတ် မြန်ဆန်နေ၏။ ငွေသိန်းတစ်ရာတဲ့။ သူ အိပ်မက်ပင်မမက်ခဲ့ဖူးသော ငွေသိန်းတစ်ရာ သူ ရတော့မည်တဲ့။ အဘပေးခဲ့တာတဲ့။ ဒါဆို သူဌေး ဖြစ်ပြီပေါ့။

ဖိုးခွား ခြေထောက်နှင့် ကြမ်းခင်းမထိဘဲ ခပ်သွက်သွက်ပြေးနေမိ၏။ ဓာတ်ပုံဆိုင်တွေ၌ လိုင်စင်ပုံရိုက်သောအခါ သူ့ပါးစပ် စေ့လို့မရအောင် ပြုံးနေမိသည်ထင်၏။

ဓာတ်ပုံဆရာက တအားမပြုံးရန် သတိပေးနေရသည်။ ဓာတ်ပုံရဖို့ စောင့်ရသော မိနစ်နှစ်ဆယ်ခန့်ကာလသည် သူ့အတွက်တော့ ငရဲကျသလို ပင်ပန်းဆင်းရဲလွန်းလှ၏။

ဖိုးခွား ရင်တလှပ်လှပ်တုန်ပြီး ချွေးစေးများ ပြန်ကာ နေမထိထိုင်မရ ဖြစ်နေသည်။ ကံထူးလှသော သူ့အဖြစ်အား တစ်ယောက်ယောက်ကို ပြောပြချင်လှ၏။ သို့သော် ပြောပြစရာလူက မရှိ။

တစ်ဖန် အဘ၏အမှာစကားအရ ရှေ့နေကြီးက သိန်းတစ်ရာ ပေးမည်ပြောသော်လည်း မိသားစုက မကြည်ဖြူကြသဖြင့် တကယ်ရော ရပါ့မလား တွေးပြီး ရတက်မအေး ဖြစ်ရသေး၏။ နောက်မှ ဒီကိစ္စ ကလေး ကစားသလို လုပ်လို့မရတော့ တွေးမိပြီး သက်ပြင်းချရပြန်သည်။

ကိုယ့်ဘာသာ အတွေတွေလုပ်သားဘဝနှင့် မသာတွေ ကူသယ် ပေါက်သယ်ပိုပြီး အညစ်အကြေးတွေ လူးပေစဉ်အခါကမှ စိတ်အေးလက် အေး နေနိုင်သေး၏။

သိန်းတစ်ရာဟူသော ငွေအနံ့ရခါမှ ဗလောင်ဆူအောင် ရင်ပူနေရ သဖြင့် "ရှိဒုက္ခ" ကို နဖူးတွေ့ဒူးတွေ့ ဖူးတွေ့နေရရှာသည်။

ဓာတ်ပုံရတော့လည်း ဘဝင်တုန် ရင်ခုန်စွာဖြင့် ဆေးရုံကိုပြန်လာ ခဲ့ရသည်။ သတင်းဇာတ်ကောင် ကိုယ်တိုင်ရေရာ သေချာသိသေးသော် လည်း မြင်မြင်သမျှလူများက သူဌေး သူဌေးဟု လှမ်းခေါ်နေကြ၏။

"သူဌေး ဦးဖိုးခွား၊ သူဌေးကြီး ဦးဖိုးခွား

www.burmeseclassic.com



"ဟာဗျာ၊ ဦးစိုးမိုးကလည်း"

ဦးစိုးမိုး၏ သိုးမြောက်စကားကို ရှက်သွေးဖြန်းစွာ တုံ့ပြန်ရင်း ရှေ့ဆက်လာတော့ ဒေါ်မေဘယ်နှင့် ဆုံပြန်၏။

"သူဌေးမင်း ကျွန်မကိုမေ့မထားနဲ့နော်၊ စာရင်းကိုင်လိုရင် ကျွန်မကို ခေါ်ပါနော်"

"ဗျာ အန်တီကလည်း နောက်နေပြန်ပါပြီ၊ သတင်းတွေက မြန်လှ ချေလား၊ ဘယ်သူပြောတာလဲ"

"ဆေးရုံတစ်ရုံလုံး ပြောနေကြတာလေ၊ အန်တီက နောက်ဆုံးမှ သိတာပါနော်"

"ထားပါတော့၊ အခုကိစ္စတွေက မပြတ်သေးဘူး၊ သွားဦးမယ်နော်၊ နောက်မှ နောက်မှ"

"ကောင်းပါပြီ သူဌေးမင်းရယ်"

ဒေါ်မေဘယ်(လ်) ၏ အငေါ်တူးစကားကို ဝဲထားခဲ့ပြီး S-15 သို့ ပြန်တက်လာခဲ့သည်။

ရှေ့နေကြီးလက်သို့ လိုင်စင်ဓာတ်ပုံများအပ်လိုက်၏။ ရှေ့နေကြီးက ဘဏ်မန်နေဂျာလက်သို့ ပေး၏။ အဘဖေနီးနှင့် သားသမီးများက မျက်နှာ ချွစ်ခေါက်ချိုးနှင့် ဖိုးခွားထံ ရန်လိုမှုတွေ ပို့လွှတ်နေသည်။

မန်နေဂျာကြီးက ဘဏ်စာအုပ်နှင့် လျှောက်လွှာများ၏ လိုအပ် သည့်နေရာတွင် ဓာတ်ပုံများကပ်ပြီး တံဆိပ်တုံးများ ရိုက်နှိပ်နေ၏။

ပြီးတော့ လက်မှတ်လေးငါးခု ထိုးခိုင်းသည်။ အစစအရာရာ ပြီး ဆုံးသွားသည့်အခါမှာတော့ ဖိုးခွားလက်ထဲ ဘဏ်စာအုပ်ရောက်လာ၏ တုန်ယင်သောလက်များနှင့် စာအုပ်ကို ဖွင့်ကြည့်မိသည်။

တစ်ဂဏန်းနောက်မှ သုညပေါင်းများစွာကိုကြည့်ရင်း ဖိုးခွား နှလုံးရောဂါ ရလုမတတ် ဖြစ်သွား၏။

မျက်လုံးများ ထွက်ကျမသွားအောင် မျက်ခွံကို ပိတ်ထားလိုက်

www.burmeseclassic.com



သည်။ ဒေါက်တာအုပ်စိုးခိုင်ကတော့ သိပ်ကျေနပ်မပျက်လှချေ။

"ကိုင်း ကွယ်လွန်သူဦးဖေသန်းရဲ့ဆန္ဒအရ စီစဉ်ညွှန်ကြားခဲ့တဲ့အတိုင်း အမွေခွဲဝေမှုကတော့ ပြီးဆုံးသွားပါပြီ၊ အားလုံးလည်း ကျေနပ်သဘောတူကြလိမ့်မယ်လို့ မျှော်လင့်ပါတယ် ခင်ဗျာ"

"သွားလေသူရဲ့ဆန္ဒဆိုတော့လည်း ကိုယ့်သဘောနဲ့ ထပ်တူထပ်မျှ မဖြစ်ပေမယ့် ပြုပြင်ပြောင်းလဲလို့ မရတော့တဲ့အတွက် ဘာမှပြောစရာ မရှိတော့ပါဘူး"

"ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်တို့တာဝန်ပြီးပြီမို့ ပြန်ခွင့်ပြုပါဦး"

ရွှေနေကြီးနှင့် ဘဏ်မန်နေဂျာတို့ နှုတ်ဆက်နေကြပြီး မန်နေဂျာကြီးက ဖိုးခွားအား ခင်မင်စွာကြည့်ရင်း

"ကိုဖိုးခွား ထုံးတမ်းစဉ်လာအရ အမွေဆက်ခံသူဆိုတာ လိုအပ်ပါတယ်၊ ခင်ဗျားမှာရှိရင် အဲဒီလူကို ကျွန်တော်တို့ဘဏ် ခေါ်လာခဲ့ပါ၊ တရားဝင်ဖြစ်အောင် လုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ပါ"

သူတို့ပြန်သွားကြတော့ ဒေါက်တာအုပ်စိုးခိုင်က ကျေးဇူးစကားဆို၏။

"ကျွန်တော်တို့နှစ်ယောက်အပေါ် ထားခဲ့တဲ့ လေးလေးဦးဖေသန်းရဲ့ စေတနာမေတ္တာတွေအတွက် ပြောမပြတတ်လောက်အောင် ဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ် ဒေါ်ဒေါ်"

"အေးကွယ် ရပါတယ်၊ ကဲ ဒေါ်ဒေါ် နားချင်နေပြီ"

ဦးဖေသန်းကတော်က မယ်ကုဝဏ် သံပုရာရည်သောက်ရသလို မျက်နှာမျိုးနှင့် ပြောလိုက်၍ ဖိုးခွား ဝမ်းသာအားရဖြစ်ပြီး ဒေါက်တာအုပ်စိုးခိုင်နှင့်အတူ အခန်းထဲမှ ထွက်လာခဲ့ကြ၏။

ဒီမိသားစုရှေ့မှ ထွက်ပြေးနေချင်တာ သူ့လက်ထဲ ဘဏ်စာအုပ်ရောက်လာကတည်းက ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


မတော်လို့များ ဒီငွေတွေ မပေးနိုင်ဘူးပြောလိုက်လျှင်ဟူသော အတွေးက ဖိုးခွားစိတ်ထဲ ကယောင်ကတမ်း ဖြစ်စေနိုင်သည် မဟုတ်လား။

အခန်းအပြင်ဘက်ရောက်တော့မှပဲ စိတ်နှလုံး ဒုန်းဒုန်းချနိုင်တော့၏။ ငွေသိန်းတစ်ရာကို လက်ဝယ်ပိုင်ပိုင် ကိုင်ထားနိုင်ပြီဆိုသောအသိက သူ့စိတ်ကို တောင်ပံတပ်ပေးလိုက်သလို ဖြစ်နေသည်။ အော်ဟစ်ပြီး ခုန်ပေါက်လိုက်ရမလား၊ အဝတ်အစားတွေချွတ်ပြီး လွှင့်ပစ်လိုက်ရမလား မခွဲခြားနိုင်အောင် ဖြစ်နေရသည်လေ။

တော်ပေသေး၏။ ဘဏ်မန်နေဂျာက သိန်းတစ်ရာကို စာအုပ်နှင့် ပေးသွားလို့သာပေါ့။ ငွေသားချည်းသာဆိုလျှင် ထမင်းချိုင့်တစ်လုံးသာ ပါလာသော သူ့အတွက် အိမ်ပြန်သယ်သွားဖို့ အတော်ပင် အခက်အခဲတွေ့မည် မဟုတ်လား။

ဖိုးခွား သူ့အတွေးသူ သဘောကျပြီး ရယ်ချင်ပက်ကျိဖြစ်သွား၏။

''ဘယ်လိုလဲ မောင်ဖိုးခွား၊ သိပ်ပျော်နေသလား''

''ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီးရယ်၊ ကိုယ်ပိုင်ငွေဆိုလို့ အိပ်ကပ်ထဲမှာရော အိမ်မှာရှိတာပါပေါင်းမှ တစ်သောင်းမပြည့်တဲ့လူလက်ထဲ ငွေသား သိန်းတစ်ရာ ရောက်လာတာလေ၊ မပျော်ဘဲ ခံနိုင်ပါ့မလားဗျာ''

''အင်း ဟုတ်တာပေါ့၊ ပျော်သင့်တာပေါ့၊ ဒါပေမဲ့ ငွေမှာ အဆိပ်ရှိတာကိုတော့ သတိထားနော်၊ ဒီငွေတွေဟာ မင်းရဲ့ တစ်ဖက်သားကို အနစ်နာခံ ကူညီလိုတဲ့ ဖြူစင်စိတ်ထားကြောင့် ရခဲ့တာ''

''ဟုတ်ပါတယ် ဆရာကြီး''

''အဲဒီစိတ်ဓာတ်လေး ဒီငွေကြောင့် မပျက်စီးစေနဲ့''

''ဟုတ်ကဲ့ပါ ခင်ဗျာ၊ အဲဒီအတွက် စိတ်ချပါ''

ဆရာကြီး၏ဆုံးမစကားကို နာခံပြီး အောက်ထပ်သို့ ပြေးဆင်းလာခဲ့၏။ ဆေးရုံဝန်ထမ်းအားလုံး သူ့ကို စောင့်မျှော်နေကြတာတွေ့ရသဖြင့် ဖိုးခွားမြောက်ကြွမြောက်ကြွ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး ဦးဖိုးခွား လာပြီဟေ့"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းဝန်းပြောကြသည့် ဝမ်းသာစကားများက နားထဲလျှံကျလုမတတ်၊ ဖိုးခွားမျက်နှာ ဘယ်လိုထားရမှန်းမသိတော့။

ဆရာမကြီး နော်လေးမူက နောက်ဆုံးရ စက်ရုပ်သတင်းကို လူသိရှင်ကြား ကြေညာသေး၏။

"အဲဒီအဘိုးကြီး ဒီလောက်ချမ်းသာမှန်း သေမှပဲ သိရတော့တယ်ဟယ်၊ သူ့မိန်းမအတွက် အတွင်းပစ္စည်းတွေနဲ့ ငွေသားသိန်းသုံးထောင်အပြင် လက်ရှိနေတဲ့ တိုက်နဲ့ကားတစ်စီးတဲ့"

"ဟယ် မနည်းမနောဘဲနော်"

"သားကြီးအတွက်က မော်တော်ကားစက်ရုံနဲ့ သိန်းငါးထောင်တဲ့"

"ဘုရား ဘုရား"

"သမီးအတွက်က လျှပ်စစ်ပစ္စည်းစက်ရုံနဲ့ သိန်းလေးထောင်ဆိုပဲ"

"ကောင်းလိုက်တဲ့ ကုသိုလ်ကံတွေပါပဲလား"

"ဒါတင်မကသေးဘူး၊ မြန်မာပြည်အနှံ့က ဘိုးဘွားရိပ်သာတွေအတွက် သိန်းငါးရာလှူသွားသေးတာတဲ့"

"ရက်ရောလိုက်တာ ဟယ်"

ဖိုးခွားတောင်မသိသော အကြောင်းအရာများကို ဆေးရုံတစ်ခုလုံး သိသွားကြတော့၏။ သူ ခေတ်ပုံသွားရိုက်နေစဉ် စပ်စု စုဆောင်းထားသော သတင်းများသာ ဖြစ်ရပေမည်။

"ကိုင်း ဖိုးခွား၊ ငါတို့တွေကို ဘယ်ဆိုင်မှာ ဘယ်လိုညှော်ခံမှာလဲ၊ အဲဒါပဲပြောတော့"

ဦးစိုးမိုး၏အမေးကို ဖိုးခွားက အေးအေးဆေးဆေး ဖြေ၏။

"ဘယ်ဆိုင်မှာမှ ညှော်မခံနိုင်ဘူး၊ ဘာလို့လဲဆိုတော့ ကျုပ်တော့မှာ ငွေပိုငွေလျှံ တစ်ပြားမှမရှိလို့ဘဲ၊ ရထားတဲ့ သိန်းတစ်ရာက ဟောဒီစာအုပ်ထဲမှာ"

www.burmeseclassic.com

www.burmeseclassic.com


ဖိုးခွားက ဘဏ်စာအုပ်ကိုထောင်ပြပြီး စပ်ဖြီးဖြီးနှင့် ပြောလိုက်သေးတော့၏။

ခြောက် ကံတရားဆိုတာ ပန်းကန်ပြားနှင့်အုပ်ထားသလို ဘယ်သူမှ မမြင်နိုင်သောအရာ မဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## မာယာလောင်မီး

မန်ချက်စတာယူနိုက်တက်အသင်းတည်ရှိရာ အိုးထရက်ဖို့ဒ်မှ ဘော လုံးကွင်းရှေ့သို့ တံခါးခြောက်ပေါက် ရိုးရွိုက်ကားကြီး ထိုးဆိုက်လို့လာသည်။

အသင်းပိုင်ရှင်နှင့် နည်းပြကြီး ဆာအလက်ဖာဂူဆန်တို့ ကိုယ်တိုင် ခပ်ကုပ်ကုပ်ပြေးလာပြီး ကားတံခါးဖွင့်ပေးကြ၏။ ဖိုးခွား ကားပေါ်မှ ဟန်ပါပါ ဆင်းလိုက်သည်။

ကားတံခါးနှင့်တည့်တည့်တွင် ခင်းထားသော ကော်ဇောနီကြီး ဘေး တစ်လျှောက်တွင် ပေါ(လ်)စခိုး၊ ရှိုင်ရန်ဂစ်၊ ရွန်းနီ၊ နာနီ အစရှိသော မန်ယူဘောသမားများက လက်ခုပ်တီးကာ ညီညာစွာဖြင့် သောင်းသောင်းဖြ ကြိုဆိုကြ၏။

ဖိုးခွားက ခပ်တည်တည်လျှောက်လှမ်းလာရင်း ပေါ(လ်)စခိုးအား လက်ဆွဲနှုတ်ဆက်၍ ရွန်းနီကို ဘုကြည့်ကြည့်ကာ နာနီအား ပါးပိတ်ရိုက် လိုက်သည်။ ဖာဂူဆန်ကြီး မျက်နှာပျက်သွားသော်လည်း ဘယ်သူမှ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောရဲ့။

"အသင်းကို ကျုပ်ဝယ်ပြီးရင် နီတဲ့ကောင်နှစ်ယောက်လုံး ပြန်ရောင်းပစ်မယ်၊ ကြားလား"

"ဘာကို ဆိုလိုတာလဲ မစ္စတာခွား"

"ရာသီအစရဲ့ ဒုတိယမြောက်ပွဲမှာ ပန်နယ်တီဝင်အောင် မသွင်းနိုင်တဲ့ နာနီ၊ ကမ္ဘာ့ဖလားပွဲစဉ်တွေက စပြီး ဂိုးသွင်းဖို့မေ့နေတဲ့ ရွန်းနီ၊ အဲဒီကောင်တွေကို ကျုပ်မမြင်ချင်ဘူး၊ ရတဲ့ဈေးနဲ့ ရောင်းထုတ်ပစ်ဖို့ပြောတာ"

"ဟုတ် ဟုတ်ကဲ့၊ စိတ်ချပါ မစ္စတာခွား"

ကမ္ဘာ့အချမ်းသာဆုံးလူများစာရင်းတွင် နံပါတ်နှစ်ဆယ်မြောက်နေရာရင်းပေါက်သော မစ္စတာဦးဖိုးခွားမှာ ကမ္ဘာ့အဆင့်မီ သူဌေးကြီးများထုံးစံအတိုင်း နာမည်ကြီးဘောလုံးအသင်းတစ်သင်းကို ကိုယ်ပိုင်ဝယ်ထားချင်သောဆန္ဒသိသများ လွန်စွာပြင်းပြနေခဲ့၏။

ထို့ကြောင့် ပွေဖော်ပွေဖက် အရင်းနှီးဆုံး သူငယ်ချင်း အေဗရာမော့ဗ်အား ပွဲစားလုပ်ခိုင်းပြီး မန်ယူအသင်းကိုဝယ်ရန် စီစဉ်ခဲ့ခြင်းပင် ဖြစ်သည်။

မန်ယူအသင်း၏ သတင်းထုတ်ပြန်ရေးခန်းမအရောက်တွင် ကမ္ဘာ့သတင်းဌာနအသီးသီးမှ သတင်းထောက်အယောက်နှစ်ရာခန့် ဝိုင်းအုံပြီး လိုက်များရော၊ ရှည်တေဖျူးပါ ဖျူးကြတော့၏။ သတင်းထောက်များနှင့် အတင်းအဖွင်းစုံပြောပြီးနောက် အရောင်းအဝယ်စာချုပ်အား လက်မှတ်ထိုးကြသည်။ အားလုံး လက်ခုပ်တဖြောင်းဖြောင်း တီးကြ၏။

မန်ယူအသင်းကိုတော့ ဖိုးခွား ပိုင်ဆိုင်ခဲ့ပေပြီ၊ အနာဂတ်ကာလတွင် မန်ယူအသင်း ခြေစွမ်းပိုမိုထက်မြက်လာစေရန် MNL ကလပ်အသင်းများနှင့် ခြေစမ်းပွဲ ကစားခိုင်းရမည်ဟုတွေးပြီး ဖိုးခွား ကျေနပ်ပီတိဖြစ်နေမိသည်။

ထိုအခိုက်မှာပင် လူလယ်ကောင်တွင် ပါးရိုက်ခံရ၍ မကျေမနပ်ဖြစ်နေသော နာနီက သမိန်ပေါသွပ်၏ဓားမကြီးကို ကိုင်ရင်း အတင်းပြေးဝင်လာကာ ဖိုးခွားခေါင်းကို ခုတ်ပိုင်းလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အားပါလှသော ခုတ်ချက်ဖြစ်၍ ဖိုးခွား ခေါင်းပြုတ်ထွက်သွားက ကြမ်းပြင်ပေါ်သို့ တလိမ့်လိမ့် ပြုတ်ကျသွားတော့သည်။

"ဝုန်း"

ခုတင်ပေါ်မှ ပြုတ်ကျပြီး ခါးဆစ်နာသွားမှ အိပ်မက်မက်နေတာမှ သိလိုက်ရ၍ ဖိုးခွား ကိုယ့်လည်ပင်းကိုယ် စမ်းပြီး ကမန်းကတန်း ပြူးမိ

မနေ့ညကလည်း တော်တော်နှင့် အိပ်မပျော်ခဲ့။ ငွေသိန်းတစ် ပါသော ဘဏ်စာအုပ်ကို သိမ်းစရာနေရာ ရှာမတွေ့သောကြောင့်ပင် ဖြ သည်။ သူ့အိမ်တွင် ပစ္စည်းပစ္စယဆို၍ ခုတင်တစ်လုံး၊ ဗီရိုတစ်လုံး၊ ထင်း သေတ္တာတစ်လုံးနှင့် သံချေးတက်နေပြီဖြစ်သော ခနော်နီခနော်နဲ့ သံသေတ္တ တစ်လုံးသာ ရှိ၏။ ဘဏ်စာအုပ်ကို ဘယ်ထဲထည့်သိမ်းရမှန်း မသိ၊ လုံ စိတ်ချရမည့် နရာ စဉ်းစားမရသဖြင့် ရတက်မအေးဖြစ်ရသည်။

နောက်ဆုံးမှာ ခေါင်းအုံးအောက်ထည့်ပြီး လက်နှင့်စမ်းရင်း အိ လိုက်မှပဲ စိတ်ချလက်ချဖြစ်သွား၏။ စာအုပ်သိမ်းပြီးတော့လည်း အနာ ခရီးကို ဘယ်လိုဆက်စခန်းသွားရမလဲဆိုတာ စဉ်းစားရင်း အိပ်မပျော်

ဒီငွေနှင့် ကိုယ်ပိုင်လုပ်ငန်းသေးသေးတစ်ခုလောက်တော့ လုပ် သည်။ သို့သော် သူ ဘာမှမလုပ်တတ်။ အရောင်းအဝယ်မတတ်သလို လ မှုစက်မှုပညာကလည်း မတတ်သဖြင့် ဘာလုပ်ငန်းလုပ်ရမှန်းမသိဘဲ စိတ် ပန်းတာသာ အဖတ်တင်ပြီး ညနှစ်နာရီ သံချောင်းခေါက်သံကြားပြီးမှ အိပ် သွားခဲ့ရသည်။

အိပ်ရာထ မျက်နှာသစ်ပြီး လက်ဖက်ရည်ဆိုင်ထွက်ဖို့ အိမ်တံ သော့ခတ်တော့မှ အောင်ဇော်ဝင်လာ၏။ မျက်တွင်းဟောက်ပက်နှင့်

"ဟာ အောင်ဇော် ညက ဘာလို့ ပြန်မလာတာလဲ ဆိုင်မှာ အိပ်လိုက်တာလား"

"ဟင်း ဟင်း၊ မဟုတ်ဘူးကွ၊ ညက ဟဲ ဟဲ"

မျက်နှာက စပ်ဖြဲဖြဲအမူအရာက ခပ်ရွှဲရွှဲမို့ ဖိုးခွားလည်း အောင်ဇေ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ခဲ့သလဲဆိုတာ တအားသိချင်သွား၏။

"ကဲပါကွာ၊ မင်းမပြောချင်လည်း နေ၊ ငါမမေးတော့ပါဘူး"

"ဟာ ဟော့ကောင်၊ ပြောချင်လွန်းလို့ အိုက်တင်ခံနေတာကွ၊ ဒီး တဲ့မှပဲ"

"သိတယ်၊ အမြင်ကတ်လို့ကို မမေးတာ"

"ဟဲ ဟဲ၊ မင်းကလည်းကွာ၊ ညကလေ ညက အဟဲ ငါနဲ့ ပေရယ် တည်းခိုခန်းမှာ အတူအိပ်ခဲ့တာကွ၊ သိပြီလား"

"ဟေ"

အောင်ဇော်၏အပြောနှင့် အမူအရာကြောင့် ဖိုးခွား စပ်ဖြဲဖြဲ ဖြစ်သွားပြီး အထင်ကြီးစွာဖြင့် လှမ်းကြည့်မိသည်။ အောင်ဇော်က မေးပွတ် နေ၏။

"အဟင်း ပေရယ်က ငါ့ကို ဘဝကြင်ဖော်အဖြစ် အတည်ပြုပြီး ယုံမှတ်လို့ ပုံအပ်ခဲ့တာကွ၊ ကိုယ့်ချစ်သူကို တစ်ညလုံး ရင်ခွင်ထဲထည့်ပြီး အတူနေရတဲ့အရသာကို ရှင်းပြလည်း မင်း နားလည်မှာမဟုတ်ဘူး"

အောင်ဇော်က ဖာဂူဆန်ပြုံးလေး ပြုံးရင်း မျက်နှာကို မော်ထား၏။ ဖိုးခွားက သိန်းတစ်ရာကိစ္စပြောပြီး မော်ကြွားရန် စိုင်းပြင်းခါမှ အောင်ဇော်၏ အချစ်ညရင်ခုန်သံ ခပ်ပြင်းပြင်းက သိန်းတစ်ရာသတင်းကို လွှမ်းမိုးသွားခဲ့ သည်။

"ကဲကွာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"

"ဟင်း သွားလေ၊ ငါလည်း အာဟာရဖြည့်မှ ဖြစ်တော့မှာ"

လက်ဖက်ရည်ဆိုင်ရောက်မှ စားချင်တာမှာပြီး စကားဆက်ဖြစ်ကြ၏။

"ဒါဆို မင်းနဲ့ပေရယ် လက်ထပ်ကြတော့မယ်ပေါ့"

"လက်ထပ်ဖို့က သေချာပါတယ်၊ ဘယ်အချိန်လဲဆိုတာသာ မသေ ချာသေးတာ၊ နှစ်ယောက်တည်းနေဖို့ဆိုတာ ပိုက်ဆံရှိမှ ဖြစ်မှာလေ"

"ဒါနဲ့များကွာ၊ ဘာလို့ စိတ်အလိုလိုက်ရတာလဲ၊ လက်မထပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သေအောင် ကိုယ်ဝန်ရှိသွားမှာ မကြောက်ဘူးလား''

''ဟား ဟား ဟား၊ ဖိုးခွား ဖိုးခွား၊ ရိုးသလား မမေးနဲ့၊ ဒီခေတ်ကြီးထဲမှာ အဲဒါတွေ မရှိတော့ဘူး။ သားသမီးဆိုတာ ကိုယ်လိုချင်မှ ရတာပါကွာ၊ ရှင်းလား''

''ဟင် ဒါဆို ဒီကိစ္စမှာ မင်းနဲ့ ပေရယ်၊ ဘယ်သူက ဆရာကြီးလဲ''

''နှစ်ယောက်စလုံးပဲ''

''ဟား ဟား ဟား ဟား''

အောင်ဇော်ကတော့ ပေရယ်၏ မာယာခြေမန်းကွင်း အစွပ်ခံရသည့် ဖုတ်တစ္ဆေလို လှုပ်လေမြုပ်လေ ဖြစ်နေပြီမှန်း ဖိုးခွား သိလိုက်၏။ နောက်အခြေအနေကြည့်ပြီး ဖျောင်းဖျတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ရသည်။

သို့နှင့် စကားလမ်းကြောင်းပြောင်းပြီး သူ၏ မန်ချက်စတာအိပ်မက်နှင့် သိန်းတစ်ရာ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ပြောပြခွင့်ရခဲ့၏။ ဇာတ်ကြောင်းစုံရှင်းရှင်းလင်းလင်းသိသွားတော့ အောင်ဇော့်ပါးစပ် ပြန်ပိတ်၍မရတော့။

''ဖိုးခွား မင်း မင်း တကယ်ပြောနေတာလား''

''ဟား မင်းကလည်း ဒါမျိုးဇာတ်လမ်းဆင်ပြောလို့ ရမလားကွ''

''ဒါဆို ဘဏ်စာအုပ် ခဏပြစမ်း၊ မြင်ဖူးတယ်ရှိအောင်လို့''

ဖိုးခွား အိပ်ကပ်ထဲမှ ဘဏ်စာအုပ်ကို ထုတ်ပြလိုက်၏။ အောင်ဇော်က အငမ်းမရမျက်ဝန်းများနှင့် စာအုပ်ကို စားတော့ဝါးတော့မလို ကြည့်သည်။ ထိုမျက်ဝန်းတွင်လည်း အမျိုးအမည်မသိ အရိပ်အယောင်များ ယှက်သန်းနေ၏။

''ဟာ ဖိုးခွား၊ ဒါ တကယ် တကယ်ကြီးပါလား''

''ယုံပြီ မဟုတ်လား အောင်ဇော်''

''အေးကွာ၊ မင်း ကုသိုလ်ကံကောင်းလှချည်လား ဖိုးခွားရာ၊ ငါတောင် မနာလိုဖြစ်သွားပြီ၊ ဟင်း ဟင်း ဒါနဲ့ အဲဒီပိုက်ဆံတွေနဲ့ မင်း ဘာလုပ်မယ် စိတ်ကူးလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ညလုံး စဉ်းစားပြီးပြီ၊ ဘာလုပ်လို့ လုပ်ရမှန်းကို မသိဘူး အရေးထဲ မင်းကလည်း ပြန်မလာတော့ တိုင်ပင်စရာလူလည်း မရှိဖြစ်နေ ဘာလေ"

"အေးကွာ၊ တို့နှစ်ယောက်ကုသိုလ်ကံကလည်း ဆန်းတယ်နော်၊ ငါက အချစ်ကို ဖက်အိပ်နေတဲ့အချိန်မှာ မင်းက ငွေပုံကြီးထဲ လူးလိမ့်နေတာ ပဲ"

"မမိုက်ပါဘူးကွာ၊ အဲဒါရလိုက်မှ ငါ့မှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲကို ဖြစ်လို့"

"ဟေ ဒါဆို ငါ့ကိုလွှဲပေးလိုက်စမ်းပါ၊ မင်းလို စိတ်ဆင်းရဲ ကြည့် ချင်လို့"

"ဟား ဟား ဟား၊ အေး မင်းပြောမှ ငါသတိရတယ်၊ လွှဲပေးဖို့နဲ့ ပတ်သက်လို့ပေါ့"

"ဘာများလဲကွ"

"ဘဏ်စာအုပ်ရှိတဲ့သူတိုင်း ကိုယ်စားထုတ်ယူခွင့်ရှိတဲ့သူ ထားရ တယ်၊ အမွေဆက်ခံခွင့် သဘောမျိုးပေါ့ကွာ၊ ဥပမာ လင်ရဲ့စာအုပ်မှာဆို မယားက အမွေခံသူပေါ့၊ အဲသလိုမျိုး တရားဝင် လုပ်ထားရတယ်တဲ့"

"အေးပေါ့၊ မင်း မလုပ်ရသေးဘူးလား၊ ဒါဆို မတော်တဆ မင်း သေသွားရင် ပိုက်ဆံတွေ ဘယ်သူမှထုတ်မရဘဲ ဘဏ်က သိမ်းသွားမှာနော်"

"ခွေးကောင်၊ မဦးမချွတ်နဲ့၊ ငါက ဘာကိစ္စ သေရမှာလဲ၊ အသက် အရှည်ကြီး နေရဦးမှာ၊ ဒီငွေတွေနဲ့ တစ်ဝကြီး ဇိမ်ခံရဦးမှာ"

"အေးပါ ဇိမ်ခံပါ၊ အရေးကြီးတာက အမွေခံတစ်ယောက် ထားဖို့ နော်၊ ရွာမှာ မင်းအမျိုး ဘယ်သူကျန်သေးလဲ"

အောင်ဇော်သတိပေးမှ ကိုယ့်အမျိုး ကိုယ်ပြန်စဉ်းစားရ၏။ သတိရ သလောက် စစ်စစ်ပေါက်ပေါက်တွေးသော်လည်း ဆွေနီးမျိုးစပ်ထဲ ရွာမရှ အဘိုးအဘွားတွေ မရှိတော့သလို အဖေက တစ်ကောင်ကြွက်၊ အမေ့ညီမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အပျိုကြီးဘဝနှင့် ဆုံးသွားပြီဆိုတော့ အမျိုးဖယားက ပြတ်နေပြီ။

"ငါသိသလောက်တော့ ဘယ်အမျိုးမှ မကျန်တော့ဘူးကွ"

"ဒါဆို မင်း ဘယ်လိုလုပ်မလဲ"

"မပြောတတ်သေးပါဘူးကွာ၊ ဖြည်းဖြည်းမှပဲ စဉ်းစားတော့မယ် ခေါင်းစားလွန်းလို့"

"အေးပါ သူငွေးရာ အေးပါ၊ ငါ့ကိုတော့ ထည့်စဉ်းစားနော်၊ မင်းမှာ အရင်းဆုံးလူဆိုလို့ ငါပဲ ရှိတော့တာမဟုတ်လား"

"အင်း ငါ အမွေခံထားဖို့ဆုံးဖြတ်ရင် မင်းကို ထည့်စဉ်းစားမှာပါ တစ်ခုတော့ရှိတယ်၊ ဒီကြားထဲ ငါ မိန်းမရသွားရင်တော့ တာ့တာပဲနော်"

"ဟား ဟား ဟား ဟား"

✿

တိမ်များ၏ ပွေ့ဖက်ကျီစယ်မှုကို ခံယူရင်း လေပွေကို ရုပ်တိုက်၍ ဖိုးခွား လျှောက်လှမ်းလာသည်။

လောကကြီးက မနေ့ကထက် ပိုမိုသာယာလှပနေသည်ဟု ဖိုးခွား ထင်မိ၏။ ယနေ့ ဖိုးခွားမှာ မနေ့တစ်နေ့က ဖိုးခွားမှ မဟုတ်တော့ဘဲလေ

သိန်းတစ်ရာဟူသော ကျောထောက်နောက်ခံနှင့် ဖိုးခွား မာန်တက်နေသည်။ လမ်းလျှောက်နေသူအချင်းချင်း မတူသလိုမတန်သလို ကြည့်မိ၏။ တော်တော်သနားစရာကောင်းသည့် လူတွေပါလားဟုလည်း တွေးနေမိ၏။ ထမင်းတစ်လုပ် တစ်ဝမ်းတစ်ခါးအတွက် ပင်ပင်ပန်းပန်း ရှာဖွေနေကြရပါလားဟု အထင်အမြင်သေးနေမိ၏။

ထိုအခါမှ သူလည်း ဆေးရုံယူနီဖောင်းဝတ်ပြီး ဆေးရုံရှိရာသို့ ဦး

www.burmeseclassic.com



…ည့်သွားနေတာဖြစ်ကြောင်း သတိရ၏။ သူ့အနေနှင့် ဒီဆေးရုံမှာ သူများ …ခတ်အဖြစ် ဆက်လုပ်နေဖို့ သင့်မသင့်ဟူသောအတွေးက ပေါ်လာသည်။

ထို့ကြောင့် ခြေလှမ်းများ တုံ့သွား၏။

“ငါ အလုပ်ထွက်လိုက်ရင် ကောင်းမလား …။

မဟုတ်သေးပါဘူး၊ အလုပ်ထွက်လိုက်ရင် ငါ့လို ပညာမဲ့တဲ့သူ …တွက် ဒီလောက်ကောင်းတဲ့အလုပ် ထပ်ရဖို့ မလွယ်ဘူး …။

လစာ သုံးသောင်းဆိုပေမယ့် အပိုငွေက မက်လောက်အောင် ရ …တာ၊ အောင်ဖော်တောင် ငါ့လောက် ရတာမဟုတ်ဘူး …။

ပြီးတော့လည်း ဒီငွေသိန်းတစ်ရာဟာ ငါ့ရဲ့ ရိုးသားကြိုးစားတဲ့ …စိတ်ဓာတ်နဲ့ အလုပ်ပေါ် စေတနာထားတဲ့ အကျိုးဆက်က ရလာတာပဲ၊ …အလုပ်ကို ငါတန်ဖိုးထားရမယ် …။

ဟာ ဟိုလူက ခေါ်ခိုင်း၊ ဒီလူက ခေါ်ခိုင်းနဲ့ အညစ်အကြေးတွေ …ည်း မရွံ့မရှာ ကိုင်တွယ်ရတာ သိပ်အောက်တန်းကျတာပဲ”

အလုပ်ကို ခင်တွယ်စိတ်နှင့် ဘဝင်မြင့်စိတ်တို့ သူနိုင်ကိုယ်နိုင် သတ် …တ်နေကြရာ နေအပူအောက်တွင် တွေတွေကြီးရပ်ရင်း ဖိုးခွား ရူးချင်သလို …ဖြစ်လာ၏။

ရုတ်တရက် လက်မောင်းကို အရိုက်ခံလိုက်ရသဖြင့် လန့်ဖျပ်ပြီး …ည့်ကြည့်မိသည်။

“ဟဲ့ ဖိုးခွား နေပူကြီးထဲမှာ ဘာရပ်လုပ်နေတာလဲ၊ လာလေ သွား …ကြမယ်”

“ဗျာ၊ အဲ ဟုတ်ကဲ့”

သူနာပြုဆရာမလေး အေးသီခိုင်က ဆွဲခေါ်နေသဖြင့် ဖိုးခွား …နှင့်လန့်ကန့်လန့်နှင့် ဆေးရုံသို့ ပါလာရပြန်၏။

“ဘာလဲ၊ နင်က သူဌေးဖြစ်သွားလို့ သွေးကြီးသွားတာလား”

“ဟာ မဟုတ်ပါဘူးဗျာ၊ ထမင်းချိုင့်ပါမလာလို့ ဘယ်လိုလုပ်ရင်

www.burmeseclassic.com


ကောင်းမလဲ စဉ်းစားနေတာပါ"

"ဒါများဟယ်၊ ကိုယ်က သူဌေးပဲ၊ ဝယ်စားလိုက်ပေါ့"

"အဟင်း၊ ဆရာမကလည်း ဒါပဲပြောနေတော့တာကိုး"

သူတို့ပြောရင်းဆိုရင်းနှင့် ဆေးရုံထဲ ရောက်လာကြသည်။ ဝန်ထမ်းများ အတော်စုံနေပြီ။ ဒေါ်မေဘယ်လ်က မထော်မနန်း လှမ်းပြော၏။

"ဟဲ့ အမယ် အမယ်၊ အေးသီခိုင်တို့များ သွက်လိုက်တာ၊ ဖိုးခွားသူဌေးဖြစ်သွားတာနဲ့ တစ်ခါတည်း တွဲခုတ်လာပါလား"

"ဟယ် အစ်မကြီး ဘာတွေလျှောက်ပြောနေတာလဲ"

ဖိုးခွားလည်း အတော်မျက်နှာပူသွား၏။ အားလုံးက သူ့ကိုပဲ ဝိုင်းကြည့်နေကြသဖြင့် ရှက်တက်တက်ဖြစ်နေရသည်။

"ကဲ ဖိုးခွား နင် တို့တွေကို ဘာမှမကျွေးလို့တော့ မရဘူးနော်၊ ဒီလောက်တောင် ချမ်းသာနေပြီပဲဟာ၊ ကျွေးဖို့မွေးဖို့ကို တွန့်တိုနေရလား"

"တွန့်တိုတာ မဟုတ်ပါဘူးဗျာ"

"ဒါဆို ဘာကျွေးမှာလဲ၊ ဖြစ်ကတတ်ဆန်းတော့ မရဘူးနော်"

"ဟုတ်တယ်၊ ငါတို့က ဘီယာပါကစ်မှာ"

"ကဲ ပြော ပြော၊ ဘယ်တော့ကျွေးမှာလဲ"

အားလုံးဝိုင်းပြီး ကျီးအာသလို အာနေကြသဖြင့် ဖိုးခွား ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ ထိုစဉ် ကယ်တင်ရှင် ဒေါက်တာအုပ်စိုးခိုင် ဝင်လာသဖြင့် အားလုံး၏အာရုံက ဒေါက်တာ့ထံ ရောက်သွားကြပြန်သည်။

"ကဲ ဆရာ၊ ဆရာကရော ဘာကျွေးမှာလဲ၊ ဒီမှာ ဖိုးခွားကတော့ အင်တင်တင် လုပ်နေတယ်၊ ဒါမျိုး မရဘူးနော်၊ ဒါပဲ"

"ဟုတ်တယ် ဆရာ၊ ဆရာနဲ့ ဖိုးခွားပေါင်းပြီး တစ်ပွဲတော့ ကောင်းကောင်းလေးကျွေးမှ ဖြစ်မှာ"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ဆရာကတော့ ကျွေးပါတယ်၊ ဖိုးခွားကိုမေးကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဖိုးခွားဘက် လှည့်လာကြ၏။

"ကဲ ဖိုးခွား၊ မင်းရဲ့ဆန္ဒကို သိချင်နေကြပြီ"

"ကျေးပါတယ်ဗျာ ကျေးရမှာပေါ့၊ ဒါပေမဲ့ လက်ထဲမှာ ပိုက်ဆံမရှိဘူးနော်"

အခြေအနေကို ဒေါက်တာအုပ်စိုးခိုင်ကပဲ ဆုံးဖြတ်ပေးခဲ့သည်။

"ကဲ မင်းလည်း သုံးချင်တာလေးဘာလေး ရှိနေမှာပဲ၊ ဆရာဘဏ်ကိုလိုက်ပို့ပေးမယ်၊ ပိုက်ဆံဘယ်လောက်ထုတ်မလဲဆိုတာတော့ မင်းဟာမင်း ဆုံးဖြတ်ပေါ့၊ ဘာမှ မပူပါနဲ့ကွာ၊ တစ်ရာကျရင် မင်း သုံးဆယ်ပဲ စိုက်ပါ၊ ဒီလောက်တော့ ရတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဖြစ်ပါတယ် ဆရာ"

"ကဲ အားလုံးကြားပြီနော်၊ ပိုက်ဆံသွားထုတ်ဖို့က ဒီနေ့တော့ မအားသေးဘူး၊ စိတ်ချပါ၊ ထုတ်ပြီးတာနဲ့ အားလုံးအဆင်ပြေမယ့် တစ်ရက်လောက် ချိန်းလိုက်ကြတာပေါ့"

"ဝေး ကောင်းတယ်ဆရာ၊ ကောင်းတယ်"

ဒေါက်တာ့အဆုံးအဖြတ်နှင့် ပွဲပြတ်သွား၍သာ တော်တော့သည်။ ဖိုးခွားတစ်ယောက်တည်းဆို ဘာမှ ရှင်းနိုင်မှာမဟုတ်။ ငွေတစ်ရာကုန်ကျလျှင် သုံးဆယ်ပဲပေးပါဆိုမှတော့ ကျေးပျော်နေပြီပဲလေ။

ဒေါက်တာနှင့် ဖိုးခွား၏စကားကြောင့် လူစုကွဲသွားပြီး ဆိုင်ရာလုပ်ငန်းခွင်သို့ ဝင်ခဲ့ကြ၏။

ဖိုးခွားလည်း ထုံးစံအတိုင်း ပေါ်တီကိုအောက်ရပ်၍ အလုပ် လုပ်ရသည်။ လုပ်နေရင်းမှပင် အလုပ်ထွက်၍မဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်သွား၏။

ရန်ကုန်တွင် အောင်ဖော်နှင့် ဒီဆေးရုံအသိုင်းအဝိုင်းကိုသာ ဖိုးခွားသိကျွမ်းသည် မဟုတ်လား။ ဒီလူတွေသည်သာ ဖိုးခွားတည်ရှိမှု အသိအမှတ်ပြုကြတာ ဖြစ်သည်။ ထိုအသိုင်းအဝိုင်းမှလွဲ၍ တခြားနယ်ပယ်တွင် ဖိုးခွား

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်လှုပ်ရှားတတ်မည် မဟုတ်ချေ။

ထို့ကြောင့် နောက်ထပ် အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်း မပေါ်မချင်း ဒီမှာပဲ ဆက်အလုပ်လုပ်ရန်နှင့် သူ့အုပ်ထိန်းသူသဖွယ် ဖြစ်နေသော ဒေါက်တာအုပ်စိုးခိုင်ထံမှ အကြံဉာဏ်ယူရန်သာ ဆုံးဖြတ်လိုက်တော့သည်။

ဆုံးဖြတ်ချက်ချလိုက်နိုင်သဖြင့် စိတ်ပေါ့ပါးသွားပြီး နေသာထိုင်သာရှိသွားကာ အလုပ်လုပ်ရတာ ပြန်လည်စိတ်ပါသွား၏။

ဆေးရုံတက်ရန်ရောက်လာသော ရောဂါသည်တစ်ဦးအား 224 တွင် နေရာချထားပေးရန် ဖိုးခွား ကူညီလုပ်ဆောင်ပေးရသည်။ အခန်းထဲ နေသားကျသည်နှင့် ဝေဒနာရှင် ရုတ်တရက် အမောဖောက်လာသဖြင့် တာဝန်ကျဆရာဝန်အား ဖုန်းဆက်ခေါ်ပေးရသေးသည်။

ဆရာဝန်နှင့် သူနာပြုများရောက်လာမှာ ဖိုးခွား ထိုအခန်းမှ ပြန်လာခဲ့သည်။ ဒုတိယထပ် စင်္ကြံတစ်လျှောက်လုံး လူရှင်းနေ၏။ ဓာတ်လှေကား မအားသဖြင့် ရိုးရိုးလှေကားမှ ဆင်းရန် ဆက်လျှောက်လာခဲ့သည်။

လှေကားသုံးထစ်လောက်ဆင်းအပြီးတွင် စကားပြောသံကြားရသဖြင့် ခြေလှမ်းတုံ့သွားရ၏။ နားစိုက်မထောင်ထဲ ကြားလိုက်ရသည်က –

"အဲဒီတော့ ဘာလဲ၊ ကိုကြီး ဒီကိစ္စကို တာဝန်မယူနိုင်ဘူးပေါ့၊ ဟုတ်လား"

"ခက်တယ် ပေရယ်ရာ၊ ရသမျှကလည်း မိန်းမဆေးရုံစရိတ်နဲ့ ကုန်တာပဲဆိုတော့ ကိုကြီးမှာ ငွေမလွယ်ဘူး၊ ပေရယ့်ကိုချစ်ပေမယ့် ဒီကိုယ်ဝန်ကိုတော့ ဖျက်ချလိုက်ပါ၊ လောလောဆယ် ဘာမှ တာဝန်မယူနိုင်ဘူး"

"ကောင်းပြီလေ၊ ရှင်တို့ ယောကျ်ားတွေဟာ ဒီလိုပါပဲ၊ အစားရှိုင် ဖုတ်ဖက်ခါပြီး ထသွားချင်ကြတာပဲ မဟုတ်လား၊ ဟိုဟာက နှစ်လကျော်နေပြီနော်၊ ကိစ္စတုန်းပစ်ဖို့ဆိုရင် ငွေလိုတယ်"

"တစ်သိန်းလောက်ဆိုရင် ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပိုပေးဖို့လည်း အစီအစဉ်မရှိဘူး မဟုတ်လား၊ ရသလောက်ပဲ ပေါ့၊ တစ်ခုတော့ရှိတယ်၊ လုပ်ရင်းကိုင်ရင်း ကျွန်မပါ သေသွားရင်တော့ သရဲဘဝနဲ့ ရှင့်ဆီ အရောက်လာပြီး ကုပ်ချိုးသတ်မယ်ဆိုတာ မှတ်ထား"

နာမည်က ပေရယ်တဲ့။ ကြားရတဲ့ အကြောင်းအရာတွေကလည်း ထိတ်သာမလန့်သာ၊ မကြားဝံ့မနာသာတော့ချည်းပါပဲလား။ ဖိုးခွား နောက်ကြောင်းပြန်လှည့်ရမလား၊ ဆက်ဆင်းသွားရမလား မဝေခွဲနိုင်ဖြစ်နေရ၏။

သေချာစဉ်းစားကြည့်လိုက်တော့ ဒီကိစ္စသည် အောင်ဇော့်ကို တားဆီးဖို့အတွက် နိုင်မာသောသက်သေတစ်ခုမှန်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ရဲဝံ့သောခြေလှမ်းများနှင့် ဆက်ဆင်းလာခဲ့၏။ လှေကား ထောင့်ချိုးတွင် 222 မှ လူနာအမျိုးသမီး၏ခင်ပွန်းနှင့် ပေရယ်ကို ပက်ပင်း တွေ့ရသည်။

သရုပ်ဆောင်ကောင်းသော ပေရယ် ဒီတစ်ခါမှာတော့ အကြီးအကျယ် မျက်နှာပျက်သွားတာ တွေ့ရသဖြင့် ဖိုးခွားကျေနပ်သွားသည်။

"ဩော် ပေရယ်ပါလား။ အခေါ်ဆီ သတင်းလာမေးတာ ထင်ပါရဲ့"

"ရှင်၊ ဟုတ် ဟုတ်ပါတယ် ကိုဖိုးခွား"

မိန့်မိန့်ကြီးပြုံးပြီး မေးလိုက်သည့် ဖိုးခွား၏မေးခွန်းကို ပေရယ်က ထစ်ထစ်ငေါ့ငေါ့နှင့် ဖြေ၏။ ပိုင်နိုင်သေချာသော ထောက်ကွက်တစ်ခုကို ရလိုက်ပြီမို့ -

"သွားမယ်နော်၊ အလုပ်လေးရှိသေးလို့"

"ဟုတ် ဟုတ်ကဲ့"

ဇနီးဖရဲ တပ်ပျက်သွားသော ပေရယ်၏မျက်နှာကို အရသာခံကာ ကြည့်ရှုလိုသေးသော်လည်း မကောင်းတတ်သဖြင့် ဆက်ဆင်းလာခဲ့၏။ အာပဲပြောပြော အောင်ဇော်ကို ဆက်လက်မလှည့်စားတော့ရန် ခေါ်ပြီးမှ ပြောဆိုနိုင်မည့် နိုင်ကွက်တစ်ခု ရခဲ့ပြီမဟုတ်လား။

သို့သော်လည်း ပေရယ်၏ဦးနှောက်ကို လျှော့တွက်လို့မရတာတော့

www.burmeseclassic.com

www.burmeseclassic.com



သူသိနေသည်။ အောင်ဇော်က ပေရယ့်တစ်ကိုယ်လုံး ပိုင်ဆိုင်ခွင့်ရ၍ ကြည်နူးနေသည့်အခိုက် တစ်ဖက်မှာက ကိုယ်ဝန်ဖျက်ချဖို့ စရိတ်တောင်းနေတာဖြစ်၏။

မတော်တဆ ခွင်တစ်ခုပျက်သွားခဲ့လျှင် အောင်ဇော့်ကို ခေါင်းစဉ်တပ်လို့ရအောင် ပေးကျွေးထားမှုန်း တွက်ဆလို့ ရနေသည်။

"အတော်ကြောက်စရာကောင်းတဲ့ ကောင်မလေးပါလား"

ပေါ်တီကိုအောက်ရောက်သည်အထိ အတွေးတွေက မပြတ်။ ညနေတော့ စောစောစီးစီးပြန်ပြီး အောင်ဇော့်ကို သတိပေးလိုက်ဦးမည်ဟု စိတ်ကူးလိုက်၏။

အထွေထွေဝန်ထမ်းချင်းအတူတူ ကုသိုလ်ကံကွာသော ဖိုးခွားအားဦးစိုးမိုးက အထင်တကြီး ဖြစ်နေသည်။

"ဖိုးခွားရာ ငါသာဆို ဒီမှာ ဆက်မလုပ်တော့ဘူး၊ ကိုယ်ပိုင်အလုပ်လေးလုပ်ပြီး လူရိုသေ ရှင်ရိုသေနေသွားမှာ"

"ကျွန်တော်လည်း စိတ်ကူးရှိပါတယ်ဗျာ၊ ဒါပေမဲ့ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်တဲ့အထိ အတတ်ပညာတစ်ခုခုကို ဒီမှာ အလုပ်ဆက်လုပ်ရင်းဆည်းပူးဦးမှ ဖြစ်မှာလေ"

"အေး ဒါလည်း ဟုတ်တာပဲ၊ မင်း ဒီလောက်တွေးတတ်တယ်ဆိုမှတော့ ရှေ့လျှောက် ကြီးပွားဦးမှာ သေချာတယ်"

"ဟဲ ဟဲ၊ အားပေးစကားအတွက် ကျေးဇူးပါပဲဗျာ"

ထိုနေ့က ပုံမှန်အလုပ်ချိန်အတိုင်း ဆင်းပြီး ဆေးရုံမှ ထွက်လာခဲ့၏။ ကားမှတ်တိုင်သို့ လျှောက်လာရင်း ဘဏ်မှာသုံးစွဲဖို့ ပိုက်ဆံဘယ်လောက်ထုတ်ထားရင် ကောင်းမလဲဟု စဉ်းစားရ၏။

အဝတ်အစားကောင်းကောင်းလေး ဝယ်ချင်သည်။ လူရိုသေ ရှင်ရိုသေဖြစ်အောင် ဆွဲကြိုးလေးတစ်ကုံးနှင့် လက်စွပ်လေးတစ်ကွင်းလောက်တော့ ဝယ်လိုက်မယ်ဟုလည်း စိတ်ကူးမိ၏။

"ကိုဖိုးခွား"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာစဉ် ဘေးမှ ခေါ်သံကြားလိုက်ရ၍ ဖိုးခွား လန့်သွားရသည်။ လှည့်ကြည့်လိုက်တော့ –

"ဟင် ပေရယ်"

"ကိုဖိုးခွား၊ အချိန်ရမယ်ဆိုရင် ခဏလောက် စကားပြောချင်လို့ပါ"

အောင်ဇော်ကို အသိပေးလိုက်ဦးမည်ဟု ရည်ရွယ်ထားသော ဖိုးခွား နည်းနည်းတော့ ဖြုံသွားရ၏။ ပေရယ်က သူ့အကြံကို တားဆီးဖို့ ချဉ်းကပ်လာပြီ မဟုတ်လား။

ဘယ်လို ကလိန်စေ့ငြမ်းဆင်ဦးမလဲဆိုတာ သိချင်လာသဖြင့် ခဏ တစ်ဖြုတ်လောက်တော့ အချိန်ပေးလိုက်ဦးမည်ဟု အတွေးပေါက်သွား၏။

"အချိန်တော့ ရပါတယ် ပေရယ်"

"ဒါဆို ဟိုအအေးဆိုင်လေးမှာ ခဏလောက်ထိုင်ကြမယ်လေ"

"ကောင်းသားပဲ ပေရယ်"

ဖိုးခွား သဘောတူလိုက်သဖြင့် ဝင်းပသွားသောမျက်နှာလေးက သိသိသာသာ လှပနေ၏။ ဖိုးခွား မျက်နှာလွှဲလိုက်ပြီး အအေးဆိုင်ဆီသို့ ဦးတည်လျှောက်လာခဲ့ကြသည်။

ဆိုင်ထဲ ထိုင်မိကြတော့ ပါဝါနှစ်လုံးမှာလိုက်၏။ ပေရယ်နှင့် မျက်လုံးချင်း မဆိုင်မိစေရန် ဆိုင်အပြင်အဆင်ကို ဖိုးခွား ကြည့်ချင်ယောင်ဆောင်နေမိသည်။

ထိုအနေအထားကို ပေရယ်က ဖြိုချဖျက်ဆီးလိုက်၏။

"ကိုဖိုးခွား ကျွန်မကို ဘယ်လိုမြင်လဲဟင်"

အနားကပ်၍ နျူးကလီးယားဗုံး ဖောက်ခွဲလိုက်သလို အင်အားပြင်းထန်သည့်မေးခွန်းနှင့် ပေရယ် စကားစ၏။

ဖိုးခွား တစ်ခုခုတော့ ပြန်ပြောရတော့မည်။ သို့သော် ပေးစရာ အဖြေက "အိုစမာဘင်လာဒင်" ကဲ့သို့ ပျောက်ဆုံးနေ၏။ အစပင် ရှာမရ ပြောစရာစကား မရှိသလို မျက်နှာကိုလည်း မကြည့်ရဲ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားပြီးနောက် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့သလို ထပ်ပြောလာ၏။

"ထင်မြင်ချက်ပေးဖို့တောင် သိပ်ခက်ခဲနေလား ကိုဖိုးခွား"

"အဟင်း ကျွန်တော် ရှာရာပို့ဗာတို့, အိန္ဒြာကျော်ဇင်တို့အကြောင်း တော့ ဂျာနယ်ဖတ်လို့ နည်းနည်းပါးပါး သိပါတယ်၊ ပေရယ့်အကြောင်းက ဂျာနယ်ထဲမှ မပါတာ"

"ကိုဖိုးခွားက ဆင်ဝှေ့ရန်ရှောင်စကားပြောနည်းကို သဘောကျ တယ် ထင်ပါရဲ့"

"ဆိုပါတော့"

"ကျွန်မကတော့ ကောက်ပင်ရိတ်လှီးပြောနည်းကိုပဲ အမြဲသုံးတာ လေ၊ ကိုဖိုးခွားရဲ့သူငယ်ချင်း ကိုအောင်ဇော်ကို ရွယ်တူချင်းမို့ ရင်ခုန်မိတာတော့ အမှန်ပါ"

"ဗျာ"

"ဒါပေမဲ့ ကံမကောင်းအကြောင်းမလှတဲ့ ဘဝပေးအခြေအနေ ကြောင့် ကျွန်မဟာ အဒေါ်ယောက်ျားရဲ့ အပျော်မယား ဖြစ်ခဲ့ရတယ်လေ၊ ဘဝရပ်တည်မှုအတွက် ဆိုပါတော့"

"မင်းမှာ ကိုယ်ဝန်ရှိနေတာကို အောင်ဇော် မသိသေးဘူးထင်တယ် ဖျက်ချလို့ရော အန္တရာယ်ကင်းပါ့မလား၊ မင်းရဲ့အသက်အတွက်ပြောတာ"

"ဟင်း ဟင်း ဟင်း၊ အဟက် ဟက်၊ ရှင် တော်တော်ရိုးတာပဲ နော်၊ အဲဒါက ကျွန်မ ငွေလိုနေလို့ အရေးပေါ် ငွေချူတဲ့စကားရှင့်၊ နားစွန် နားဖျားကြားပြီး ရှင် တကယ်ထင်နေတယ်ပေါ့၊ ဟုတ်လား"

"ဘာ"

"ကိုယ်တောင် ဘယ်လိုရပ်တည်ရမှန်းမသိဘဲနဲ့ ကလေးယူ လောက်အောင် မိုက်မဲမယ်ထင်နေလို့လား"

"မင်း မင်း တော်တော်လည်တဲ့ မိန်းမပါလား၊ ဒီလို ငွေလွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com



ရှာလို့ ရနေတဲ့မင်းက အောင်ဇော်လို စားပွဲထိုးတစ်ယောက်ကို ဘာဖြစ်လို့ တွဲနေရတာလဲ''

''ပြောပြီးပြီလေ၊ ရင်ခုန်လို့ပါဆို၊ ကိုကို့ဒီဇိုင်းက မိုက်တယ်၊ ဟင်း ဟင်း ပြီးတော့ သူက ပြောသမျှယုံတဲ့ ခပ်ထုံထုံလူစားမျိုးလေ''

''မင်း မင်းကွာ''

''ကျန်သေးတယ်ရှင့်၊ ကျွန်မအခြေအနေအထားက ဘီယာဆိုင်မှာလည်း အန္တရာယ်တွေ ဝိုင်းနေတာလေ၊ ဆိုင်ပိုင်ရှင်အဘိုးကြီးက တစ်မျိုး၊ သူ့သား ကတစ်မျိုးနဲ့ဆိုတော့ ကိုကို့ကိုအသုံးချပြီး အကာအကွယ်ယူရသေးတယ် ရှင့်၊ ကဲ သိပြီလား''

''ဒီအဖြစ်မှန်တွေအကုန်လုံး အောင်ဇော့်ကို ငါ အကုန်ပြောပြလိုက်မှာ''

''သူယုံအောင် ရှင်ပြောနိုင်မှာမဟုတ်ပါဘူး ကိုဖိုးခွား၊ သူက ကျွန်မ ပြောတာကိုပဲ ယုံချင်တာ''

''တောက်''

''ကဲ ပြောစရာတော့ ကုန်ပြီ၊ ဒီအချိန်ဆို ကိုကို ဆိုင်ကိုရောက်နေလောက်ပြီ၊ ကျွန်မကိုမတွေ့ရင် သူ အားငယ်နေမှာရှင့်''

ပေရယ်က မခန့်လေးစားဟန်ပန်နှင့် ထရပ်လိုက်သည်။ ဖိုးခွားမှာတော့ ဒေါသကြောင့် တဆတ်ဆတ်တုန်နေ၏။ ပေရယ်က ဖိုးခွားအား ညှုသလို ပြုံး၍ကြည့်လိုက်သည်။

''ဒီည ရှင့် သူငယ်ချင်းကို မျှော်မနေနဲ့နော်၊ တစ်ညလုံး ခေါ်ထားပြီး မူးသွားအောင် ပြုစားလိုက်ဦးမယ်၊ သိလား''

မော်ဒယ်(လ်)ရှိုးမှ ပြိုင်ပွဲဝင်တစ်ယောက်လို ပေရယ်ထွက်ခွာသွားသောအခါ ဖိုးခွား ဒေါသလောင်မီးကျ၍ ကျန်ခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## နွံအောင်းလူ

မာယာဆားကစ်များ အသုံးပြု၍ လျှပ်ပေါ်လော်လီမှုအိုင်စီ တပ်ဆင်ပြီး လှည့်စားခြင်းစွမ်းရည်တွင် I.S.O, 9002 လက်မှတ်ရထားသည့် မိန်းမကို ပေရယ်ဟု ခေါ်ပါသည်။ ထိုမိန်းမကြောင့် ဖိုးခွား၏ဒေါ်သ "နော်မယ်လတီ"မှာ ခတ်တိုင်း ငြိမ်သည့် ပဲခူးဆားလို တိုးပွားနေရ၏။

ခုလည်း တစ်ညလုံးခေါ်ထားပြီး ကာမဂုဏ်အာရုံကို သုံးခွက်တစ်ခွက်တင် ကြိုး၍ အပင်းထည့်ပေးဦးမည်ဟု ကြုံးဝါးသွားခဲ့သည် မဟုတ်လား။ တကယ်လည်း အောင်ဇော် ပြန်မလာခဲ့ပါ။

လောကတွင် တစ်ယောက်တည်းကျန်တော့သည့် ဖိုးခွားအခင်မင်ဆုံး၊ သံယောဇဉ်အရှိဆုံး လူသားတစ်ယောက်အား ဘယ်လိုကယ်တင်ရမှန်း မသိတော့သဖြင့် အိပ်မပျော်စားမဝင် ဖြစ်နေရလေ၏။

သူများကိစ္စတွေ လိုက်ပူပင်နေရသည်နှင့် ကိုယ့်ကိစ္စကိုယ် မေ့နေရသည်။ ဘဏ်ကပိုက်ဆံ ဘယ်လောက်ထုတ်ထားရလျှင် ကောင်းမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


လက်စွပ်နှင့်ဆွဲကြိုး နှစ်ခုပေါင်း တစ်ကျပ်သားလောက်ဆို တော်ပြီ။ ...က ခြောက်သိန်းခွဲလောက်ကျမည်။ အဝတ်စားဝယ်ဖို့၊ မိတ်ဆွေတွေကို ...ကျွေးမွေးဖို့ အရေးပေါ်သုံးစွဲဖို့ နှစ်သိန်းလျှာကြည့်တော့ ရှစ်သိန်းခွဲဖြစ်နေပြီမို့ ...များဆုံး ဆယ်သိန်းထုတ်လျှင်တော်ပြီဟု ဆုံးဖြတ်လိုက်၏။

ပိုက်ဆံတွေ သုံးစွဲဖို့စဉ်းစားတော့ ထိုပိုက်ဆံများပေးသွားသော အဘ ...ကို သတိရမိသည်။ အဘကိုသတိရတော့ သေခြင်းတရားကိုပါ တွေးမိလာ၏။

ဒီရက်တွေထဲ သေခြင်းတရားကို မေ့ထားခဲ့မိသည်။ ထိုသို့မေ့နေ ...တော့ သေခြင်းကို မကြောက်တော့ဘူးလား။ ပိုတောင် ကြောက်မိသေးသည်။ ...ပိုက်ဆံတွေ အကျိုးရှိရှိ မသုံးစွဲလိုက်ရဘဲ သေသွားမှာ ပိုကြောက်နေမိ၏။

အခုပဲ သူ့စိတ်က ရွှေဝတ်ချင်နေပြီ။ ပျော်ပါးချင်နေသည်။ မော်ကြွား ...ချင်နေ၏။ ဒါဆို သူရော အခြားပုထုဇဉ်များနှင့် ဘာထူးသေးသနည်း။

အဆင်ပြေနေတော့ ဒုက္ခကိုမေ့ပြီး လောကီအာရုံများတွင် တပ်မက် ...တွယ်ချင်သည်။ သေခြင်းကို အမြဲလို မြင်တွေ့နေရပါလျက်နှင့် ကိုယ်ကျ ...တော့ မသေနိုင်သေးဟု ထင်လာသည်။ မစင်တွင်းမှာ ပျော်သည့်လောက်လို ...ချင်နေသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော အထက်ဘဝသို့ တက်လှမ်းနိုင် ...သော သို့တည်းမဟုတ် အောက်အဝီစိသို့ ဆင်းသွားနိုင်သော အဖိုးတန် ...ဘဝကို ရထားသည့်အပြင် ကြုံတောင့်ကြုံခဲ သာသနာနှင့်ပါ ကြုံရသည့် ...က် ဘဝပြတ်အောင် အားမထုတ်ချင်တော့ဘူးလား ဖိုးခွား။

ဒါဆိုလျှင် ရထားသမျှငွေတွေ အကုန်လှူပစ်ပြီး ဘုန်းကြီးဝတ်ရမှာ ...။ ဒီလိုတော့လည်း မစွန့်စားရဲသေးပါ။

ပူပင်သောကနှင့် ဆင်းရဲမှုများ ခေတ္တရပ်ဆိုင်း၍ မတောင့်မတ မ ...ကြောင့်မကြဘဝကို အခုမှ ရခဲ့တာမဟုတ်လား။ သိန်းတစ်ရာဟူသောငွေကို ...လည်း တွယ်တာတပ်မက်နေလေပြီ။

နောက်ဆုံးတော့ ယက်သဲ့ကြား ငါးတင်၊ တင်သည့်ငါး ကြောင်က

www.burmeseclassic.com

www.burmeseclassic.com



စားဆိုကေားလို ကြောင်စားခံရသည့်ငါးထဲ မပါရအောင် ငါးပါးပဥ္စသီ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်ကြိုးစားနေထိုင်သွားတော့မည်ဟု စိတ်ပိုင်းဖြ လိုက်မှ နေသာထိုင်သာ ရှိသွားရ၏။

ထို့နောက်မှာတော့ သိန်းတစ်ရာငွေအရှိန်နှင့် ဖိုးခွားတစ်ယော အင်နာဗွန်စီသောက်ထားသလို တက်ကြွလန်းဆန်းစွာ ထွက်ခွာလာခဲ့သည်။

✿

အသက်ဇီဝ ဖြစ်တည်လာပြီဆိုသည်နှင့် အကောင်အထည်မြ သည့် သတ္တဝါကြီးများ မဆိုထားနှင့် အင်းဆက်ပိုးလို သေးသေးမွှားမွှ သတ္တဝါကအစ ကာမဂုဏ်အာရုံတွင် ခုံမင်စွာ ပျော်ပါးကြ၏။

အောင်ဖော်သည်လည်း ကာမဘုံသားမဟုတ်လား။ ဗရုတ်ကျသ ဒုက္ခကို သုခဟုထင်ပြီး မြိန်ရေရှက်ရေ စားသုံးပျော်ပါးနေလေ၏။

ပေရယ်ကလည်း သူကျွမ်းကျင်ဆုံးဘာသာရပ်ကို စေတနာပါထ ၍ စိတ်ပါလက်ပါပြုစုယုယပြီး ကျုံးသွင်းနေလေရာ အခုအချိန်မှာတေ အောင်ဖော့်ကိုထိန်းသိမ်းဖို့ရာအတွက် 'ချွန်း' သုံးဖို့မလိုအောင်ပင် ယဉ်ပါးနေ

"ပေရယ်၊ ကိုကို ပေရယ်နဲ့ မခွဲချင်တော့ဘူး၊ ပိုင်ပိုင်နိုင်နိုင်ချစ် တစ်သက်လုံး ရင်ခွင်ထဲ ထည့်ထားချင်ပြီကွာ"

"ခုလည်း ချစ်နေရတာပဲ မဟုတ်လား ကိုကိုရဲ့"

"ဘယ်တူမလဲ၊ ကိုကိုက စက္ကန့်မလပ်ကို ချစ်နေချင်တာ သိရဲ့လာ

ရမ္မက်ကျွန်ဖြစ်နေသော အောင်ဖော်က တပ်မက်မှုများစွာနှင့် မည် မည်ပုံ ပြုလုပ်လိုက်လေသည်မသိ။ ပေရယ်မှာ ထွန့်ထွန့်လူးပြီး ပါးဟ ညည်းညူနေရှာတော့သည်။

နောက်ကျိုပုပ်အဲ့ ညစ်ပေနေသော ကာမဂုဏ်အိုင်အတွင်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ပါ ငုပ်လျှိုးပျောက်ပါးပြီးနောက် မောဟိုက်နွမ်းလျစွာ နားနေလိုက်ကြ၏။

ပေရယ်က အောင်ဇော့်နဖူးကို ဖွဖွညင်သာ ထုလိုက်ရင်း

"သိပ်ဆိုးတဲ့ လူဆိုး၊ နွားသိုးကြီးပြတ်လေး"

"ဒါတောင် ကိုကိုက ကျေနပ်သေးတာမဟုတ်ဘူးနော်"

"ဟိုး ဆရာ ဟိုး၊ ပေရယ် အဆော်ကို ပြန်ဦးမှဖြစ်မှာလေ"

"မပြန်နဲ့တော့ ပေရယ်ရာ၊ ကိုယ်တို့ လက်ထပ်ကြစို့"

"ဖြစ်မလား ကိုကိုရယ်၊ ကိုကို့ကိုချစ်လို့ မင်္ဂလာပွဲ မကျင်းပလည်း ခံပေးမယ့် နေစရာအိမ်မရှိသေးဘဲနဲ့ ဘဝစလို့ ဖြစ်ပါ့မလား"

"လက်ထပ်ပြီး ဖိုးခွားအိမ်ပေါ် တက်နေလိုက်ရုံပဲပေါ့၊ ဒီကောင် ကိုကို့ကို အရမ်းခင်တာ၊ နှင်မချပါဘူး"

အောင်ဇော့်ဆံပင်များကို ထိုးဖွဆော့ကစားရင်း နားထောင်နေသည့် ပေရယ်မျက်လုံးများ အရောင်တောက်ပသွား၏။

"အဲဒီအိမ်ကို ကိုဖိုးခွားပိုင်တာလား"

"အင်းပေါ့၊ အိမ်က နှစ်ထပ်တောင်၊ ကိုကိုတို့တက်နေလည်း ဖိုးခွား အတွက် အနှောင့်အယှက်မဖြစ်ပါဘူး"

ပေရယ်က အောင်ဇော့်အားသိုင်းဖက်၍ ကိုယ်ငွေ့ပေးလိုက်ရင်း

"ကိုဖိုးခွားကို ကြည့်ရတာ တစ်မျိုးပဲ၊ သူ ပေရယ့်ကို သဘောမကျ ဘာလာ, သဘောကျနေတာလား ဝေခွဲလို့မရဘူး"

"ဘာဖြစ်လို့လဲ ပေရယ်ရဲ့"

"ဆေးရုံမှာဆုံတော့ ဦးလေးနဲ့ ပေရယ်အပေါ် အမြင်မရှင်းသလိုဘဲ"

"အဲဒါက အရေးကြီးလို့လား၊ ကိုကို ပေရယ့်အပေါ် ကြည်ဖြူရင် ပြီးတာပဲဟာ၊ ကိုကိုက ပေရယ်လေးအပေါ် ယုံကြည်ပြီးသား"

"ပေရယ်သိပါတယ် ကိုကို၊ ဒါပေမဲ့ ကိုဖိုးခွားက ကိုကို့နဲ့ပေရယ် လက်မတွဲနိုင်အောင် သွေးထိုးစကားပြောလာရင်ရော"

"ပေရယ်,ရယ်၊ ကိုကိုက ကလေးမှမဟုတ်တာ၊ ဒါနဲ့ နေပါဦး

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားက ပေရယ့်အပေါ် ဘယ်လိုဆက်ဆံလို့လဲ''

စိုးရိမ်တကြီးမေးလာသော အောင်ဇော့်မေးခွန်းအား ''မာယာသည် ပေရယ်က ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထက်ရှုနေသည့် စကား များဖြင့် အဖြေပေး၏။

''သူ ပေရယ့်ကို ကြိုက်နေတာလား မသိဘူး၊ သူ့အကြည့်တွေက တစ်မျိုးပဲ၊ ပြီးတော့ ကိုကို့မကောင်းကြောင်းတွေလည်း ပြောတယ်''

''ဘာ''

''ဟုတ်တယ် ကိုကို၊ သူ ပေရယ့်ကိုကြည့်တဲ့အကြည့်တွေက ကိုကို ပေရယ့်ဆီက အဖြေတောင်းတုန်းက မျက်လုံးမျိုး''

''ဩော် ဖိုးခွား ဖိုးခွား၊ သူလည်း ချစ်တတ်တဲ့လူတစ်ယောက် ဖြစ်နေပြီကိုး''

''ကိုကို ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုဖိုးခွားကို စိတ်မဆိုးဘူးလား''

''မဆိုးပါဘူး ပေရယ်ရာ၊ ကိုကိုနဲ့ပေရယ် လက်ထပ်လိုက်ရင် ဒီ ကောင် ဘာလုပ်လို့ရမှာလဲ၊ မဟုတ်ဘူးလား''

''အင်း ဟုတ်တယ်နော်''

''အဲဒါကြောင့်ပြောတာ၊ ကိုကိုတို့ မြန်မြန် အတူနေကြရအောင်လို့''

အောင်ဇော်က ပြောပြောဆိုဆို ပေရယ့်ကို ထွေးပွေ့လိုက်ပြန်သည်။ ပေရယ် ငြိမ်နေသဖြင့် အောင်ဇော် တစ်ဆင့်တက်လာပြန်၏။ အောင်ဇော် ဆန္ဒတင်နိုင်နှိုး ဖြစ်သွားအောင် ပေရယ်ကရုန်းထွက်ပြီး ခုတင်ပေါ်မှ ဆင်း လိုက်သည်။

''ကိုကိုရယ် ပေရယ် အရမ်းပင်ပန်းနေပြီ၊ ဒီနေ့တော့ တော်လောက် ပြီနော်''

ပေရယ့်စကားကြောင့် အောင်ဇော်မှာ ကလေးဆိုးတစ်ယောက်လို စိတ်ကောက်ပြီး အိပ်ရာပေါ်တွင် စန့်စန့်ကြီး အိပ်နေတော့၏။ အိပ်နေရင်း ဖိုးခွား တကယ်ပဲ ပေရယ့်ကိုကြိုက်နေသလားဟု တွေးပြီး သွေးပျက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှ ဖိုးခွား သိန်းတစ်ရာရထားသည့်ကိစ္စကို သတိရသွားသည်။

ဝုန်းခနဲ ခုန်ထလာသော အောင်ဇော်ကြောင့် ပေရယ် လန့်သွား၏။

"ဘာ ဘာဖြစ်တာလဲ ကိုကို"

"ခုမှ သတိရလို့ ပေရယ်ရဲ့၊ ဖိုးခွားလေ ဖိုးခွား ဒီကောင် သိန်းတစ်ရာတောင် ရထားတာ၊ သိလား"

"ဟင် သိန်းတစ်ရာ၊ ကိုဖိုးခွား ထီပေါက်လို့လား"

"မဟုတ်ဘူး ပေရယ်ရဲ့၊ မဟုတ်ဘူး၊ ဒီလို ဒီလို"

အောင်ဇော်က ဖိုးခွားဖြစ်ရပ်မှန်ဇာတ်လမ်းကို ပြန်ပြောင်းပြောပြရ၏သည်။ အောင်ဇော်ပြောတာ နားထောင်ရင်း ပေရယ့်မျက်နှာ အရောင်အမျိုးမျိုး ပြောင်းသွား၏။

"ဩော် ဒီလိုကိုး၊ ကိုဖိုးခွားကြီး တော်တော်ကံကောင်းတာပဲနော်၊ ဒီလောက်ဝမ်းသာစရာကောင်းတဲ့သတင်းကို အခုမှပြောရလား ကိုကိုရဲ့"

"အဟင်း ကိုကိုက ပေရယ်ကိုတွေ့ရင် အားလုံးကို မေ့သွားရော"

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်၊ အင်း ပေရယ်တို့လည်း ကိုဖိုးခွားလို ကံကောင်းရင် ကောင်းမှာပဲနော်"

"ပေရယ် သိန်းတစ်ရာဆိုလို့ ဖိုးခွားကို စိတ်ဝင်စားသွားပြီလားဟင်"

"ဟယ် ကိုကိုရယ်၊ ဒါ ဘာစကားလဲ၊ စိတ်ဝင်စားစရာလား၊ လူပုံ ဂင်တိုတို, ဆံပင်က ခေါင်းတုံးဆံတောက်နဲ့၊ တောသားပုံပေါက်နေတဲ့ဟာကို"

"ဟဲ ဟဲ တော်ပါသေးရဲ့၊ ကိုကိုလေ ပေရယ့်ကို ဆုံးရှုံးရရင် သေတာ တကယ်၊ သိရဲ့လား"

မာယာတစ်သိန်း ပလိန်းအနန္တနှင့် ပေရယ်က အောင်ဇော်ဟူသော ကျောက်ရှန် ရမ္မက်အကျဉ်းသားအား အပြင်းဖျားသွားအောင် ပြုစားလိုက်နယ် တစ်ရုပ် ထိုးကျွေးသလို စစ်တုရင်ကစားကွက် ပြင်လိုက်၏။

"ကိုကိုရယ် ပေရယ့်ကို ဒီလောက်တောင် ချစ်ရသလား"

www.burmeseclassic.com

www.burmeseclassic.com

"ဒို့ထက်တောင် ပိုသေး"

"ကဲ သိပ်ချစ်တတ်တဲ့ကိုကို့ကို ဆုချမယ်"

ပြောရင်း ပေရယ်က အောင်ဇော့်ရင်ခွင်ထဲ ဝင်လိုက်၏။ မာ...
ကဝေမ ကျွေးသည့် အပင်းပါသောပန်းသီးကို စားသုံးရန် အောင်ဇော် အဆ...
သင့် ဖြစ်နေခဲ့ချေပြီ။

✿

ပုတ်သင်ညိုကို ရွှေတစ်ပဲသားဆွဲပေးတော့ ခေါင်းညိတ်ဖို့မေ့သွ...
သည်ဟု ကြားဖူးခဲ့၏။

အခုတော့ ဖိုးခွားလည်ပင်းမှာ ရွှေငါးမူးသား၊ လက်မှာ ရွှေငါးမူးသ...
ဝတ်ထားသဖြင့် အရောင်တဖျပ်ဖျပ်ထွက်ပြီး ဝင်းလက်တောက်ပနေသည်...

"ဟယ် ဖိုးခွားရယ်၊ မျက်စိတောင်ကျိန်းတယ်၊ တကယ်ပါပဲ"

"ခုလိုဆိုတော့ ဖိုးခွားက အကြီးကြီးကို ခန့်ညားနေပါလား"

"ဒီလောက်ချောတဲ့ လှတဲ့ ဖိုးခွားက တို့တွေကို ဘာကျွေးမှာလ...
ဘယ်တော့ကျွေးမှာလဲ"

ဒေါက်တာ အုပ်စိုးခိုင်နှင့်အတူ ပြန်လာသော ဖိုးခွားကို ဆေးရုံ...
ထမ်းများက သောင်းသောင်းဖြဖြ ကြိုဆိုနေကြခြင်းဖြစ်၏။ မျက်နှာမထ...
တတ်အောင် ဖြစ်နေရတော့သည်။

"ကဲ ကဲ ဒီနေ့ညနေ စားသောက်ဆိုင်မှာ ဆရာနဲ့ဖိုးခွား ပေါင်းပြီ...
ပြုစုဧည့်ခံဖို့ စီစဉ်ထားပြီးပြီ"

"ဝေး ဟေး ဟေး ဟေး၊ ဒါမှ ဆရာသမားနဲ့ မောင်ဖိုးခွားကွ...
ဝေး ဟေး ဟေး"

လုပ်ဖော်ကိုင်ဖက်တွေ ပျော်ရွှင်တာမြင်ရတော့ ဖိုးခွားလည်း ဝမ်းသ...

www.burmeseclassic.com

www.burmeseclassic.com

...တိ ဖြစ်ရ၏။ အလုပ်ဝင်ပြီးနောက် ပထမဆုံး ပြုခွင့်ရသည့် ကုသိုလ်ဒါနဟု ...သောထားကာ သဒ္ဓါစိတ်များ ယိုဖိတ်နေတော့သည်။

ဦးစိုးမိုးက အေးသီနိုင်အား –

"ဆရာမလေး ဝမ်းနှုတ်ဆေး တစ်ပြားလောက်ပေးပါဗျာ၊ ညနေ ...တွက် အစာအိမ်ကို ရှင်းထားချင်လို့ပါ"

"ဟား ဟား ဟား ဟား"

ညနေမှ ပြုရမည့် ဒါနအတွက် ကြိုတင်ပီတိဖြစ်ရင်း လုပ်နေကျ ...လုပ်ကို ဆက်လုပ်နေရသည်။

ရောက်လာသမျှလူနာများအား ပြသလိုသော အထူးကုကြီးများနှင့် ...ဆင်ပြေပြေ ကုသခွင့်ရစေရန် ကူညီပေးရသည်။ အထိုင် အထ၊ အသွား ...လာ မကောင်းသူများကို ကူညီဖေးမ သယ်ပို့ပေးရ၏။

ထိုအခိုက် ဆရာဝန်မလေးတစ်ယောက် အပြေးအလွှားရောက်ရှိလာ ...ီး –

"ဖိုးခွား B သွေး အရေးပေါ်လိုနေတယ်၊ နင် လှူဦးမလား"

"လူနာက ဘယ်အရွယ်လဲဟင် ဆရာမ"

"အဲဒါ နင်နဲ့ ဘာဆိုင်လဲ၊ ဘယ်အရွယ်ပဲဖြစ်ဖြစ် ဇီဝိတဒါနပဲဟာ"

"မဟုတ်ပါဘူး ဆရာမ၊ ကျွန်တော်က မိဘအရွယ် လူကြီးသူမတွေ ...ရင် ပိုပြီး သဒ္ဓါစိတ်ဖြစ်လို့ပါ"

"ဩော် ဒီလိုကိုး၊ ဒါဆို ဖိုးခွား စိတ်ချလက်ချ စေတနာပါပါ လှူ ...လိုက်တော့၊ လူနာက ဒေါ်ငွေရှင်တဲ့၊ အသက်ခုနစ်ဆယ်"

"ဟာ ဒါဆို လှူမယ် ဆရာမ၊ လှူမယ်"

"လှူတာကတော့ ဟုတ်ပါပြီ ဒါကြားထဲ နင် မဟုတ်ကဟုတ်ကတွေ ...ယ်ထားသေးလား၊ သွေးစစ်ဖို့ အချိန်မရလို့မေးတာ"

"ဟာ ဆရာမကလည်းဗျာ၊ ပြီးခဲ့တဲ့အခေါက်က လှူတော့ သွေးစစ် ...တာ ဘာရောဂါမှ မရှိပါဘူး၊ အခုလည်း အဲဒီအတိုင်း သန့်သလားမမေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရှုပ်ရှုပ်ပွေပွေ မဟုတ်တရုတ် ဘာဆိုဘာမှ မလုပ်ခဲ့ဘူး၊ ကိုးဆယ့်ကိုး ဒသမကိုးကိုးရာခိုင်နှုန်း သန့်စင်တဲ့ B သွေးအစစ်ရမယ် ဆရာမ၊ ဖိုးခွား အသက်နဲ့ရင်းပြီး အာမခံတယ်"

"အေး အေး၊ ယုံပါတယ် ဟယ်၊ ကဲ လာ လာ၊ သွေးထုတ် လိုက်ရအောင်၊ လူနာက သွေးလန့်နေပြီ"

"ဟုတ်ကဲ့ ဆရာမ"

ဖိုးခွား ဆရာမလေးနောက် အပြေးလိုက်သွား၏။ ဒေါ်ငွေရှင်၏ အခန်းထဲတွင်ပင် အရေးပေါ် သွေးထုတ်ယူကြသည်။

ဖိုးခွား သွေးလှူရင်း ဒါနအကြောင်းတွေးနေမိ၏။ ငွေကြေးမတတ် နိုင်သဖြင့် ဖိုးခွားဘဝမှာ အလှူပေးသူဒွေးဖြစ်ဖို့ အခွင့်အရေး မကြုံခဲ့ သို့နှင့် ကိုယ်တွင်းအလှူဟု ခေါ်လို့ရနိုင်မည့် သွေးလှူခြင်းကိုတော့ တင် အားသ၍ ပြုခဲ့၏။ ဤတစ်ကြိမ်နှင့်ဆိုလျှင် ဒီဆေးရုံမှာ သွေးလှူခဲ့တာ ခြောက်ကြိမ်ရှိခဲ့ပြီ။

ယခုတော့ သူ့လက်ထဲတွင် ငွေရှိနေခဲ့ပြီမို့ ကွယ်လွန်သူမိဘများ ရည်စူး၍ ဒါနအမှုပြုဖို့ ရည်ရွယ်ထားလိုက်၏။ ယခုပြုနေသော သွေးလှူခြင်း ကုသိုလ်အဖို့ဘာဂကိုလည်း မိဘတို့ရရှိစေရန် အမျှဝေနေမိသည်။

သွေးတစ်အိတ်စာ ထုတ်ယူလှူဒါန်းပြီးသွားတော့ ခေတ္တ အနားယူ စဉ် လူနာရှင်များက ဟောလစ်တစ်ခွက်နှင့် ကြက်ဥပြုတ်နှစ်လုံး လာချပေး

လူနာ၏ သမီးကြီးဖြစ်သူ အသက်ငါးဆယ်ခန့် အဒေါ်ကြီးက

"မောင်ရင်လေး စားလိုက်သောက်လိုက်ပါဦးကွယ်၊ အားပြန်ပြည့် အောင်လို့"

"ဟုတ်ကဲ့"

"ဒါနဲ့ ဟိုလေ သွေးလှူတဲ့အတွက် ကျေးဇူးတင်လို့ ဘယ်လို ပြန်ရမလဲ၊ ဘယ်လောက်ပေးရမလဲ ပြောပါဦးကွယ်"

သူ့သွေးကို သွေးလိုနေသော အဘွားကြီး၏ ကိုယ်တွင်းသို့ ထည့်သွင်း

www.burmeseclassic.com



ပေးနေတာ လုပ်းကြည့်ရင်း ကြားလိုက်ရသောစကားကြောင့် သူငါဒါနကို ရှင်းပြလိုက်ရသည်။

"ဘာမှ ပေးစရာမလိုပါဘူးဗျာ၊ ကျွန်တော်က စေတနာနဲ့လှူတာပါ"

"အို မဟုတ်တာကွယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဇီဝိတဒါနအဖြစ် ကုသိုလ်ယူဖို့ လှူတာပါ"

"ဩော် ဒါဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါရစေကွယ်၊ သာဓု သာဓု သာဓု"

ဖိုးခွားရင်ထဲ ဖော်မပြနိုင်လောက်အောင် ကြည်နူးပီတိဖြစ်သွားရ၏။ ကြက်ဥနှင့် ဟောလစ်သောက်ပြီးနောက် ဆရာဝန်ဆရာမများနှင့် လူနာရှင်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

အချိန်က တဖြည်းဖြည်းအိုစာ၍ နေမင်းက သူ၏အလင်းရောင်ကို တဖြည်းဖြည်း နှုတ်သိမ်းယူငင်လျက် ရှိချေပြီ။

✿

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

သောင်းသောင်းဖြဖြတီးလိုက်ကြသော လက်ခုပ်သံများဖြင့် စားသောက်ပွဲကို ဖွင့်လှစ်လိုက်ကြ၏။ စားသောက်ဆိုင်ခန်းမကျယ်ကြီးအတွင်း သူတို့ ဆေးရုံအဖွဲ့သားများနှင့် ပြည့်နေသည်။

စားပွဲများကို ဆက်၍ ဒေါက်တာအုပ်စိုးခိုင်တို့ ဆရာဝန် ဆရာမများက တစ်ဝိုင်း၊ ဖိုးခွားအပါအဝင် ဆေးရုံဝန်ထမ်းများက တစ်ဝိုင်း ခွဲတမ်းမှတ်ပေးထား၍ ဘယ်သူ့ကိုမှ ရှိန်နေစရာမလိုတဲ့ လွတ်လွတ်လပ်လပ် စားသောက်ခွင့်ရမည့်ပွဲ ဖြစ်သည်။ ဒေါက်တာအုပ်စိုးခိုင်က –

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ပွဲကတော့ စေတနာအရင်းခံပြီး ပြုစုကုသစောင့်ရှောက်ပေးခဲ့လို့ ရရှိခဲ့တဲ့ငွေနဲ့ ကျွန်တော်နဲ့ မောင်ဖိုးခွားပေါင်းပြီး မိတ်ဆွေတွေကို ညှော်ခံတဲ့ပွဲပဲ ဖြစ်ပါတယ်၊ အလှူဒါနပြုတဲ့ပွဲမို့ ဒါနလေးမြောက်အောင် သုံးဆောင်ကြပါလို့ တိုက်တွန်းအပ်ပါတယ် ခင်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဒေါက်တာအုပ်စိုးခိုင် ပြောပြီးသွားတော့ အဖွဲ့သားများက ဖိုးခွားကို ဝိုင်းဝန်းပွဲတောင်းကြပြန်၏။

"ကိုဖိုးခွား ပြောပါဦးဗျို့၊ စကားနည်းနည်း ပြောပါ"

တောင်းဆိုသံကြားတော့ ဖိုးခွားနား ကပ်ထိုင်နေသည့် ဦးစိုးမိုးနှင့် ဒေါ်မေဘယ်(လ်)က ဖိုးခွားအား အတင်းဆွဲထူကြ၏။

"အမှတ်တရ တစ်ခုခုပြောလိုက် ဖိုးခွား"

အတင်းဆွဲထူ၍ ထရပ်လိုက်ရသော ဖိုးခွားခြေထောက်များ တဆတ်ဆတ် တုန်နေ၏။ တစ်ခါမှ လူတောမတိုးဖူးသော ဖိုးခွား ချွေးများပင် ပြန်လာရသည်။ မပြောမဖြစ်တော့သည်မို့ အားတင်းရင်း အထစ်ထစ် အငေါ့ငေါ့နှင့် ပြောလိုက်ရ၏။

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ခုနက ဆရာကြီးဒေါက်တာ ပြော ပြောခဲ့သလိုပါပဲ၊ အလှူလုပ်တာမို့ အားလုံးဆွဲ ဆွဲကြပါ၊ အဲ အားပါးတရ စားကြသောက်ကြပါခင်ဗျာ"

"ဟား ဟား ဟား ဟား ဟား"

တစ်ခါမှ လူရာသွင်းမခံရသော ဖိုးခွားမှာ လက်ခုပ်သြဘာသံခံရ၍ နားထင်သွေးရောက်အောင် မြောက်ကြွမြောက်ကြွဖြစ်သွားရ၏။ ယခု လက်ရှိအချိန်သည် သူ့ဘဝတွင် အအောင်မြင်ဆုံးအချိန်၊ မင်္ဂလာအရှိဆုံးအချိန်ပင် ဖြစ်သည်။ သူနာပြုဆရာမလေး အေးသီခိုင်က –

"ကဲ ဖိုးခွားပြောသလို ဆွဲကြပေတော့"

"ဆွဲပြီပေ့ ဆွဲပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲက အမှန်တကယ် ဆွဲ၍ကောင်းသောပွဲ ဖြစ်၏။ ဖိုးခွား တစ်သက် မမြင်ဖူး၊ မတွေ့ဖူး၊ မစားဖူးသော အစားအသောက်များမို့ အလျှင်ကိုယ်တိုင် အငမ်းမရ စားသောက်နေမိသည်။

ခေါက်ဆွဲကြော်၊ ကြာဆံကြော်တို့က အလျှံပယ်။ ဝက်သားဘီစတိတ်၊ ကြက်ပေါင်း၊ ဘဲကင်၊ ငါးရှဉ့်၊ ပြည်ကြီးငါး၊ ဖားကအစ သူ့မသိသောဟင်းလျာများစွာ ပါဝင်၏။

ဝန်ထမ်းအများစုမှာလည်း ဖိုးခွားလိုပင် မမြင်ဖူး၊ မစားဖူးသူများသာ ဖြစ်ရာ ဖိုးခွားတို့ဝိုင်းက ချမလောက်ဖြစ်နေတော့သည်။

ဗိုက် ခွေးနမ်းမတတ် စားသောက်ပြီးကြသောအခါ အစာပိတ်အဖြစ် ရေခဲမုန့်နှင့် အအေးသောက်ကြရသေး၏။ အများစုမှာ ရေခဲမုန့်သာစားပြီး အအေးသောက်ဖို့ မတတ်နိုင်ကြတော့ချေ။

ထိုစဉ် ဒေါက်တာအုပ်စိုးခိုင်က လှမ်းခေါ်သဖြင့် ဖိုးခွား ဆရာကြီးတို့ဝိုင်းသို့ သွားရသေးသည်။ ဆရာကြီးက –

"မောင်ဖိုးခွား ဘဏ်စာအုပ်မှာ အမွေဆက်ခံသူ ထားပြီးပြီလား"

"မထားရသေးဘူး ဆရာကြီး"

"အဲဒါ လုပ်လိုက်ဦးလေ၊ သူငယ်ချင်းတစ်ယောက်ယောက်ကို ထည့်ထားလည်း ဖြစ်တာပါပဲ၊ စိတ်ချပါကွာ၊ မင်းပိုက်ဆံ သူလုယူလို့ မရပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် မင်းမရှိမှသာ သူသုံးလို့ ရမှာပါကွ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

"အေး အေး"

ထိုနေ့က စားသောက်ဝိုင်းအတွက် လေးသိန်းကုန်ကျသည်ဆိုတော့ ဖိုးခွားက တစ်သိန်းနှစ်သောင်း စိုက်လိုက်ရ၏။ ဖိုးခွား လုံးဝ မနှမြောပါ။ လုပ်ဖော်ကိုင်ဖက်များကို ကျွေးမွေးခွင့်ရ၍ ကျေနပ်သလို သူကိုယ်တိုင်လည်း စားရ၍ သဘောကျနေသည်။

ပွဲပြီးသွားတော့ အဖွဲ့သားများက ဒေါက်တာအုပ်စိုးခိုင်နှင့် ဖိုးခွားတို့

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲက အမှန်တကယ် ဆွဲ၍ကောင်းသောပွဲ ဖြစ်၏။ ဖိုးခွား တစ်သက် မမြင်ဖူး၊ မတွေ့ဖူး၊ မစားဖူးသော အစားအသောက်များမှ် အလျှင် ကိုယ်တိုင် အငမ်းမရ စားသောက်နေမိသည်။

ခေါက်ဆွဲကြော်၊ ကြာဆံကြော်တို့က အလျှံပယ်။ ဝက်သားဘီစတိတ်၊ ကြက်ပေါင်း၊ ဘဲကင်၊ ငါးရှဉ့်၊ ပြည်ကြီးငါး၊ ဖားကအစ သူ့မသိသော ဟင်းလျာများစွာ ပါဝင်၏။

ဝန်ထမ်းအများစုမှာလည်း ဖိုးခွားလိုပင် မမြင်ဖူး၊ မစားဖူးသူများသာ ဖြစ်ရာ ဖိုးခွားတို့ဝိုင်းက ချမလောက်ဖြစ်နေတော့သည်။

ဗိုက် ခွေးနမ်းမတတ် စားသောက်ပြီးကြသောအခါ အစာပိတ်အဖြစ် ရေခဲမုန့်နှင့် အအေးသောက်ကြရသေး၏။ အများစုမှာ ရေခဲမုန့်သာစားပြီး အအေးသောက်ဖို့ မတတ်နိုင်ကြတော့ချေ။

ထိုစဉ် ဒေါက်တာအုပ်စိုးခိုင်က လှမ်းခေါ်သဖြင့် ဖိုးခွား ဆရာကြီးတို့ ဝိုင်းသို့ သွားရသေးသည်။ ဆရာကြီးက –

"မောင်ဖိုးခွား ဘဏ်စာအုပ်မှာ အမွေဆက်ခံသူ ထားပြီးပြီလား"

"မထားရသေးဘူး ဆရာကြီး"

"အဲဒါ လုပ်လိုက်ဦးလေ၊ သူငယ်ချင်းတစ်ယောက်ယောက်ကို ထည့်ထားလည်း ဖြစ်တာပါပဲ၊ စိတ်ချပါကွာ၊ မင်းဗိုက်ဆံ သူလုယူလို့ မရပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် မင်းမရှိမှသာ သူသုံးလို့ ရမှာပါကွ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

"အေး အေး"

ထိုနေ့က စားသောက်ဝိုင်းအတွက် လေးသိန်းကုန်ကျသည်ဆိုတော့ ဖိုးခွားက တစ်သိန်းနှစ်သောင်း စိုက်လိုက်ရ၏။ ဖိုးခွား လုံးဝ မနှမြောပါ။ လုပ်ဖော်ကိုင်ဖက်များကို ကျွေးမွေးခွင့်ရ၍ ကျေနပ်သလို သူကိုယ်တိုင်လည်း စားရ၍ သဘောကျနေသည်။

ပွဲပြီးသွားတော့ အဖွဲ့သားများက ဒေါက်တာအုပ်စိုးခိုင်နှင့် ဖိုးခွားတို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆုမွန်ကောင်းတောင်းပေးကြ၏။

တပျော်တပါး နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြတော့ လမင်းပင် ငိုက်မျှေး နေခဲ့ချေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

•

## သေမင်းသူလျှို ခန္ဓာကိုယ်

- ရုပ်ဝါနုနယ်၊ ရှုစဖွယ်နှင့် တင့်တယ်ရှန်းစို
နင်လုလိုလည်း၊ အအိုစာရင်း၊ သူက သွင်း၏။
- ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ၍၊ မနာရလို၊
တောင်းဆုဆိုလည်း၊ နင့်ကိုမညှာ၊ ဘေးရောဂါနှင့်၊
ခါခါ မငဲ့ မိတ်ဆွေဖွဲ့၏။
- နင်နဲ့တူညီ၊ ချစ်ကြိုးသီသား၊ ပလီပလာ၊
လွန်ပူဆာသည့်၊ ချစ်စွာမယား၊ သမီးသားနှင့်၊
စည်းပွားဉစ္စာ၊ ဉာတကာကို၊ ဘယ်ခါမခွဲ၊
အတူတွဲ၍၊ အမြဲပြုံးချို၊ နေရလိုလည်း၊
နင့်ကိုမထောက်၊ နင့်နောက်မလိုက်၊ အပူတိုက်၍၊
နင်ဟိုက် နင်ခွေ၊ နင့်ကိုသေအောင်၊ ကျားမြွေခံတွင်း၊
အစာသွင်းသို့၊ သေမင်းသူ့လက်၊ ပဏ္ဏာဆက်၏။ ။

(ဝိဇ္ဇာအယ ဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော်အား အဖော်ခေါ်၍ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုအစုစုနှင့် သက်နှီးတစ်စုံဆက်ကပ်ပြီး ကွယ်လွန်သူမိဘတို့အတွက် အနုမောဒနာတရား နာကြားခဲ့ကြသည်။

ဆရာတော်က ခန္ဓာပြောသော ပုံပြင်တရားတော်အား ချီးမြှင့်ဟောကြား၏။

ရုပ်နာမ်ခန္ဓာ အသစ်ရလာသူသည် ဘဝထောင်ကြီးအတွင်း ပထဝီတေဇော အာပေါ ဝါယောဟူသော မြေဆိုးလေးကောင်အား နေ့စဉ် အစာရေစာ ကျွေးမွေးစောင့်ရှောက်ရသည့် မြေထိန်းသမားနှင့် တူပုံ၊

ထိုမြွေလေးကောင်အား မည်သို့ပင် စောင့်ရှောက် စောင့်ရှောက်မွေးရကျိုးမနပ်ဘဲ မြွေထိန်းအား အသေသတ်ဖို့ အစဉ်ကြိုးစားနေကြပုံ၊ သို့ဖြစ်၍ မြွေလေးကောင်နှင့်တူသော ဓာတ်ကြီးလေးပါး မဖောက်ပြန် မပျက်စီးမီ အသေမဦးခင် ဉာဏ်ဦးအောင် ခန္ဓာကို ပညာနှင့်ရှု၍ ထွက်ပြေးပါဟုပုံဆောင်ကာ ဟောပြဆိုဆုံးမခဲ့သည်။

သေမှာကြောက်သော ဖိုးခွားအတွက် ဉာဏ်ပွင့်ရသော တရားပင်ဖြစ်၍ ဆရာတော်အား ကျေးဇူးတင်စွာ ထိခြင်းငါးပါးဖြင့် ဦးခိုက်ပြီး ပြန်လာခဲ့ကြ၏။

အောင်ဇော်နှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသေးသည်။ အောင်ဇော့်အနေအထားကို အကဲခပ်၍ ပေရယ်အကြောင်း ပြောသင့်မပြောသင့် စဉ်းစားမိသေးသော်လည်း သူငယ်ချင်းအတွက် ကောင်းစေလိုသဖြင့် ပြောဖို့ စိတ်ပိုင်းဖြတ်လိုက်၏။

"အောင်ဇော်၊ မင်း ပေရယ်ကို ဘယ်လိုသဘောထားလဲ"

အောင်ဇော်က ဖိုးခွားကို သေချာပြန်လည်အကဲခတ်ပြီး ပြတ်သားစွာ ဖြေ၏။

"ငါ သူ့ကို လက်ထပ်ယူဖို့ ဆုံးဖြတ်ထားတယ် ဖိုးခွား"

www.burmeseclassic.com

www.burmeseclassic.com


မျှော်လင့်ထားသောစကားဖြစ်သော်လည်း ဖိုးခွားရင်မောသွားသည်။

"စဉ်းစားပါဦးကွာ၊ ငါတော့ မင်းနဲ့သူ မလိုက်ဖက်ဘူးလို့ထင်တယ်"

"စဉ်းစားစရာမလိုတော့ပါဘူးကွာ၊ ငါ့အတွက် ပေရယ်မရှိလို့ မဖြစ်ဘူး။ ပြီးတော့ သူ့အချစ်နဲ့ သူ့ခန္ဓာကိုပါ ငါရခဲ့ပြီးပြီကွ၊ အဲဒီအတွက် ပေရယ့်ဘဝကို ငါ တာဝန်ယူရမယ် ဖိုးခွား" •

ဘယ်လိုမှ ဆေးမမီတော့တာ ဖိုးခွားသိလိုက်၏။ အခြားတစ်ပါးသော ယောကျ်ားတစ်ယောက်၏ အငယ်အနှောင်းဖြစ်သလို မိန်းမသားတန်ဖိုးကို မငဲ့ကွက်ဘဲ အညှာလွယ်လွယ်နှင့် ပေးကျွေးတတ်သည့်သူမျိုးနှင့် အောင်ဇော်ကို ရေစက်မဆုံစေလိုတာ သူ့စေတနာအမှန် ဖြစ်၏။

"ပေရယ်က သိပ်ရဲတင်း သွက်လက်လွန်းတယ်"

ဖိုးခွား စကားမဆုံးခင် အောင်ဇော်က ဝင်ပြောလိုက်သည်။

"အဲဒါတွေကို ငါစွဲလမ်းနေတာ၊ ငါ့အပေါ်လည်း အရမ်း ကောင်းတယ်၊ ကြင်နာတယ်၊ အနွံတာခံတယ်၊ ဒီလောက်ပြီးပြည့်စုံတဲ့ ချစ်သူမျိုး နောက်ထပ်ရှာလို့ တွေ့မယ်မထင်ဘူး သူငယ်ချင်း"

ဖိုးခွား သက်ပြင်းဖြိုင်ဖြိုင်ကိုသာ ချလိုက်ရတော့၏။

"ကောင်းပြီလေ၊ ပေရယ့်အပေါ် မင်းသဘောထားကို ငါ နားလည်ပါပြီ၊ ကြိုးစားပေါ့ကွာ၊ ချစ်တဲ့သူနဲ့ အတူနေရတာ မင်္ဂလာပဲမဟုတ်လား"

"စိတ်ချ သူငယ်ချင်း၊ ငါ အစွမ်းကုန် ကြိုးစားမှာပါ"

"ယုံပါတယ်ကွာ၊ ဒါနဲ့ မင်းကို ငါ အကူအညီတစ်ခုတောင်းရဦးမယ်"

"ပြော သူငယ်ချင်း၊ ငါ ဘာလုပ်ပေးရမလဲ"

"ဟိုလေ၊ ငါ့ဘဏ်စာအုပ်မှာ အမွေဆက်ခံသူအဖြစ် မင်းပဲလုပ်ကွာ၊ အဲဒါ တစ်ရက်လောက် ငါနဲ့ ဘဏ်ကိုလိုက်ခဲ့"

"ရတယ်လေ၊ မင်းအဆင်ပြေတဲ့နေ့ ပြော"

"အေးကွာ ကျေးဇူးပဲ၊ ငါပြောမယ်၊ ပြီးတော့ မင်းမှာ လိုင်စင်ပုံ သုံးလေးပုံလောက်ရော ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ ငါ အလုပ်လျှောက်တုန်းက ရိုက်ထားတာ"

အောင်ဇော်က ဖိုးခွားလည်ပင်းမှ ဆွဲကြိုးကို လှမ်းငေးရင်း ပြော၏။

"ဒါဆို အဆင်ပြေပြီ၊ ငါတို့သုံးယောက်လုံး အားတဲ့တစ်ရက်လောက် ဆိုင်တစ်ဆိုင်မှာ တစ်ခါလောက်သွားပြီး ကောင်းတာလေးတွေ စားကြမယ် ကွာ၊ ဆေးရုံက,လူတွေကိုတော့ ငါကျွေးပြီးပြီ၊ မင်းတို့ကို မပြုစုရသေးလို့"

"ကောင်းတာပေါ့ကွာ၊ ဘီယာပါ ကစ်မယ်နော်"

"လုပ်ပြီ မင်းကတော့"

"ဟ ဒါမှ ပျော်စရာကောင်းမှာပေါ့၊ မင်းကလည်း"

"စွဲသွားတော့ ဘယ်လိုလုပ်မလဲ"

"တစ်ခါတလေ သောက်တာပဲကွာ၊ စွဲစရာလား"

"အေး အေး၊ ငါက ပြုစုရမယ့်သူဆိုတော့ မင်းဆန္ဒရှိတဲ့အတိုင်း ပေါ့ကွာ၊ ပေရယ်နဲ့သာ မင်းချိန်းထားလိုက်"

"အိုကေ"

"ဒါဆို ငါသွားတော့မယ်၊ အတော်နောက်ကျနေပြီ"

အောင်ဇော်နှင့် လမ်းခွဲထွက်လာတော့ အောင်ဇော့်ကို သူ သနား နေမိ၏။ ပေရယ်သည် ပြစ်မျိုးမဲ့မထင် သာမန်မိန်းကလေးတစ်ယောက်ဆိုပါ က သူ့အနေနှင့် ဘာမှကန့်ကွက်စရာ အကြောင်းမရှိ။

ခုတော့ သူသိသလောက် ယောကျ်ားနှစ်ယောက်နှင့် ဆက်ဆံဖူးသူ ဖြစ်နေ၏။ ကိုယ်တိုင် ကိုယ်ဝန်ဆောင်ပြီး ကလေးမမွေးဖူးသေးသူမို့သာ အပျိုဟု ခေါ်နေရသော မှတ်ပုံတင်ထဲကအပျို ဖြစ်နေသည်မဟုတ်လား။

အောင်ဇော်နှင့်မဆုံစည်းခင် မည်သို့ နေထိုင်ခဲ့လေသနည်း။ ထိုနယ် ပယ်များတွင်ရော အလျော်အစား များခဲ့သေးသလားဆိုတာ ဘယ်သူသိနိုင်မှာ မို့လဲ။ ဒါမျိုးဆိုတာက မော်တော်ကားမိုင်နှုန်းပြဒိုင်ခွက်မှ မောင်းပြီးသမျှ မိုင်များလို ကိန်းဂဏန်းနှင့် ပေါ်လာတာမျိုးမှ မဟုတ်တာ။

အပြင်ပန်းအမြင်တွင်တော့ ပေရယ်က ယောကျ်ားတစ်ရာမှာ ကိုး

www.burmeseclassic.com

www.burmeseclassic.com



...ယ့်ကိုးယောက်ခွဲလောက် နှစ်သက်မည့်ပုံစံမျိုး ဖြစ်သည်။ မျက်နှာအနေ ...ထားက အလှကြီးမဟုတ်သော်လည်း ဆွဲဆောင်နိုင်သော ညှို့ဓာတ်အပြည့် ...နှင့် ဖြစ်၏။

ကိုယ်လုံးကိုယ်ပေါက်ကတော့ရော ဆယ့်နှစ်ဘီးတပ် ကွန်တိန်နာ ...ကားလို နိုင်ခံ့ပြီး ဆိုဗီယက်လုပ် တင့်ကားလို တောင့်တင်းနေသည်မို့ ရွှေဘို ...မင်းကြိုက်၊ ကိုကိုကာလသားတို့အကြိုက် ကိုယ်လုံးမျိုး ဖြစ်သည်။ မြင်သူ ...ဝင်ဆူ၍ ရင်ပူရသော အလှမျိုးဆိုလျှင်လည်း မမှား။

ဖိုးခွားတောင် ပေရယ်၏ဆေးရုံမှ ဦးလေးနှင့်ဓာတ်လမ်းကို သိကြား ...တွေ့ထား၍သာ မသတီစိတ်ဖြစ်ပေါ်နေသဖြင့် စိတ်မဝင်စားခြင်းဖြစ်သည်။ ...ားလိုက်ပါတော့လေ။ သူ့ဘဝ သူ့အကြောင်း သူရွေးချယ်သည့် လမ်း ...ကြောင်း သူ့ဟာသူ လျှောက်လိမ့်မပေါ့၊

လောလောဆယ်မှာတော့ ဘတ်(စ်)ကားပေါ်ရောက်ဖို့က အရေးကြီး ...သည် မဟုတ်ပါလား။

ထွက်သွားသောဖိုးခွားကို လှမ်းကြည့်ရင်း အောင်ဖော် နှုတ်ခမ်းတွန့်ရုံ ...လိုက်လေ၏။

"ဖိုးခွား ဖိုးခွား မင်းလည်း ပေရယ်ပြောသလို ပေရယ့်ကို စိတ်ဝင်စား ...တာကိုး၊ ဆောရီးပဲ သူငယ်ချင်း။ မင်းရထားတဲ့ သိန်းတစ်ရာနဲ့ မိန်းမတစ် ...ယောက် ခေါင်းခေါက်ယူလို့ ရပါတယ်ကွာ၊ ငါ့ရဲ့ ပေရယ်လေးကိုတော့ ...မင်းသာပေးပါ"

ပေရယ်ပြောသမျှစကားကို သမ္မာကျမ်းစာပါ ပညတ်တော်အလား ...လေးထားသော အောင်ဖော်က သူငယ်ချင်းဖိုးခွားကိုပင် အထင်လွဲနေ၏။

လျှာနှစ်ခွနှင့် မြွေဟောက်မ,ပြောတာကို ယုံကြည်နေသမျှတော့ ...အောင်ဖော့်အနေနှင့် မာယာကျော့ကွင်း ရှုပ်တွင်းမှ လွတ်မြောက်ဖွယ်လမ်း ...မမြင်နိုင်တော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ကိလေသာခေါင်းပါးရေး တို့အရေး

မနိုးသောအိပ်စက်ခြင်းနှင့် အိပ်ခါနီးအချိန်ကို
အကောင်းဆုံး ရင်ဆိုင်နိုင်ရန်အတွက်
နိုးသောအိပ်ခြင်းမျိုးနှင့် အိပ်နေနိုင်သေးသည့်အချိန်တွင်
လေ့ကျင့်ပြင်ဆင်ထားလို့ ရနိုင်၏။

မနိုးသော အိပ်ခြင်းက အသေကြီးဆိုလျှင် နိုးသောအိပ်ခြင်းက အသေလေးပင် ဖြစ်သည်။ အသေကြီးနှင့် သေခါနီးအချိန်တွင် အာရုံကောင်း နိမိတ်ကောင်းများ မြင်နိုင်ရန်အတွက် အသေလေးနှင့် သေသည့်အချိန်တွင် ခန္ဓာဖြစ်ပျက်ကို ရှုရပေလိမ့်မည်။

ဒါကို တကယ်မသေခင် အစမ်းသေကြည့်တာဟု ဆိုနိုင်၏။ ည အိပ်စက်ခြင်းသည် အသေလေးနှင့်သေခြင်းသာဖြစ်၍ ထိုသို့ အိပ်ရန် မျက်စိ မှိတ်လိုက်သည်နှင့် ကောင်းသောအာရုံနှင့် ကုသိုလ်အာရုံများကိုသာ ထင်မြင် နေစေရန် ကြိုးစားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အာရုံတွင် ဒါနအာရုံ သီလအာရုံ သမထအာရုံ ဝိပဿနာအာရုံဟု လေးမျိုးရှိ၏။ ထိုသို့ အာရုံပြုရာတွင် ဒါနအာရုံဆိုလျှင်လည်း ပြုခဲ့ဖူးသော ဒါနအာရုံများထဲမှ အနှစ်သက်ဆုံး၊ ပီတိအဖြစ်ခဲ့ဆုံး ဒါနတစ်ခုကို အာရုံပြုရမည်ဖြစ်သည်။

ကားပေါ်တွင် ထူးခြားစွာ ထိုင်စရာရခဲ့သဖြင့် ရှင်ဆန္ဒာဓိက၏ ဓမ္မဒါနစာစုများထဲမှ မသေခင် ဘာလုပ်ကြမလဲ စာအုပ်လေးကို ဖတ်ရင်း ဖိုးခွား လိုက်ပါလာခဲ့၏။

သူပြုခဲ့ဖူးသော ဒါနက စစ်စစ်ပေါက်ပေါက်စဉ်းစားလျှင်သော်မှ သက်ချိုးရေတွက်လို့ ရနေသည်။

ဒါက သူ၏ဒါနကုသိုလ်အမှု နည်းခဲ့ခြင်းကို ဖော်ပြနေသည့် အချက်ပင် မဟုတ်လား။ ထိုစစ်စစ်ပေါက်ပေါက်ဒါနများထဲမှ ပီတိအဖြစ်ရဆုံး ဒါနကို ပြပါဆိုလျှင်တော့ ဇီဝိတဒါနအဖြစ် သွေးလှူခဲ့ရခြင်းကိုသာ ပြရတော့မည်ဖြစ်သည်။

မိမိသွေးနှင့် အသက်ရှင်ခဲ့သူများ ရှိနေခဲ့သည်မှာ အချိန်ရတိုင်း ပြန်တွေးကြည့်သည်နှင့် ပီတိဖြစ်ရသည့်ဒါန ဖြစ်နေသည်။

သို့ဖြစ်၍ ထိုသွေးလှူခြင်းကုသိုလ်ကောင်းမှုကိုသာ ညစဉ် အိပ်ရာဝင်တိုင်း အာရုံပြုရန် စေးမှတ်ထားလိုက်ရ၏။

ဆင်းရမည့်မှတ်တိုင်ရောက်ခါနီးပြီဖြစ်၍ ဖိမ်ကျကျ ထိုင်နေရာမှ ထလိုက်ရသည်။ လိုရာခရီး မရောက်သေးသူများကို တိုးဝှေ့ချန်ထားခဲ့ပြီး အပေါက်ဝနှင့် အနီးဆုံးသို့ ထွက်လာခဲ့၏။

ကားရပ်သည်နှင့် တိုးဝှေ့ဆင်းခဲ့သည်။ ပလက်ဖောင်းပေါ်ရောက်မှ အသက်ဝဝရှူရ၏။ တစ်လှမ်းနှစ်လှမ်းလျှောက်ပြီးမှ လက်ထဲ တစ်ခုခု လိုနေသလို ခံစားရသဖြင့် ဘာမေ့လာပါလိမ့်ဟု အပြင်းအထန် စဉ်းစားရသည်။

"ဟာ ချိုင့်၊ ထမင်းချိုင့်၊ ကားပေါ်ပါသွားပြီ"

ကမူးရှူးထိုးပြောရင်း ကမန်းကတန်း ပြေးလိုက်သော်လည်း သူစီး

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော ဘတ်(စ်)ကားက တဖြည်းဖြည်း ပိုဝေးလို့သွား၏။ စိတ်ပျက်လက်ပျက်နှင့် ပြေးလိုက်ခြင်းကို ရပ်တန့်လိုက်ရသည်။

သူ့အဖြစ်ကို ဝိုင်းကြည့်နေသော အနီးအနားမှလူများကြောင့် ဖိုးခွားအနည်းငယ် ရှက်သွား၏။ သို့နှင့် ခပ်သွက်သွက်လျှောက်ပြီး ဆေးရုံဝင်းထဲအမြန်ဝင်လိုက်ရသည်။

"ဟူး ဒီနေ့ ကံမကောင်းပါလား"

စောစောစီးစီး ထမင်းချိုင့်ပျောက်ပြီး စားစရာထမင်းပါ ပါသွားသဖြင့် စိတ်ညစ်သွား၏။ ထမင်းဝယ်စားပြီး ချိုင့်ပြန်ဝယ်ဖို့ ငွေအပိုကုန်ဦးမည်ဆိုတော့ ပိုလို့ စိတ်ညစ်သွားရပြန်သည်ပေါ့။

သို့နှင့် ဖိုးခွား အလုပ်လုပ်ရာမှာ စိတ်မပါတော့ချေ။ စိတ်မပါသည့်နေ့မှ အလုပ်က များနေသည်။ ရောက်ရောက်ချင်း 304 မှ အောက်ဆီဂျင်ကုန်နေတာ သွားလဲပေးရ၏။

ပြန်လာတော့ ဆေးရုံတက်နေပြီဖြစ်သည့် ဦးလေးသိန်းကို ဝင်ကြည့်ရသေးသည်။ ဦးလေးသိန်းဝေဒနာကလည်း မသက်သာ။ ရောဂါကို မွေးထားသလိုဖြစ်ပြီးမှ ဆေးရုံတက်တာဆိုတော့ နောက်ကျနေခဲ့ပြီ။

ဓာတ်မှန်ရိုက်ရဦးမည်ဆိုသဖြင့် ဓာတ်မှန်ခန်းဆီ ဗီး(လ်)ချဲနှင့် လိုက်ပို့ပေးရ၏။ ဦးလေးသိန်း ရုပ်တော်တော်ကျသွားတာ သတိပြုမိသည်။

ဦးလေးသိန်းဇနီး ဒေါ်အေးမြင့်ကို တီးတိုးနှစ်သိမ့်စကားပြောပြီး အခန်းသို့ပြန်ပို့ပေးရ၏။ လမ်းတွင် ဦးစိုးမိုးနှင့်ဆုံသည်။

"ဟော့ကောင် ဖိုးခွား၊ ရှာလိုက်ရတာကွာ၊ တာဝန်ခံဆရာဝန်ကြီးက သူ့ရုံးခန်းကို အခုလာခဲ့ပါတဲ့"

"ဘာကိစ္စလဲဗျ"

"အဲဒါတော့ မသိဘူး"

"အေးဗျာ၊ ဒါဆို ဒီလူနာကို ဦးစိုးမိုး ပြန်ပို့ပေးလိုက်ပါ"

"အေး အေး"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်းကို ဦးစိုးမိုးလက်အပ်ထားခဲ့ပြီး တာဝန်ခံဆရာဝန်ကြီး၏ ရုံးခန်းသို့ ထွက်လာခဲ့၏။

အခန်းတံခါးခေါက် ဝင်ခွင့်တောင်းပြီး အထဲသို့ဝင်လိုက်သောအခါ ဆရာဝန်ကြီးနှင့်အတူ 304 မှ လူနာရှင်အမျိုးသမီးကိုပါ တွေ့ရ၏။

"ဟုတ်တယ် ဟုတ်တယ်၊ သူပါပဲ ဒေါက်တာ၊ အောက်ဆီဂျင်ဘူး လာလဲပေးတာ သူပါပဲ"

ထိုအမျိုးသမီးက ဖိုးခွားကို လက်ညှိုးထိုးကာ အတည်ပြုပြော ကြားနေ၏။ ဘာတွေဖြစ်လို့များပါလိမ့်။ ဆရာဝန်ကြီးက မျက်မှန်ကို ချွတ်၍ ချေးသုတ်လိုက်ရင်း –

"မောင်ဖိုးခွား စောစောက 304 ကို အောက်ဆီဂျင်ဘူး သွားပို့ပေး ခဲ့သလား"

"ဟုတ်ကဲ့၊ ကောင်တာက အကြောင်းကြားလို့ ပို့ပေးခဲ့ပါတယ် ခင်ဗျာ"

"အေးကွာ၊ သူတို့အခန်းထဲက hand phone ပျောက်သွားလို့တဲ့"

"ဗျာ"

"သူလာပြီးမှ ပျောက်သွားတာပါ၊ ဖုန်းကို ညှော်ခန်းစားပွဲပေါ်မှာ အသေအချာတင်ထားခဲ့တာပါရှင်"

ကြားလိုက်ရသောစကားများကြောင့် ဖိုးခွား ခေါင်းနားပန်းကြီးသွား ရ၏။

"ကျွန်တော် မသိဘူး ဆရာကြီး၊ ယူလည်းမယူဘူး"

"အခန်းထဲကို မင်းပဲ ဝင်သေးတာလေ၊ ငါ လက်ထရိန် ခဏဝင် နေတုန်း မင်းပြန်သွားတာ"

"အဲဒါတော့ ဟုတ်ပါတယ်၊ အလုပ်ကများလို့ ချက်ချင်း ပြန်ထွက် သွားတာပါ၊ အဲဒီက ပြန်ပြန်ချင်း လူနာတစ်ယောက်ကို ဓာတ်မှန်ရိုက်ဖို့ သွားပို့ပေးနေတာပါ၊ အားလုံးကို မေးကြည့်လို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသူခိုးဟု စွပ်စွဲသလိုဖြစ်နေ၍ ဒေါသဖြင့် ဖိုးခွားပြန်ရှင်းပြနေ သည်။ ဆရာဝန်ကြီးက –

"သိပ်စိတ်မလှုပ်ရှားပါနဲ့ကွာ၊ အေးအေးဆေးဆေးဖြေရှင်းလို့ ရ တယ်"

"ဆရာကြီး ကျွန်တော့်အကြောင်းလည်း သိပါတယ်ဗျာ၊ ကျွန်တော် မှာ ငွေသိန်းတစ်ရာရှိတာ ဆေးရုံတစ်ရုံလုံး သိပါတယ်၊ ကျွန်တော် ဖု ကိုင်ချင်ရင် ချက်ချင်းဝယ်ကိုင်လို့ ရပါတယ်၊ ပြီးတော့ ကျွန်တော့်ဝန်ထ သက်တစ်လျှောက် ဘာအစွန်းအထင်း၊ အမှားအယွင်းမှ မရှိခဲ့ပါဘူး၊ အ ထွေလုပ်သားဆိုပြီး မရှိခိုးနိုးနဲ့ ရမ်းစွပ်စွဲတာတော့ မခံနိုင်ဘူး"

"အေး ဘယ်သူခိုးမှ ခိုးတယ်လို့ မပြောဘူး၊ ကဲ ဒေါက်တာ ကိစ္စ ဘယ်လိုဖြေရှင်းပေးမှာလဲ"

"ဒေါ်ဝင်းရွှေက ဘယ်လိုဖြစ်စေချင်လဲ"

"ဖုန်းပြန်လိုချင်တာပေါ့၊ ဒေါက်တာစစ်နေလို့ အဖြေမှန်မရဘူးဆို ရဲခေါ်ပြီး ရှင်းပေးပေါ့"

"ဟုတ်ပြီ၊ ကဲ မောင်ဖိုးခွား မင်းယူထားတယ်ဆို ပြန်ပေးလိုက် ရဲရောက်လာရင် အခြေအနေ ပိုရှုပ်သွားလိမ့်မယ်"

"ကျွန်တော်မှ မယူတာ၊ ဘယ်လိုလုပ် ပြန်ပေးရမှာလဲ"

"ဒါဆိုရင်တော့ မတတ်နိုင်ဘူး ဆရာ၊ ရဲကို လှမ်းခေါ်လိုက်မယ်"

"ကြိုက်သလို လုပ်ပါ၊ တရားကို နတ်စောင့်တယ်၊ တစ်ခု ပြောထားမယ်နော်၊ ကျွန်တော်မယူဘူးဆိုတဲ့အဖြစ်မှန် ပေါ်ပေါက်ခဲ့ရင် လုံး ကျွန်တော်ကျေနပ်တဲ့အထိ ဝန်ချတောင်းပန်ရမယ်"

"အောင်မာ၊ သူခိုးကများ လူလိုဟစ်လို့"

"သည်းခံပါ ဒေါ်ဝင်းရွှေ၊ အရင်ဆုံး သူ့ကိုယ်ပေါ်မှာ ကျွန်တော် ရှာမယ်၊ ကိုဝင်းအောင် ဖိုးခွားကိုယ်ပေါ်မှာ ရှာပေးပါ"

အခန်းထဲမှ ရုံးဝန်ထမ်း ကိုဝင်းအောင်က ဆရာဝန်ကြီးအမိန့်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွား၏ယူနီဖောင်းအိတ်များထဲ နှိုက်၍ စမ်း၍ ရှာဖွေနေ၏။ ဖိုးခွား တစ်ကိုယ်လုံး ရှက်စိတ်ကြောင့် တောင့်တင်းနီရဲနေသည်။ ဇာချွေးများလည်း ပြန်နေ၏။

တစ်သက်နှင့်တစ်ကိုယ် သူများပစ္စည်း အပ်တိုတစ်ချောင်းတောင် မခိုးဖူးပါဘဲနှင့် သူခိုးအစွပ်စွဲခံနေရတာ အတိတ်ကံဝဋ်ကြွေးသာ ဖြစ်ရမည်ဟု ဖြေသော်လည်း နှလုံးစိတ်ဝမ်း မအေးချမ်းနိုင် ဖြစ်နေရသည်။

မခိုးတာမှန်သော်လည်း ဖုန်းကိုပြန်မတွေ့လျှင် ရဲရောက်လာသည်နှင့် စခန်းကိုလိုက်သွားဖို့ပဲ ရှိတော့သည်မဟုတ်လား။

နောက်ပိုင်း ဖြစ်နိုင်ခြေကိစ္စများ တွေးကြည့်ရင်း ဖိုးခွား အကြီးအကျယ် စိတ်ဓာတ်ကျသွားရ၏။ ထိုအချိန်တွင် သတင်းကြား၍လား မသိ။ ဒေါက်တာအုပ်စိုးခိုင် ရောက်လာလေသည်။ ဖိုးခွားတစ်ယောက် ကမ္ဘာဦးလူသား မီးကိုအသုံးပြုခွင့်ရလိုက်သလို ဝမ်းသာသွားမိ၏။

"ဆရာကြီး ကျွန်တော့်ကို ကယ်ပါဦးဗျာ"

"အေးပါကွာ၊ သိပ်စိတ်ပူမနေပါနဲ့၊ အမှန်အတိုင်းဖြစ်စေရမှာပေါ့ မောင်ဖိုးခွားရယ်"

ဒေါ်ဝင်းရွှေဆိုသော အမျိုးသမီးက တစ်စခန်းထလာပြန်သည်။

"ကဲ ရှင်တို့ ဘယ်လိုလုပ်ကြမှာလဲ၊ အခန်းထဲမှာ လူနာတစ်ယောက်တည်းရှင့်၊ အချိန်ကုန်မခံနိုင်ဘူး"

"ဟုတ်ကဲ့၊ အခုပဲ စခန်းကို ဖုန်းဆက်ပေးပါ့မယ်၊ ဒေါ်ဝင်းရွှေ လူနာပြန်စောင့်ချင် စောင့်ပါ"

"ကောင်းပြီလေ"

ဒေါ်ဝင်းရွှေ ထအထွက်တွင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာပြန်၏။ ထိုလူကိုတွေ့သည်နှင့် ဒေါ်ဝင်းရွှေက –

"ယောက်ျား ရှင်ရောက်လာတာ အတော်ပဲ၊ ဒီမှာ ပြဿနာတက်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြဿနာတက်တာလဲ၊ အမေပြောလို့ လိုက်လာတာ၊ ဖုန်း
ကိုယ်ယူသွားတာ၊ မင်း ရေအိမ်ဝင်နေလို့ မပြောခဲ့တာ၊ အခန်းထဲမှာ လိုင်း
လို့ အပြင်ထွက်ဆက်ရင်း ဗိုက်ဆာလို့ ကင်တင်းမှာ အဆာပြေဝင်စားနေတာ"

"ရှင်"

အဖြစ်က ရှင်းသွားပြီမို့ ဒေါက်တာအုပ်စိုးခိုင်နှင့် ဖိုးခွားတို့မျက်နှာမှာ
ဝင်းပသွားသော်လည်း ဒေါ်ဝင်းရွှေတစ်ယောက် ရှက်စိတ်၊ အားနာစိတ်တို့နှင့်
ဆောက်တည်ရာမရ ဖြစ်သွား၏။

တာဝန်ခံဆရာဝန်ကြီးက –

"ဟာဗျာ၊ ခင်ဗျားတို့အချင်းချင်း အချိတ်အဆက်မမိတာ အကြောင်း
မဟုတ်ဘူး၊ ဒီမှာက အကုန်လုံး အားနာစရာတွေ ဖြစ်ကုန်ပြီ"

ဒေါ်ဝင်းရွှေ၏ခင်ပွန်းက –

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ မိန်းမက ညစောင့်အိပ်
ကျွန်တော်က ခုမနက်မှ ရောက်လာတာပါ၊ ကျွန်တော့်ဖုန်း ဘက်ထရီဒေါင်း
နေလို့ မိန်းမဖုန်းကို ယူသွားတာပါ၊ အဲဒီအချိန်မှာ သူက ရေအိမ်ဝင်နေ
အမေကလည်း မှိန်းနေတော့ ကျွန်တော်ရောက်လာတာ ဘယ်သူမှမသိလိုက်
လို့ ဒီကိစ္စ ဖြစ်သွားရတာပါ"

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်တို့ဆေးရုံမှာ ဒီလို အပျောက်
အရှက်စွမျိုး လုံးဝမဖြစ်ဖူးတာ ထင်ရှားပေလို့ပေါ့"

"အားနာလိုက်တာဗျာ၊ ဆောရီးပါပဲ ဒေါက်တာ"

ဆရာဝန်ကြီးက ဆေးရုံအတွက် ဂုဏ်ယူနေသလို ဒေါ်ဝင်းရွှေ
ခင်ပွန်းက ဆရာဝန်ကြီးအား တောင်းပန်နေ၏။ ဒေါက်တာအုပ်စိုးခိုင်
ဖိုးခွားပခုံးကို ဖျစ်ညှစ်နှစ်သိမ့်နေသည်။

"ကဲ မောင်ဖိုးခွား၊ မင်းမှာ ဘာအပြစ်မှ မရှိပါဘူး၊ သွားလို့ရပါ
ကွာ"

"ကျွန်တော် မသွားနိုင်သေးပါဘူး ဆရာဝန်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

အားလုံး အံ့အားသင့်သွားကြ၏။ ဒေါက်တာအုပ်စိုးခိုင်က ဖိုးခွားကို နားမလည်သလိုကြည့်ရင်း -

"ဘာဖြစ်လို့လဲ မောင်ဖိုးခွား"

"ဆရာကြီး ရောက်မလာခင် ကျွန်တော် သူတို့ကို ကြိုပြောထားပြီး သားပါ၊ စွပ်စွဲတာ လွှန်ခဲ့ရင် နှစ်ယောက်စလုံး ကျွန်တော်ကျေနပ်တဲ့အထိ ဝန်ချတောင်းပန်ရမယ်လို့"

"ဟင်"

ဒေါက်တာ အုပ်စိုးခိုင်က ဖျောင်းဖျ၏။

"မောင်ဖိုးခွားရယ် ဒါက"

"ဒါက မလုပ်နဲ့ ဆရာကြီး၊ အစော်ကားခံရတာက ကျွန်တော်ပါ၊ သူခိုးလို့စွပ်စွဲပြီး အသရေဖျက်တာ ကျွန်တော် သည်းမခံနိုင်ဘူး"

တာဝန်ခံဆရာကြီးက ပြုံး၏။ ဒေါ်ဝင်းရွှေက မျက်နှာမဖော်တော့ ဒေါက်တာ အုပ်စိုးခိုင်က အားတုံ့အားနာ ဖြစ်နေသည်။

"ကောင်းပြီ မောင်ဖိုးခွား၊ ဆရာက တာဝန်ရှိလို့လုပ်တာဆိုပေမယ့် မှားသွားလို့တောင်းပန်ရမှာ မရှက်ပါဘူး၊ ဆရာတို့ဆေးရုံ သိက္ခာမကျတဲ့အပြင် မင်းလို ရိုးသားတဲ့ဝန်ထမ်းကောင်းရှိနေတာ သိရတဲ့အတွက် ဝမ်းသာဂုဏ် ယူနေတာပါ၊ မင်းရဲ့အကျင့်စာရိတ္တကို ထိပါးသလို ဖြစ်သွားတဲ့အတွက် ဆရာ က အနူးအညွတ် တောင်းပန်ပါတယ်ကွာ"

"ဆရာဝန်ကြီးရဲ့တောင်းပန်မှုကို ကျွန်တော် လက်ခံပါတယ်၊ ကျေ လည်းကျေနပ်ပါတယ် ခင်ဗျာ"

ဖိုးခွားက ဆရာဝန်ကြီးကို လက်အုပ်ချီ ဂါရဝပြုရင်းပြောလိုက်၏။ ပြီးတော့ ဒေါ်ဝင်းရွှေကို လှမ်းကြည့်လိုက်သည်။ ရုတ်တရက်ဆိုသလို ဒေါ်ဝင်း ရွှေ အခန်းထဲမှ ပြေးထွက်သွား၏။

"ဟာ မိန်းမ မိန်းမ"

www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲသူက ထွက်ပြေးသွားသဖြင့် ကျန်ရစ်သောလူကြီး မျက်စိမျက်နှာပျက်နေရှာသည်။

"ကဲ ကဲပါ ငါ့တူရယ်၊ ဦးမိန်းမကိုယ်စား ဦးကပဲ ငါ့တူကျေနပ်တဲ့အထိ တောင်းပန်ပါရစေကွာ၊ ဦးတို့အများအတွက် ခွင့်လွှတ်ပေးပါ ငါ့တူရာနော်"

ထိုလူကြီးက ဒူးပဲကိုင်တော့မလို၊ ခြေသလုံးပဲ ဖက်တော့မလိုနှင့် တောင်းပန်နေသဖြင့် ဖိုးခွား လျှော့ပေးလိုက်ရ၏။

"အသရေဖျက်မှုနဲ့ တရားစွဲချင်ပေမယ့် ဦးကိုအားနာလို့ ကျေအေးလိုက်ပါ့မယ်၊ ကဲ ခွင့်ပြုပါဦးခင်ဗျာ"

အားလုံးကို ခြုံငုံနှုတ်ဆက်ပြီး ဖိုးခွားထွက်လာခဲ့၏။ စကြံလမ်းပေါ်ရောက်မှ သက်ပြင်းမှုတ်ထုတ်ရတော့သည်။

"ဟူး ကံကောင်းလို့ အချုပ်ထဲ မရောက်တာ"

သိန်းတစ်ရာရတာမှ မကြာသေး။ အချုပ်ထဲရောက်မလို ဖြစ်ရသောကံကြမ္မာအပြောင်းအလဲကိုလည်း သူ တော်တော်ထိတ်လန့်သွားမိ၏။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမာဓိကုသိုလ်တို့နှင့် နေထိုင်သွားမှ ဖြစ်တော့မည်ဟုလည်း သိမြင်လာရ၏။

မသေမီ လုပ်ရမည့် အလုပ်များထဲတွင် အရေးအကြီးဆုံး၊ ပဓာနအကျဆုံးအလုပ်မှာ ကိလေသာ ခေါင်းပါးရေး၊ ကိလေသာ အမြစ်ပြတ်ရေးသာ ဖြစ်တော့သည်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## မက်ဒေါနားနှင့် ဗိဥ္စမာန

မာရီလင်မွန်ရိုးသည် မိန်းမဖြစ်၏။

မက်ဒေါနားလည်း မိန်းမဖြစ်၏။

နန်းမတော်မယ်နုနှင့် စုဖုရားလတ်တို့လည်း မိန်းမများသာ ဖြစ်ကြလေသည်။

ထို့အတူ နိုပါတ်တော်လာ ဗိဥ္စနမာနလည်း မိန်းမသာဖြစ်၏။

သူတို့တွေကဲ့သို့ပင် ပေရယ်သည်လည်း မိန်းမတစ်ယောက်အဖြစ်တည်ရှိနေတာပဲ ဖြစ်တော့သည်။

ပေရယ် အောင်ဖော့်ကို မျှော်နေ၏။ မျှော်တုန်းမျှော်ဆဲ အောင်ဖော်လည်း ရောက်လာတော့သည်။ ရောက်မဆိုက်ဆိုသလိုပင် မေးခွန်းများနှင့် ဆီးကြိုလိုက်၏။

"နေ့ခင်းက ကိုကို ဘယ်သွားနေတာလဲ၊ အိမ်ကိုတောင် ပေရယ် ရောက်သွားသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုကို ဖိုးခွားနဲ့ ဘဏ်ကို ခဏလိုက်သွားတာ"

"ဘဏ်ကို၊ ဘာကိစ္စလဲ"

"အလကားပါ၊ ထုံးတမ်းစဉ်လာအရ အမွေဆက်ခံသူအဖြစ် ကိုယ့်ကိုထားလို့ သွားလုပ်ပေးရတာ"

ပေရယ့်မျက်နှာသည် ချက်ချင်းဆိုသလို သက်တံတစ်ခု ဖြစ်သွား၏။ ရောင်စဉ်ခုနစ်သွယ်နှင့် ဝင်းလက်တောက်ပသွားသည်။

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"တကယ်လို့များ မတော်တဆနဲ့ ဖိုးခွားသေသွားရင် အဲဒီငွေတွေ ကိုကို ဆက်ခံသုံးစွဲခွင့်ရမှာလေ၊ ဒါပဲ၊ အဲဒီသဘော"

ပေရယ့်မျက်နှာပေါ်မှ ခုနစ်သွယ်ရောင်စဉ်သက်တံ ပျောက်ကွယ်သွားပြီး နဂါးငွေ့တန်းတစ်ခု ဖြစ်တည်ပေါ်ပေါက်လာခဲ့၏။ ဘာစကားမှ မပြောဘဲ တွေတွေကြီး ရပ်နေတော့သည်။

အောင်ဇော်က စားပွဲပေါ် စားပွဲခင်းများလိုက်ခင်းပြီး လုပ်ငန်းခွင်စတင်ရန် ပြင်ဆင်လျက် ရှိသည်။

ပေရယ်တစ်ယောက် ကျောက်ဆစ်ရုပ်လို မလှုပ်မယှက်ဖြစ်နေ၏။ သူ့မအသက် ၂၁ နှစ်သာ ရှိသေးသည်။ သို့သော် ဖြတ်သန်းလာခဲ့ရသော ဘဝခရီးလမ်းက ကြမ်းတမ်း၏။

မိဘများ အိမ်ထောင်ရေးအဆင်မပြေသဖြင့် ကွဲကြကွာကြသော အခါ ပေရယ့်အသက် ဆယ့်လေးနှစ်သာ ရှိသေးသည်။ အမေက နောက်အိမ်ထောင်ပြု၏။ နှစ်နှစ်လောက် ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့သော ပထွေးသည် နောက်ဆုံးမှာတော့ ပထွေးထဲက အပ်ကြောင်းထပ်ပထွေးတစ်ယောက် အဖြစ် ခံယူကာ မယားပါသမီးကို ကြံစည်သည်။

အခြေအနေကို ရိပ်စားမိသော အမေက ညီမရင်းဖြစ်သူ ခဏ ပို့ထားလိုက်၏။ အဒေါ်၏ယောကျ်ားကလည်း သူ့မ၏ပထွေးကဲ့သို့ပင်။ သို့သော် ပထွေးကဲ့သို့ အကြမ်းပတမ်းမဟုတ်မူဘဲ အိပ်ဆေးတိုက်ပြီး ညင်ညင်

www.burmeseclassic.com



သာသာနှင့် အမိအရ သိမ်းပိုက်၏။

ခက်သည်က ဆယ့်ခြောက်နှစ်သာသာလောက်သာ ရှိသေးသော ပေရယ်က ထိုအတွေ့ထူးကို စွဲမက်ငြိတွယ်သွားခြင်းဖြစ်သည်။ အမေရင်းက လည်း စီးပွားရေးမပြေလည်သဖြင့် ပြန်မခေါ်နိုင်ဖြစ်နေလေရာ ဦးလေးနှင့် တူမဇာတ်လမ်းက ပို၍ အလွမ်းသင့်သွား၏။

သူ့အဒေါ်လည်း ထိုစိတ်နှင့်ပင် ရောဂါရကာ ဆေးရုံရောက်ရခြင်း ဖြစ်သည်။ အဒေါ်ကျန်းမာရေးအခြေအနေ မကောင်းသောအခါ တူမကို မဟောသီရာထူးမပေးလိုသော ဦးလေးက နောက်ထပ် နောက်ထပ် အသစ် အသစ်လေးများဆီ ခြေဦးလှည့်သွားပြီး ပေရယ့်အား ကန့်ထုတ်စပြုလာ၏။

လုပ်ငန်းခွင်တွင်လည်း အဆီဝါး၍ အသားကိုမျိုလိုသူတို့များပြီး အန္တရာယ်ဝိုင်းနေသဖြင့် သူ တကယ်ရင်ခုန်မိသော အောင်ဇော့အား ကိုယ်ရံ တော် ခန့်အပ်ခဲ့သေးသည်။

ကာမဂုဏ်အာရုံခံစားမှုတွင် စိတ်အားထက်သန်သော ပေရယ်မှာ သက်တူရွယ်တူ အောင်ဇော်၏ အားကောင်းမောင်းသန်အချစ်များတွင်လည်း သာယာကြည်နူးပျော်မြူးနေမိပြန်သည်။

နားခိုရာအဖြစ် ရည်ရွယ်ထားသော ဦးလေး၏ရင်ခွင်သည် သူမ အတွက် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိလာရသောအခါ စပွန်ဆာ ကောင်းကောင်းကို ထပ်လောင်းရှာဖွေရန် ခတ်ကွင်းပြင်လာရတော့၏။

တပ်ပျက်တွင် ဗိုလ်လုပ်တော့ ဖရိုဖရဲမြင်ကွင်းမှာ မီးလောင်ပြင်ရှုခင်း ကိုသာ မြင်တွေ့နေရသည် မဟုတ်လား။

ထိုသို့ ပေရယ် ခံတွင်းပျက်နေခိုက် ဖိုးခွားအကြောင်းကို အိပ်ရာဝင် ပုံပြင်သဖွယ် ကြားသိလိုက်ရသောအခါ –

✿

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ကိုယ်ပွား ဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ လှူဒါန်းပူဇော်ရင်း ဖိုးခွား ဝတ်ပြုနေသည်။ ကံကြမ္မာနှင့် သေခြင်းကို မယုံစားတော့သော ဖိုးခွား ဘုရားတရားကိုသာ အားကိုးအားထားပြုနေတော့၏။

နေ့စဉ် လုပ်ရှားရုန်းကန်ရာတွင်လည်း ငါးပါးသီလကို တတ်အားသမျှ ထိန်းကြောင်းပြီးနေထိုင်၏။ အချိန်ရရင် ရသလို အာနာပါန ဝင်လေထွက်လေကို ရှု၏။ လှုပ်ရှားမှုမှန်သမျှ အမှတ်နှင့်နေရခြင်းကို ခံ့မင်လာသည်။

နိုက်ကျူတီကိုလည်း မဖြစ်မနေဆင်းရမှသာ တာဝန်ယူပြီး ကိုယ်ပိုင်အချိန်များကို တီဗီအောက်စက်၊ MP4 တို့နှင့် တရားနာပြီး ကုန်လွန်စေ၏။

ထိုအခါ မရှုရ မမှတ်ရလျှင် မနေနိုင်အောင် ဒေသနာတရားနှင့်သာ ပျော်မွေ့နေလေတော့၏။

ဒီနေ့တော့ ဆေးရုံရောက်ရောက်ချင်း ဦးလေးသိန်းအခြေအနေ မကောင်းကြောင်း ဒေါ်ဒေါ်က အားကိုးတကြီး အသိပေး၏။ ပါရဂူကြီးနှင့် တာဝန်ကျဆရာဝန်ထံ မေးမြန်းစုံစမ်းကြည့်သောအခါတွင်လည်း အားရစရာ အဖြေကို မရခဲ့။ ဒေါ်ဒေါ်အား နှစ်သိမ့်စကားပြောရင်း ညရေးညတာကိစ္စ သူစောင့်ရှောက်ပေးမည်ဟု ကတိပေးလိုက်၏။

အမှန်တကယ်လည်း ထိုညကစပြီး ဦးလေးသိန်းအား ဖိုးခွားက ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့၏။ ထိုသို့ပြုစုရခြင်းကို ဖိုးခွား စိတ်ပါနှစ်သက်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင်က ဂိလာနရဟန်းများကို ပြုစုစောင့်ရှောက်ကြရန် တပည့်သား သံဃာတော်များအား တိုက်တွန်းသမှု ပြုခဲ့သေးသည် မဟုတ်လား။

ဖိုးခွားက အမြတ်နှစ်ခုရအောင် ပြုစုရင်း ဝေဒနာကိုပါရှုသည်။ သေငယ်ဇောနှင့် မျောနေသူကို အနီးကပ်ရှုပြီး အသေတတ်အောင် ကျင့်သည်။ အိုနာသေဒုက္ခကို မျက်ဝါးထင်ထင် ရှုမြင်မှတ်သားသည်။

ဦးလေးသိန်းက ခပ်ဖိုင့်ဖိုင့်ဆိုတော့ အပေါ့အလေးသွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



များတွင် မ,ရ၊ ရွှေ့ရ နောက်ဖေးအိုးထည့်ပေးရသည့်အခါများမှာ အတော်ပင်ပန်း၏။

လမ်းမလျှောက်နိုင်တော့သဖြင့် ရေချိုးဖို့လည်း အဆင်မပြေတော့ ရေပတ်တိုက်ပေးတာကိုပဲ အားပြုရသည်။ တစ်နေ့တလေ ရေမချိုးရုံနှင့် အနံ့ပေါင်းစုံထွက်နေသော အပုပ်ကောင်သာဘောကို တစ်ရံမလပ် တွေ့မြင်ရသည်။

ထသွားထလာ လုပ်နိုင်သေးသူများက ရေမွှေးပေါင်ဒါတို့ကို အသုံးပြု၍ အပုပ်ကောင်မဟုတ်လေသယောင် ဟန်ဆောင်ကြ၏။

ကိုယ့်ကိုယ်ကိုယ် မသယ်နိုင်တော့သော ဂီလာနများကျတော့ ပြုစုသူ အနံ့အတာခံနိုင်ပါမှ အနံ့အသက်ကင်းနိုင်၏။ ရောဂါလိုက်စား၍ အတွင်းတွင် ကလီစာများပျက်စီးကာ အပုပ်ဆန်နေသူလူနာများကိုဆိုလျှင်တော့ မသေခင်မှာပင် မိသားစုတောင် အနားမကပ်ချင်ကြတော့ပေ။

ဦးလေးသိန်းကတော့ မထနိုင် မကြွနိုင်တာကလွဲပြီး ကလီစာ ပျက်စီးနေသူမဟုတ်သဖြင့် တော်သေးသည်ဟုဆိုရမည်။ မည်သို့ပင်ဖြစ်စေ တစ်ကိုယ်ရည်သန့်ရှင်းမှုကို ကိုယ်တိုင်မလုပ်နိုင်သောအခါ ခံတွင်းမှ အနံ့ဆိုးကတော့ ထွက်စမြဲပင် ဖြစ်သည်။

အနာရောဂါ၏နှိပ်စက်မှုကို မာန်တင်းခံစားရင်း ခက်ခက်ခဲခဲ အသက်ရှူနေရပုံကို ကြည့်ပြီး အမှန်တကယ်ပင် တရားရမိ၏။

ဘယ်သူမဆို နောက်ဆုံးမှာတော့ ဝေါ်ပြီးသေရစမြဲသာ ဖြစ်သည် ဆိုသော အမှန်တရားကိုလည်း ဒိဋ္ဌမျက် မြင်တွေ့နေရ၏။

ခေတ်ပေါ်နည်းစနစ်၏နောက်ဆုံးလမ်းစဉ်ဖြစ်သော နှာခေါင်းမှ ပိုက်နှင့် အစာထည့်ပေးခြင်းကိုသာ ဦးလေးသိန်း ရင်ဆိုင်နေရပြီ။

လျှာပေါ်မှ အရသာခံစနစ်များပျက်စီးပြီး ဘာစားစား အရသာ မတွေ့တော့ရာမှ စားချင်သောက်ချင်စိတ်ကုန်ခန်းပြီး အစာမဝင်တော့သည့်ကိန်းဆိုက်နေလေရာ ပိုက်နှင့်သာ အစာထည့်ပြီး အသက်ဆက်ပေးနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်ဖွံ့ဖြိုးသော လူသတ္တဝါတို့၏ ယဉ်ကျေးမှုမြင့်မားပြီး နည်းပညာ ထွန်းကားသော ခေတ်ကာလမို့သာ အသက်ကို ကြံဖန်ဆွဲဆန့်ခွင့်ရနေခြင်းဖြစ်သည်။

ဖိုးခွားဖတ်ဖူးသော ဩစတေးလျသဲကန္တာရတွင် နေထိုင်သည့် အဘိုရီဂျင်းလူရိုင်းတို့ဘဝ ဆောင်းပါးတွင်တော့ လူသားသည် တိရစ္ဆာန်သာသာမျှသာ အဆင့်ရှိ၏။

အဘိုရီဂျင်းလူရိုင်းတို့သည်လည်း အခြားသတ္တဝါများနည်းတူ အစားတစ်လုပ်အား ခက်ခက်ခဲခဲ ရှာဖွေကြရ၏။ ရေတစ်ပေါက်လောက် သောက်ခွင့်ရဖို့အရေး ကောင်းကင်ကိုမော့ကြည့်ပြီး မိုးရွာရာနောက်သို့ ဆယ်မိုင် ဆယ့်ငါးမိုင်မက ပြေးလိုက်နိုင်စွမ်း ရှိကြ၏။

အဘိုရီဂျင်းမတစ်ယောက်သည် အာဝေနိကဒုက္ခကို တစ်ယောက်တည်းခံစားရင်း ကလေးမီးဖွားနိုင်ကြ၏။ မွေးပြီးသည်နှင့် မိခင်အဘိုရီဂျင်းမမှာ ချက်ချင်း လမ်းထလျှောက်နိုင်စွမ်း ရှိ၏။

အဘိုရီဂျင်းတို့သည်လည်း သတ္တဝါများသာဖြစ်ရာ အိုနာသေဘေးကို မလွန်ဆန်နိုင်ကြပေ။ အဘိုရီဂျင်းတို့၏ အိုနာသေက ပိုမိုခက်ထန်ကြမ်းတမ်း၏။

အတ္တာပဟိ အတ္တနော နာထောဆိုသည်မှာ အဘိုရီဂျင်းတို့အတွက် ပြဋ္ဌာန်းချက် ဖြစ်၏။

အိုမူ နာမှုကို ခံစားနေရပြီဖြစ်သော အဘိုရီဂျင်းအဘိုးအို အဘွားအိုတို့ကို သူတို့၏မိသားစုများက အကာအကွယ်ရှိသော ကျောက်တောင်ကျောက်ဆောင်များကြားတွင် စွန့်ထားပစ်ခဲ့ကြတာပဲ ဖြစ်သည်။

ထို့နောက်မှာတော့ အိုသော နာသော ထိုလူသားဘဝမှာ အရှင်လတ်လတ် ငရဲကျတော့၏။ ကိုယ့်အရိုးမှ ကိုယ်မသယ်နိုင်သော အနေအထားတွင် ငတ်မွတ်မှုနှင့် ရေဆာလောင်မှုကို အသည်းအသန် ခံစားရတော့သည်။ ငတ်၍ သေရမည့် သတ္တဝါတို့၏ပြယုဂ်ကို အဘိုရီဂျင်းတို့ထံတွင် ပို၍ထင်ရှားစွာ

www.burmeseclassic.com

www.burmeseclassic.com



ခင်တွေ့ရ၏။

ထိုမှသာမကသေး အစာရှာသော ခွေးအတို့၏အန္တရာယ်နှင့် ကောင်းကင်မှပျံဝဲကာ အကဲခတ်စောင့်ကြည့်နေသော လင်းတတို့၏အန္တရာယ်ကိုပါ ကြုံတွေ့ကြရ၏။

မလှုပ်နိုင် မရှားနိုင်တော့သော ထိုလူသားကို သတ္တဝါပေါင်းစုံက အနားကပ် အနံ့ခံကိုက်ဆွဲပြီး သွေးတိုးစမ်းကြ၏။ မည်သို့မှ မတုံ့ပြန်သောအခါ အတင့်ရဲလာပြီး ကိုက်ဖဲ့ထိုးဆိတ် စားသောက်ကြတော့သည်။

ထိုအခါ အစာရေစာ ငတ်မွတ်မှုဝေဒနာအပြင် နာကျင်မှုဝေဒနာကိုပါ အပြင်းအထန်၊ အသည်းအသန် ခံစားရရင်း သွေးစိမ်းရှင်ရှင် ယိုစီးပြီး သေပွဲကြီး ဝင်ရတော့သည်။

ဦးလေးသိန်းကတော့ အဘိုရီဂျင်းတို့လောက် ကံမဆိုးရှာပါဟုသာ ပြောရတော့မည်လေ။

✿

သောက်တော်ရေချမ်းနှင့် ဆီမီးပူဇော်၊ ဘုရားဝတ်ပြုပြီးနောက် ခင်လေထွက်လေကို ရှုမှတ်ပြီး ဝိပဿနာချမ်းသာကို ဖိုးခွားခံစားနေ၏။ တစ်နာရီခန့် ရှုမှတ်ပြီးသောအခါ တစ်နေ့တာပြုခဲ့သော ကောင်းမှုတို့ကို ပြန်လည်တွေးတောပြီး ဆင့်ပွားကုသိုလ် ယူနေသည်။

ထိုအခိုက် တံခါးဖွင့်သံကြားရ၏။ အောင်ဇော် အလုပ်မှ ပြန်လာပြီ ဆင်သည်။ တံခါးဖွင့်သံ၊ ခြေသံများအပြင် စကားပြောသံသဲ့သဲ့ကိုပါ ကြားလိုက်ရ၍ ဖိုးခွား အံ့ဩသွားရ၏။

သို့နှင့် ဘုရားစင်ရှေ့မှထပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ လှေကားမှအဆင်းတွင်ပင် အိမ်ထဲသို့ ဧပရယ်ကို အတင်းဆွဲခေါ်နေသော

www.burmeseclassic.com



အောင်ဇော်အား တွေ့လိုက်ရသည်။ ဖိုးခွား မျက်ခုံးများ မြင့်တက်သွား

ဖိုးခွားကို မြင်တွေ့လိုက်ရသဖြင့် ရှက်အားပိုသွားသော ပေရယ် အောင်ဇော့်နောက်သို့ ဝင်ကာ ပုန်းကွယ်နေသည်။

"အောင်ဇော် ညကြီးအချိန်မတော်ကွာ၊ ပေရယ့်ကို ဘာလို့ လာရတာလဲ"

"ထိုင်ပါဦးကွာ၊ ငါ အေးအေးဆေးဆေး ရှင်းပြပါ့မယ်"

အောင်ဇော်၏ တောင်းပန်စကားနှင့်အတူ သူတို့သုံးယောက် ရှေ့ခန်းတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။ ပေရယ်က ပကတိရိုးသားရှာလွန်းသော မိန်းကလေးတစ်ယောက်ပုံစံနှင့် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကာ မျက်လွှာချထားသည်

အောင်ဇော် ချောင်းတစ်ချက်ဟန့်ရင်း စကားစလိုက်၏။

"အဟမ်း တို့နှစ်ယောက် ဒီနေ့ညနေကပဲ ရုံးတက်လက်မှတ် ခဲ့ကြပြီးပြီ ဖိုးခွား"

"ဟင်"

"ငါ ပေရယ့်ကို ခိုးပြေးလာတာ၊ သူနဲ့ငါ လင်မယားဖြစ်သွား

"အောင်ဇော်ရာ မင်းကလည်း လောလိုက်တာကွာ၊ ကိုယ့်မှာ ဘာ လည်း မပြင်ဆင်ရသေးဘဲနဲ့"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တို့နှစ်ယောက် တစ်ယော ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်ကြတော့ဘူး၊ ဝေးမ ချင်တော့ဘူးကွာ၊ အဲဒါကြောင့်ပါ"

ဖိုးခွား သက်ပြင်းရှိုက်ပြီး ပေရယ့်အား တစ်ချက်လှမ်းကြည့်လိုက် မျက်လုံးချင်းဆုံသည်နှင့် သူက ဦးအောင် မျက်လွှာချသွားသည်။ ဖိုး သိလိုက်၏။ ဒီအဖြစ်အပျက်၏ အဓိက ကြိုးကိုင်ချယ်လှယ်သူမှာ ပေ ဖြစ်ရမည်ဟု။

"အေးလေ၊ လက်ထပ်ခဲ့ပြီဆိုတော့လည်း ပြီးရောပေါ့၊ အခု ဆက်လုပ်မယ် စိတ်ကူးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက်ကို တစ်လနှစ်လလောက်တော့ မင်းအိမ်မှာ နေ
ခွင့်ပြုပါကွာ၊ အလွန်ဆုံး နှစ်လလောက်ပါပဲ"

ချည်ပြီးတုပ်ပြီး အပိုင်တွက်ကာ ရိုက်လိုက်သည့်ရိုက်ချက်မှန်း သိ
သော်လည်း ဖိုးခွား ပစ်ပစ်ခါခါ မငြင်းရက်၊ မငြင်းနိုင် ဖြစ်နေရ၏။

"အေးလေ၊ နေတာကတော့ ရပါတယ်၊ ငါလည်း ထမ်းထားရတာ
မဟုတ်တာ၊ အနာဂတ်အစီအစဉ်လေး ဘာလေးရော စဉ်းစားထားကြရဲ့
သား"

"လောလောဆယ် ပေရယ့်မှာ သူ့ဦးလေး ထောက်ပံ့လိုက်တဲ့ ငွေ
အနည်းအကျဉ်းတော့ ရှိပါတယ်၊ ရက်ကောင်းလေးရွေးပြီး မင်္ဂလာဆွမ်း
ကျွေးမယ်ကွာ၊ နှစ်ဖက်သူငယ်ချင်း လေးငါးဆယ်ယောက်ကို ထမင်းကျွေး
မယ်၊ ပိုက်ဆံအနည်းအကျဉ်းလိုမယ်ဆိုရင် မင်းပဲ ခဏစိုက်ထားပေးပါ၊
တို့နှစ်ယောက် အလုပ်လုပ်ငွေစုရင်း ပြန်ဆပ်ပေးပါ့မယ်"

ဆော့(ဖ်)ဝဲ အကောင်းစားများသုံး၍ စနစ်တကျ ပြင်ဆင်လာသော
ပေရယ်၏ညွှန်ကြားချက်များက အောင်ဖော့ပါးစပ်မှ ကရားရေလွှတ်သလို
အန်ထွက်ကျလာ၏။

ဖိုးခွား မပြုံးမိအောင်ထိန်းရင်း မဖြစ်မနေ စကားပြန်လိုက်ရ၏။

"အင်း၊ ငါ တတ်အားသရွေ့တော့ ကူညီပါ့မယ်၊ ကဲ ကဲ မင်းတို့
လည်း နားချင်မှာပဲ၊ အပေါ်ထပ်တက်ပြီး အဆင်ပြေသလိုသာ နေကြတော့
ကွာ"

"ရတယ် သူငယ်ချင်း၊ အရေးပေါ် ခြင်ထောင်တစ်လုံးနဲ့ စောင်တစ်
ထည်တော့ ဝယ်လာပါတယ်ကွာ"

"တော်သေးတာပေါ့၊ ကဲ ပေရယ် အားမနာနဲ့နော်၊ ငါတော့ မနက်
အလုပ်ဆင်းရဦးမှာမို့ အိပ်တော့မယ်"

ပေရယ် ပြုံး၍ ခေါင်းညိတ်ရုံသာ ညိတ်ပြ၏။ ဖိုးခွား သူ့အခန်းလေး
ဆီသို့ ဝင်လာခဲ့၏။ နှီးစက်ပါသော စားပွဲတင်နာရီလေး၌ မီးစုန်းလက်တံ

www.burmeseclassic.com

www.burmeseclassic.com



များက ဆယ့်နှစ်ဂဏန်းတွင် နှစ်ချောင်းထပ်နေ၏။ ဒီညအဖို့ ဖိုးခွား အ
ပျော်နိုင်မည် မထင်ချေ။

သူ အောင်ဖော့်ကိုသာ သနားနေမိသည်။ ပေရယ့်ထံတွင် ပါလာ
သော ငွေအနည်းအကျဉ်းဆိုသည်မှာလည်း ကိုယ်ဝန်ဖျက်ချဖို့ဆိုပြီး သူ့ဦး
လေးထံမှ ညာတောင်းလာသော ငွေမှန်း ဖိုးခွားသိနေ၏။

ရမ္မက်နွံနစ်နေသော အောင်ဖော်မှာတော့ ခေါင်းမှချိုထွက်ပြီး
ပေါက်လာတာတောင် နွားဖြစ်မှန်း မသိသေးချေတကား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

### ဒုသနသော

မြေကြီးထဲမှထွက်လာသည့် မှိုပွင့်တွင်
မြေမှုန့် သဲမှုန့်များ ကပ်၍ပါလာသကဲ့သို့
မွေးဖွားလာသော သတ္တဝါမှန်သမျှ၏
ခန္ဓာအစဉ်တွင်လည်း သေခြင်းတရားက
ကပ်၍ပါလာမြဲသာ ဖြစ်သည်။

အောက်ဆီဂျင်ပိုက်တပ်ထားသော်လည်း ပါးစပ်ဟာပြီး တပင်တပန်း အသက်ရှူနေရသည့် ဦးလေးသိန်းကို စောင့်ကြည့်နေရသည်မှာ စိတ်ပင်ပန်း လှ၏။

သေငယ်ဇောနှင့် မြောနေပြီဖြစ်သော ဦးလေးသိန်းမှာ ခြေများလက်များ ဆတ်ခနဲ ဆတ်ခနဲ အကြောဆွဲ၍ ကောက်ကွေးလာသည်အထိ ဒုက္ခ ခံစားနေရရှာသည်။

ဒေါ်ဒေါ်ကတော့ မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ပရိတ်ရွတ်ပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com


သည့်အချိန်က အရေးအကြီးဆုံးအချိန်ပဲ ဖြစ်သည်။ ဒါန သီလ ဘာဝနာ အားကောင်းသူများသာ ကောင်းရာဂတိသို့ လားနိုင်၏။

အယူတစ်ချက်တိမ်းသည်နှင့် အပယ်လေးဘုံက စောင့်ကြိုနေမည်မှာ မုချကေန်သာဖြစ်သည်။ ဇောသုံးတန်ကပ်နေချိန်မှာ ပရိတ်တရားကို အသိကပ်ပြီး နာကြားနိုင်ပါ့မလားဆိုတာကလည်း မရေရာ။

ဖိုးခွားမှာတော့ သေနည်းကျူးရှင်တက်နေသည့် သင်တန်းသားတစ်ယောက်လို မျက်တောင်မခတ် ရှုနေမိ၏။

ဒီလိုအချိန်မှာ ယင်နားသည်ကိုပင် ဆင်နင်းသကဲ့သို့ ခံစားရတတ်သည်ဟုလည်း ကြားဖူးနေသဖြင့် ပြုစုနှိပ်နယ်ပေးဖို့ မစဉ်းစားရဲတော့ပါ။

ဦးလေးသိန်း၏ မောက်ကြွလာသောရင်အုံ ပြန်နိမ့်မဆင်းသွားဖို့ ပုံမှန်အသက်ရှူထုတ်မှုထက် သုံးဆခန့် ပိုကြာနေ၏။ ထိုဖြစ်ပျက်ကို စိတ်ပင်ပန်းကြီးစွာနှင့် စောင့်ကြည့်နေကြရသည်။

တစ်ကြိမ်တွင်မတော့ အဆမတန် မောက်တက်လာသော ရင်အုံကြီးမှာ ပြန်မကျတော့ဘဲ ကျောပါကော့တက်လာပြီး တဆတ်ဆတ် အကြောဆွဲနေတော့၏။ အသင့်ရှိနေသော နာ့(စ်)လေး အနားကပ်လာသဖြင့် ဖိုးခွားနောက်ဆုတ်ပေးလိုက်သည်။

နာ့(စ်)လေးက အရေးပေါ်ခလုပ်နှိပ်ပြီး နားကြပ်တပ်နေဆဲမှာပင် ကော့နေသောခါး ဝုန်းခနဲ ပြန်ပြုတ်ကျကာ မေးတစ်ချက်ထိုးရင်း ဖက်လည်ကျသွားတာ တွေ့လိုက်ရ၏။ ဦးလေးသိန်း ဇီဝိန်ချုပ်ပြီး ခန္ဓာရုပ်စဲ သေပွဲဝင်သွားတာဟု ဖိုးခွား တစ်ထစ်ချ သိလိုက်သည်။

"ဆရာမ ဆရာမ လုပ်ပါဦး လုပ်ပါဦး"

ဒေါ်ဒေါ်က ပူပန်စိတ်နှင့် လောဆော်နေ၏။ ဆရာမလည်း မျက်ယာခတ်ပြီး နားကြပ်နှင့် ရင်ခေါင်းကိုစမ်းသပ်နေသည်။ ဘာသံမှ ကြားလိမ့်မည် မထင်ပါ။

ရုတ်တရက် တံခါးပွင့်လာပြီး ဆရာဝန်တစ်ယောက် ဝင်လာ၏

www.burmeseclassic.com



ဆရာမမျက်နှာ ပြုံးသွားပြီး နေရာဖယ်ပေးလိုက်သည်။ သူ တာဝန်ပေါ့သွားပြီ မဟုတ်လား။ ဆရာဝန်ခမျာလည်း နားကြပ်နှင့်စမ်းလိုက်၊ မျက်ခွံကို ဖွင့်ကြည့်လိုက်နှင့် အတန်ကြာ ဗျာများပြီးနောက် နားမှနားကြပ်ကိုဖြုတ်ရင်း ခေါင်းယမ်းပြလိုက်ရရှာသည်။

ဒေါ်ဒေါ်ထံမှ ရှိုက်ငိုသံ အိခနဲ ထွက်လာ၏။ ဆရာဝန် ဆရာမတို့ အခန်းထဲမှ ဖြည်းညင်းစွာ ထွက်ခွာသွားကြသည်။ ဖိုးခွား အနားကပ်သွားပြီး ဒေါ်ဒေါ်အား နှစ်သိမ့်ရ၏။

"ညင်သာတယ်လို့ပဲ ပြောရမှာပါ ဒေါ်ဒေါ်"

"အဟင့် ဟင့် ဟင့် ဟီး၊ သူ့သားတွေ ရှာပို့တဲ့ပိုက်ဆံကို မသုံးဘူးဆိုပြီး အဟင့် ခေါင်းမာမာနဲ့ ဆေးရုံမတက်ဘဲ အဟိ ခေါင်းမာနေခဲ့တာလေ၊ ခုတော့ အဟီး ဟီး ဟီး အောင်မယ်လေး ကိုရင်သိန်းရဲ့ ချုပ်ကို ထားသွားပြီလားတော့"

သတ္တဝါတို့၏ ဖြစ်တည်မှုဘဝဆိုတာ ဒါပဲဖြစ်သည်။ ဇီဝိန်ချုပ်သူက အပြင်းအထန် ခံစားရသလို ကျန်ရစ်သူမှာလည်း သောကပရိဒေဝတို့နှင့် ဆောက်လောင်ရ၏။ ဘယ်မှာများ ကောင်းကွက်ရှိလို့လဲလေ။

ဦးလေးသိန်း၏မိတ်ဆွေဟာကလည်း အံ့မခန်း။ မလေးရှားသို့ အလုပ်သွားလုပ်နေသောသားများ ပို့ပေးသည့်ပိုက်ဆံနှင့် ဆေးကုသလို့ ရတာတောင် မကုသခဲ့၊ မီးစာကုန်ဆီခန်းနေသော မီးခွက်ကို ပွတ်တိုက်ပြီး အရောင်ထွက်အောင်လုပ်ဖို့မလိုဟုဆိုကာ ဆေးမြီးတိုနှင့်ကျိတ်ပြီးကုသနေခဲ့သူဖြစ်သည်။

ဘယ်လိုလူစားပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ မဖြစ်မနေ သေသွားကြရသည် မဟုတ်လား။ ဘဝအသစ် အကြိမ်ကြိမ်ဖြစ်၍ အကြိမ်ကြိမ်သေရသည့် သေခြင်းအား ဖိုးခွား လန့်သည်ထက်လန့်သွားရှာတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com



သံဃာငါးပါး ဆွမ်းကပ်လှူဒါန်း၍ အောင်ဇော်နှင့် ပေရယ်တို့၏ မင်္ဂလာဆွမ်းကျွေးကို အကျဉ်းရုံး စီစဉ်ခဲ့ကြသည်။ အိမ်နီးနားချင်း လေးငါး ယောက်နှင့် သူတို့၏စားသောက်ဆိုင်မှ အပေါင်းအသင်း ဆယ့်ငါးယောက်အား ထမင်းကျွေးညှော်ခံရုံနှင့် လက်ထပ်မင်္ဂလာ အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ဖိုးခွားက မဆီမဆိုင် ငါးသောင်းစိုက်လိုက်ရ၏။ ပြန်ရမည်လည်း မဟုတ်သဖြင့် မင်္ဂလာလက်ဖွဲ့ပေးတာဟု ပြောပြီး တစ်ခါတည်း ကိစ္စဖြတ်ခဲ့ သည်။

ပေရယ်နှင့်အောင်ဇော်က ကျေးဇူးတင်မဆုံး။ ဖိုးခွားလည်း အိမ်သိမ် မကပ်တော့။ ညားခါစမောင်နှံကို အားနာပြီး ဦးလေးသိန်းအသုဘမှာပင် ရက်လည်အောင် နေလိုက်၏။

တစ်ခုတော့ သက်သာ၏။ အရင်လို ဖုတ်ပူမီးတိုက် ထမင်းချက်စရာ မလိုတော့။ မနက်လင်းသည်နှင့် သူ့အတွက်ထမင်းချိုင့်ကို ပေရယ်က အသင့် စီစဉ်ပေးထားတတ်၏။ ပေရယ်လည်း မီးဖိုချောင်နိုင်နင်းလှသူ မဟုတ်သဖြင့် လက်ရာက ရွက်ကြမ်းရေကျိုမျှသာ။ သို့သော် ဖိုးခွား၏ ကိုယ်တိုင်ချက် လက်ရာထက်တော့ သာပေသေးသည်။

ခက်တာက ပေရယ် အနေအထိုင်မတတ်တာဘဲ ဖြစ်၏။ တစ်အိမ် ထဲ အတူနေကြမှတော့ ထင်းခွေမကြုံ ရေခပ်ဆုံဆိုသလို အိမ်သာတက်ချိန် ရေချိုးချိန်တို့တွင် မကြာခဏ ဆုံကြရ၏။

ဆုံသည့်အခါတိုင်းလည်း ပေရယ်အား ကပိုကရို ဖရိုဖရဲပုံစံနှင့်သာ မြင်တွေ့တတ်ရာ ကြာတော့ အောင်ဇော့်ကိုအားနာပြီး ဖိုးခွား အိမ်မကပ်တော့ များလာ၏။

ဖိုးခွားက အလုပ်များသော အိမ်ငှားတစ်ယောက်ဖြစ်ပြီး အောင်ဇော် နှင့်ပေရယ်က အိမ်ရှင်လိုဖြစ်လာသည်။ ဖိုးခွားကိုတွေ့လိုလျှင်တော့ ရုံးသုံးရုံ မှာသာ ရှာမှသာ တွေ့ခွင့်ရမည်။ ထိုရုံးသုံးရုံက ဆေးရုံ ဗီဒီယိုရုံနှင့် ဓမ္မာရုံတို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

မနက်စောစော ဓမ္မာရုံဝေယျာဝစ္စ လုပ်သည်။ နေ့ခင်း ဆေးရုံသွားသည်။ ညကျတော့ ဘောလုံးပွဲပြသည့် ဗီဒီယိုရုံမှာ အချိန်ဖြုန်းရသည်။

ဖိုးခွား၏နေမှုပုံစံသည်လည်း ဂေါပကလိုလို၊ ယောဂီလိုလို ဖြစ်လာရ၏။ သူကိုယ်တိုင်က အမှတ်တရားနှင့် နေလိုပြီး သေခြင်းတရားကို ထိတ်လန့်၍ ဘဝပြတ်ချင်သူဖြစ်နေသည် မဟုတ်လား။

ဒီလောက် ရှောင်နေသည့်ကြားက တစ်ည –

ညနှစ်နာရီလောက်တွင် ဖိုးခွား တစ်ရေးနိုးလာပြီး အပေါ့ထသွား၏။ ရေအိမ်မှထွက်လာရာ အပေါ်ထပ်မှဆင်းလာသည့် ပေရယ်နှင့် အိပ်ခန်းဝတွင်ဆုံသည်။ ပေရယ့်ထုံးစံအတိုင်း ကပိုကရို ဖရိုဖရဲနှင့်ပင်ဖြစ်သည်။

ဖိုးခွားကို တွေ့ခါမှ ထဘီပြင်ဝတ်၏။ အိပ်ချင်မူးတူးနှင့်မို့လားမသိ ထဘီမနိုင် ပဝါမနိုင်ဆိုသလို ထဘီစက ပြေလျော့ကျသွားသေးသည်။ ဖုံးကွယ်အပ်သော အသားစိုင်တချို့က ဝါဝါဝင်းဝင်း ပြိုးပြိုးပြက်ပြက်။

ဖိုးခွားမျက်လုံး မီးဝင်းဝင်းတောက်သွားသည်။ မျက်နှာလွှဲပြီး အခန်းထဲ ခပ်သွက်သွက်ဝင်လိုက်သည်။ ဒါတောင် ပခုံးချင်း တွန်းတိုက်မိသေး၏။ ဖိုးခွား အခန်းထဲအရောက် ဝုန်းခနဲ ပြုလဲသံကြားရသည်။

အောင်ဖော်ဆင်းလာမည့်အထင်နှင့် ခြင်ထောင်ထဲ ပြန်ဝင်နေလိုက်၏။ အိမ်ပေါ်ထပ်မှ ဟောက်သံများသာ ပြုတ်ကျလာပြီး ပေရယ်၏ ညည်းသံသဲ့သဲ့ကိုပါ ကြားလိုက်ရသည်။

ဖိုးခွား စိတ်ပူပြီး ပြန်ထွက်လာရပြန်၏။ မီးဖိုဆောင်သည် အိမ်မကြီးထက် ရှင်းသက်မခန့် နိမ့်သည်။ ထိုအဆင့်တွင် ပေရယ် ခွေခွေလေးလဲနေ၏။

မနေနိုင်သော ဖိုးခွားက ဖေးမထူပေးလိုက်သည်။ ဒါကို ပေရယ်က လိုသည်ထက်ပို၍ အားပြုဖက်တွယ်ပြီး ထသည်။ ပြီးတော့ လက်မောင်းများကို မလွှတ်သေးဘဲ ပိုမိုနီးကပ်စွာ တိုးဝင်လာ၏။ မိတ်ကပ်နံ့ ရွှေနံ့ ပေါင်ဒါနံ့တို့ မွှမ်းထုံသော အီလည်လည်အနံ့ကြီးကို ရှူရှိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သောအသားစိုင်များက ဖိုးခွား၏ကိုယ်ခန္ဓာကို ပွတ်တိုက်လှုပ်ရှားနေသည်။ ဖိုးခွား ရင်တလှပ်လှပ်ခုန်လာ၏။

"ကျေးဇူးပဲ ကိုဖိုးခွား"

"ရ ရပါတယ်"

"ဟိုလေ ပေရယ်တို့ကို လက်ခံထားတဲ့အတွက်, ပြီးတော့ အစစအရာရာ ကူညီတဲ့အတွက် သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်၊ အခွင့်သာရင် အဲဒီကျေးဇူးတွေ ပေရယ် ပြန်ဆပ်ချင်ပါတယ်၊ ပေရယ့်ဆီက ကိုဖိုးခွား ဘာလိုချင်လဲဟင်"

ညို့ဓာတ်ပြင်းပြင်း ခြင်ထောင်သံနှင့်ပြောလာသည့် ပေရယ့်စကားများက အခြေအနေဆိုးတစ်ရပ်ဆီသို့ ဖိတ်ခေါ်ညွှန်ပြနေသလိုလို။

ဖိုးခွားတစ်ကိုယ်လုံး တုန်ယင်လာခဲ့၏။ ပေရယ် တစ်ဆင့်တက်ပြီး ဖိုးခွားကို သိုင်းဖက်လိုက်သည်။ ရုတ်တရက် ဖိုးခွား အသိဝင်လာ၏။

"ဒုသနသော"။

"ဟင့်အင်း၊ မလိုဘူး၊ ဘာမှမလိုဘူး"

ပြောရင်း ပေရယ့်အားတွန်းဖယ်ကာ သူ့အခန်းထဲ ပြေးဝင ပြီး တံခါးချက်ချထားလိုက်၏။

"ဘုရား ဘုရား ဘုရား၊ ကံကြီးပေလို့သာပေါ့၊ ငါ မြန်မြန် သတိဝင်လာလို့၊ နို့မဟုတ်ရင် ကာမေသုကံကြီးထိုက်ပြီး ငရဲသွားလူသား ဖြစ်တော့မလို့ပါလား"

အခန်းတံခါးပိတ်ပြီး ခြင်ထောင်ထဲရောက်နေတာတောင် မလုံခြုံသလို ခံစားနေရ၏။ ခုထိ ရင်ခုန်သံ မမှန်သေး။

"ပေရယ် မင်းဟာ ဘယ်လိုမိန်းမစားလဲ၊ ရဲတင်းလွန်းလှချည်လား၊ အရှက်နည်းလွန်းလှချည်လား၊ မင်း အောင်ဇော့်ကို ဒီလောက်မြန်မြန် လက်ထပ်လိုက်တာ ငါ့ကို အနီးကပ်ဖြားယောင်း သွေးဆောင်ဖို့ပဲလား၊ အယုတ်တမာမ၊ မြွေဟောက်မ စိဋ္ဌမာန"

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ခြင်းကို မည်သို့မှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့သဖြင့် ခြင်ထောင်ထဲတွင် တင်ပျဉ်ခွေထိုင်ပြီး ဝင်လေထွက်လေကို မှတ်နေလိုက်ရသည်။ အလေ့အကျင့်ရှိထားသူတောင်မှ အသိက မကပ်၊ အမှတ်က မမိ။ တစ်နာရီလောက် ပြင်းပြင်းထန်ထန်အားထုတ်လိုက်မှ ပုံမှန်အတိုင်းဖြစ်ပြီး သမထချမ်းသာကို ခံစားခွင့်ရခဲ့တော့သည်။

✿

ထိုညမှ အစပြု၍ အောင်ဇော်နှင့်ပေရယ်ရှိသော သူ၏အိမ်သို့ ဖိုးခွားမပြန်ဖြစ်တော့ချေ။

နိုက်ဂျူတီကျကျ မကျကျ ဆေးရုံမှာပဲနေသည်၊ စားသည်၊ အိပ်သည်။ နိုက်ဂျူတီမကျသည့်နေ့များတွင်တော့ တာဝန်ခံအား အသိပေး ခွင့်တောင်း၍ အိပ်ရ၏။

ဘာကိုမှ မတွေးမိအောင်နေရင်း တစ်ယောက်တည်းရှိသည့် အချိန်များတွင် တရားရှုမှတ်ခြင်းကိုသာ အဖော်ပြုနေလာခဲ့သည်။ ဆေးရုံဝန်ထမ်းတချို့က ဖိုးခွား ရူးသွားပြီဟု ဆိုကြသည်။ ဘယ်သူတွေ ဘာပဲပြောပြော ဖိုးခွားကတော့ အာနာပါန ဝိပဿနာနှင့်သာ ပျော်မြဲ ပျော်ဆဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ဖြစ်စဉ် (၁)

ဤသို့ ခန္ဓာကို မညှာဘဲ ကျင့်ကြံနေသည်က တစ်ကြောင်း၊ အအိပ်ပျက် အစားမမှန်သည်က တစ်ကြောင်း၊ အလုပ်ပင်ပန်းသည်က တစ်ကြောင်း တို့ကြောင့် ဖိုးခွား အားပြတ်ပြီး အပြင်းဖျားသည်။

ဆေးရုံကလည်း ဖိုးခွားအား ဂရုတစိုက်ကုသကာ ဆေးထိုး ဆေးသွင်း လုပ်ပေး၏။ အနည်းငယ်သက်သာလာမှ အိမ်ကို အကြောင်းကြားပေးသဖြင့် ဖိုးခွားကို အောင်ဇော်နှင့် ပေရယ်တို့ လာခေါ်ကြ၏။

သောက်ဆေး တစ်ပတ်စာနှင့် ခွင့်ရက်ရှည်ရသဖြင့် အိမ်သို့ ပြန်လာခဲ့ရသည်။ ဖိုးခွားမှာ ပေရယ့်မျက်နှာကို ရဲရဲမကြည့်ရဲ။ လင်မယားနှစ်ယောက်စလုံး ဂရုစိုက်ပြုစုပေးကြသဖြင့် ဖိုးခွား ခပ်မြန်မြန် နာလန်ထလာခဲ့၏။

တစ်ညနေ အောင်ဇော်တို့လင်မယားနှစ်ယောက် အလည်သွားခါနီး ဖိုးခွားအခန်းထဲ ဝင်လာကြသည်။

"သူငယ်ချင်း နေကောင်းသွားပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ကောင်းသွားပါပြီ အောင်ဇော်ရာ"

"ဘာစားချင်လဲ"

"ခံတွင်းပျက်နေတော့ ဘာစားချင်မှန်းတောင် မသိဘူး"

"အဲဒါကြောင့် ပြောတာပေါ့။ ငါ့လို အဖတ်တင်အောင် မိန်းမယူပါလို့ အခုလို နေမကောင်းဖြစ်တော့ ပြုစုမယ့်တိုးတိုးဖော် မတောင့်တမိဘူးလား ပြောစမ်း"

"ဒီကို(လ်)ဂျင်သောက် ပျောက်ပါတယ် အောင်ဇော်ရာ"

"ဟား ဟား ဟား ဟား"

"အဲဒါ ရင်တွင်းဖြစ်စကား ဟုတ်မယ်မထင်ပါဘူး၊ တကယ်တော့ မင်း ငါ့ကို အားကျနေတာ မဟုတ်လား"

"လုပ်ပြန်ပြီ အောင်ဇော်ရာ၊ အေးအေးနေပါရစေဟ"

"ကိုဖိုးခွား ကြေးအိုးပြုတ်လေး သောက်မလားဟင်"

ပေရယ်ကမေးလာတော့ ဖိုးခွား မြန်မြန်စကားပြတ်သွားစေရန် –

"အင်း ကောင်းသားပဲ"

"အေး အေး တို့ပြန်ရင် ယူလာခဲ့မယ်၊ လောလောဆယ် ဆာရင် ပြုရင် ပေါင်မုန့်ရှိတယ်၊ ကော်ဖီမစ်ရှိတယ်၊ ရေနွေးလည်း ဓာတ်ဘူးထဲမှာ အဆင်သင့်ပဲ၊ သိလား"

"အေးပါကွာ၊ မင်းတို့ နောက်ကျနေမယ်၊ သွားတော့ သွား တော့"

ဖိုးခွား ဖွတ်နှင်ထုတ်မှ ထိုလင်မယား ထွက်သွားကြ၏။ သူတို့သွားမှပဲ ဖိုးခွား စိတ်သက်သာရာရတော့သည်။ ခေါင်းရင်းတံခါးဖွင့်ပြီး တရားစာအုပ် တစ်အုပ် ဖတ်နေလိုက်၏။

ဖတ်ရင်း ဖတ်ရင်း သောက်ထားသည့် ဆေးအရှိန်နှင့် မျက်စိလေး ကာ မှေးခနဲ အိပ်ပျော်သွားရသည်။ သူအိပ်ပျော်သွားချိန်တွင် အမှောင်က တဖြည်းဖြည်း ရင့်မှည့်သွားသည်ကို မသိလိုက်တော့ချေ။

မှောင်ခြင်း၊ မိုက်ခြင်း၊ မည်းခြင်းတို့မှာ ရင်းနှီးသော အဖော်အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ကြကုန်၏။ ထိုအမှောင်တွင် မိုက်မဲခြင်းတို့ အလွယ်တကူ ပေါက်ဖွား ရှင်သန်နိုင်ပေသေးသည်။

မီးမဖွင့်ရခင် ညနေစောင်းကတည်းက အိပ်ပျော်သွားသဖြင့် ဖိုးခွား၏ အိမ်မှာ အမှောင်ထဲတွင် ငြိမ်သက်နေလေ၏။

ထိုအမှောင်ထဲသို့ ခပ်မည်းမည်းအရိပ်တစ်ခု တိုးဝင်လာသည်။ ထို အရိပ်သည်ကား –

လေးလံခြင်းတို့ ရင်ကိုပိနေသလို၊ နှုတ်ခမ်းကိုလည်း စိုစွတ်နွေးထွေး နူးညံ့သော အမျိုးအမည်မသိ အရာတစ်ခု ဖိကပ်လာသလို ခံစားလိုက်ရ သည်။ ဆေးအရှိန်မပြယ့်တပြယ်နှင့် ရီဝေဝေ ယောင်ဝါးဝါး ဖြစ်နေသော် လည်း နှလုံးသွေးတို့ ဆူပွက်လာမှုကို ခံစားသိရှိနေ၏။

အီနောက်နောက် ပျံ့သင်းသင်း မွှေးရနံ့ကို ရင်းနှီးသလိုရှိသဖြင့် လန့်ပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ အမှောင်ထုကြောင့် ဝိုးတဝါးမျှသာ မြင်ရ၍ လူလုံးမကွဲ။

ဘီလူးစီးလေသလား ထင်မှတ်ပြီး ရုန်းကန်ကြည့်မိသည်။

"ရုန်းမနေပါနဲ့ ကိုဖိုးခွားရယ်၊ ပေရယ်လေ ကျေးဇူးဆပ်ချင်လွန်းလို့ ကိုဖိုးခွားကိုပြုစုဖို့ ပြန်လာခဲ့တာပါ"

ဘာဆိုတာ ရှင်းရှင်းလင်းလင်းသိလိုက်ရချိန်မှာ ဆူပွက်နေသော သွေးတိုးနှုန်းက အဆုံးစွန်ထိအောင် ရောက်ရှိမြင့်မားနေခဲ့ပြီ၊ သို့သော် အသိ စိတ်က မပျောက်သေး။

"ဟင် မဖြစ် မဖြစ်ဘူး ပေရယ်၊ မဖြစ်ဘူး"

"ဘာလို့ မဖြစ်ရမှာလဲ ကိုဖိုးခွားရယ်၊ အဟင်း မိန်းကလေးက ရမှာလားလို့"

"ပေရယ် ဖယ် ဖယ်စမ်း"

ပေရယ် ဘာမှမပြောတော့သလို ဖိုးခွားလည်း အသံထွက် မလာ တော့ပါ။ ပေရယ်က ဖိုးခွားအား အသံမထွက်အောင် ပိတ်ထားသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဖိုးခွား အားစိုက်ရုန်းကန်နေရ၏။

ဘီလူးသရဲစီးနေသော ပေရယ်က ရမ္မက်မူးပြီး အားကောင်းမောင်းသန် ဖြစ်နေပြီ။ ဒုသနသော မဖြစ်လို၍ အကြောက်အားကြီးကြီးနှင့် အားစိုက်ရုန်းကန်တော့ လုံးလားထွေးလားနှင့် ဖိုးခွားက အပေါ်စီးအနေအထား ဖြစ်သွား၏။

ထိုအခိုက်မှာ ဖျတ်ခနဲ မီးလင်းလာသည်။ ရုတ်တရက်မို့ မျက်လုံးများ ကျိန်းစပ်သွားသဖြင့် လက်နှင့်ကာထားလိုက်ရ၏။ လက်ကိုဖယ်လိုက်တော့ တံခါးဝမှာ မားမားကြီးရပ်နေသည့် အောင်ဇော်အား တွေ့ရသည်။ အောင်ဇော် လက်ထဲမှ ကြေးအိုးပါဆယ်ထုပ် ပြုတ်ကျသွား၏။

"အောင်ဇော်"

"မင်း မင်းတို့ကွာ၊ တောက်"

"ကိုကို ကိုဖိုးခွား နေကောင်းရဲ့လားလို့ ဝင်ကြည့်တာကို သူ သူလေ အဟင့် ဟင့်"

"ဟာ မဟုတ်ဘူး မဟုတ်ဘူး အောင်ဇော်၊ ဒီမိန်းမ စိတ်ယုတ်မာနဲ့ လိမ်ပြောတာ၊ ငါ့ကို သူ ဖြားယောင်းသွေးဆောင်တာကွ"

"အို နားမလည်ဘူး၊ နှစ်ယောက်လုံး သတ်ပစ်မယ်"

အောင်ဇော် ဝုန်းဒိုင်းကျဲအောင် နောက်ဖေးဘက်သို့ ပြေးဝင်သွား၏။ လက်နက်တစ်ခုခု သွားယူတာပဲ ဖြစ်ရမည်။ ဒီလိုအချိန်မှာ ရှင်းပြနေလို့ မဖြစ်တော့တာ ဖိုးခွား သဘောပေါက်လိုက်၏။

ပေရယ့်ကို ရွံမုန်းစွာ လှည့်ကြည့်လိုက်ရင်း –

"အယုတ်တမာမ"

ပြောရင်း ဒေါသဖြင့် ပေရယ်၏ပါးကို အားကုန်လွှဲရိုက်လိုက်သည်။

"ဖြောင်း"

ချာခနဲ လည်ထွက်သွားသော်လည်း ရုတ်ခြည်းကိုသလို ပြန်လှည့်လာ၏။ ပြီးတော့ ဟက်ဟက်ပက်ပက် ပြုံးလိုက်ရင်း –

www.burmeseclassic.com

www.burmeseclassic.com


"အပေါင်း ရှင့်ကို ကိုကိုသတ်တော့မှာ၊ ရှင်လည်း သေ, ကိုကိုလည်း ထောင်ထဲရောက်၊ ဒီအိမ်နဲ့ဘဏ်မှာရှိတဲ့ ငွေတွေ ကျွန်မအတွက်ပဲပေါ့၊ ကျေးဇူးပဲနော်"

ပေရယ် အောင်ဇော်ကို လက်ထပ်ရခြင်း၏ရည်ရွယ်ချက် အစစ်အမှန်ကို သိလိုက်ရတော့ ဘဝက တစ်စစီ ကျိုးပဲ့နေချေပြီ။ အိမ်နောက်ဖေး ချောင်ဆီမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ကြားရမှ အောင်ဇော်ကိုသတိရပြီး အသက်ဘေးအတွက် ထွက်ပြေးရတော့၏။

ဖိုးခွား အိမ်ပေါက်ဝအရောက် အောင်ဇော်က ဓားကိုင်ကာ နောက်ဖေးမှ ပြေးထွက်လာ၏။ ဖိုးခွား ခြေကုန်သုတ်၍ အသက်လုပြေးရ၏။

"ဟော့ကောင် လူယုတ်မာ ဖိုးခွား မပြေးနဲ့"

"ဟော့ကောင် မပြေးနဲ့ဆို"

တစ်အိမ်ထဲအတူနေသော အလွန်ချစ်ကြသည့် သူငယ်ချင်းနှစ်ယောက် တစ်ယောက်က ရှေ့မှပြေး၍ တစ်ယောက်က ဓားကိုင်ပြီးလိုက်သည့် မြင်ကွင်းကို အရပ်ထဲမှလူများ တအံ့တဩ ငေးကြည့်နေမိကြ၏။

အသက်လုရသည့်ပွဲမို့ ဖိုးခွား လုံးဝရပ်လို့မရဘဲ အမောဆို့လုမတတ် ပြေးနေရသလို မယားထိ ဓားကြည့်ဟူသော ဒေါသဖြင့် အောင်ဇော်က ဖောနှင့်လိုက်နေသည်။

ပြေးရင်း လမ်းသွယ်ထဲမှထွက်၍ လမ်းမဆီသို့ ရောက်လာကြ၏။ လမ်းမတွင် အသွားအလာ ရှုပ်ထွေးသဖြင့် နှစ်ယောက်စလုံး အရှိန်နှေးသွားကြသည်။ သို့သော် ဖောနှင့်လိုက်သူက ပိုမြန်နေသဖြင့် လက်တစ်ကမ်းအကွာမှ ဓားနှင့် လှမ်းပိုင်းလိုက်၏။

"ရွှမ်း"

"ဒုတ်"

"အား"

ဖိုးခွားပခုံးကို ခုတ်မိပြီး ကားလမ်းပေါ် ပြုတ်ကျသွား၏။ အောင်ဇော်

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားကာ အသေခုတ်သတ်ရန် ဓားကိုရွယ်လိုက်စဉ် အရှိန်ပြင်းစွာ ဝင်းလာသော ကုန်တင်ကားတစ်စီးက နှစ်ယောက်လုံးအား ဝင်တိုက်သွားတော့သည်။ နှစ်ယောက်စလုံး မြောက်တက်ပြီး တလိမ့်ခေါက်ကွေး ဆင့်စဉ်ပြုတ်ကျသွား၏။

ခဏအကြာတွင် ဖိုးခွားအိမ်သို့ လူများရောက်လာပြီး အောင်ဇော်ဇနီး ပေရယ်အား သတင်းဆိုးကို လာရောက်အသိပေးကြသည်။ နှစ်ယောက်စလုံး ဆုံးပြီးပဲဟူသော သတင်းကိုကြားရသောအခါ ပေရယ်က အော်ကြီးဟစ် ကျယ် ဟားတိုက်ရယ်ပြီး ပျော်ရွှင်စွာ ကခုန်နေလေတော့၏။

အရပ်ထဲကလူများမှာ ပေရယ်ရူးသွားပြီထင်၍ အကြီးအကျယ် အံ့သြနေကြလေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## မြစ်စဉ် (၂) (သို့မဟုတ်) တကယ့်ဇာတ်သိမ်း

ဤသို့ ခန္ဓာကို မညှာဘဲ ကျင့်ကြံနေသည်က တစ်ကြောင်း၊ အအိပ် အစားမမှန်သည်က တစ်ကြောင်း၊ အလုပ်ပင်ပန်းသည်က တစ်ကြောင်းတို့ ကြောင့် ဖိုးခွားအားပြတ်ပြီး အပြင်းဖျားလေတော့၏။

ဖိုးခွားအား ဆေးရုံမှ ဂရုစိုက်၍ စောင့်ရှောက်ကုသပေးလို့သာ တော်တော့သည်။ ဖိုးခွား တစ်ကောင်ကြွက်ဆိုတာ ဆေးရုံကသိထားကြသည် မဟုတ်လား။

တစ်ရက် ဖိုးခွား ခုတင်ပေါ်အနားယူနေစဉ် သောက်ထားသော ဆေးအရှိန်နှင့် အိပ်ပျော်သွားခဲ့၏။ ထိုသို့ အိပ်ပျော်စဉ် လွန်စွာဆန်းကြယ်၍ လွန်စွာမှ ထိတ်လန့်စရာကောင်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။

အိပ်မက်ထဲတွင် အောင်ဇော်မရှိခိုက် ပေရယ်က ဖိုးခွားအခန်းထဲ ဝင်လာပြီး မြူဆွယ်စကားပြော၏။ ဖိုးခွားက အကြောက်အကန် ငြင်းဆန် သောအခါ ပေရယ်စိတ်ဆိုးပြီး မကြံသင့်မကြံအပ်သည်ကို ကြံစည်ခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အင်္ကျီကို ဆွဲစုတ်ပြီး အဝမ္မကြံစည်နေပါသည်ဟု ပတ်ဝန်းကျင်ကြား အောင် အော်ဟစ်တော့၏။

ထိုအချိန်တွင် အောင်ဇော်နှင့် အိမ်နီးနားချင်းများ ရောက်လာပြီး အဖြစ်အပျက်ကို မြင်သွားရာ ဖိုးခွား ဘယ်လိုမှ ရှင်းပြ၍မရတော့ချေ။

အောင်ဇော်မှာလည်း ထိန်းမနိုင်သိမ်းမနိုင်အောင် ဒေါသူပြီး ဘယ်သူမှ တားနိုင်ခင် ဖိုးခွားအား ဓားနှင့် အသေထိုးသတ်လိုက်လေ၏။

ဖိုးခွားမှာ ဝိညာဉ်ဘဝနှင့် မြောလွင့်နေရာမှ မြင်းပုံခြောက်ကောင်က သော ရထားတစ်စီးနှင့် ဆုံတွေ့ရသည်။ ရထားပေါ်လိုက်ပါလာသော ဝတ်ဖြူ ဝင်ကြယ်နှင့်အဘိုးအိုက လက်ယပ်လှမ်းခေါ်သဖြင့် တက်လိုက်သွားရာမှ တိမ်ပြည်ခြောက်ထပ်ကို ကျော်ပြီး ဘုရားရှင်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်၍ မြတ်ဘုရားအား အားပါးတရ ဖူးမြင်ခွင့်ရလိုက်လေ၏။

အိပ်မက်မှလန့်နိုးလာသောအခါ ဖိုးခွားမှာ ထိတ်လန့်ခြင်းတစ်ဝက်၊ ကြည်နူးခြင်းတစ်ဝက်နှင့် နေမထိထိုင်မသာ ဖြစ်နေရရှာသည်။

ချွေးစေးများထွက်ပြီး တစ်ကိုယ်လုံး ပေါ့ပါးနေသဖြင့် လုံးဝ နေ ကောင်းသွားပြီဟုလည်း သိလိုက်၏။ သို့နှင့် အခန်းထဲအောင်းမနေချင်တော့ သဖြင့် ယူနီဖောင်းလဲပြီး လုပ်ငန်းခွင်ရှိရာ ထွက်လာခဲ့သည်။

ဆေးရုံတွင် လူရှင်းနေသဖြင့် ညှော်ခန်းမမှ ခုံတန်းတွင် ဝင်ထိုင်ပြီး ဂျာနယ်တစ်စောင် ကောက်ဖတ်နေလိုက်၏။

ဂျာနယ်ကိုဖတ်နေသော်လည်း အာရုံစူးစိုက်၍မရဘဲ အိပ်မက် အကြောင်းကိုသာ ပြန်တွေးနေမိသည်။ သမားရိုးကျအိပ်မက်မဟုတ်မှန်းတော့ သူကောင်းကောင်းသိနေ၏။

ဒါ ပုဂ္ဂိုလ်ထူးတစ်ယောက်ယောက်က သူ့ကို သတိပေးတာ ဖြစ် သင်သည်။ ဘာကြောင့် သတိပေးရသနည်း။ ဒီအတိုင်း ဆက်နေသွားလျှင် တစ်ချိန်ချိန်တွင် ဧပရယ်၏ညွှတ်ကွင်းထဲ ကျရောက်မည်ဟု သတိပေးခြင်း လား။ ဒါဆိုလျှင် သူ ဘာလုပ်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခြောက်အောင် စဉ်းစားပြီးမှ အောင်ဇော်နှင့် ပေရယ်အား အိမ်မှနှင်ထုတ်ရန် အကြံရ၏။

ဒါဟာ ပြဿနာကို ကြိုတင်ကာကွယ်ရာရောက်သည်မို့ ထိုအကြံ အတိုင်း လုပ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအခိုက်မှာပင် သူ့ရှေ့သို့ လူရိပ်များကျလာသဖြင့် မော့ကြည့် လိုက်ရာ ဦးစိုးမိုးနှင့်အတူ အောင်ဇော်တို့လင်မယားကို တွေ့လိုက်ရ၏။

"ဖိုးခွား သူငယ်ချင်း၊ မင်း ဘာလို့ အိမ်ပြန်မလာတာလဲ၊ ငါတို့ စိတ်ပူလို့လိုက်လာတာ"

ဘယ်လိုဖြေရင်ကောင်းမလဲ စဉ်းစားရင်း သူတို့လင်မယားကို အကဲ ခတ်ကြည့်သည်။ နှစ်ယောက်လုံးမျက်နှာက ညှိုးချုံးနေတာ သိသိသာသာ မြင်ရ၏။ ပေရယ်ကတော့ ခေါင်းပင်မဖော်ချေ။

"အင်း ဘာရယ်လို့တော့ မဟုတ်ပါဘူးကွာ၊ အလုပ်ကများ နိုက် ဂျူတီကလည်း ဆက်တိုက်ကျနေလို့ မပြန်ဖြစ်တာပါ"

"တော်သေးတာပေါ့ကွာ၊ တို့လင်မယားကြောင့် မင်းပြန်မလာတာ လားလို့ စိတ်မကောင်းဖြစ်နေတာ"

အောင်ဇော့်မျက်နှာနှင့် ပြောစကားတို့ကြားတော့ စောစောက ဆုံး ဖြတ်ထားသလို အိမ်ကနှင်ချမည့်စကားက ပြောမထွက်တော့။ အောင်ဇော့် အမူအရာက ပြောစရာတစ်ခုခု ရှိနေသလို ဖြစ်နေ၍

"အောင်ဇော် မင်း ဘာဖြစ်နေတာလဲ"

"ဟို ဟိုလေ ငါ့ ငါ့မှာ"

အောင်ဇော် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသလို ပေရယ်ကလည်း ဘာမှ ဝင်မပြောသဖြင့် တစ်ခုခုတော့ ထူးသည်ဟု တွက်ပြီး –

"ပြောလေကွာ၊ မင်းတို့ ဘာဖြစ်လာကြတာလဲ"

"သူငယ်ချင်း ငါ့ ငါ့ကို ကယ်ပါဦးကွာ၊ မင်းမကယ်ရင် ငါ အဖမ်းခံရတော့မှာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းဘာဖြစ်လာလို့လဲ"

"ဒီလိုပါ ကိုဖိုးခွား၊ ဆိုင်ကိုလာစားတဲ့ ကာစတန်မာတစ်ယောက်က သူ့ကားကို ပါကင်ထိုးခိုင်းတယ်လေ၊ အဲဒါ ကိုကိုမောင်းပြီး ပါကင်ထိုးတုန်း တိုက်မိပြီး ကားက တော်တော်ပျက်စီးသွားရော။ အခု ကားပိုင်ရှင်က လျော်ကြေး ဆယ်သိန်းတောင်းနေတာ၊ ဆိုင်ရှင်ကလည်း တာဝန်မယူဘူး။ မလျော်နိုင်ရင် အလုပ်လည်းပြုတ် အဖမ်းလည်း ခံရတော့မှာ"

"ဟုတ်ပါတယ် သူငယ်ချင်းရာ၊ ပေရယ်ပြောသလို ဖြစ်ခဲ့တာပါ။ မင်းမကယ်ရင် ငါ ခြောက်လလောက် အထဲဝင်နေရမှာ၊ ညားခါစမှာ အထဲဝင်ရရင် ငါသေသွားလိမ့်မယ်"

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီညီနှင့် ပြောနေကြတာ နားထောင်ပြီး ဖိုးခွား စိတ်ညစ်သွားသည်။ အောင်ဇော်မှာ ပေရယ်၏ မာယာကွန်ရက်တွင် နစ်မွန်းပြီး ပေရယ်ခိုင်းသမျှ မဆင်မခြင်လုပ်နေပြီဟုလည်း ရိပ်မိလိုက်၏။ သူငယ်ချင်းအပေါ် စည်းမစောင့်နိုင်လောက်အောင်ပင် ရမ္မက် လွှမ်း၍ ကန်းနေခဲ့ပြီ။

ဖိုးခွား ပေရယ့်ကို ရွံရှာမုန်းစွာနှင့် လှမ်းကြည့်လိုက်၏။ ပေရယ်ကတော့ ခပ်တည်တည်ပင်။ သူ သေချာပြန်စဉ်းစားလိုက်တော့ ဝဋ်ကြွေးများလားဟု အထိတ်တလန့် ဖြစ်မိရ၏။ အတိတ်ဘဝတစ်ခုခုမှာ သူက အောင်ဇော်နှင့် ပေရယ်တို့အပေါ် မည်သို့မည်ပုံ နှိပ်စက်ခဲ့လေသည်မသိ။

"ဖိုးခွား လုပ်ပါကွာ၊ ငါ့ကိုကယ်ပါ"

ကိလေသာခိုင်းသမျှ မရှက်မကြောက် လိုက်လုပ်နေသော အောင်ဇော်အား သူအတော်သနားသွားသည်။ သို့နှင့် လည်ပင်းမှဆွဲကြိုးရော လက်မှ လက်စွပ်ပါချွတ်၍ အောင်ဇော်ရှေ့ပုံပေးလိုက်၏။

လင်မယားနှစ်ယောက် စလုံး၏မျက်နှာများ ဟန်မဆောင်နိုင်လောက်အောင် ဝင်းလက်သွားကြသည်။

"ဒါနဲ့ပဲ ပြီးအောင်ရှင်းလိုက်ကွာ၊ ကဲ ငါ့မှာ အလုပ်တွေရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွား စကားဆုံးသည်နှင့် ထထွက်လာခဲ့၏။ တစ်ဝမ်းတစ်ခါးနှင့် ပစ္စုပ္ပန်ချမ်းသာရေးကို ရှေ့ရှုပြီး တစ်နပ်စားဉာဏ်ဆင်ကြတာကို စိတ်မဆိုးရက်ဘဲ သူတို့ကိုသာ သနားနေမိ၏။

ထိုစဉ် အထူးကုပါရဂူကြီး ဒေါက်တာဦးဝင်းအောင်နှင့် ဆုံမိပြီး သတင်းဆိုးတစ်ခုကို ဖိုးခွားအား အသိပေး၏။

"ဖိုးခွား မင်းရဲ့ကျေးဇူးရှင်ဆရာသမား ဒေါက်တာအုပ်စိုးခိုင်တော့ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပြီတဲ့၊ ခုလေးတင် ဖုန်းဝင်လာတာ"

"ဗျာ"

✿

ဆရာကြီး၏ နာရေးကိစ္စအဝဝကို ဖိုးခွား စိတ်ရောကိုယ်ပါ နှစ်၍ ကူညီလုပ်ဆောင်ပေးခဲ့၏။ ဆရာကြီးအလောင်း သဂြိုဟ်ပြီးသည်အထိ ဆေးရုံကိုလည်း မသွား၊ အိမ်ကိုလည်း မပြန်ဘဲနေခဲ့သည်။

သူ့အုပ်ထိန်းသူအဖြစ် သတ်မှတ်ထားသော ဆရာကြီး ဆုံးသွားသည့်အတွက် ဖိုးခွား ယူကျုံးမရဖြစ်ပြီး အကြီးအကျယ် စိတ်ဓာတ်ကျခဲ့ရ၏။ သေခြင်းတရားကိုလည်း ပို၍ ပို၍ ထိတ်လန့်ကြောက်ရွံ့သွားခဲ့သည်။

ထို့နောက် ဘဝရှေ့ရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်ကို အဖန်ဖန်တလဲလဲ ဆင်ခြင်စဉ်းစားသုံးသပ်ရင်း ဆုံးဖြတ်ချက်တစ်ခုအား ပိုင်နိုင်ပြတ်သားစွာ ချမှတ်လိုက်လေတော့၏။

✿

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာကိုချ သပိတ်ကိုပိုက်၍ သိမ်ထက်မှ တစ်လှမ်းချင်း ဆင်းလာသော ဖိုးခွား (ကျော်မြင့်) တစ်ဖြစ်လဲ ဦးကောသလ္လအား အောင်ဇော်နှင့် ပေရယ်တို့က ဒါဒဗ္ဗဝတ္တုအစုစုတို့ဖြင့် သိမ်ဆင်းလောင်းလှူကြ၏။

ဦးကောသလ္လက ကျောင်းဝင်းအတွင်းရှိ သရက်ပင်တစ်ပင်ကို ခုံခွေကာပြုလုပ်ထားသည့် အုတ်ခုံဝိုင်းဆီသို့ အမှတ်တရားနှင့်ကြွလှမ်းပြီး ခေတ္တထိုင်တော်မူလိုက်၏။

အောင်ဇော်နှင့် ပေရယ်တို့ လိုက်လာကြပြီး ဦးကောသလ္လခြေရင်းတွင် ကျုံ့ကျုံ့ကလေးတွေထိုင်ကာ လက်အုပ်ချီထားကြသည်။

"ဦးပဥ္စင်း ဘာများမိန့်စရာရှိပါသေးလဲ ဘုရား"

ဦးကောသလ္လက ဒကာအောင်ဇော်တို့ဇနီးမောင်နှံအား တစ်ချက်စောင်းငဲ့ကြည့်ရင်း –

"ဦးပဥ္စင်းအနေနဲ့ကတော့ ဆန္ဒရှိသမျှ အကုန်ဆောင်ရွက်ပြီးခဲ့ပြီ၊ နာရေးကူညီမှုအသင်း, ကင်ဆာဖောင်ဒေးရှင်းနဲ့ ဘိုးဘွားရိပ်သာတွေမှာလည်း မိဘတွေကို ရည်စူးပြီး သိန်းနှစ်ဆယ်စီ လှူခဲ့ပြီးပြီ၊ ဟောဒီစာသင်တိုက်ကြီးမှာလည်း ရာသက်ပန် ဆွမ်းပဒေသာပင်အဖြစ် ငွေဆယ်သိန်း လှူထားပြီးပြီ၊ ကျန်တာလေးက ဦးပဥ္စင်း စာဝါလိုက်ဖို့ စရိတ်စကလောက်ပဲ ရှိတော့တာပါ၊ ဒါကြောင့် ဒကာတို့ကို ငွေသားအနေနဲ့တော့ ဘာမှမပေးခဲ့နိုင်ဘူး ဒါပေမဲ့ အိမ်က ဦးပဥ္စင်းအခန်းထဲမှာ အိမ်ဂရန်ရှိတယ်၊ အဲဒါ ဒကာတို့အတွက်ပဲ"

"ဟင် ဒါဆို ကိုယ်တော်က လူမထွက်တော့ဘူးလား"

"ဦးပဥ္စင်းက သေတစ်ပန်သက်တစ်ဆုံး ရဟန်းဘဝနဲ့ အရိုးထုတ်သွားတော့မှာပါ"

ဦးကောသလ္လက ထရပ်လိုက်သည်။ လှမ်းကြွမှုမစခင် နောက်ဆုံးစကားတစ်ခွန်း မှာထားခဲ့၏။

"ဒကာတို့ ကိလေသာခိုင်းတိုင်း မလုပ်မိကြစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက်မှာတော့ ဦးကောသလ္လက တစ်လှမ်းချင်းလှမ်း၍ အားလုံးကိုကျော်ခိုင်းကာ ကျောင်းသခ်မ်းဆီသို့ ဦးတည်လိုက်လေတော့၏။

ထိုအိမ်ကရန်သည်ကား အောင်ဇော်နှင့် ပေရယ်အတွက် ဖိုးခွားခေါ် ဦးကောသလ္လ ထားရစ်ခဲ့သည့် သေတမ်းစာသာ ဖြစ်တော့သတည်း။

အားလုံး အေးစေ ငြိမ်းစေ

အောင်ပင်လယ်

ရခဲလှတဲ့ လူ့ဘဝကို ရတဲ့အခိုက်
ကြုံခဲလှတဲ့ သာသနာတော်ကြီးနဲ့
ကြုံတွေ့နေတာတောင်မှ
ရဟန်းဘဝကို မခံယူလိုက်ရဘူး။
ဝိဋကတ်သုံးပုံကို
အာဂုံမဆောင်လိုက်ရဘူးဆိုရင်
ငါဟာ လူဖြစ်ရကျိုး မနပ်ဘူး။

ရှင်ဆန္ဒာဓိက

www.burmeseclassic.com